http://www.dhammadownload.com

မေးခွန်းဖြင့် လုပ်ငန်းစဉ် ပေါ်စေပုံ

၁။ မမြင်ရရာ၊ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်။
၂။ မြင်ရရာမှာ၊ ကိလေသာ၊ ကိန်းကာဖြစ်နိုင်သည်။
၃။ မြင်တိုင်းမှတ်ရှု၊ ကိလေစု၊ ကိန်းမှုပယ်သင့်သည်။
၄။ မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်။

မရှုသူမှာ နိဗ္ဗာန်ဝေးသည်

၁။ အဆင်းမြင်လျှင်၊ ချစ်ဖွယ်ထင်၊ ထိုတွင်မေ့လေသည်။
၂။ သာယာတပ်စွဲ၊ ခံစားမြဲ၊ စိတ်ထဲသိမ်းလျက်တည်။
၃။ အဆင်းဆိုင်ရာ၊ ဝေဒနာ၊ များစွာပွားတော့သည်။
၄။ လောဘစည်ကား၊ ဒေါသပွား၊ ဗျာများစိတ်ပန်းသည်။
၅။ ဤနည်းဖြင့်ပဲ မပြောင်းလဲ၊ ဆင်းရဲရှာသူမည်။
၆။ ဆင်းရဲကိုသာ ရှာသူမှာ၊ ဝေးစွာ နိဗ္ဗာန်ပြည်။

ရှုသူမှာ နိဗ္ဗာန်နီးသည်

၁။ အဆင်းမြင်ကာ၊ အမှတ်ရ၊ ရာဂကင်းတော့သည်။
၂။ မတပ်မက်ဘဲ၊ ခံစားမြဲ၊ စိတ်ထဲမသိမ်းပြီ။
၃။ မှတ်သိလျက်ပင်၊ မြင်လဲမြင်၊ ထိုပြင်ခံစားသည်။
၄။ သိုပါသော်လဲ၊ ဝဋ်ဆင်းရဲ၊ ကုန်မြဲကုန်ခန်းသည်။
၅။ ဤနည်းဖြင့်သာ၊ ယောဂီမှာ၊ မှတ်ကာကျင့်ရသည်။
၆။ မြင်တိုင်းရှုမှတ်၊ ဆင်းရဲသတ်၊ နီးကပ်နိဗ္ဗာန်ပြည်။

ဒုတိယအကြိမ်ပုံနှိပ်

ဆဋ္ဌသင်္ဂီတိပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ဗာ လှု ကျ ပ္ပ ဗ္ဗာ သုတ်

ဗာ ရှုး ခေတ်

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုဋ္ဌက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

မာလုက္ကျပုတ္တာသုတ်

တရားတော်

သာသနာ ၂၅၄၁ ကောဇာ ၁၃၅၉ ခရစ် ၁၉၉၇

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်

အမှတ် (၁၃၆/၉၃) (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၁/၉၃) (၄)

ပဌမအကြိမ်

အုပ်ရေ ၁၀၀၀

၁၉၉၃ ခု

မေလ

ပန်းချီ–ဝေမွန်

ဘလောက်–အမျိုးသား

စာအုပ်ချုပ်–ဦးအောင်မြင့်

ဓမ္မဒါန

ဦးသိန်းလွင် (ခ) ဦးအေးလွင် (၀၂၆၀၂)၊ ညောင်ကန်စာပေ၊ အမှတ် ၆၊ အင်းစိန်လမ်းမကြီး၊ ကြို့ကုန်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဦးတင်မောင် (၀၂၅၆–မြ)၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ် ၆၄/စီ၊ ကြာပဒုမ္မာလမ်း၊ ၁/ခ–ရပ်ကွက်၊ ငွေကြာရံ ရိပ်သာ) တောင်ဥက္ကလာပ၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သြဝါဒါစရိယ ကမ္ဘာ့သာသနာပြု
ဧကျားဇူးဧတော်ရှင် မဟာစည်ဆရာဧတော်ဘုရားကြီး



သက်တော် (၇၈)နှစ်၊ သီကျွာတော် (၅၈)ဝါ
၂၉-၇-၁၉၀၄ သောကြာနေ့တွင် ဖွားသန့်စင်သည်။
၁၄-၈-၁၉၈၂ စနေနေ့တွင် စုတိကမ္ဘဝရပ် ချုပ်ငြိမ်းတော်မူသည်။

http://www.dhammadownload.com

http://www.dhammadownload.com

မာလုကျမ္ပုတ္တသုတ် တရားတော်

မိတ်ဆက်အစီး

ပေါ်လွင်ထင်ရှားစေခဲ့ပြီ

ပရိယတ္တိစာပေနှင့် ပဋိပတ္တိလုပ်ငန်း၌ နှံ့စပ်နိုင်နင်း ကျွမ်းကျင်တော်မူခြင်းကြောင့် ကမ္ဘာမဆုံ နာမည်တော် သင်းပျံ့ ကျော်ကြားတော်မူသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် သတ္တဝါ ဝေနေယျ အများတို့အား မဂ်ဖိုလ် နိဗ္ဗာန် တရားထူးတရားမြတ်ကို ဧကန်အမှန် ရစေနိုင်သော သုတ်တရားတော်များကို ဟောကြားတော်မူခဲ့ပြီ၊ ရေးသားတော်မူခဲ့ပြီ။

ယင်း သုတ်တရားတော်ကြီးများ၌ စာပေ အယူအမြင်အားဖြင့် တိမ်မြှုပ်ကွယ်ဝှက် အသိခက်သော အရာတို့ကိုလည်း ပေါ်လွင်လွယ်ကူစေခဲ့ပြီး ပဋိပတ်ကျင့်စဉ် ဉာဏ်အမြင် ဖြစ်ပေါ်ပုံအားဖြင့်လည်း ယောဂီများ၏ ရှုမှတ်၍ ကိုယ်တိုင်တွေ့သိပုံများနှင့် စပ်ယှဉ်ကာ ထင်ရှားစေခဲ့ပြီ။

ကြည်နူးရွှင်ပျ ဖတ်မဝ

ထို့ကြောင့် ပရိယတ္တိစာပေ ဉာဏ်အမြင် သန်တော်မူကြသော ပညာရှိသူတော်ကောင်းကြီးများသည် ကြည်ရှုမဝ ဖတ်မဝဖြင့် နိမ်သိမ့်ကြည်နူး ချီးကျူးဝမ်းသာမဆုံး ရှိကြသည်၊ မဟာ

http://www.dhammadownload.com

သတိပဋ္ဌာန်–ဝိပဿနာအလုပ်ကို ဟုတ်ဟုတ်ငြားငြား အားထုတ်ရှုမှတ်ဖူးသော စာမတတ်ကျွမ်းသူ ယောဂီများပင် ဖတ်ရှုမဝ နာမဝကျေနပ်အားရ ရှိကြသည်။ အကြောင်းမှာ တရားရှုမှတ် အားထုတ်စဉ်က ကိုယ်တိုင်တွေ့သိခဲ့သည်များနှင့် ကျမ်းစာမှ ဟောဖော်ညွှန်ကြားချက်များသည် တိုက်ဆိုင်ကိုက်ညီနေခြင်းကြောင့်ဟုပင် ဆိုကြပါသည်။

ယုံဖွယ်ညွှန်းပြ သာဓက

ဤစာရေးသူ၏ ရဟန်းဒါယကာ ဦးမြစိန်သည် ညစဉ် ၂ နာရီမှ တစ်လခန့် အားထုတ်ဖူးသည်၊ ရဟန်းအမသည်ကား ထူးကြီးမြို့ ၄၅ ရက်စခန်းမှာ ၄၃ ရက်ကြာ အားထုတ်ဖူးသည်။ ထိုမှနောက်၌ ရဟန်းဒါယကာထံမှ စာတစ်စောင် ဖတ်ရသည်မှာ–

"တပည့်တော်တို့ တရားအားထုတ်လို့ ရလာတဲ့ အကျိုးအမြတ်ဟာ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးရေးတဲ့ ကျမ်းစာတွေကို ဖတ်ရတာ အရသာတွေ့လာတယ်။ ဖတ်မိရင် စာအုပ်ကို လက်က မချချင်ဘူး။ ဦးပဉ္စင်းရဲ့ ဒါယိကာမ မိအေးမြိုင်ကလဲ ခဏခဏ စာဖတ်ပါ ပြဆိုတယ်။ သူအားထုတ်တုန်းက တွေ့သိတာတွေနဲ့ ကိုက်တာတွေပါနေလို့တဲ့၊ သူက စာမဖတ်တတ်တော့ တပည့်တော်ကပဲ ဖတ်ပြနေရတယ်၊ အရင်ကဆို မဟာစည်စာအုပ်ကို ဖတ်ရတာ နားထောင်ရတာ စိတ်မဝင်စားကြဘူး၊ အခု တရားလဲ နာတတ်ပြီ၊ စာလဲ ဖတ်တတ်ပြီ၊ တရားအားထုတ်တာ အချိန်တွေ နောက်ကျသွားတယ် တွေးမိတယ်" ဟူ၍ ဖြစ်သည်။

http://www.dhammadownload.com

မာလုက္ယပုတ္တသုတ် တရားတော်

ပရိယတ္တိ စာပေပညာရှင် သူတော်စင်များနှင့် ပဋိပတ္တိ ကိုယ်တွေ့ဉာဏ်မြင် ပညာရှင်များ မျှော်လင့်နေကြတဲ့ မာလုက္ယ ပုတ္တသုတ် တရားတော်ကြီး ယခု ထွက်ပေါ်လာပြန်ပါပြီ၊ ဤ မာလုက္ယပုတ္တသုတ် တရားတော်ကြီးခ်ီ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက-

"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" စသည်အရ ဒွါရခြောက်ဖြာမှ ထင်ပေါ်ရာ ရုပ်နာမ်ကို ရှုမှတ်၍ ဝိပဿနာဉာဏ်ဖြစ်ပုံကို ကိလေသာ ကင်းပုံ, ဝဋ်ဆင်းရဲငြိမ်းပုံတို့ကို တိကျစွာပေါ်လွင်စွာ ရှင်းလင်းဟော ကြားထားပါသည်။

လက်ငင်းချမ်းသာလိုသလော

"အို-ပညာရှိသူတော်ကောင်း သင်သည် လက်ငင်းချမ်းသာ ခြင်းကို ရယူလိုပါမှ ရှုမှတ်ပွားများ အားထုတ်ပုံ ပြည့်စုံစွာ ညွှန်ပြ ဟောကြားထားသော ဤ 'မာလုက္ယပုတ္တသုတ်' တရားတော်ကြီး၏ သေချာဂန ဖတ်ရှုလေ့လာပြီး တိကျပြည့်ဝစွာ အားထုတ်ကြည့်စမ်းပါ။

အာမခံရဲတင်း ပွင့်လင်းလှသည်

(အာနိသံသကထာ-အကျိုးပြုစကား မဟာသတိပဋ္ဌာန-သုတ်တော်။)

ဘိက္ခဝေ-သံသရာအပြစ်ဘေး နောင်အရေးကို မျှော်တွေး သိမြင် ပညာရှင် အို-သူတော်ကောင်းတို့၊ ယော ဟိ ကောစိ-အမှတ်မရှိ တစ်စုံတစ်ယောက်သော ယောဂီသည်၊ ဣမေစတ္တာရော

http://www.dhammadownload.com

သတိပဋ္ဌာန (ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာ သတိပဋ္ဌာန်) ဤသတိပဋ္ဌာန် တရားလေးပါးတို့ကို၊ ဇဝံ-ယခု ဟောပြခဲ့တဲ့ ရှုမှတ်အားထုတ်ပုံနည်းအတိုင်း၊ သတ္တာဟံ-ခုနစ်(၇) ရက်၊ ဘာဝေယျ-(ရှုမှတ်အားထုတ်လျက် ဝိပဿနာဉာဏ်တို့ကို) ဖြစ်ပွားစေကြားအုံ့၊ (ဇဝံ-ဤသို့ ဖြစ်ပွားစေပါလျှင်) တဿ=ထို ယောဂီအား၊ ဒွေဝေ=မြေ-မျက်မှောက် အတ္တဘော ယခုဘဝ၌ပင် လျှင်၊ အညာ ဝါ-အရဟတ္တဖိုလ်ဖြစ်စေ၊ သတိ ဥပါဒိသေသေ-စွဲလမ်းမှု ဥပါဒါန် အကြွင်းအကျန် ရှိသေးလျှင်၊ အနာဂါမိတာ ဝါ-အနာဂါမိဖိုလ် ဖြစ်စေ၊ ဒ္ဝိန္နံ ဖလာနံ-ဤ ၂ ပါးသော ဖိုလ်တို့တွင်၊ ဝါ-အရဟတ္တဖိုလ်၊ အနာဂါမိဖိုလ် ၂ ပါးထဲက အညတရံ ဖလံ-တစ်ပါးပါးသောဖိုလ် (ရဟန္တာအဖြစ် အနာဂါမ်အဖြစ် တစ်ပါးပါး)ကို၊ ပါဋိကင်္ခံ၊ မရှုတ်ဧကန် အမှန်ပင် ရမည်ဟု ပုံသေ ဒိဋ္ဌ စိတ်ချယုံကြည်ရပေတော့သည်။

ဤသည်မှာ မြတ်စွာဘုရား၏ ပွင့်လင်းရဲတင်းသော အာမခံ ချက်ကြီး ဖြစ်ပါသည်။ ၇ ရက်အားထုတ်လျှင်ပင် ရဟန္တာဖြစ်၍ အနာဂါမ်ဖြစ်၍ လက်ငင်းချမ်းသာခြင်းကို ရယူနိုင်သည်။ သကဒါ ဂါမ်ဖြစ်၍ သောတာပန်ဖြစ်၍လည်း လက်ငင်းချမ်းသာခြင်းကို ရယူ နိုင်သည်။ ဆိုပြီးသော အရိယာစခန်းသို့ မရောက်သေးတောင်မှ ဝိပဿနာဉာဏ်များ ပြည့်စုံစွာဖြစ်အောင် အားထုတ်ထားသူ ယောဂီ မှာ ဖြစ်ပေါ်လာသော စိတ်အနှောင့်အယှက်များကို ရှုမှတ်ပြီး ပယ် လိုက်လျှင် လက်ငင်း ချမ်းသာခြင်းကို ရယူနိုင်သည်" ဟု တိကျ

http://www.dhammadownload.com

ပြည့်ဝစွာ အားထုတ်ဖူးသူ ယောဂီတိုင်း မင်ြင်းကွယ်သာ ဝန်ခံကြရ ပါသည်။

လက်တွေ့ ရှုမှတ်ကြည့်ပါ

လိုချင်နှစ်သက်မှု (ရာဂစိတ်) မကျေနပ်မုန်းတီးမှု (သဒေါသ စိတ်) စသည် ထင်ရှားဖြစ်ပေါ်လာလျှင် "လိုချင်တယ်, နှစ်သက်တယ်, မုန်းတယ်" စသည်ဖြင့် ရှုမှတ်ကြည့်စမ်းပါ၊ ငါးချက်ဆယ်ချက်မှတ်၍ မပျောက်သေးလျှင် အချက် နှစ်ဆယ် သုံးဆယ် စသည် ဆင့်ကဲဆင့်ကဲ ရှုမှတ်ကြည့်စမ်းပါ၊ ယင်းလိုချင်နှစ်သက်မှု, မကျေနပ်မုန်းတီးမှု စသော စိတ်ဆိုးများ ကင်းပျောက်ကာ လက်ငင်းချမ်းသာခြင်းကို ကိုယ်တိုင်တွေ့ရှိကာ ကျေနပ်ယုံကြည်ပါလိမ့်မည်။

စစ်မှန်သော ဝိပဿနာ

သတိပဋ္ဌာန် မပါလျှင် စစ်မှန်သော ဝိပဿနာမဟုတ်၊ ထို့ကြောင့် ဝိပဿနာအားထုတ်ဖို့ တောထွက်လျှင် "သတိပဋ္ဌာန် စာစောင်ကို ပါအောင်ယူရမည်"ဟု ရှေးပညာရှင်များ မှာကြားဆုံးမခဲ့သည် မဟုတ်လော သတိပဋ္ဌာန်သုတ်တော်မှာ ညွှန်ကြားချက်နှင့်အညီ အားထုတ်မှ စစ်မှန်သော ဝိပဿနာ ဖြစ်သည်။

စစ်မှန်သော ဝိပဿနာ ဖြစ်သောကြောင့်ပင် လိုချင်နှစ်သက်မှု သဘော–လောဘ, မုန်းတီးမှုသဘော–ဒေါသ အစရှိသော ဓမ္မာနုပဿနာ သတိပဋ္ဌာန် စသည်တို့၏ အာရုံများကို ရှုစိတ်မှတ်စိတ်ခေါ် ဝိပဿနာဉာဏ်ဖြင့် သဘာဝလက္ခဏာ သာမညလက္ခဏာ

http://www.dhammadownload.com

(အနိစ္စ ဒုက္ခ အနတ္တ) သဘောအမှန်အတိုင်း သိလိုက်သောအခါ ယင်း လောဘ, ဒေါသ စသော ကိလေသာများ ချုပ်ကွယ်ကာ မဖြစ်ပေါ်လာတော့ဘဲ လက်ငင်းချမ်းသာခြင်းကို ရရှိလေတော့သည်။

မဟာသတိပဋ္ဌာနသုတ်တော် ညွှန်ကြားချက်နှင့်အညီ

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ဤ "မာလုက္ကျပုတ္တသုတ်" တရားတော်ကြီးကို မဟာသတိပဋ္ဌာန သုတ်တော် ညွှန်ကြားချက်များဖြင့် တိကျပြည့်စုံစွာ အမွှန်းတင် လျက် တန်ဆာဆင်၍ "ဒ္ဌေ ဒိဋ္ဌမတ္တံဘဝိဿတိ" စသည်အရ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားသိတိုင်း၊ တွေ့ထိတိုင်း၊ လှမ်း သွားတိုင်း၊ ကွေးတိုင်း၊ ဆန့်တိုင်း၊ စောင်းတိုင်း၊ လှည့်တိုင်း၊ ယူ တိုင်း၊ ထားတိုင်း၊ ထိုင်တိုင်း၊ အိပ်တိုင်း၊ ရပ်တိုင်း၊ ဖောင်းတိုင်း၊ ပိန်တိုင်း၊ ပူတိုင်း၊ အေးတိုင်း၊ နွေးတိုင်း၊ ရှိန်တိုင်း၊ စိတ်ကူးစဉ်းစား ကြံစည်တိုင်း၊ တွေးတိုင်း၊ ဒွါရ ခြောက်ဖြာမှ ထင်ပေါ်ရာ ရုပ်နာမ်ကို ရှုမှတ်၍ ဝိပဿနာဉာဏ်များ ဖြစ်ပေါ်ပုံ၊ မဂ်ဖိုလ်ဉာဏ်များ ဖြစ်ပေါ်ပုံ၊ နိဗ္ဗာန်ကို မျက် မှောက်ပြုပုံ၊ သိမြင်ပုံ၊ ကိလေသာကင်းပုံ၊ ဝဋ်ဆင်းရဲ ကင်းပုံတို့ကို အကွက်စေ့စေ့ သူတော်ကောင်း ပညာရှင် များ သဘောတွေ့ မနောခွေ့အောင် ပြောင်မြောက်စွာ ဟောတော်မူ ထားပါသည်။

သီဖွယ် မှတ်ဖွယ် အသွယ်သွယ်

ဤ "မာလုက္ကျပုတ္တသုတ်" တရားတော်ကြီးကို သေချာစွာ လေ့လာဖတ်ရှုပါလျှင် မြတ်စွာဘုရားအလိုတော်နှင့် ညီညွတ်သော

http://www.dhammadownload.com

မှန်ကန်တိကျသော ဝိပဿနာ အားထုတ်နည်းကို ဧကန် သိနားလည်ကြရမည်သာ ဖြစ်ပါသည်။ ထို့အပြင် သိဖွယ် မှတ်ဖွယ် အသွယ်သွယ်သော ဗဟုသုတများလည်း ပြည့်ဝလာမည်မှာ မလွဲ ဧကန်အမှန်ပင် ဖြစ်ပါသည်။ အနည်းငယ် အမြွက်မျှ ထုတ်ပြရပါမူ-

သမ္မပ္ပဓာန် အမှတ် (၃)

ဒါန, သီလ, သမထ, ဝိပဿနာကုသိုလ်များကို ပြုလုပ်ဖွယ် မလိုဟူသော အယူအစွဲ ထင်ပေါ်လာသော ဤခေတ်မှာ ယင်းလွဲမှားမှုကို ဤတရားတော်စာအုပ် နာ(၄)က သမ္မပ္ပဓာန် အမှတ် (၃)ဖြင့် လမ်းတည့်ပေးထားသည်။

ကိုယ်နှင့်အသက် မင့်ကွက်ဘဲ

နိဗ္ဗာန်ရရေးအတွက် တကယ်တမ်းအားထုတ်သော ပုဂ္ဂိုလ်မှန်လျှင် ကိုယ်နှင့်အသက် မင့်ကွက်ဘဲ တင်းတင်းရင်းရင်း ထက်ထက်သန်သန် အားထုတ်သင့်ကြောင်းကို ဤတရားစာအုပ် နာ(၉)၌ ပဟိတတ္ထော-ပုဒ်အဖွင့်ဖြင့် ဖော်ပြထားသည်မှာ သဘာဝကျလှပါပေသည်။

အတုယူဖွယ်

အသက်ငယ်သူများလည်း တရားအားထုတ်သင့်ပုံ၊ အသက်ကြီး၍ အရွယ်လွန်သူများလည်း စိတ်ဓာတ်ကျဆင်းဖွယ် မရှိပုံကို နာ(၁၁) မာလုက္ကျပုတ္တ ရဟန်းအိုကြီးဖြင့် စာရှုသူအား ပညာပေးထားသည်။

http://www.dhammadownload.com

အဒိဋ္ဌပုဗ္ဗာ မှတ်ဖွယ်

မြင်မှုဆိုင်ရာ ကိလေသာဖြစ်နိုင်, မဖြစ်နိုင် မေးခွန်းထုတ်ကာ ဝိပဿနာအလုပ် ထုတ်ဖော်ညွှန်ကြားထားသည်ကိုလည်း နာ(၁၃) မှစ၍ ဖတ်ရှုလေ့လာနိုင်ပါသည်။ အာရမ္မဏာနုသယ ကိလေသာ ကိန်းသည်ကို ဓာတ်ပုံဥပမာဖြင့် နာ (၂၄)မှာ ပြထားသည်။ ပဋ္ဌိစ္စသမုပ္ပါဒ်, ပဋ္ဌာန်း, အဘိဓမ္မာ စသည်လေ့လာပြီး ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တဟု စိတ်ကူးမျှဖြင့် ရှုနေသော ဝိပဿနာ အတုများကို နာ(၉) နှင့် (၆၅)မှာ သုံးသပ်၍ အစစ်ကို ညွှန်ပြထားသည်။ မြင်ရာစသည်၌ စိတ်ဖြစ်ပေါ်လာပုံများကိုလည်း နာ(၂၉)မှ စ၍ စိတ်ဝင်စားဖွယ် ဖတ်ရှုနိုင်ပါသည်။

အာရမ္မဏာနုသယ· ကင်းဦးမ်းအောင်

မြင်တဲ့အခါ ဖြစ်ပေါ်တဲ့ ရုပ်နာမ်များ၌ မရှုမမှတ်၍ (အနိစ္စ ဒုက္ခ အနတ္တ)ဟု အမှန်အတိုင်း မသိလျှင် ကိလေသာကိန်းသည်၊ အကြောင်းသင့်သောအခါ ဖြစ်ခွင့်ရရှိသွားသည်။ ယင်းသို့ ကိလေသာ ဖြစ်ခွင့်ရရှိသွားခြင်းကိုပင် အာရမ္မဏာနုသယ ကိလေသာကိန်းသည်ဟု ခေါ်သည်။ ယင်းကိလေသာ မကိန်းနိုင်အောင် ပညတ်နယ်သို့ မရောက်မီမှာ "မြင်တယ်"ဟု ရှုမှတ်ရပုံကို ဤစာအုပ်နာ (၃၂) မှာ ဖော်ပြပြီးနောက်–

မြင်ဆဲမှာ မြင်နေတုန်းမှာ

"မြင်တယ်"ဟု ရှုမှတ်သူမှာ သတိသမာဓိဉာဏ်အား ကောင်း၍ ဘဂီဉာဏ် ထက်သန်စွာ ဖြစ်ပေါ်လာတဲ့အခါ 'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ

http://www.dhammadownload.com

ဘဝိသတိ" လမ်းညွှန်ချက်နှင့်အညီ 'မြင်ရုံမျှ'တွင် တည်ပုံ ယောဂီများ အတွေ့အကြုံဖြင့် နာ(၃၈)မှာ လေ့လာ မှတ်သားနိုင်ပါသည်။

လူတစ်ယောက်၏ စောဒနာရှင်းပြချက်

မြင်သိစိတ်၏ ဝါ–စက္ခုဒ္ဒါရိုက စိတ်အားလုံး၏လည်းကောင်း၊ ထိုစိတ်များ စွဲမှီရာ အာရုံ၏လည်းကောင်း၊ အဖြစ်အပျက်ကို ရှုမှတ်၍ သိပုံကို လူတစ်ယောက် စောဒနာသော စကားနှင့် အဘိဓမ္မာ, သုတ္တန်သဘော နီးနှောကာ နာ(၃၈–၄၂)မှာ လေ့လာနိုင်ပါသည်၊ ရူပါရုံအဆင်းရပ်၏ ဥပါဒ်, ဘင် ဖြစ်ပျက်ကို မှန်ကန်စွာသိရန်နှင့် ပစ္စုပ္ပန်ကိုသာ ရှုသိရသည် ဆိုရာမှာလည်း ချုပ်ပြီးကာစ အနီးကပ် ပစ္စုပ္ပန်ကိုသာ ရှုသိနိုင်ခြင်း ဖြစ်ကြောင်း နာ (၄၃)မှာ လေ့လာ၍ အဘိဓမ္မာဆရာများ အသိဉာဏ်ပွားနိုင်ပါသည်။

နေ တတ္ထ – ထိုဌ် မတည်ပုံကို နာ(၅၃)မှာ နိဗ္ဗာန်တွေ့ပုံနှင့် အညေဆရာတို့၏ အယူအဆကို မျက်မှောက်ခေတ် လက်ရှိ ယောဂီများ၏ အတွေ့အကြုံဖြင့် ညှိထားသည်ကို နာ (၅၆)မှာ ဖတ်ရှုနိုင်ပါသည်။ နာ (၅၄)ကို ဆက်လက်လေ့လာပါက နိဗ္ဗာန်သို့ ဆိုက်ရောက်ပုံကိုလည်း သိခွင့်ရပါလိမ့်မည်။

တရားနယ်မှာ မေ့ပုံနှင့် လောကနယ်မှ မေ့ပုံ ခြားနားချက်ကို နာ(၆၉–၇၀)မှာ စိတ်ဝင်စားဖွယ် လေ့လာမှတ်သားနိုင်ပါသည်။

နာ(၆၈)မှာ 'ရူပ ဒိသွာ–အဆင်းကိုမြင်ပြီး၍ ဝါ–မြင်ပြီးလျှင်" ဟူသော စကားဖြင့် စိတ်ကူးဝိပဿနာ ဆရာများကို အလင်းသို့ ရောက်စေသည်၊ နာ(၇၂–၇၅)မှာတော့ ပဋိစ္စသမုပ္ပါဒ်သင်တန်း

http://www.dhammadownload.com

(စာသိမ္ဘ)ကို ရှေ့.တန်းတင် ဦးစားပေးနေသူတို့.အား "ဝေဒနာ ပစ္စယာတဏှာ" တကယ်ရှုမှတ်လျှင် ဝေဒနာ နောက်ဆွယ်မှ တဏှာ စသော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်များမှ ကျွတ်လွတ်ပုံကို ဖော်ပြကာ လက်တွေ့.အားထုတ်ဖို့. ညွှန်ပြထားသည်။

ဉာဏ်စဉ်မလိုပါဘူး

နာ(၇၆–၇၈)မှာ ဝိပဿနာကို နည်းမှန် စည်းမှန်အားထုတ်သူတိုင်း၌ နာမရူပ ပရိစ္ဆေဒဉာဏ်မှစ၍ ဝိပဿနာဉာဏ်အစဉ်အတိုင်း ဖြစ်ပေါ်သည်ကို ပဋ္ဌာန်းပါဠိတော်ကြီးကို ကိုးကားလျက် "ဉာဏ်စဉ် မလိုပါဘူးကွာ၊ ဘုရားက သုံးဉာဏ်တည်း ဟောထားတယ်"လို့. အယူကောက်သူတို့.အား ဖြောင့်ပေးထားသည်။

မြင်တာကိုသာ ပြသည်

သုဏာတော–ပါဠိကို ထောက်ဆ၍ 'ပဿတော' ပါဠိသည် ဝိပဿနာရှုပုံကို ဓမ္ပညွှန်းဘဲ မျက်စိဖြင့် မြင်တာကိုသာ ပြဆိုသည်ဟု စာပေပညာရှင်များအတွက် အဋ္ဌကထာကို သုံးသပ်ထားသည်မှာ နာ (၇၃)၌ တွေ့.ရသည်။

ဝိပဿနာ ရှုရတယ်လို့. မသိကြဘူး

ဝိပဿနာယောဂီမှာ ရှုဖွယ်အပုတ်အညှိန့်များကို နံရတတ်ကြောင်း စသည်ကို နာ(၁၀၆)မှာ ပြကာ စားသောက်ရာမှာ စက်ဆုပ်ဖွယ် ဆင်ခြင်၍ မစားသင့်ကြောင်း လူတစ်ယောက်၏ ထင်မြင်ချက်ကို နာ(၁၁၈)မှာ ပြပြီးလျှင် ရဟန်းများမှာ ပစ္စဝေက္ခဏာ ဖြင့်လည်းကောင်း၊ ပဋိကူလသညာဖြင့် လည်းကောင်း ဆင်ခြင်၍

http://www.dhammadownload.com

စားသင့်ပုံများ ဖော်ပြပြီးနောက် ရှုမှတ်၍ စားသောက်တာ အကောင်းဆုံးဟု နှာ(၁၂၀)ညွှန်ပြထားသည်မှာ သိမှတ်ဖွယ် ကျင့်ဖွယ် ကောင်းလှပါသည်။ စားသောက်ရင်း ဝိပဿနာ ရှုမှတ်၍ မဂ်ဖိုလ် ရသည်ကို ခိုင်လုံသော ပုဂ္ဂလ ပညတ် အဋ္ဌကထာကို ကိုးကား၍ နှာ(၁၂၉)မှာ ဆက်လက် ညွှန်ပြထားသည်။ ကက္ကဋုကရသဝိမာန ဝတ္ထုဖြင့်လည်း စားသောက်ရာ၌ ဝိပဿနာ ရှုမှတ်ရကြောင်း ထင်ရှားပါသည်။

စိတ်ဝင်စားဖွယ် ဖြေရှင်းချက်

"အာနာပါနကို ဝိပဿနာ ရှုဖို့ရာ မညွှန်ကြားဘဲ ဖောင်းတာ ပိန်တာကိုသာ ဝိပဿနာရှုဖို့ ဘာကြောင့် ညွှန်ပြရသနည်း" ဤ မေးခွန်း၏ အဖြေကို နှာ(၁၃၇-၁၄၂)မှာ စိတ်ဝင်စားဖွယ် ဖတ်ရှုနိုင်ပါသည်။

ဖောဋ္ဌဗ္ဗအာရုံ (အတွေ့အထိ)ကို ခံစားရာမှာတောင်မှ တို့က ဝိပဿနာ ဖြစ်ပါတယ်ဟု ပြောတတ်သူတို့အား ရှုနည်းမှန်ကို သိရအောင် နှာ(၁၄၃) စသည်မှာ အတိအကျ ညွှန်ပြထားပါသည်။

ဓာတ်ဟု ရှုရမယ်၊ ရုပ် ရုပ်ဟု ရှုရမယ်၊ နာမ် နာမ်ဟု ရှုရမယ်၊ မျက်မြင်ကို မရှုမှတ်ရဘူး၊ ဉာဏ်မြင်ကိုသာ ရှုမှတ်ရမယ် စသည်ဖြင့် ဉာဏ်ကွန့်လျက် နည်းညွှန်ချက်များ စသည်ကို နှာ(၁၃၆)မှာ ဖြောင့်ပေးထားသည်။

ဝိပဿနာနည်းမှန်ကို ပစ်ပယ်၍ ဟောပြလျှင် အဓမ္မ-မတရား ဟောသည်ကို နှာ (၁၅၇-၈)မှာ ပါဠိသာဓက ထောက်ပြ၍ ဆုံးမ

http://www.dhammadownload.com

ထားသည်ကို လေ့လာကျင့်သုံးနိုင်ပါသည်။

"မနော–စိတ်ကူးထဲမှာ ထင်ပေါ်လာတဲ့ သဘောအာရုံဆို တာ ဘာလဲ" ဤမေးခွန်းကို နာ (၁၇၂)မှာ မှတ်သားဖွယ် ဖြေဆို ထားပါသည်။ မျက်စိမှိတ်ကာ ဖောင်းတယ် ပိန်တယ် စသည် ရှုမှတ်နေရင်း စိတ်ကူးဖြင့် ဘုရားပုံတော် စသည်များကို မြင်ရာ တွေ့ရာမှာ သိမှတ်ဖွယ် အချက်ကိုလည်း နာ(၁၇၂)မှာပင် ဖတ်ရှု နိုင်ပါသည်။

မိတ်ဆက်အချီးခံ ဤစာရေးသူ ညွှန်ပြထားသည်မှာ အနည်း ငယ် အမြွက်မျှသာ ဖြစ်ပါသည်။ စာမျက်နှာ မကျော်ဘဲ အစဉ် အတိုင်း ဤကျမ်းစာကို လေ့လာဖတ်ရှုပါက များစွာသော ကျင့်ဖွယ် မှတ်သားဖွယ်များကို တွေ့သိရမည် ဧကန်ဖြစ်ပါသည်။ ဒါကြောင့် ဤ "မာလုကျပုတ္တသုတ်" တရားတော်ကြီးကို ဖတ်ရှုလေ့လာ ကျင့် သုံးကာလျှင် ခုဘဝမှာပင် ချမ်းသာလက်ငင်း ရပါစေဟု ပတ္ထနာ ပြုပါသတည်း။

အရှင်စန္ဒာဝရ
(သရက်–အောင်မင်္ဂလာ)
နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ
မဟာစည် သာသနာ့ရိပ်သာ၊
ရန်ကုန်မြို့။

၁၉၃၉ ခုနှစ်၊ နတ်တော်လဆန်း (၁၁)ရက်
၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်

http://www.dhammadownload.com

မာ တိ ကာ

အကြောင်းအရာ		စာမျက်နှာ
တရားပလ္လင်ခံ	...	၁
သုတ်တရားတော်၏ အမည်စသည်ကိုဖော်ပြချက်	...	၂
ဒီသုတ်ကို ဟောရခြင်း၏ အကြောင်း	...	၃
အပ္ပမတ္တော–အဖွင့်	...	၅
အာတာပီ–အဖွင့်	...	၅
သမ္မပ္ပဓာန် ၄ ပါးအကြောင်း	...	၆
ပဟိတတ္တော–အဖွင့်	...	၉
မြတ်စွာဘုရား၏ မိန့်ခွန်းတော်	...	၁၀
ဝိပဿနာ အခြေခံမေးခွန်းတော် (၁)	...	၁၃
အနိတ္ထိဂန္ဓကုမာရဝတ္ထု	...	၁၇
မေးခွန်းတော်နှင့်အဖြေ	...	၂၁
မေးခွန်းဆိုင်ရာ ဆောင်ပုဒ်များ	...	၂၃
ဝိပဿနာလုပ်ငန်းစဉ် အကျဉ်းချုပ်	...	၂၇
မြင်ဆဲ၌ စိတ်အစဉ်ဖြစ်ပုံ	...	၂၉
ကြားဆဲစသည်၌ စိတ်အစဉ်ဖြစ်ပုံ	...	၃၃
မြင်တတ်ရှုမှတ် ပရမတ်သိပုံ	...	၃၃

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
မြင်သိပြီးလျှင် ကြံသိဖြစ်ပုံ	...	၃၄
ပညတ်ထင်ရှားပေါ်လာပုံ	...	၃၅
အရှင်ပေါ်ဋ္ဌိလမထေရ်ဝတ္ထု	...	၃၇
ချက်ချင်းမရှုနိုင်လျှင်ပညတ်ရောက်သွားပုံ	...	၃၈
ချက်ချင်းရှုနိုင်လျှင် ပရမတ်၌ တည်ပုံ ဉာဏ်ဖြစ်ပုံ	...	၃၉
လူတစ်ယောက် စောဒနာပုံ	...	၄၂
စောဒနာကို ဖြေရှင်းချက်	...	၄၃
ကြားရာစသည်၌ ရှုပုံ	...	၄၇
မြန်မာပြန်အကျဉ်းချုပ်	...	၄၈
ရှင်းပြချက်	...	၄၉
ဝိပဿနာ၏ အကျိုးအာနိသင်ပြဆိုချက်	...	၅၀
မြန်မာပြန်အကျဉ်းချုပ်ဆောင်ပုဒ်	...	၅၂
နိဗ္ဗာန်ဆိုက်ရောက်ပုံ	...	၅၄
နိဗ္ဗာန်မျက်မှောက်ပြုပုံ	...	၅၇
မာလုက္ကျပုတ္တသုတ်တရားတော်၏		
မြန်မာပြန်အတိုချုပ်	...	၅၉
မြင်ခိုက်၌ မရှုသူမှာ နိဗ္ဗာန်နှင့်ဝေးသည်	...	၆၁
နိဗ္ဗာန်နှင့်ဝေးပုံဆောင်ပုဒ်များ	...	၆၂
မြင်ခိုက်၌ရှုသိသူမှာနိဗ္ဗာန်နှင့်နီးသည်	...	၆၈
နိဗ္ဗာန်နှင့်နီးပုံဆောင်ပုဒ်များ	...	၇၁

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
အထူးသတိပြုရန်	...	၇၈
ရှုမှတ်မှ ဘုရားအလိုတော်ကျဖြစ်သည်	...	၇၉
မြင်ခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နှင့်နီးသည်	...	၈၀
ဝိပဿနာအခြေခံမေးခွန်းတော်(၂)	...	၈၀
ကြားပြီးမရှုနိုင်လျှင်ပညတ်ရောက်ပုံ	...	၈၄
ကြားပြီးရှုမှတ်နိုင်လျှင် ပရမတ်၌တည်ပုံ–ဉာဏ်ဖြစ်ပုံ	...	၈၅
ကြားခိုက်၌ မရှုသူမှာ နိဗ္ဗာန်နှင့်ဝေးသည်	...	၈၆
အရှင်နန္ဒမထေရ်ဝတ္ထု	...	၈၈
ကြားခိုက်၌ရှုသိသူမှာ နိဗ္ဗာန်နှင့်နီးသည်	...	၉၅
ဝိပဿနာအခြေခံမေးခွန်းတော်(၃)	...	၁၀၂
နံခိုက်၌ မရှုသူမှာ နိဗ္ဗာန်နှင့်ဝေးသည်	...	၁၀၅
နံခိုက်၌ ရှုသိသူမှာ နိဗ္ဗာန်နှင့်နီးသည်	...	၁၀၉
ဝိပဿနာ အခြေခံမေးခွန်းတော်(၄)	...	၁၁၃
စားသိခိုက်၌ မရှုသူမှာ နိဗ္ဗာန်နှင့်ဝေးသည်	...	၁၁၇
စားသိခိုက်၌ ရှုသိသူမှာ နိဗ္ဗာန်နှင့်နီးသည်	...	၁၂၃
ရှုသူမှာ ဘယ်အချိန်မဆို တရားထူးရနိုင်သည်	...	၁၂၉
ဝိပဿနာ အခြေခံမေးခွန်းတော်(၅)	...	၁၃၃
အာနာပါနကို ရှုဖို့ ဘာ့ကြောင့်မည္သန်းသလဲ	...	၁၃၇
အဖောင်းအပိန်ကို မှတ်တာဟာ ပါဠိတော်နဲ့ မဝေးဘူးလား	...	၁၃၉

http://www.dhammadownload.com

အကြောင်းအရာ		စာမျက်နှာ
ထိသိခိုက်၌ မရှုသူမှာ နိဗ္ဗာန်နှင့်ဝေးသည်	...	၁၄၃
ထိသိခိုက်၌ ရှုသိသူမှာ နိဗ္ဗာန်နှင့်နီးသည်	...	၁၄၈
နည်းမှန်ကို ရှုတ်ချပယ်ပစ်တာတွေလဲရှိတယ်	...	၁၅၆
အဓမ္မဆိုတဲ့ မတရားကို ဟောရာရောက်တယ်	...	၁၅၇
ဝိပဿနာရှုနည်း အကျဉ်းဆုံးဆောင်ပုဒ်	...	၁၅၈
ဝိပဿနာ အခြေခံမေးခွန်းတော်(၆)	...	၁၆၀
လုပ်ငန်းစဉ်နှင့်တကွ အကျိုးအာနိသင်	...	၁၆၄
မြန်မာပြန်အတိုချုပ်ဆောင်ပုဒ်များ	...	၁၆၇
ကြံ့သိခိုက်၌ မရှုသူမှာ နိဗ္ဗာန်နှင့်ဝေးသည်	...	၁၆၉
ကြံ့သိခိုက်၌ ရှုသိသူမှာ နိဗ္ဗာန်နှင့်နီးသည်	...	၁၇၅
နိဗ္ဗာန်နှင့်ဝေးပုံ နီးပုံ နိဂုံးချုပ်ဆောင်ပုဒ်	...	၁၈၀
နိဂုံးချုပ်စကားတော်	...	၁၈၀
သင်္ဂါယနာတင်မှတ်တမ်း	...	၁၈၁
ဗာဟိယဝတ္ထုအကျဉ်းချုပ်	...	၁၈၄
နောက်ဆက်တွဲမှတ်ချက်များ	...	၁၈၆
စာမျက်နှာ ၂၈ စသည်နှင့်ဆိုင်သောမှတ်ချက်	...	၁၈၆
စာမျက်နှာ ၅၀ စသည်နှင့်ဆိုင်သောမှတ်ချက်	...	၁၉၂
စာမျက်နှာ ၄၁ နှင့်ဆိုင်သောမှတ်ချက်	...	၁၉၈

http://www.dhammadownload.com

မာလုကျမ္ဘာသုတ်တရားတော်

၁၃၃၈ ခုနှစ်၊ ဝါခေါင်လဆုတ်(၈)ရက်နေ့စဉ် ဟောသည်။

တရားပလ္လင်ခံ

ဒီနေ့ ၁၃၃၈ ခုနှစ် ဝါခေါင်လဆုတ် ၈ ရက်နေ့ဖြစ်တယ်၊ ဒီကနေ့ကစပြီး မာလုကျမ္ဘာသုတ်တရားတော်ကို ဟောရမယ်၊ အခုလို နံနက်ပိုင်း သီလပေးအပြီးမှာ ဒီသုတ်တရားတော်ကို ဟောရခြင်း၏ အကြောင်းကတော့ ဝါတွင်းသီတင်းနေ့များမှာ ရှစ်ပါးသီလ ခံယူကျင့်သုံးကြတဲ့ ပုဂ္ဂိုလ်တွေက သုံးလေးရာထက် မနည်းများနေတယ်၊ ဘုန်းကြီးကိုယ်တိုင် တရားဟောတဲ့ ရက်ကလဲ လပြည့်နေ့ တစ်ရက် တစ်ရက်သာရှိတဲ့အတွက် နည်းနေတယ်၊ ဒါကြောင့် ရှစ်ပါးသီလယူပြီးတဲ့အခါ ဘုန်းကြီး ဟောတဲ့တရားကို နာကြားကြရအောင်လို့ ဒီမာလုကျမ္ဘာသုတ် တရားတော်ကို တစ်နေ့တစ်နေ့မှာ တစ်နာရီခန့် တစ်နာရီခန့် တစ်ပိုင်းချင်း ဟောဦးမှပဲလို့ စိတ်အကြံ ဖြစ်လာပါတယ်။ ပြီးတော့ ရှေးကလဲ ဒီသုတ်တရားကို အကြိမ်တော်တော်များများ ဟောခဲ့ပေမယ့် အဲဒီတုန်းက

http://www.dhammadownload.com

တရားသံကို ဖမ်းယူမထားခဲ့ရတဲ့အတွက် နောက်ထပ်နာကြားဖို့ရာ အခွင့်မရခဲ့ကြဘူး၊ ယခုတော့ တရားသံကိုလဲ ဖမ်းယူထားရမယ်၊ ပြီးတော့ ဒီသုတ်တရားတော်က ဝိပဿနာအလုပ်နဲ့ စပ်ပြီးတော့ အခြေအမြစ်ကစပြီး အင်မတန်လဲ ပေါ်လွင်ပါတယ်၊ အဲဒီ အကြောင်းများကြောင့် ဒီသုတ်တရားကို ဒီနေ့ကစပြီး တဖန် ဟောတာပါပဲ။

သုတ်တရားတော်၏ အမည်စသည်ကို ဖော်ပြချက်

ဒီသုတ်၏အမည်က မာလုကျမုတ္တာသုတ်တဲ့၊ အဲဒီမှာ မာလုကျ ဆိုတာက တရားတောင်းသူရဲ့ မိခင်ဖြစ်သူ ပုဏ္ဏားမ၏ အမည်ပဲ အဲဒီအမည်ထဲက ကကြီး ယပင်း၏ အသံထွက်ကို အိန္ဒိယ သီရိလင်္ကာတို့၏ ရွတ်ဆိုအသံအားဖြင့် ကယလို့ အသံထွက် တယ်၊ နောက်ပြီးတော့ သီရိလင်္ကာ ကျမ်းစာမူမှာ ကကြီး ယပင်း ပေါ်၌ c–သတ်လေးလဲ ပါတယ်၊ မာလုကျ–လို့ ရှိတယ်။ ပုတ္တာ ဆိုတာကတော့ သားလို့ အနက်ရှိတယ်၊ ဒါကြောင့် မာလုကျပုတ္တာ ဆိုတာ မာလုကျာဆိုတဲ့ ပုဏ္ဏားမ၏ သားလို့ အနက်ရပါတယ်၊ သီရိလင်္ကာ စာမူအရဆိုလျှင် မာလုကျာ၏ သားလို့ ဆိုရမှာပဲ။ အဲဒီ မာလုကျပုတ္တာဆိုတဲ့ ရဟန်းက တောင်းပန်လို့ အဲဒီရဟန်းအား ဟောထားတဲ့ တရားတော် ဖြစ်သောကြောင့် မာလုကျပုတ္တာသုတ်လို့ အမည်ပေးထားတာပါပဲ။ အဲဒီသုတ်ကို သံယုတ်ပါဠိတော် ဒုတိယ အုပ် စာမျက်နှာ (၂၉၄–၉)များ၌ ရှိပါတယ်။ အဲဒီသုတ်မှာ ဂါထာ ၂၄ ပုဒ်ကတော့ ထေရဂါထာ ဝိသတိနိပါတယ် စာမျက်နှာ (၃၂၈–၃၃၀) တို့၌လဲ ရှိပါတယ်။

http://www.dhammadownload.com

ဒီသုတ်ကို ဟောရခြင်း၏ အကြောင်း

မာလုက္ကျပုတ္တဆိုတဲ့ ရဟန်းတော်က မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ရှိသေစွာ ရှိခိုးလျက် ဒီလို တရားတောင်းပါတယ်။

သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု၊ ယမဟံ ဘဂဝတော ဓမ္မံ သုတ္တာ ဧကော ဝူပကट္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော ဝိဟရေယျံ။

ဘန္တေ–မြတ်စွာဘုရား၊ ဘဂဝါ–မြတ်စွာဘုရားသည်၊ မေ–တပည့်တော်အား၊ ဓမ္မံ–တရားကို၊ သံခိတ္တေန–အကျဉ်းအားဖြင့်၊ သာဓု ဒေသေတု–ဟောလျှင် ကောင်းပါလိမ့်မည်၊ ဟောစေချင်ပါသည်တဲ့၊ အနက်ပြန်ရိုးပြန်စဉ်ကတော့ သာဓု–တောင်းပန်ပါ၏။ ဒေသေတု–ဟောတော်မူပါတဲ့ သာဓု–ပုဒ်က ကောင်းသည့်လို့လဲ အနက်ရှိပါတယ်၊ ဒါကြောင့် ဒေသေတု–ဟောတော်မူပါ၊ ဟောတော်မူလျှင် သာဓု–ကောင်းပါသည်၊ ကောင်းပါလိမ့်မည်လို့ အနက်ပြန်ရင်လဲ သင့်တာပါပဲ၊ ဒါပေမယ့် (အာယာစနတ္ထေ) ရှိသေစွာ တောင်းပန်ခြင်းအနက်၌ နိပါတ်ဖြစ်ကြောင်း ဖွင့်ပြထားတဲ့အတိုင်း ဘန္တေ၊ မြတ်စွာဘုရား။ သာဓု၊ တောင်းပန်ပါ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မေ၊ တပည့်တော်အား။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဓမ္မံ၊ တရားကို။ ဒေသေတု၊ ဟောတော်မူပါလို့ အဲဒီလိုပဲ အနက်ပြန်လေ့ ရှိကြပါတယ်။ (ဘာလုပ်ဖို့ တောင်းပန်တာလဲလို့ မေးဖွယ်ရှိသောကြောင့် ဒီလိုလဲ ဆက်ပြီးလျှောက်ပါတယ်။) အဟံ၊ တပည့်တော်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယံ ဓမ္မံ၊

http://www.dhammadownload.com

အကျဉ်းအားဖြင့် ဟောကြားသည့် ယင်းတရားတော်ကို၊ သုတ္တာ၊ ကြားနာပြီးလျှင်။ ဧကော၊ တစ်ပါးတည်း။ ဥပကဋ္ဌော၊ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်၊ အပ္ပမတ္တော၊ မမေ့မလျော့သည်ဖြစ်၍၊ အာတာပီ၊ ကိလေသာကို ပူလာင်သွေ့ခြောက် ကင်းပျောက်စေနိုင်သော ပြင်းစွာအားထုတ်မှု သမ္မပ္ပဓာန် လုံ့လ ဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍၊ ပဟိတတ္တော၊ တရားထူးကို ရရန် စေလွှတ်အပ်သော စွန့်လွှတ်အပ်သော ကိုယ်စိတ်ရှိသည်ဖြစ်၍။ ဝိဟရေယျ၊ လိုနေပါသည် အရှင်ဘုရားတဲ့။

လျှောက်ထားလိုတာ အတိုချုပ်ကတော့ တပည့်တော်အား တရားအားထုတ်ဖို့ ကမ္မဋ္ဌာန်းတရားကို အကျဉ်းချုပ် ဟောတော်မူပါဘုရား၊ အဲဒီတရားကို နာပြီးရင် တပည့်တော်ဟာ တစ်ပါးတည်း ဆိတ်ငြိမ်ရာမှာနေပြီး မမေ့မလျော့ အပြင်းအထန် အားထုတ်နေပါမည်လို့ ဆိုလိုတာပါပဲ။ အဲဒီမှာ တစ်ပါးတည်း ဆိတ်ငြိမ်ရာနေပြီး တရားအားထုတ်တယ်ဆိုတာ အလွန်အရေးကြီးပါတယ်။ တစ်ပါးတည်း တရားအားထုတ်နေတယ်ဆိုတော့ အခြားပုဂ္ဂိုလ်နဲ့ စပ်ပြီး သမာဓိ မပျက်ဘူး၊ သမာဓိရဖို့ ဉာဏ်ဖြစ်ဖို့ အကောင်းဆုံးပါပဲ၊ ဒါပေမယ့် တစ်ပါးတည်းနေရန် အခွင့်မသာလို့ အများနဲ့အတူနေပြီး အားထုတ်ရင်လဲ အဲဒီအခြားပုဂ္ဂိုလ်တွေက သူတို့ တရားကိုသာ သူတို့ ဂရုစိုက်ပြီး အားထုတ်နေကြရင် မိမိကလဲ အခြားသူတွေကို ဂရုမစိုက်ဘဲ ကိုယ့်တရားကိုယ်သာ ဂရုစိုက်ပြီး အားထုတ်နေရင် ဆိတ်ငြိမ်ရာမှာ နေသလိုပင် သမာဓိဉာဏ် ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် သူတစ်ပါးတွေကို မကြည့်နဲ့၊ သူတစ်ပါးကို စကားလဲ

http://www.dhammadownload.com

မပြောနဲ့၊ ကိုယ့်တရားကိုသာ မဲမဲသဲသဲ ဂရုစိုက်ပြီး အားထုတ်နေ ရမယ်၊ အဲဒီလိုဆိုရင် အနီးအပါးမှာ အခြားသူတွေ ရှိနေပေမယ်လို့ တစ်ဦးတစ်ယောက်တည်း နေသလိုပင် စိတ်ထဲမှာ ဆိတ်ငြိမ်မှုကို ရနေပါတယ်။

အပွမတ္တော-အဖွင့်

နောက်ပြီးတော့-အပွမတ္တော၊ မမေ့မလျော့သည်ဖြစ်၍တဲ့။ တရားအားထုတ်ရင် မမေ့မလျော့ဘူးဆိုတာကို နားလည်ပြီး သိပြီး ဖြစ်နေဟန် တူပါတယ်၊ မမေ့မလျော့ အားထုတ်တယ် ဆိုတာ အင်မတန် အရေးကြီးပါတယ်၊ ယခုဒီရိပ်သာမှာ တရားအားထုတ် နေကြတဲ့ ယောဂီတွေဟာ မမေ့မလျော့ အားထုတ်နေကြတာပဲ၊ မြင်တိုင်း မြင်တိုင်းလဲ မမေ့မလျော့ ရှုမှတ်ရတယ်၊ ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံ့သိတိုင်းလဲ မမေ့မလျော့ ရှုမှတ် အားထုတ်နေကြရတာပဲ၊ ကိုယ်အမူအရာပြုတိုင်း, ခံစားမှု ဝေဒနာ ပေါ်လာတိုင်း, စိတ်အမူအရာဖြစ်တိုင်း, မြင်မှုစသော သဘောတရား တွေ ထင်ရှားတိုင်း မမေ့မလျော့ ရှုမှတ်အားထုတ်နေကြရတာပဲ။

အာတာပီ-အဖွင့်

နောက်ပြီးတော့- အာတာပီ၊ ကိလေသာကို ပူလောင်သွေ့ ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန် လုံ့လဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍တဲ့၊ အဲဒီမှာ အာတာပ-ဆိုတာ ပူလောင်စေ တတ်တယ်တဲ့၊ ဘာကို ပူလောင်စေသလဲဆိုရင် ကိလေသာတွေ ကို ပူလောင်စေတာပါပဲ၊ နေပူ မီးပူကြောင့် ရေအစိုများ ခြောက်

http://www.dhammadownload.com

သွားသလိုပင် လုံ့လဝီရိယဖြင့် အပြင်းအထန် အားထုတ်နေရင် လောဘ ဒေါသ စသော ကိလေသာတွေ ဖြစ်ခွင့်မရှာဘဲ ကင်းသွားပါတယ်၊ ဥပမာအားဖြင့် သံတုံးသံခဲကြီးဟာ ရဲရဲတောက်မီးပူနေရင် အဲဒီသံတုံးသံခဲကြီးကို ယင်ကောင်တွေ မကပ်နိုင်ဘူး၊ သံတုံးသံခဲကြီးက မပူဘဲ အေးနေရင်တော့ ယင်ကောင်တွေက အဲဒီသံတုံးသံခဲကြီးကို ကပ်ရောက်နိုင်တယ်၊ အဲဒါလိုပဲ ရှုမှတ်အားထုတ်မှု မရှိတဲ့ ပကတိပုဂ္ဂိုလ်တွေ သန္တာန်မှာ ကိလေသာတွေက ကပ်ရောက်ပြီး ဖြစ်နိုင်တယ်၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆ ပါးက ဝင်ရောက်ပြီး ဖြစ်နိုင်တယ်၊ ယခု ပကတိလူတွေမှာ အဲဒီလို ကိလေသာတွေ ဖြစ်နေတာဟာ ရှုမှတ်အားထုတ်မှု မရှိလို့ပါဘဲ၊ မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ မြင်ရာကလဲ ကိလေသာ ဖြစ်ခွင့်မရှာဘူး၊ ကြားရာ စသည်ကလဲ ကိလေသာ ဖြစ်ခွင့် မရှာဘူး၊ အဲဒါဟာ နေပူတဲ့ သံတုံးသံခဲကြီးမှာ ယင်ကောင်တွေ မကပ်နိုင်တာလိုပင် ရှုမှတ်အားထုတ်မှုလုံ့လကြောင့်ပါပဲ၊ အစိုဓာတ်နှင့်တူတဲ့ ကိလေသာတွေ ခန်းခြောက်ကင်းပျောက်နေတဲ့ သဘောပါပဲ။

သမ္မပ္ပဓာန် ၄ ပါးအကြောင်း

အဲဒီလို ကိလေသာ အစိုဓာတ်တွေကို ပူလောင်သွေ့ခြောက်စေတတ်တဲ့ အားထုတ်မှုကို သမ္မပ္ပဓာတ်လုံ့လဝီရိယလို့ ခေါ်တယ်၊ အဲဒီသမ္မပ္ပဓာန်က ကိစ္စအားဖြင့် ၄ ပါးရှိပါတယ်၊ (၁) မဖြစ်ဖူးသေးတဲ့ အကုသိုလ်ကို မဖြစ်အောင် အားထုတ်တာက ကိစ္စတစ်ပါး၊

http://www.dhammadownload.com

အခါအားလျော်စွာ သူတစ်ပါးတွေမှာ တုပ်ကွေးဖျားစသော ရောဂါ ဖြစ်နေကြတယ်ဆိုရင် မိမိမှာ အဲဒီလို ရောဂါမဖြစ်အောင် ကြောင့်ကြစိုက်ရသလိုပင် သူတစ်ပါးမှာ အကုသိုလ်တွေ ဖြစ်ပွားနေတာကို မြင်ရကြားရရင် မိမိမှာ အဲဒီလို အကုသိုလ်တွေ မဖြစ်အောင် စောင့်ရှောက် အားထုတ်ရမယ်တဲ့။

(၂) နောက်ပြီးတော့ ဖြစ်ဖူးတဲ့ အကုသိုလ်ကို မဖြစ်အောင် အားထုတ်တာကလဲ ကိစ္စတစ်ပါးတဲ့၊ အဲဒါကတော့ မိမိမှာ မတော်တဆဖြစ်ဖူးရင် အဲဒီ အကုသိုလ်မျိုး နောက်ထပ် မဖြစ်အောင် ကြောင့်ကြစိုက်ရမယ်၊ ဒီနေရာမှာတော့ တကယ် မဖြစ်သေးပေမယ့် အကြောင်းညီညွတ်ရင် ဖြစ်နိုင်တဲ့ အနုသယ ကိလေသာကိုလဲ (ဥပဓိ) ဖြစ်နေတဲ့ ရှိနေတဲ့ အကုသိုလ်လို့ ဆိုရတယ်၊ အဲဒီဖြစ်နိုင်တဲ့ အနုသယ အကုသိုလ်ကို ကိလေသာကိုလဲ ဖြစ်ခွင့်မရအောင် အားထုတ်ရမယ်တဲ့၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ် ရှုမှတ်နေတဲ့ ယောဂီမှာတော့ အာရမ္မဏာနုသယ ခေါ်တဲ့ အဲဒီအကုသိုလ်မှာ ဖြစ်ခွင့်မရဘဲ ကင်းနေပါတယ်၊ အရိယမဂ် ရောက်တဲ့အခါကျတော့ သန္တာနာနုသယဆိုတဲ့ အကုသိုလ်လဲ ကင်းဝေးပြီမ်းသွားတော့တာပါပဲ၊ အဲဒီ ဖြစ်ဖူးတဲ့ ရိုးရိုးအကုသိုလ်လဲ မဖြစ်အောင် အနုသယ အကုသိုလ်လဲ မဖြစ်မကိန်းရအောင် အားထုတ်ရမယ်တဲ့။

(၃) နောက်တစ်ခုကတော့ မဖြစ်ဖူးသေးတဲ့ ကုသိုလ် ဖြစ်အောင် အားထုတ်တာလဲ သမ္မပ္ပဓာန် ကိစ္စတစ်ပါးပါပဲ၊ ဒါနကုသိုလ်ဖြစ်ဖြစ်၊ သီလကုသိုလ်ဖြစ်ဖြစ်၊ ဘာဝနာကုသိုလ် ဖြစ်ဖြစ်

http://www.dhammadownload.com

မဖြစ်ဖူးသေးရင် ဖြစ်အောင် အားထုတ်ရမယ်၊ အထူးအားဖြင့် ဝိပဿနာကုသိုလ်ဟာ မဖြစ်ဖူးသေးရင် ဖြစ်အောင် အားထုတ်ရမယ်၊ အစဝိုင်း ဉာဏ်များလောက်သာ ဖြစ်ဖူးသေးရင် အထက်ပိုင်း ဝိပဿနာဉာဏ်တွေလဲဖြစ်အောင် အားထုတ်ရမယ်၊ အရေးအကြီးဆုံးကတော့ အရိယမဂ် ကုသိုလ်တွေ ဖြစ်အောင် ဝိပဿနာ ရှုမှတ် အားထုတ်ဖို့ပါပဲ။

(၄) နောက်တစ်ခုကတော့–ဖြစ်ဖူးတဲ့ ကုသိုလ်ကိုလဲ ဖြစ်မြဲ ဖြစ်ပြီး တည်နေအောင်, တိုးပွားအောင်, မဂ်ဖိုလ်ဉာဏ်အထိ ပြည့်စုံသွားအောင် အားထုတ်ရမယ်တဲ့၊ ဝိပဿနာ ရှုမှတ်နေတဲ့ ယောဂီကတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း မဖြစ်သေးတဲ့ အကုသိုလ်ကို မဖြစ်အောင် အားထုတ်နေသည် မည်ပါတယ်၊ ဖြစ်ပြီးအကုသိုလ်ကိုလဲ ပယ်နိုင်အောင်၊ မဖြစ်သေးတဲ့ ဝိပဿနာကုသိုလ် အရိယမဂ် ကုသိုလ်များလဲ ဖြစ်ပွားအောင်၊ ဖြစ်ပြီးသော ဝိပဿနာကုသိုလ်များလဲ တည်တံ့တိုးပွား ပြည့်စုံသွားအောင် အားထုတ်နေသည် မည်ပါတယ်။ ဒါကြောင့် အဲဒီ သမ္မပ္ပဓာန် ကိစ္စလေးပါးဖြင့် အပြင်းအထန် အားထုတ်သွားလိုကြောင်းကို (အာတာပီ) ကိလေသာကို ပူလောင်သွေ့ခြောက် ကင်းပျောက်စေနိုင်သော ပြင်းစွာအားထုတ်မှု သမ္မပ္ပဓာန် လုံ့လဝိရိယနှင့် ပြည့်စုံသည်ဖြစ်၍ နေလိုပါတယ်လို့ ဝန်ခံလျှောက်ထားတာပါပဲ။ အတိုချုပ်အားဖြင့်တော့ အပြင်းအထန် အားထုတ်လျက် နေလိုပါတယ်လို့ ဆိုလိုတာပါပဲ။

http://www.dhammadownload.com

ပဟိတတ္ထောအဖွင့်

အပြင်းအထန် အားထုတ်တယ်ဆိုတာ ကိုယ်နဲ့အသက်ကို မင့်ကွက်ဘဲ စွန့်စွန့်စားစား အားထုတ်တာကို ဆိုတာပါပဲ၊ ဒါကြောင့် ပဟိတတ္ထော–စေလွှတ်အပ်သောစိတ်၊ စွန့်လွှတ်အပ်သောကိုယ်စိတ် ရှိသည်ဖြစ်၍ နေလိုကြောင်းလဲ ဆက်ပြီး လျှောက်ထားဝန်ခံပါတယ်။ အဲဒီမှာ ရှေးနိဿယများ (ပဟိတတ္ထော–နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍–လို့) ပြန်ဆိုထားကြတဲ့အတွက် တချို့က "စိတ်ကို နိဗ္ဗာန် ပို့ထားရင် ပြီးတာပဲ၊ တရားအားထုတ်ဖို့ မလိုဘူး"လို့ ဘုရားဟော ကျမ်းဂန်များနဲ့ ပြောင်းပြန်ဆန်ကျင်ဘက် ဟောပြော နေကြတာလဲ ရှိတယ်၊ အမှန်ကတော့ ကိုယ်နဲ့အသက်ကို မင့်ကွက်ဘဲ မဂ်ဖိုလ်နိဗ္ဗာန် ရရေးအတွက်သာ အလေးပြုပြီး ဘာဝနာတရားကို တင်းတင်းရင်းရင်း ပြင်းပြင်းထန်ထန် အားထုတ်ပါမယ်လို့ ဆိုလိုတာပါပဲ။ ဒါကြောင့် အဲဒီ ပဟိတတ္ထောပုဒ်ကို နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ (နာ ၁၉၆)၌–

"ဝိသေသာဓိဂမတ္ထာယ၊ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကို ရခြင်းအကျိုးငှာ၊ ပေသိတတ္ထော ဟုတ္တာ–စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍"လို့ ဖွင့်ပြထားပါတယ်၊ အဲဒီ အဖွင့်အရ ရှေးနိဿယများက တရားထူးသုံးပါးထဲက ပဓာနဖြစ်တဲ့ နိဗ္ဗာန်ကိုသာ ဖော်ပြပြီးတော့ "ပဟိတတ္ထော၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍"လို့ အနက်ပြန်ဆိုတော်မူခဲ့ကြတာပါပဲ။

နောက်ပြီးတော့ သုတ်သီလက္ခန် အဋ္ဌကထာ (နာ–၂၉၉)၌လဲ–

http://www.dhammadownload.com

"ကာယေစ၊ ကိုယ်၌လည်းကောင်း၊ ဇိဝိတေစ၊ အသက်၌
လည်းကောင်း အနုပေက္ခတာယ၊ မင့်သည်၏အဖြစ်ဖြင့်၊
ပေသိတစိတ္တော၊ စေလွတ်အပ်သော စိတ်ရှိသည်ဖြစ်၍၊
ဝိသဒ္ဒအတ္တာဘာဝေါ၊ စွန့်လွှတ်အပ်သော အတ္တဟော (ကိုယ်)
ရှိသည် ဖြစ်၍"လို့ ဖွင့်ပြထားပါတယ်။

ဒါကြောင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိတယ်ဆိုတာ
ဟာ "နိဗ္ဗာန်ရရင်ပြီးရော၊ ကိုယ်နှင့်အသက်ကို မင့်ဘဲ သေသေ
ကြေကြေ အပြင်းအထန် အားထုတ်ပါမည်"လို့ ဆိုလိုတာပါပဲ၊
ဒါကြောင့် ပဟိတတ္တော၊ နိဗ္ဗာန်ရရေးကိုသာ အလေးပြုသည်
ဖြစ်၍"လို့ ဒီလိုဆိုလိုရင်း အနက်ပြန်ရင်လဲ သင့်တာပါပဲ။

မာလုကျမုတ္တာဆိုတဲ့ ရဟန်းတော်က တစ်ပါးတည်း ဆိတ်ငြိမ်
ရာ ကပ်ရောက်ပြီး မမေ့မလျော့ အားထုတ်လိုပါတယ်၊ အပြင်း
အထန် အားထုတ်လိုပါတယ်၊ တရားအားထုတ်လို့ သေချင်သေ
သွားပါစေ၊ နိဗ္ဗာန်ရရေးကိုသာ အလေးပြုပြီး တင်းတင်းရင်းရင်း
အားထုတ်လိုပါတယ်၊ ကမ္မဋ္ဌာန်းတရားကို အကျဉ်းချုပ် ဟောကြား
တော်မူပါလို့ ဒီလို တောင်းပန်တယ်၊ အဲဒီလို တောင်းပန်တော့
မြတ်စွာဘုရားက ဒီလိုမိန့်တော်မူပါတယ်။

မြတ်စွာဘုရား၏ မိန့်ခွန်းတော်

မာလုကျမုတ္တာ၊ မာလုကျာ၏ သားရဟန်း၊ ဇတ္တဒါနိ၊
ယခုသင် လျှောက်ထားဖောင်းပန်သော ဤစကားရပ်၌၊ ဝါ၊
ဤစကားနှင့်စပ်၍၊ ဒဟာရေဘိက္ခု၊ ရဟန်းငယ်တို့ကို။

http://www.dhammadownload.com

ကိ်ုဝကွာမ၊ အဘယ်သို့ ဆိုကုန်အံ့နည်း။ ဝါ၊ ဆိုဖွယ်မရှိတော့ပါ။ ဘိက္ခု၊ မာလုက္ကာ၏ သားရဟန်း၊ ယတြ–ယော တွံ၊ ယင်းသင့်သည်။ ဖိဏ္ဍော၊ အိုမင်းရင့်ယော်လှပြီ ဖြစ်ပါလျက်။ ဝုဒ္ဓေါ မဟလ္လကော၊ အသက်အရွယ် ကြီးလှပြီ ဖြစ်ပါလျက်။ အဒ္ဓဂတော ဝယောအနုပ္ပတ္တော၊ နောက်ဆုံးအရွယ်သို့ ရောက်နေပြီ ဖြစ်ပါလျက်။ သံခိတ္တေန ဩဝါဒံ၊ အကျဉ်းချုပ် အဆုံးအမကို ယာစသိ နာမ၊ လျှောက်တောင်းတုံ့သေး၏လို့ မိန့်တော်မူပါတယ်။

အဲဒီ မိန့်ခွန်းတော်ထဲမှာ ဖိဏ္ဍော၊ အိုမင်းရင့်ယော်လှပြီ စသော စကားရပ်ဖြင့် အဲဒီမာလုက္ကျပုတ္တ ရဟန်းဟာ အသက် ရှစ်ဆယ်ကျော် ကိုးဆယ်ကျော် သေခါနီးအရွယ် ရောက်နေပြီလို့ မှတ်ယူရပါတယ်။ အဲဒီ မိန့်ခွန်းတော်ဖြင့် မာလုက္ကျပုတ္တ ရဟန်းအိုကြီးကို နှိမ်ချရာလဲရောက်တယ်၊ ချီးမြှောက်ရာလဲရောက်တယ်တဲ့၊ နှိမ်ချရာ ရောက်ပုံကတော့ မာလုက္ကျပုတ္တဟာ ငယ်ရွယ်စဉ်ကတော့ တရားအားမထုတ်ခဲ့ဘဲ မေ့မေ့လျော့လျော့ နေလာခဲ့တယ်၊ ယခုသေခါနီးအရွယ် အိုမင်းလှမှ တရားအားထုတ်မလို့တဲ့၊ ဒါကြောင့် သင်တို့ ရဟန်းငယ်တွေလဲ မာလုက္ကျပုတ္တလိုပင် ငယ်ရွယ်စဉ်မှာ တရားအားမထုတ်ဘဲ မေ့မေ့လျော့လျော့နေကြ၊ အရွယ်ကြီးရင့်လှမှ တရားအားထုတ်ကြလို့ ပြောဆိုရမှာလို ဖြစ်နေကြောင်း ရည်ရွယ်ရင် မာလုက္ကျပုတ္တအား နှိမ်ချရာ ရောက်ပါတယ်တဲ့။

ချီးမြှောက်ရာ ရောက်ပုံကတော့ မာလုက္ကျပုတ္တဟာ အလွန် အိုမင်းရင့်ယော်နေတာတောင်မှ တောအရပ်သို့ ကပ်ရောက်ပြီး

http://www.dhammadownload.com

တရားအားထုတ်ဦးမလို့တဲ့၊ ဒီတော့ သင်တို့ရဟန်းငယ်တွေဟာ တရားအားထုတ်သင့်ကြောင်း အထူးပြောစရာ မလိုပါဘူးလို့ ရည်ရွယ်ရင်တော့ မာလုကျမုတ္တာ ရဟန်းအိုကြီးကို ရီးမြောက်ရာ ရောက်ပါသတဲ့။ ဟုတ်တယ်၊ အခုနေအခါလဲ အိုမင်းမစွမ်း ဖြစ်နေတဲ့ အဘိုးအို အဘွားအိုကြီးတွေ တင်းတင်းရင်းရင်း အပြင်းအထန် အားထုတ်နေတာကို မြင်တွေ့ရရင် ပျိုရွယ်တဲ့ သူတွေလဲ တင်းတင်းရင်းရင်း အပြင်းအထန် အားထုတ်ဖို့ ဝန်လေးစရာ မရှိပါဘူး၊ အဲဒီ အဘိုးကြီး အဘွားကြီးတွေကို အားကျပြီး အားထုတ်သင့်တာပါပဲ။ ထို့အတူပင် ငယ်ရွယ်တဲ့သူတွေ ကြိုးကြိုးစားစား အားထုတ်နေတာ မြင်တွေ့ရင်လဲ အရွယ်ကြီးတဲ့သူတွေဟာ အားကျပြီး အားထုတ်သင့်တာပါပဲ။

အဲဒီတော့ မာလုကျမုတ္တာ ရဟန်းက ဒီလို ထပ်ပြီး လျှောက်ပြန်ပါတယ်၊ တပည့်တော်ဟာ အိုမင်းရင့်ယော်လှပြီ ဖြစ်ပေမယ့် မြတ်စွာဘုရားက တပည့်တော်အား အကျဉ်းချုပ်အားဖြင့် သြဝါဒ တရားကို ဟောကြားတော်မူပါ၊ တပည့်တော်ဟာ မြတ်စွာဘုရား၏ တရားတော်ကို ကိုယ်တိုင်တွေ့ပြီး သိနားလည်တဲ့သူ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်၊ မြတ်စွာဘုရား၏ တရားအမွေခံအစစ် ဖြစ်ကောင်း ပါလိမ့်မည်၊ ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်လို့ ထပ်မံလျှောက်ထား တောင်းပန်တယ်။

အဲဒီတော့ မြတ်စွာဘုရားက ဝိပဿနာ ရှုရခြင်း၏ အကြောင်းကို အခြေအမြစ်မှစပြီး သိနားလည်ရအောင်လို့ ရှေးဦးစွာ မေးခွန်းများဖြင့် မေးတော်မူပါတယ်။ အဲဒီမေးခွန်းတွေက အင်မတန် ခိုင်လုံ

http://www.dhammadownload.com

ပါတယ်၊ သဘောပေါက် နားလည်ဖို့ရာလဲ အင်မတန် ကောင်းပါတယ်၊ ဒါပေမယ့် သုတနည်းတဲ့ သူတွေအတွက်ကတော့ နက်နဲတဲ့ သဘောရှိပါတယ်၊ ရှေးကဆိုရင် နေရာအသစ်မှာ တရားဟောတဲ့ အခါ ဘုန်းကြီးက ဒီသုတ်ကို စပြီး ဟောခဲ့ပါတယ်၊ ယခုတော့ အများက ရှုပုံရှုနည်းကို နားလည်နေကြပြီ ဖြစ်တဲ့အတွက် ဒီသုတ်ကို မဟောဘဲ နေခဲ့တာ နှစ်ပေါင်းတော်တော်ကြာသွားပါပြီ၊ အဲဒီမှာ မြတ်စွာဘုရား မေးတော်မူပုံကတော့ –

ဝိပဿနာအခြေခံ မေးခွန်းတော် (၁)

တံ ကိ ံ မညသိ မာလုက္ကျပုတ္တ ယေ တေ စက္ခု ဝိညေယ္ယာ ရူပါ အဒိ ဋ္ဌာ အဒိ ဋ္ဌာပုဗ္ဗာ၊ နု စ ပဿသိ၊ နု စ တေ ဟောတိ ပသေယ္ယန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ။

မာလုက္ကျပုတ္တ၊ မာလုက္ကျ၏ သားဖြစ်သော ရဟန်း၊ တံ၊ ငါ မေးမည့်အရာကို၊ တွံ၊ သင်သည်၊ ကိ ံ မညသိ၊ ဘယ်လိုထင်သလဲ၊ သင်သဘောကျသည့်အတိုင်း ဖြေပါတဲ့၊ စက္ခုဝိညေယ္ယာ၊ မျက်စိဖြင့် မြင်နိုင်လောက်ကုန်သော၊ ယေ ရူပါ၊ အကြင်အဆင်း တို့ကို၊ တေ၊ သင်သည်၊ အဒိ ဋ္ဌာ၊ မမြင်ဘူးသေး၊ မျက်စိဖြင့် မြင်နိုင်ကောင်းတဲ့ အဆင်းတွေတဲ့၊ အဲဒါ ပရမတ် ရုပ်တရား အစစ်ဖြစ်တဲ့ အဆင်းတွေပဲ၊ မျက်စိဖြင့် မမြင်ကောင်းတဲ့ အဆင်းတွေဆိုတာလဲ ရှိတယ်။ ဘယ်လိုဟာတွေလဲဆိုတော့ စိတ်ကူးဖြင့် ကြံတွေးပြီး သိရတဲ့ အဆင်း၊ အိပ်မက်မြင်မက်ရသလို သမာဓိကြောင့် ထင်ပေါ်လာတဲ့

http://www.dhammadownload.com

အဆင်းတွေ ဒီလို အဆင်းတွေကတော့ တကယ်ရှိတဲ့ ပရမတ်တရား တွေ မဟုတ်ဘူး၊ ပညတ်တွေတဲ့၊ အဲဒီပညတ်အဆင်းတွေကို ပြော တာမဟုတ်ဘူး၊ တကယ်ရှိနေလို့ မျက်စိနဲ့ တိုက်ဆိုင်မိရင် တကယ် မြင်နိုင်တဲ့အဆင်းကို ပြောတာ၊ အဲဒီ အဆင်းတွေကို သင်ဟာ ဒီဘဝမှာ တစ်ခါမှ မမြင်ဘူးသေးတဲ့ အဒိဋ္ဌပုဗ္ဗာ၊ ရှေးဘဝ များကလဲ မမြင်ဘူးခဲ့သေးဖူးတဲ့၊ ဒါကတော့ ရှေးဘဝကို ပြန်လည် အောက်မေ့ နိုင်တဲ့ သူများအတွက်ပါပဲ၊ မြတ်စွာဘုရား လက်ထက်တော်က ပတိပူဖိကာဆိုတဲ့ အမျိုးသမီးဟာ ရှေးဘဝက ခင်ပွန်းဖြစ်ခဲ့တဲ့ မာလာဘာရိနတ်သားကြီးကို မှတ်မိနေတယ်၊ သတိရနေ တယ်၊ အဲဒီလို သတိရတဲ့ အတွက် မာလာဘာရိ နတ်သားကြီးထံ ပြန်ရောက်ချင်နေတယ်၊ အဲဒီလို ပုဂ္ဂိုလ်အတွက် ရည်ပြီးတော့ ရှေးဘဝကလဲ မမြင်ဖူးသေးတဲ့ အဆင်းလို့ ဆိုပါတယ်၊ အခြား ပုဂ္ဂိုလ်တွေအတွက် ဆိုရင်တော့ မကြာမီကလဲ မမြင်ဖူးသေးဘူး၊ ရှေးတုန်းကလဲ မမြင်ဖူးသေးဘူးလို့ဆိုရင် လုံလောက်နေပါပြီ။

စက္ခုဝိညေယျာ၊ တွေ့ဆုံပါက မျက်စိဖြင့် တကယ်မြင်နိုင် ကောင်းကုန်သော။ ယေ ရူပါ၊ အကြင်အဆင်းတို့ကို၊ တေ၊ သင်သည်၊ အဒိဋ္ဌာ၊ မကြာမီကလဲ မမြင်ခဲ့ဖူးသေး၊ အဒိဋ္ဌပုဗ္ဗာ၊ ရှေးကာလ ရှေးဘဝကလဲ မမြင်ခဲ့ဖူးသေး၊ နု စ ပဿသိ၊ ယခု မြင်ဆဲလဲ မဟုတ်ဖူး၊ (ရှေးကလဲ မမြင်ခဲ့ဖူးသေး ယခုလဲ မြင်နေ ဆဲ မဟုတ်ဖူး၊ အဲဒီလို အဆင်းတွေက ရှိတော့ရှိနေတာပဲ၊) တေ၊ သင့်အား၊ နု စ ဟောဘိ ပဿေယျုန္တိ၊ မြင်နိုင်သည်ဟူ၍ လဲ စိတ်ကူးထဲမှာ မဖြစ်သေး၊ ဒီလို အဆင်းတွေကို တစ်နေ့ကျရင်

http://www.dhammadownload.com

မြင်ရလိမ့်မယ်၊ မြင်နိုင်တယ်လို့ သင်၏ စိတ်ကူးထဲမှာ တောင် မဖြစ်သေးဘူးတဲ့။

တတ္ထ၊ မြင်လဲ မမြင်ဖူးသေး၊ မြင်ဆဲလဲ မဟုတ်၊ မြင်နိုင်တယ်၊ မြင်ရလိမ့်မယ်လို့တောင် စိတ်ကူးထဲမှာ မပေါ်သေးတဲ့ ထိုအဆင်းတို့ပ်။ တေ၊ သင့်အား၊ ဆန္ဒော ဝါ၊ လိုချင်နှစ်သက်မှု သည်လည်းကောင်း၊ ရာဂေါ ဝါ၊ တပ်မက်စွဲလမ်းမှုသည် လည်းကောင်း၊ ပေမံ ဝါ၊ ချစ်ခင်မှုသည်လည်းကောင်း၊ အတ္ထိ၊ ရှိပါသလား၊ ဖြစ်ပါသလားတဲ့။ ဒီလို မေးတော်မူပါတယ်။

ရှေးကလဲ မမြင်ဖူးသေးဘူး၊ ယခုလဲ မြင်နေဆဲ မဟုတ်ဘူး၊ ဒီလိုအဆင်း၊ ဒီလိုလူကို မြင်နိုင်တယ် မြင်နိုင်လိမ့်မယ်လို့ စိတ်ကူးတောင် မဖြစ်သေးဘူး၊ ဒီလိုဆင်းတဲ့ အဆင်းဆိုပေမယ့် အဆင်းသက်သက် မဟုတ်ပါဘူး၊ မိန်းမ ယောကျ်ားဆိုတဲ့ ပုဂ္ဂိုလ်တွေကို ပြောတာပါပဲ၊ အဲဒီလို မမြင်ဖူးတဲ့ မြင်ဆဲလဲ မဟုတ်တဲ့ မြင်ရလိမ့်မယ်လို့ စိတ်ကူးထဲမှာတောင် မပေါ်သေးတဲ့ အဆင်း၊ အဲဒီလို မိန်းမဖြစ်သူ ယောကျ်ားဖြစ်သူကို အာရုံပြုပြီး လိုချင်နှစ်သက်ခြင်း တပ်မက်ခြင်း ချစ်ခင်ခြင်း ဖြစ်ပါ့မလားတဲ့၊ အဲဒီလို အဆင်းပုဂ္ဂိုလ်တွေက ဘယ်မှာရှိတာလဲဆိုတော့ ကိုယ်မရောက်ဘူးတဲ့ အရပ်တွေမှာ ရှိပါတယ်၊ တခြားမြို့ တခြားရွာ တခြားနိုင်ငံတွေမှာ မြင်တွေ့ရရင် ချစ်စရာကောင်းတဲ့ မိန်းမတွေ ယောကျ်ားတွေ အများကြီး ရှိနေတာပဲ၊ ဒီရန်ကုန်မြို့ထဲမှာတောင် မတွေ့ဖူး မမြင်ဖူးတဲ့ လူတွေ အများ ကြီး ရှိနေတာပဲ၊ လောကမှာ မြင်ဘူးတဲ့လူထက် မမြင်ဘူးတဲ့ လူတွေက အတိုင်းမသိ များနေတာပဲ၊ အဲဒီ မမြင်ဘူးတဲ့ အဆင်း

3(A)

http://www.dhammadownload.com

တွေ လူတွေ မိန်းမ ယောကျ်ားတွေနှင့် စပ်ပြီး နှစ်သက်လိုချင်ခြင်း တပ်မက်ခြင်း ချစ်ခင်ခြင်း ဖြစ်ပါ့မလားလို့ မြတ်စွာဘုရားက မေးတော်မူပါတယ်။ (အဲဒီမှာ မာလုကျမ္ဘုရားအတွက်ကတော့ မိန်းမအဆင်းက လိုရင်းပါပဲ။)

အဲဒီတော့ မာလုကျမ္ဘုရား မထေရ်က "နော ဟေတံ ဘန္တေ မြင်လဲ မမြင်ဘူး၊ မြင်ဆဲလဲ မဟုတ်ဘူး၊ မြင်ရလိမ့်မယ်လို့ စိတ်ကူးထဲမှာတောင် မပေါ်လာတဲ့ အဆင်းတွေ လူတွေ မိန်းမတွေ (ယောကျ်ားတွေ)နဲ့စပ်ပြီး နှစ်သက်လိုချင်ခြင်း တပ်မက်ခြင်း ချစ်ခင်ခြင်း မဖြစ်နိုင်ပါဘုရား"လို့ ဖြေကြားပါတယ်။

အဲဒါဟာ တိကျမှန်ကန်တဲ့ အဖြေပါပဲ၊ မမြင်ဖူးတဲ့ အမျိုးသမီး အလှကလေးတွေကို အကြောင်းပြုပြီး ယောကျ်ားတွေမှာ နှစ်သက်တပ်မက်ခြင်း၊ ချစ်ခင်ခြင်း မဖြစ်နိုင်ဘူး၊ မမြင်ဘူးတဲ့ အမျိုးသား အလှကလေးတွေကို အကြောင်းပြုပြီးတော့ အမျိုးသမီးတွေမှာလဲ နှစ်သက်တပ်မက်ခြင်း၊ ချစ်ခင်ခြင်း မဖြစ်နိုင်ပါဘူး၊ ရှေးက မြင်ခဲ့ဖူးတဲ့သူ၊ မကြာမီက မြင်ခဲ့ဖူးတဲ့သူ အဲဒီလို အမျိုးသမီး အမျိုးသား တွေကို အကြောင်းပြုပြီးတော့ နှစ်သက်တပ်မက်ခြင်း ဖြစ်နိုင်တယ်၊ မြင်လျှင်မြင်ခြင်း မြင်ဆဲမှာလဲ နှစ်သက်တပ်မက်ခြင်း ဖြစ်နိုင်တယ်။

စိတ်ကူးထဲမှာ မြင်ရလိမ့်မယ်လို့ မျှော်လင့်တဲ့ အဆင်းပုဂ္ဂိုလ်နဲ့ စပ်ပြီးတော့လဲ နှစ်သက်တပ်မက်ခြင်း ဖြစ်နိုင်တယ်၊ အဲဒါကတော့ ဓမ္မပဒအဋ္ဌကထာမှာ ပြထားတဲ့ အနိတ္ထိဂန္ဓကုမာရဝတ္ထုဖြင့် ထင်ရှားပါတယ်။

http://www.dhammadownload.com

အနိတ္ထိဂန္ဓ ကုမာရဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်က ကာလတုန်းက သာဝတ္ထိပြည်(မြို့)မှာ အနိတ္ထိဂန္ဓကုမာရဆိုတဲ့ လူကလေးတစ်ယောက် ရှိခဲ့တယ်၊ အဲဒီလူငယ်က ဗြဟ္မာပြည်မှ စုတေပြီး လူ့ဘဝ ရောက်လာတဲ့သူပါပဲ၊ ဗြဟ္မာဖြစ်နေစဉ်က မိန်းမနဲ့စပ်ပြီး နှစ်သက်သာယာမှု ကင်းနေခဲ့တယ်၊ အဲဒီလို ကြာရှည်စွာ ကာမ ရာဂ ကင်းလာခဲ့တဲ့အတွက် ကလေးငယ်ဘဝကတည်းက သူဟာ မိန်းမအနီးသို့ မချဉ်းကပ်လိုဘူး၊ မိခင်စသော မိန်းမများက သူ့ကိုထိရင် သူက ငိုပါသတဲ့။

လူလားမြောက်ပြီး အရွယ်ရောက်လာတဲ့ အခါကျတော့ မိဘတွေက သူ့ကို အိမ်ထောင်ပြုဖို့ ပြောကြတဲ့အခါ သူက "(နမေ ဣတ္ထိယာ အတ္ထော) ကျွန်တော်ဟာ မိန်းမဖြင့် အလိုမရှိဘူး" လို့ ငြင်းပယ်နေပါသတဲ့၊ ဒါပေမယ့် မိဘများက အဖန်ဖန် ထပ်မံတိုက်တွန်းနေတဲ့အတွက် သူက ရွှေပန်းထိမ်သည်တွေကို ခေါ်ပြီး ရွှေဖြင့် အလွန်လှပ်တဲ့ မိန်းမရုပ်ကို လုပ်စေတယ်၊ မိဘများက အိမ်ထောင်ပြုဖို့ တိုက်တွန်းတဲ့အခါ "ဟောဒီ ရွှေရုပ်လောက် လှပတဲ့ အမျိုးသမီးကို ရရင်တော့ မိဘတို့၏ စကားကို လိုက်နာပါ့မယ်"လို့ သူက ပြောသတဲ့၊ အဲဒီတော့ မိဘများကလဲ ပစ္စည်းဥစ္စာပေါများ ကြွယ်ဝသူများ ဖြစ်သောကြောင့် ထင်ရှားကျော်စောတဲ့ ပုဏ္ဏားတွေကိုခေါ်ပြီး အဲဒီရွှေရုပ်နဲ့တူတဲ့ သတို့သမီးကို အရှာခိုင်းတယ်။

အဲဒီပုဏ္ဏားတွေက ရွှေရုပ်ပါ ယူဆောင်ပြီး အရပ်ရပ် အနယ်နယ် လိုက်လံပြီး စုံစမ်းရှာဖွေကြတယ်၊ မဒ္ဒတိုင်း သာဂလမြို့မှာ

http://www.dhammadownload.com

အဲဒီရွှေရုပ်နဲ့တူတဲ့ ၁၆ နှစ်အရွယ် အလွန်လှပတဲ့ သူငယ်မကလေး အကြောင်းကို သိရလို့ အဲဒီအိမ်ကို သွားပြီး ကြည့်တယ်၊ မိဘ ဖြစ်သူတို့က သမီးယျိုအလှကလေးကို ဘုံခုနစ်ဆင့် အထပ်ထပ်မှ ဆင်းစေပြီးတော့ ပြကြတယ်၊ အဲဒီ သူငယ်မကလေးက ရွှေရုပ်နဲ့ ယှဉ်ပြီး ထိုင်နေတဲ့အခါ ရွှေရုပ်ထက် အမျိုးသမီးကလေးက အရောင်တောက်ပြီး ပို၍လှပနေပါသတဲ့။

စုံစမ်းရေးပုဏ္ဏားတွေက အဲဒီရွှေရုပ်ကို အမျိုးသမီး၏ မိဘများ အား ပေးပြီးတော့ အနိတ္ထိဂန္ဓသူငယ်နဲ့ ထိမ်းမြားဖို့ရာ တောင်းဆိုကြ တယ်၊ တောင်းဆိုပြီးတော့ အဲဒီသတို့သား၏ မိဘများထံ ပြန်လာ ပြီး ပြောကြားကြတယ်၊ မိဘတွေက မြန်မြန်သွားပြီး အဲဒီ အမျိုးသမီးကလေးကို ခေါ်ဆောင်ခဲ့ဖို့ စေခိုင်းကြပါတယ်။

အနိတ္ထိဂန္ဓသူငယ်ကလဲ အဲဒီအကြောင်းကို ကြားရတော့ ရွှေရုပ်ထက်တောင် လှတယ်ဆိုတဲ့ အကြောင်းသိရ၍ ထိုအမျိုး သမီးကလေး၌ ချစ်ခင်စိတ်ဖြစ်ပြီးလျင် မြန်မြန်ခေါ်ဆောင်ခဲ့ကြ ပါလို့ ပြောပါသတဲ့၊ အဲဒါဟာ ဒီလိုလှပတဲ့ အမျိုးသမီးကလေး ကို မြင်နိုင်တယ်၊ မြင်ရလိမ့်မယ်လို့ စိတ်ကူးမျှဖြင့် ဖြစ်ပေါ်လာ တဲ့ နှစ်သက်တပ်မက်ခြင်း ချစ်ခင်ခြင်းပါပဲ။

တာဝန်ဆောင် ပုဏ္ဏားတွေက အဲဒီအမျိုးသမီးကလေးကို ယာဉ်ပေါ်မှာတင်ပြီး ခေါ်ဆောင်လာခဲ့ကြရာ အဲဒီအမျိုးသမီး ကလေးက အလွန်နူးညံ့တဲ့အတွက် ယာဉ်တောက်ပြီးဖြစ်တဲ့ လေနာရောဂါကြောင့် လမ်းခရီးအကြားမှာပဲ သေဆုံးသွားရှာပါ

http://www.dhammadownload.com

သတဲ့၊ မဒ္ဒတိုင်း သာဂလမြို့ဆိုတာ ပန်ဂျပ်နယ်ထဲမှာ ရှိတယ်၊ သာဝတ္ထိမြို့နဲ့ မိုင်လေးငါးခြောက်ရာထက်မနည်း ဝေးကွာပါလိမ့်မယ်၊ ယာဉ်ဆိုတာက ဘာယာဉ်လဲလို့ မသိရဘူး၊ မြင်းရထားယာဉ်ပဲ ဖြစ်ဖွယ်ရှိပါတယ်၊ ဟိုတုန်းက လမ်းလဲကောင်းမှာ မဟုတ်ပါဘူး၊ ဒါကြောင့် ပင်ပန်းပြီး ရောဂါဖြစ်၍ သေဆုံးသွားရှာတာ ဖြစ်မှာပါပဲ။

အနိုင်ထိုက်နွယ်ကုမာရဆိုတဲ့ သူငယ်ဟာ အဲဒီသတင်းကို ကြားရတော့ ဒီလိုလှပတဲ့ သူငယ်မကလေးနဲ့ တွေ့ဆုံခွင့်တောင် မရပါကလားလို့ နှလုံးသွင်းပြီး စိုးရိမ်ပူဆွေးမှုကို အကြီးအကျယ် ခံစားရပါသတဲ့၊ မအိပ်နိုင် မစားနိုင် ဖြစ်နေပါသတဲ့၊ အဲဒီ အကြောင်းကို သိမြင်တော်မူတဲ့အတွက် မြတ်စွာဘုရားရှင်က သနားခြင်း ကြီးစွာ မဟာကရုဏာတော်ဖြင့် ဆွမ်းခံကြွရင်း အဲဒီ အိမ်ရှေ့ကို ကြွရောက်တော်မူတယ်၊ သူငယ်၏ မိဘများက ရိုသေစွာ ပင့်လျှောက်ပြီး ဆွမ်းကပ်တယ်၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အဲဒီသူငယ်အကြောင်းကို မေးတော်မူတယ်၊ သူငယ်ကလဲ မိဘများ၏ ပြောကြားချက်အရ မြတ်စွာဘုရားထံ လာရောက်ပြီး ရှိခိုးလျက် ထိုင်နေတယ်၊ မြတ်စွာဘုရားက မေးတော်မူလို့ လမ်းခရီးမှာ သေဆုံးသွားလေတဲ့ အမျိုးသမီးကလေးကို အကြောင်းပြုပြီး စိုးရိမ်ပူဆွေးမှု အကြီးအကျယ် ဖြစ်ကြောင်း မစားနိုင်၊ မသောက်နိုင်အောင် ပူဆွေးနေရကြောင်း လျှောက်ထားတယ်၊ အဲဒီတော့ မြတ်စွာဘုရားက စိုးရိမ်ပူဆွေးမှုနှင့် ကြောက်ဖွယ်ဘေး၊ ကြောက်ခြင်းဘေးဟာ လိုချင်စရာ ကာမဂုဏ်နှင့် လိုချင်နှစ်သက်မှုကို မှီပြီးဖြစ်ကြောင်း ဒီလိုဟောကြားတော်မူပါတယ်။

http://www.dhammadownload.com

ကာမတော ဇာယတော သောကော၊
ကာမတော ဇာယတော ဘယံ။
ကာမတော ဝိပ္ပမုတ္တဿ၊
သောကော နိပ္ပဋိကုတော ဘယံ။

ကာမတော–လိုချင်နှစ်သက်စရာနှင့် လိုချင်နှစ်သက်မှုဆိုတဲ့ ကာမကြောင့်၊ သောကော–စိုးရိမ်ပူပန်ဆွေးခြင်းသည်၊ ဇာယတော–ဖြစ်၏တဲ့၊ နှစ်သက်ချင်ခင်စရာ မိန်းမယောကျ်ား စသော အာရုံနဲ့ နှစ်သက်ချင်ခင်မှုဆိုတဲ့ ကာမတရားရှိနေလို့ ချစ်ခင်နှစ်သက်တဲ့ အာရုံဝတ္ထုနှင့် ကင်းကွာတဲ့အခါ စိုးရိမ်ပူဆွေးမှု ဖြစ်ပေါ်တာပဲ၊ အဲဒါလဲ မမြင်တဲ့ တရားပဲလို့ ဆိုလိုပါတယ်၊ ကာမတော–လိုချင်နှစ်သက်စရာနှင့် လိုချင်နှစ်သက်မှုဆိုတဲ့ ကာမကြောင့်၊ ဘယံ–ကြောက်ဖွယ်နှင့် ကြောက်လန့်ခြင်းဟူသော ဘေးသည်၊ ဇာယတော–ဖြစ်၏။ (ပါဠိမှာ ကတ္တားဟောအရာ၌ ပရသပုဒ် တိ–ဝိဘတ်နှင့်သာ ရှိသင့်သည်ဟု နှစ်သက်သော ဆရာတို့၏ အလိုအားဖြင့် ဇာယတိ–ဟု ဆန်းနှင့်ညီအောင် ဒီဃလဲပြုထားရ၏၊ သို့သော် ဆန္ဒာနုရက္ခဏ အားဖြင့် မပြုပြင်ရဘဲ အတ္တနောပုဒ်တော–ဝိဘတ်နှင့် ရှိခြင်းက ပို၍ ဂုဏ်မြောက်ဖွယ် ရှိသည်! ပါဠိပညာရှင်တို့အတွက်သာ ဖြစ်သည်၊) ကာမတော–လိုချင်နှစ်သက်စရာနှင့် လိုချင်နှစ်သက်မှုကာမမှ၊ ဝိပ္ပမုတ္တဿ–လွတ်ကင်းသော သူအား၊ သောကော–စိုးရိမ်ပူဆွေးခြင်းသည်၊ နတ္ထိ–မရှိပေ၊ ဘယံ–ကြောက်ခြင်းသည်၊ ကုတော–အဘယ်မှာ ရှိတော့အုံ့နည်း၊ မရှိတော့သည်သာတည်း–လို့ မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com

အဲဒီ ဂါထာတစ်ပုဒ် တရားကို နာပြီးတော့ အနိတ္ထိဂန္ဓကုမာရ ဆိုတဲ့ သူငယ်ဟာ သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီး သောတာပန် ဖြစ်သွားပါသတဲ့။

အဲဒီ အနိတ္ထိဂန္ဓကုမာရဆိုတဲ့ လူကလေးဟာ အစတုန်းကတော့ မိန်းမအနှံ့ကိုတောင် မခံနိုင်အောင် စက်ဆုပ်နေခဲ့တယ်၊ ရွှေရုပ်နဲ့ တူတဲ့ မိန်းမတော့ ရှိမှာမဟုတ်ဘူးလို့ ထင်မြင်ပြီး အဲဒီ ရွှေရုပ်နဲ့ တူတဲ့ သတို့သမီးကို ရရင်တော့ မိဘများ ညွှန်ကြားတဲ့အတိုင်း အိမ်ထောင်ပြုပါမယ်လို့ ပြောခဲ့တယ်၊ အဲဒီတုန်းကတော့ အဲဒီရွှေရုပ် လောက်လှပတဲ့ အမျိုးသမီးတော့ မရှိနိုင်ဘူး၊ အဲဒီလို အဆင်းကို မမြင်နိုင်ဘူးလို့ ထင်ခဲ့တယ်၊ ဒါကြောင့် မိန်းမအဆင်းနဲ့စပ်ပြီး နှစ်သက်တပ်မက်ခြင်း မဖြစ်ခဲ့သေးဘူး၊ နောက် အဲဒီရွှေရုပ်ထက် တောင် လှပတဲ့ ကလေးမကလေးကို တွေ့ရတယ်ဆိုတော့ အဲဒီလို အဆင်းကို မြင်နိုင်တယ်၊ မြင်ရတော့မှာပဲလို့ သူစိတ်ထဲမှာ ပေါ်လာ တယ်၊ အဲဒီအခါကျတော့ မမြင်ရသေးတဲ့ အဲဒီကလေးမကို အကြောင်းပြုပြီး နှစ်သက်တပ်မက်မှုတွေ အကြီးအကျယ် ဖြစ်တော့ တာပဲ။

မေးခွန်းတော်နှင့်အဖြေ

ယခု မေးခွန်းမှာတော့ အဲဒီလို ချစ်နှစ်သက်ဖွယ်အဆင်းကို မမြင်ဖူးဘူး၊ မြင်ဆဲလဲ မဟုတ်ဘူး၊ စိတ်ကူးထဲမှာတောင် အဲဒီလို အဆင်းကို မြင်နိုင်တယ် မြင်ရလိမ့်မယ်လို့ မထင်ပေါ်သေးဘူး၊ အဲဒီလို အဆင်းပုဂ္ဂိုလ်နဲ့စပ်ပြီး နှစ်သက်တပ်မက်ခြင်း ချစ်ခင်ခြင်း

http://www.dhammadownload.com

ဖြစ်ပါ့မလားလို့ မေးတော်မူတယ်၊ အဲဒီအမေးကို အရှင်မာလုကျမုတ္တမထေရ်က မဖြစ်နိုင်ပါဘူးဘုရားလို့ ဖြေကြားလျှောက်ထားပါတယ်။

အဲဒါဟာ ရှင်းပါတယ်၊ ယခု ဒီရိပ်သာမှာ တရားအားထုတ်နေကြတဲ့ ယောဂီတွေအနေအားဖြင့် ပေါ်လွင်ပါတယ်၊ ဒါပေမယ့် တရားအားမထုတ်ဘူးတဲ့ ပကတိလူတွေအနေနဲ့ ဆိုရင်တော့ နားမလည်ဘဲ ရှိနေတတ်တယ်၊ မလွယ်လှဘူး၊ ပုသိမ်မြို့မှာ သဒ္ဓမ္မသီတဂူရိပ်သာ ဘုံကျော်ရိပ်သာတို့ စပြီးဖွင့်တဲ့ ၁၃၁၃ ခုနှစ်တုန်းက ဒီမာလုကျမုတ္တသုတ်ကို ဘုန်းကြီးက ဟောတယ်၊ အဲဒီတုန်းက သဒ္ဓမ္မသီတဂူဆရာတော်ရဲ့ နှမက ဒီတရားကို နာပြီး၊ သဘောမပေါက်ခဲ့ဘဲ ရှိနေသတဲ့၊ ဘယ့်နယ်လဲ အဆင်းတွေ မမြင်ဘူးသေးဘူး၊ မြင်ဆဲလဲ မဟုတ်ဘူး၊ မြင်နိုင်တယ်လို့တောင် စိတ်ထဲမှာ မပေါ်သေးဘူးတဲ့၊ အဲဒီလို အဆင်းတွေက ဘယ်လိုဟာတွေပါလိမ့်မလဲ၊ ဘာတွေကို ဟောနေတာပါလိမ့်မလဲလို့ သူ့မှာ နားမလည်ဘဲ ရှိခဲ့ကြောင်းကို တရားအားထုတ်ပြီးလို့ နားလည်နေတဲ့အခါကျမှ သူက ပြောပါတယ်၊ သူက ဉာဏ်လဲ ထက်မြက်ပါတယ်၊ တရားအားထုတ်ပြီးလို့ သဘောကျတဲ့အခါကျတော့ သူက သိပ်နားလည်တာ အဲဒီတုန်းက ဟောတာ သိပ်ကောင်းတာပဲလို့လဲ ချီးမွမ်းတယ်၊ သူများကိုလဲ သူကတစ်ဆင့် ဟောပြောနေတယ်၊ ဒါကြောင့် တရားအားမထုတ်ဘူးတဲ့ သူတွေကတော့ နားမလည်ဘဲလဲ ရှိတတ်တယ်၊ တရားအားထုတ်ထားတဲ့ သူတွေကတော့ အင်မတန် သဘောကျ နားလည်တတ်ပါတယ်။

http://www.dhammadownload.com

မမြင်ရတဲ့အဆင်းတွေ ပုဂ္ဂိုလ်တွေနဲ့ စပ်ပြီး နှစ်သက်ချစ်ခင်မှု ရာဂ မဖြစ်နိုင်ဘူးဆိုတာ အင်မတန် ထင်ရှားပါတယ်၊ ယခု စဉ်းစားကြည့်ပါ၊ မတွေ့ဘူး မမြင်ဘူးတဲ့ လူတွေကို အကြောင်းပြုပြီး နှစ်သက်ချစ်ခင်မှု ဖြစ်နိုင်ပါ့မလား၊ (မဖြစ်နိုင်ပါဘုရား)၊ နှစ်သက်ချစ်ခင်မှု ရာဂသာ မဖြစ်နိုင်တာ မဟုတ်ပါဘူး၊ အဲဒီ မမြင်ရတဲ့ လူတွေကို အကြောင်းပြုပြီး ဒေါသလဲ မဖြစ်နိုင်ဘူး၊ မြဲတဲ့အနေ ချမ်းသာတဲ့အနေ ပုဂ္ဂိုလ်သတ္တဝါကောင်အနေနဲ့ အထင်မှား အသိမှားတဲ့ မောဟလဲ မဖြစ်နိုင်ဘူး၊ ဒီပြင် မာန ဒိဋ္ဌိစသည်တွေလဲ မဖြစ်နိုင်ဘူး၊ ဘာကိလေသာမှ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ဘုန်းကြီးက 'မမြင်ရရာ၊ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

မေးခွန်းဆိုင်ရာ ဆောင်ပုဒ်များ

၁။ မမြင်ရရာ ကိလေသာ သူ့ဟာသူ ငြိမ်းသည်။

မြတ်စွာဘုရား၏ မေးခွန်းမှာ တဏှာ ရာဂကိုသာ ပဓာန ပြုပြီး မေးထားပါတယ်၊ အဲဒီအမေးဖြင့် အပွဓာန ဖြစ်တဲ့ ဒေါသ မောဟ ဒိဋ္ဌိစတဲ့ ကိလေသာတွေလဲ မဖြစ်နိုင်ဘူးဆိုတာကို သိစေတော်မူပါတယ်၊ ဒါကြောင့် သိသင့်သမျှတွေ အကုန် သိနားလည်ရအောင်လို့ ဘုန်းကြီးက "မမြင်ရရာ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်"လို့ ဆောင်ပုဒ် စီထားတာပါပဲ၊ ဒီဆောင်ပုဒ်ကလဲ ပေါ်လွင်ထင်ရှားပါတယ်၊ မြန်မာစကားတတ်တဲ့သူဆိုရင် "မမြင်ရတဲ့ အဆင်းကို စွဲမိပြီး ဘယ်ကိလေသာမှ မဖြစ်နိုင်ဘူး၊ အဲဒီလို အာရုံနဲ့ စပ်ပြီး

http://www.dhammadownload.com

ဘယ်ကိလေသာမှ ဖြစ်ခွင့် မရှိဘူး၊ ကင်းငြိမ်းနေတယ်"ဆိုတာ အင်မတန် ထင်ရှားပါတယ်၊ အဲဒီလို မမြင်ရတဲ့ အာရုံကို စွဲမှီပြီး ကိလေသာ မဖြစ်တာ ကင်းငြိမ်းတာဟာ ဘာ့ကြောင့်လဲ၊ မမြင်ရလို့ပဲ မဟုတ်ပါလား၊ (ဟုတ်ပါတယ် ဘုရား) အဲဒီ မမြင်ရတဲ့ အာရုံတွေနဲ့ စပ်ပြီး ကိလေသာ ငြိမ်းအောင် အားထုတ်ဖို့ လိုပါဦးမလား၊ မလိုပါဘူး၊ ဒါကြောင့် အဲဒီ မမြင်ရတဲ့ အာရုံမှာ ကိလေသာ မဖြစ်အောင် ဆင်ခြင်ပြီး ရှုနေဖို့လဲ မလိုဘူး၊ အဲဒါကို ကိန်းသေမှတ်ထားရမယ်။

မမြင်ရတဲ့ အာရုံမှာ ကိလေသာ မဖြစ်ဖူးဆိုတော့ "မြင်ရတဲ့ အာရုံမှာ ကိလေသာ ဖြစ်နိုင်တယ်"ဆိုတာလဲ ထင်ရှားပေါ်လာတယ်၊ အဲဒါကို သိနားလည်ရအောင်လို့ပဲ မြတ်စွာဘုရားက မေးခွန်းထုတ်ပြီး **မေးတော်မူတာပဲ**၊ အဲဒါကို ဘုန်းကြီးက "မြင်ရရာမှာ ကိလေသာ **ကိန်းကာဖြစ်နိုင်**သည်"လို့ ဒုတိယ ဆောင်ပုဒ်လဲ စီထားတယ်၊ **အဲဒါကို ဆိုကြ**ရမယ်။

၂။ မြင်ရရာမှာ၊ **ကိလေသာ**၊ ကိန်းကာ ဖြစ်နိုင်သည်။

မြင်ရရင်တော့ မြင်ဆဲမှာလဲ ကိလေသာ ဖြစ်နိုင်တယ်၊ မြင်ပြီးတဲ့ နောက်နောက်ကာလတွေမှာလဲ အဲဒီမြင်ခဲ့တဲ့ အာရုံကို ပြန်လည်စဉ်းစားပြီး ကိလေသာတွေ ဖြစ်နိုင်တယ်၊ ဓာတ်ပုံရိုက်ထားတဲ့ အရုပ်လေးကို ကြည့်ကြည့်ပြီး နှစ်သက်သာယာမှု ဖြစ်နေသလိုပါပဲ၊ ပြန်လည်စဉ်းစားတိုင်း မူလမြင်ခဲ့စဉ်က ရုပ်ပုံကလေးက စိတ်ထဲမှာ ထင်ရှားပေါ်နေတယ်၊ မြင်ခဲ့စဉ်က ပြိုးပြိုးကလေးဆိုရင်

http://www.dhammadownload.com

ပြိုးပြိုးကလေး ပေါ်နေတယ်၊ ရှုံ့မဲ့စိတ်ဆိုးနေတာကို မြင်ခဲ့ရင်လဲ အဲဒီရှုံ့မဲ့စိတ်ဆိုးနေတဲ့ ပုံအတိုင်း ပေါ်နေတာပဲ၊ ဒါကြောင့် အဲဒီ မြင်ဖူးတဲ့ အာရုံကို ထပ်မံပြီး ဆင်ခြင်မိတိုင်း နှစ်သက်တပ်မက်တဲ့ ရာဂလဲ ဖြစ်ပွားတယ်၊ ရွံ့မုန်းတဲ့ ဒေါသလဲ ဖြစ်ပွားတယ်၊ အမြဲ တည်နေသလိုလို ထင်မြင်တဲ့ မောဟလဲ ဖြစ်ပွားတယ်၊ အဲဒီလို ရာဂ ဒေါသ မောဟတွေ ဖြစ်ပွားတာဟာ မြင်စဉ်ကာလက မရှုခဲ့လို့ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာဖြင့် အမှန်အတိုင်း မသိခဲ့လို့ပဲ၊ မြင်တိုင်း မြင်တိုင်း ရှုမှတ်ပြီး ချက်ခြင်းပင် ပျောက်ပျယ်သွားတယ်၊ မမြဲဘူးစသည်ဖြင့် သိရရင်တော့ အဲဒီလို ပြန်လည်ပြီးတော့လဲ မစဉ်းစားမိဘူး၊ စဉ်းစားရင်လဲ မမြဲဘူး စသည်ဖြင့် သိခဲ့တဲ့ အတိုင်း ပင် စိတ်ထဲမှာ ထင်ပေါ်နေတယ်၊ အဲဒီတော့ အဲဒီမမြဲတာ ပျောက် ပျက်သွားခဲ့တာနှင့်စပ်ပြီး ချစ်ခြင်း မုန်းခြင်း စသော ကိလေသာတွေ ဘာမျှ မဖြစ်နိုင်ဘူး။

ဒါကြောင့် "မြင်တိုင်း မြင်တိုင်း မြင်ဆဲမှာ ကိလေသာကိန်း ခွင့် ဖြစ်ခွင့်မရအောင် ရှုမှတ်ပြီး ပယ်ဖို့ လိုတယ်" ဆိုတာလဲ ထင်ရှား လာပါတယ်၊ အဲဒါကို ဘုန်းကြီးက "မြင်တိုင်းမှတ်ရှု၊ ကိလေစု၊ ကိန်းမှုပယ်သင့်သည်" လို့ တတိယ ဆောင်ပုဒ်လဲ စီထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

၃။ မြင်တိုင်းမှတ်ရှု၊ ကိလေစု၊ ကိန်းမှုပယ်သင့်သည်။

မမြင်ရရင် အဲဒီမမြင်ရတဲ့ အာရုံမှာ ကိလေသာ မဖြစ်နိုင်ဘူး၊ သူ့အလိုလို ဖြစ်ခွင့်မရတဲ့ ငြိမ်းနေတယ်၊ မြင်ရရင်တော့ အဲဒီ

http://www.dhammadownload.com

မြင်ရတဲ့ အာရုံကို ပြန်လည်စဉ်းစားပြီး ကိလေသာ ဖြစ်နိုင်တယ်၊ အဲဒီလို ဖြစ်နိုင်တာကို ကိန်းတယ်လို့ ဆိုရတာပါပဲ၊ ကိန်းဆိုပေမယ့် အဲဒီကိလေသာတွေက တစ်နေရာရာဝင်ပြီး တည်ရှိနေတာတော့ မဟုတ်ပါဘူး၊ ဖြစ်နိုင်ခွင့်ရှိတာကို ဆိုတာပါပဲ၊ အဲဒီဖြစ်နိုင်ခွင့်ရှိတဲ့ ကိလေသာကိန်းမှုကို မြင်တိုင်း မြင်တိုင်း ရှုမှတ်ပြီး ပယ်ရမယ်တဲ့၊ အဲဒီလို ရှုမှတ်ပြီး အနိစ္စ စသည်ဖြင့် အမှန်အတိုင်း သိသိနေလျှင် အဲဒီမြင်ရတဲ့ အဆင်းမှာလဲ ကိလေသာဖြစ်ခွင့် မရှိတော့ဘဲ ငြိမ်းသွားပါတယ်၊ မမြင်ရတဲ့ အာရုံမှာလိုပင် ဖြစ်သွားပါတယ်၊ ဒါကြောင့် မြင်တိုင်းမြင်တိုင်း အနိစ္စစသော သဘောမှန်ကို သိအောင် ရှုမှတ်ပြီးတော့ ကိလေသာကင်းမှုဆိုတဲ့ ဖြစ်နိုင်ခွင့်ကို ပယ်ပယ်သွားရမယ်လို့ ဆိုလိုတာပါပဲ၊ အခုပြောခဲ့တဲ့အတိုင်း "မမြင်ရရင် ကိလေသာ မဖြစ်နိုင်ဘူး၊ မြင်ရရင်တော့ ဖြစ်နိုင်တယ်၊ အဲဒီတော့ ကိလေသာ ကင်းငြိမ်းပြီး သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်ချင်ရင် မြင်တိုင်းမြင်တိုင်း ရှုမှတ်ပြီး ကိလေသာဖြစ်ခွင့်ကို ပယ်ရမယ်" ဆိုတာကို မြတ်စွာဘုရားက မေးခွန်းဖြင့်ပင် သဘောပေါက်နားလည်စေပါတယ်၊ အဲဒါကိုလဲ "မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ် ပေါ်လွင်စေခဲ့သည်"လို့ နိဂုံးချုပ်ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၄။ မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်။

မမြင်ရရာမှာ ကိလေသာ မဖြစ်ဘူး၊ ဒါကြောင့် မမြင်ရတာတွေကို ကြံတွေးဆင်ခြင်ပြီး အနိစ္စ ဒုက္ခ စသည်ဖြင့် ရှုနေဖို့

http://www.dhammadownload.com

မလိုဘူး၊ မြင်ရရာမှာတော့ ကိလေသာ ဖြစ်နိုင်တယ်၊ ဒါကြောင့် မြင်တိုင်းမြင်တိုင်း ကိလေသာ ဖြစ်ခွင့်မရအောင် ရှုမှတ်ပြီးတော့ ပယ်ရမယ်ဆိုတဲ့ ဝိပဿနာလုပ်ငန်းစဉ်ကို သဘောပေါက်နားလည်အောင် မြတ်စွာဘုရားက မာလုက္ကျပုတ္တာအား မေးခွန်းထုတ်ပြီး မေးတော်မူခဲ့ပါတယ်၊ အဲဒီအမေးဟာ အင်မတန် ကောင်းပါတယ်၊ သတိပဋ္ဌာန် ဒေသနာတော်နှင့်အညီ ရှုမှတ်ဖူးတဲ့ ယောဂီတွေမှာဆိုရင် အင်မတန်ကို ထင်ရှားနေတာပါပဲ၊ ယခု ထုတ်ပြခဲ့တဲ့ မြင်စရာ အဆင်းနဲ့စပ်ပြီး မေးတော်မူသလိုပင် ကြားစရာ အသံ စသည်တို့နဲ့လဲစပ်ပြီး မေးတော်မူပါသေးတယ်၊ အဲဒီ မေးခွန်းတွေကိုတော့ နောက်ရက်များကျမှ ဟောရမယ်၊ အဲဒီလို မေးပြီးလို့ သဘောပေါက် နားလည်တဲ့အခါမှာ မြတ်စွာဘုရားက ဝိပဿနာလုပ်ငန်းစဉ်ကို ဒီလိုအကျဉ်းချုပ် ဟောတော်မူပါတယ်။

ဝိပဿနာလုပ်ငန်းစဉ် အကျဉ်းချုပ်

ဧတ္ထ စ တေ မာလုက္ကျပုတ္တ ဒိဋ္ဌ သုတ မုတ ဝိညာတေသု ဧမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။

မာလုက္ကျပုတ္တာ၊ မာလုက္ကျာ၏ သားဖြစ်သော ရဟန်း၊ တေ–သင်အား၊ ဧတ္ထ စ ဒိဋ္ဌ သုတ မုတ ဝိညာတေသု ဧမ္မေသု၊ မြင်ရ၊ ကြားရ၊ ရောက်ရ သိရသော ဤတရားတို့တွင်လဲ၊ ဒိဋ္ဌေ–မြင်ရသည်၌၊ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ မြင်ရုံမျှဖြစ်လတ္တံ့၊ (ပါဠိ စာအုပ်တို့၌၊

http://www.dhammadownload.com

ဝိညာတဗ္ဗေသုဟု တဗ္ဗ ပစ္စည်းနှင့် ရှိ၏။ ယင်း သည် ဒိဋ္ဌ သုတ မုတ ဟူသော ယှဉ်ဖက်ပုဒ်များနှင့်လဲမည်၊ ဝိညာတေဟူသော နိဒ္ဒါရဏီယပုဒ်နှင့်လဲ မည်၊ ထို့ကြောင့် ဤ၌ တပစ္စည်းနှင့် ဝိညာတေသုဟု ရွတ်ဆိုထုတ်ပြထားပါသည်၊ ဤအညွှန်းမှာ ပါဠိ ပညာရှင်တို့၏ အတွက်သာ ဖြစ်သည်။)

ရှေ့နားက အမေးခ်ဳ မမြင်ရတဲ့ အဆင်း မကြားရတဲ့ အသံ အစရှိတဲ့ ၆ မျိုးမှာ ကိလေသာဖြစ်ခွင့်မရှိလို့ အဲဒီမမြင်ရတာ စသည်နှင့်စပ်ပြီး ကိလေသာကို ပယ်နိုင်အောင် အားထုတ်ဖို့ မလိုဘူးဆိုတာ ဖော်ပြခဲ့ပြီ၊ မြင်ရတဲ့အဆင်းစသည်နှင့်စပ်ပြီးတော့ ကိလေသာကို ပယ်နိုင်အောင် ဘယ်လိုအားထုတ်သင့် ပါသလဲလို့ မေးဖွယ်ရှိနေလို့ နောက်ပြီးတော့ အကျဉ်းချုပ် ဟောပါလို့လဲ လျှောက်ထားတောင်းပန်တဲ့အတွက် (ဗဟု စ တေ မာလုကျမုတ္တ ဒိဋ္ဌ သုတ မုတ ဝိညာတေသု ဓမ္မေသု) မာလုကျာ၏ သားဖြစ်သော ရဟန်း၊ မြင်ရ ကြားရ ရောက်ရ သိရသော ဟောဒီ လေမျိုးထဲကလဲ မြင်ရသည်ခ်ဳ မြင်ရုံမျှ ဖြစ်လတ္တံ့ စသည်ဖြင့် ဝိပဿနာလုပ်ငန်း စဉ်ကို အကျဉ်းချုံးပြီး ဟောတော်မူပါတယ်။

အကျဉ်းချုံးပုံကတော့ နံသိရတာ စားသိရတာ ထိသိရတာ ဆိုတဲ့ ဒီသုံးမျိုးကို မုတ ရောက်ရတာလို့ တစ်မျိုးတည်း ချုံးပြီး ဒေတာ့လဲ ဟောတော်မူပါတယ်၊ နောက်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ လို့ ရှုပုံ (နေတံ မမ၊ နေသောတမသ္မိ၊ နေ မေ သော အတ္တာ) ဒါ ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ် စသည်ဖြင့် ရှုပုံများကို

http://www.dhammadownload.com

လဲ မြင်ရုံမျှ ဖြစ်လတ္တံ့ စသည် ၄ ချက်မျှဖြင့် ချုံးပြီးဟောတော်မူ ပါတယ်၊ အဲဒီမှာ ဆိုလိုတာကတော့ မမြင်ရတဲ့ အဆင်းစသည်နှင့် စပ်ပြီး ကိလေသာ မဖြစ်နိုင်ဘူး၊ ဒါ ကြောင့် အဲဒီမမြင်ရတဲ့ အဆင်း စသည်နှင့်စပ်ပြီး ကိလေသာကို ပယ်နိုင်အောင် အားထုတ်ဖို့ မလို ဘူး၊ ဟောဒီ မြင်ရတဲ့အဆင်း စသည်နှင့်စပ်ပြီးတော့ ကိလေသာ ဖြစ်နိုင်တယ်၊ ဒါကြောင့် အဲဒီမြင်ရတာ စသည်နှင့်စပ်ပြီး ဖြစ်နိုင်တဲ့ ကိလေသာကို ပယ်နိုင်အောင် အားထုတ်ဖို့ လိုတယ်၊ အားထုတ်ပုံ ကတော့ အဲဒီ မြင်ရတာ ကြားရတာ ရောက်ရတာ သိရတာဆိုတဲ့ ဒီလေးမျိုးထဲက မြင်ရာ၌ မြင်ရုံမျှတွင် တည်စေရမယ် စသည်ဖြင့် ဆိုလိုပါတယ်။

မြင်ဆဲ၌ စိတ်အစဉ်ဖြစ်ပုံ

မြင်တယ်ဆိုတာ မျက်စိအကြည်ထဲမှာ ထင်ပေါ်လာတဲ့ အဆင်းကို မြင်သိတာပဲ၊ အဲဒါကို ပါဠိလို စက္ခုဝိညာဏခေါ်တယ်၊ ဗမာလို စက္ခုဝိညာဏ်လို့ ပြန်ကြတယ်၊ အရပ်သုံးစကားအရအား ဖြင့် မြင်သိရုံမျှ သဘောပါပဲ၊ အဲဒီ မြင်သိတဲ့ စက္ခုဝိညာဏ်စိတ်မှာ နှစ်သက်မှုစသော ကိလေသာတွေ ဘာတစ်ခုမျှ မပါသေးဘူး၊ မြင်သိတဲ့စိတ်၊ ပြီးတော့ အဲဒီအဆင်းအာရုံကို လက်ခံတဲ့ သမ္ပဋိစ္ဆိန်း ဆိုတဲ့ စိတ်ဖြစ်တယ်၊ အဲဒီစိတ်ပြီးတော့ စုံစမ်းတဲ့ သန္တီရဏ ဆိုတဲ့ စိတ် ဖြစ်တယ်၊ အဲဒီထိအောင် ကောင်းတယ်, မကောင်းဘူးစသည် ဖြင့် ဆုံးဖြတ်မှုလဲ မပါသေးဘူး၊ ဘာကိလေသာမှလဲ မပါသေးဘူး၊ အဲဒီကနောက် ချစ်ဖွယ်၊ မုန်းဖွယ်၊ ကြည်ညိုဖွယ် စသည်ဖြင့်

http://www.dhammadownload.com

ဆုံးဖြတ်တဲ့ ဝုဋ္ဌောစိတ်ဆိုတာ ဖြစ်တယ်၊ အဲဒီစိတ်မှာလဲ ကိလေသာ မပါသေးဘူး၊ ဒါပေမယ့် သူကတော့ ချစ်ဖွယ် မုန်းဖွယ် စသည်ဖြင့် ဆုံးဖြတ်ရင် ချစ်ခြင်း မုန်းခြင်းစသော ကိလေသာဖြစ်ဖို့နဲ့ နီးစပ်လာပြီ၊ ဒါကြောင့် အဲဒီ ဝုဋ္ဌောစိတ်က ချစ်ဖွယ် မုန်းဖွယ်လို့ ဆုံးဖြတ်လိုက်ရင် သူ့နောက်က လောဘ၊ ဒေါသ၊ မောဟနှင့် ယှဉ်တဲ့ အကုသိုလ်ဇောတွေ ခုနစ်ကြိမ်တိုင်တိုင် ဆက်ပြီးဖြစ်သွားတော့တာပဲ၊ အဲဒီလို ဝိထိစိတ်အစဉ်ဖြစ်ပုံကို ဘုန်းကြီးက (ဘဝင်, ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင် လက်ခံတုံ) စသည်ဖြင့် ဆောင်ပုဒ်ကလေးများ နှင့်အတူ ဟောနေကျပါပဲ၊ တချို့က အဲဒီ ဆောင်ပုဒ်ကလေးတွေ နူတ်တက်တောင် ရနေကြပါလိမ့်မယ်။

ယခု အဲဒီ ဆောင်ပုဒ်တွေကို ဆိုပြီး ရှင်းပြရဦးမယ်၊ ကဲ–လိုက်ဆိုကြ။

ဘဝင်, ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထိုပြင်လက်ခံတုံ။

အိပ်ပျော်နေတဲ့အခါ ဖြစ်နေတဲ့စိတ်မျိုးကို ဘဝင်စိတ်လို့ ခေါ်တယ်၊ အဲဒီဘဝင်စိတ်က ယခုလောလောဆယ် တွေ့နေရတဲ့ အာရုံကိုတော့ အာရုံမပြုဘူး၊ ရှေးဘဝက သေခါနီးမှာ စွဲလမ်းလာခဲ့တဲ့ အာရုံကိုသာ အာရုံပြုနေတယ်၊ ဒီဘဝမှာ အစဆုံး ဖြစ်ခဲ့တဲ့ ပဋိသန္ဓေစိတ်နှင့် အတူတူပါပဲ၊ ဒီဘဝင်စိတ်က မြင်သိ ကြားသိ စသော လတ်တလော အသိစိတ်တွေ ပြတ်စဲနေတဲ့ အကြားအကြား ကာလများမှာလဲ သူက မပြတ်ဖြစ်နေတာပဲ၊ အဲဒီလို ဘဝင်စိတ်တွေ မပြတ်ဖြစ်နေရာမှာ မျက်စိထဲ၌ အဆင်းရိပ် ထင်ပေါ်လာရင် အဲဒီ

http://www.dhammadownload.com

ဘဝင်စိတ်အစဉ် ပြတ်စဲပြီး မျက်စိထဲ ပေါ်လာတဲ့အဆင်းကို "ဘာ ပါလိမ့်"လို့ ဆင်ခြင်တဲ့အနေဖြင့် စိတ်အထူးဖြစ်လာတယ်၊ အဲဒါ ဟာ အိပ်ပျော်ရာက နိုးလာတာလို ဘဝင်စိတ်မှ ဖြစ်ပွားလာတဲ့ ဆင်ခြင်စိတ်ပါပဲ၊ အဲဒီလို ဖြစ်ပုံကို ဆောင်ပုဒ်မှာ "ဘဝင် ဆင်ခြင်" လို့ ဆိုထားတယ်၊ အိပ်ပျော်နေတာလို ဘဝင်စိတ်အစဉ် ဖြစ်နေရာမှ အဲဒီဘဝင် စိတ်အစဉ် ပြတ်စဲပြီး ဆင်ခြင်တဲ့ (အာဝဇ္ဇန်း)စိတ် ဖြစ် လာတယ်လို့ ဆိုလိုတာပါပဲ။

အဲဒီဆင်ခြင်တဲ့ စိတ်ကလဲဖြစ်ပြီး ချက်ချင်း ချုပ်ပျောက်သွား တယ်၊ အဲဒီတော့ မျက်စိထဲ ထင်ပေါ်နေတဲ့ အဆင်းကို မြင်သွား တယ်၊ အဲဒါကို စက္ခုဝိညာဏ်စိတ်လို့ ခေါ်တယ်၊ အဲဒီ မြင်သိစိတ် ချုပ်သွားတော့ အဲဒီ မြင်ရတဲ့အဆင်းကို လက်ခံတဲ့ (သမ္ပဋိစ္ဆိန်း) စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒီ အစီအစဉ်အတိုင်း ဖြစ်ပုံကို (ဘဝင်, ဆင်ခြင် မြင်ပြီးလျှင်၊ ထိုပြင်လက်ခံတုံ-လို့) ဆောင်ပုဒ်မှာ ဆိုထား တာပဲ။

အဲဒီ လက်ခံစိတ် ချုပ်သွားတော့ စူးစမ်းဆင်ခြင်တဲ့ (သန္တီရဏ) စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒီကနောက် အဲဒီစိတ်က (ဝုဋ္ဌော)စိတ် ဖြစ်ပေါ်လာတယ်၊ အဲဒီကနောက် အဲဒီစိတ်က ချစ်စရာ မုန်းစရာ ကြည်ညိုစရာ သနားစရာ စသည်ဖြင့် ဆုံးဖြတ်လိုက်သည် အား လျော်စွာ ချစ်တဲ့ မုန်းတဲ့ အကုသိုလ်ဇော်စိတ်, ကြည်ညိုတဲ့ သနား တဲ့ ကုသိုလ်ဇော်စိတ် စသည့် ခုနစ်ကြိမ်တိုင်တိုင် ဆက်ဖြစ်သွား တယ်၊ အဲဒီကနောက် ဇော်စိတ်၏အာရုံကိုပင် ဆက်ပြီးအာရုံပြုတဲ့

http://www.dhammadownload.com

(တဒါရုံ)စိတ် ၂ ကြိမ် ဆက်ဖြစ်တယ်၊ အဲဒီကနောက်တော့ အိပ်မောကျသွားသလိုပင် ဘဝင်စိတ်တွေ ဖြစ်သွားတယ်၊ အဲဒီလိုဖြစ်ပုံကိုလဲ "စုံစမ်း, ဆုံးဖြတ်၊ ဇောစိတ်–သတ်၊ နှစ်ရပ် တဒါရုံ"လို့ ဆောင်ပုဒ်စီထားတယ်။

စုံစမ်း, ဆုံးဖြတ်၊ ဇောစိတ်–သတ်၊ နှစ်ရပ် တဒါရုံ။

အဲဒီမှာ "ဇောစိတ်သတ်"ဆိုတာ ဇောစိတ် (သတ္တ) ခုနှစ်ကြိမ်လို့ ဆိုတာပါပဲ၊ အဲဒီဇောစိတ်ကတော့ သာမန်ပုဂ္ဂိုလ်တွေမှာ ဝုဋ္ဌောစိတ်က ချစ်စရာကောင်းတယ် စသည်ဖြင့် ဆုံးဖြတ်လိုက်တဲ့အတိုင်း လောဘ ဒေါသ စသော အကုသိုလ်ဇောစိတ် ဖြစ်တာပဲ များတယ်၊ သူတော်ကောင်းစိတ် ရှိတဲ့သူတွေ, ကုသိုလ်ဖြစ်ရေးကို အလေးပြုနေတဲ့ သူတွေမှာတော့ ဝုဋ္ဌောစိတ်က ကြည်ညိုစရာ ကောင်းတယ်၊ သနားစရာ ကောင်းတယ် စသည်ဖြင့် ဆုံးဖြတ်တဲ့အတိုင်း ကုသိုလ်ဇောလဲ ဖြစ်တတ်ပါတယ်၊ ယခုဆိုခဲ့ကြတဲ့ ဆောင်ပုဒ် ၂ ခုအရ ဆင်ခြင်တဲ့စိတ်မှ တဒါရုံစိတ်အထိ စိတ် ၁၄ ကြိမ်ဟာ မြင်တဲ့အခါ ဖြစ်ရိုး ဖြစ်စဉ်ပါပဲ၊ အာရုံအားနည်းတဲ့အခါမှာတော့ ဇောစိတ်တွင် အဆုံးသပ် သွားတာလဲ ရှိတယ်၊ ဇောကလဲ ၆ ကြိမ် ၅ ကြိမ် လောက်ဖြစ်တာ လဲရှိတယ်၊ အများအားဖြင့်တော့ ဇော ၇ ကြိမ် တဒါရုံ ၂ ကြိမ်အထိ ဖြစ်ရိုးဖြစ်စဉ်ပါပဲ၊ ဒါကြောင့် အဲဒီဖြစ်ရိုးစိတ်အစဉ်ကို "အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ်မှတ်ပါကုန်"လို့ ဆောင်ပုဒ်လဲ စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ်မှတ်ပါကုန်။

http://www.dhammadownload.com

ကြားဆဲ စသည်၌ စိတ်အစဉ်ဖြစ်ပုံ

အသံကြားတဲ့အခါ အနံ့နံတဲ့အခါ စသည်မှာလဲ စိတ်အစဉ်ဖြစ်ပုံကတော့ အတူတူပါပဲ၊ ထူးတာကတော့ (ဘဝင် ဆင်ခြင် မြင်ပြီးလျှင်လို့) ဆိုရာမှာ (ဘဝင် ဆင်ခြင် ကြားပြီးလျှင် စသည်ဖြင့် မြင်ဆိုရုံလောက်ပဲ ထူးပါတယ်၊ ဒါကြောင့် "ကြား, နံ, စား, ထိ မြင်တူ၏၊ မှတ်သိစိတ်ဖြစ်ပုံ"လို့လဲ အညွှန်းဆောင်ပုဒ်တစ်ခုကို စီထားပါသေးတယ်၊ အဲဒါကို ဆိုကြမယ်။

ကြား,နံ,စား,ထိ၊ မြင်တူ၏၊ မှတ်သိ စိတ်ဖြစ်ပုံ။

အသံကြားရင်, အနံ့နံရင်, အရသာ စားသိရင်, အတွေ့ အာရုံကို ထိသိရင် အဲဒီအခါများမှာလဲ စိတ်ဖြစ်ပုံ အစဉ်ဟာ မြင်တဲ့အခါ မြင်ပုံနဲ့ အတူတူပဲလို့ ဆိုလိုပါတယ်၊ မြင်ပြီးလျှင် ဆိုတဲ့နေရာမှာ ကြားပြီးလျှင်၊ နံပြီးလျှင်၊ စားပြီးလျှင်၊ ထိပြီးလျှင်လို့ ပြင်ဆိုရုံ လောက်သာ ထူးပါတယ်၊ အဲဒီ ကြားဆဲ စသည်မှာ စိတ်အစဉ်ဖြစ်ပုံကိုတော့ နောက်ရက်များကျမှ ပြောရမယ်၊ ယခုတော့ (ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ–ဆိုတဲ့) ပါဠိအရ မြင်ဆဲ၌ စိတ်အစဉ်ဖြစ်ပုံကို ပြောနေတာပါ။

မြင်တယ်ရှုမှတ် ပရမတ်သိပုံ

ယခုပြောခဲ့တဲ့အတိုင်း စက္ခုဝိညာဏ်စိတ်ဖြင့် မြင်သိပြီးတဲ့ နောက် လက်ခံစိတ် စုံစမ်းစိတ် ဝုဋ္ဌေါစိတ် ဇောစိတ် တဒါရုံစိတ် ဆိုတာတွေလဲ မြင်သိရတဲ့ ပရမတ်အဆင်းမျှကိုသာ အာရုံပြုပြီး ဖြစ်ကြတယ်၊ မိန်းမ ယောကျ်ား စသော ပညတ်ပုံသဏ္ဌာန်ကိုတော့

http://www.dhammadownload.com

အာရုံမပြုသေးပါဘူး၊ ဒါကြောင့် အကုသိုလ်ဟော ဖြစ်ပေမယ့် အဲဒီ အကုသိုလ်က ထက်သန်တဲ့ အကုသိုလ်တော့ မဟုတ်သေးပါဘူး၊ ဒါကြောင့် အဲဒီလို မြင်သိပြီးလျှင်ပြီးချင်း မြင်တယ်လို့ ရှုမှတ်နိုင်လျှင် မြင်သိရတဲ့ ပရမတ်အဆင်းရုပ်နဲ့ မြင်သိစိတ် ပရမတ်နာမ်တရားကို အမှန်အတိုင်း သိရပါတယ်၊ အဲဒီလို မြင်တိုင်း မြင်တိုင်း ရှုမှတ်ပြီး ပရမတ် ရုပ်နာမ်မျှကိုသာ သိသိနေရင် မိန်းမကို မြင်တယ်၊ ယောကျ်ားကို မြင်တယ် စသည်ဖြင့် ပညတ်ကို ကြံ့သိတဲ့ စိတ်ကူးတွေ မဖြစ်တော့ဘူး၊ အဲဒါဟာ မြင်ရုံမျှ ဖြစ်လတ္တံ့"ဆိုတဲ့ ဒေသနာတော်နှင့်အညီ မြင်ရုံမျှတွင် တည်ပုံပါပဲ။

မြင်သိပြီးလျှင် ကြံ့သိစိတ်ဖြစ်ပုံ

ယခုပြောခဲ့တဲ့အတိုင်း သိမြင်ပြီးလျှင်ပြီးချင်း မြင်တယ် မြင်တယ်လို့ ရှုမှတ်ပြီး သိဖို့ဆိုတာက မလွယ်ပါဘူး၊ ရှုမှတ်ခါစ ယောဂီဆိုရင် အဲဒီလို မြန်မြန် မမှတ်မသိနိုင်သေးပါဘူး၊ အဲဒီလို မသိနိုင်သေးတဲ့အတွက် မြင်သိတာကို ပြန်ဆင်ခြင်တဲ့ ကြံ့သိဝိထိ ဖြစ်ပေါ်တယ်၊ အဲဒီ ဝိထိဖြစ်ပုံကတော့ ဘဝင်မှထပြီး ဆင်ခြင်တဲ့ စိတ် ရှေးဦးစွာ ဖြစ်တယ်၊ အဲဒီ စိတ်ပြီးတော့ ဟောခုနစ်ကြိမ်နဲ့ တဒါရုံနှစ်ကြိမ် ဆိုတာတွေ ဖြစ်တယ်၊ တဒါရုံ ပြီးတော့ ဘဝင်စိတ်တွေ ဖြစ်သွားတယ်။ အဲဒီဖြစ်ပုံကိုလဲ "ဆင်ခြင်ပြီးခါ၊ ဟော, တဒါ၊ ကြံ့ရာစိတ်ဖြစ်ပုံ"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

ဆင်ခြင်ပြီးခါ၊ ဟော, တဒါ၊ ကြံ့ရာစိတ်ဖြစ်ပုံ။

http://www.dhammadownload.com

စိတ်ကူး ကြံစည်တဲ့အခါ အပြည့်အစုံဆိုရင် ဆင်ခြင်တဲ့ အာဝဇ္ဇန်းစိတ်ရယ် ဇောခုနစ်ကြိမ်ရယ် တဒါရုံနှစ်ကြိမ်ရယ် ပေါင်း စိတ် (၁၀) ကြိမ်ဖြစ်တယ်၊ အာရုံက အားနည်းရင်တော့ ဇော ခုနစ် ကြိမ် အထိမျှသာ ဖြစ်တာလဲ ရှိတယ်၊ ဇော ၆ ကြိမ်မျှ ၅ ကြိမ်မျှတွင် ပြတ်စဲသွားတာ ရှိတယ်။ မြင်ပြီးလျှင်ပြီးချင်း အဲဒီလို ကြံသိရာမှာလဲ မိန်းမ, ယောကျ်ားစသော ပုံသဏ္ဌာန် ပညတ်မပေါ်သေးပါဘူး၊ မြင်သိဆဲကအတိုင်း ပရမတ်အဆင်းမျှသာ ပေါ်ပါသေးတယ်၊ ထူးတာကတော့ မြင်သိဆဲမှာ ရှိဆဲ ပစ္စုပ္ပန်အဆင်း ထင်ရှားတယ်၊ ပြန်လည်ကြံသိတဲ့ အဲဒီစိတ် အစဉ်မှာတော့ ချုပ်ပြီး ကွယ်လွန်ပြီး အတိတ်အဆင်း ထင်ရှားတယ်၊ ဒါလောက်သာ ထူးပါတယ်၊ အဆင်းရုပ်ကတော့ ပရမတ်အစစ်ပါပဲ၊ ဒါကြောင့် အဲဒီကြံသိ ပြီးလျှင်ပြီးချင်း မြင်တယ်လို့ ရှုမှတ်နိုင်ရင်လဲ ပရမတ်အဆင်းရုပ်ကို အမှန်အတိုင်း သိတာပါပဲ။ ဒါပေမယ့် အားထုတ်ကာစ ပုဂ္ဂိုလ်က တော့ အဲဒီ ကြံသိ ပထမဝိထိ အခြားမဲ့မှာ ရှုမှတ်ဖို့ မဖြစ်နိုင်သေးပဲ ရှိတတ်ပါတယ်။

ပညတ် ထင်ရှားပေါ်လာပုံ

အဲဒီလို ကြံသိပထမဝိထိ၏ အခြားမဲ့မှာ မရှုမှတ်နိုင်သေးရင် တော့ ဒုတိယကြံသိဝိထိက ဆက်ပြီးဖြစ်လာတယ်။ အဲဒီ ဝိထိစိတ် အစဉ်မှာတော့ မိန်းမ, ယောကျ်ားစသော ပုံသဏ္ဌာန် ပညတ်ပေါ်လာ တယ်၊ အဲဒီကနောက် တတိယ ကြံသိဝိထိကျတော့ မိန်းမ, ယောကျ်ားစသော အမည်ပညတ်လဲ ပေါ်လာတယ်၊ အဲဒီလို

http://www.dhammadownload.com

ဒုတိယ, တတိယ ကြံ့သိဝိထိများဖြင့် ပုံသဏ္ဌာန်ပညတ် အမည်ပညတ်တွေကို သူ့အလိုလို အလျင်အမြန် သိသိသွားတာဟာ မောဟ၏ အစွမ်းအားဖြင့် အလွဲအမှားတွေကို သိသိသွားတာပါပဲ၊ အဲဒီလို အလွဲအမှားတွေကို မောဟက လက်ဦး သိသိသွားသော ကြောင့် မောဟဟာ (အာရမ္မဏ သဘာဝစ္ဆာဒနရသော) အာရုံ၏ သဘောအမှန်ကို ဖုံးလွှမ်းခြင်း ကိစ္စရှိတယ်လို့ အဋ္ဌကထာများမှာ ပြဆိုထားတာပါပဲ။ အဲအခု သတိပဋ္ဌာန်ဒေသနာတော်အရ မြင်တိုင်း မြင်တိုင်း မြင်တယ် မြင်တယ်လို့ ချက်ချင်းရှုမှတ်နေကြရတာဟာ အဲဒီကြံ့သိဒုတိယ ဝိထိစသည်ဖြင့် ပညတ်အလွဲအမှားကို အာရုံမပြုသေးခင် ပရမတ်အဆင်းရုပ်အမှန်ကို သိအောင် ရှုမှတ်နေကြရတာပါပဲ၊ ဒါပေမယ့် အားထုတ်ကာစမှာတော့ သတိ, သမာဓိ, ဉာဏ်ကနောက်ကျနေလို့ အမှန်အတိုင်း မသိနိုင်သေးပါဘူး၊ သတိ, သမာဓိ, ဉာဏ်အားကောင်းလာတဲ့အခါကျတော့ မြင်သိဝိထိ၏ အခြားမဲ့မှာလဲ ရှုမှတ်ပြီး အမှန်အတိုင်း သိနိုင်ပါတယ်၊ ဘဂီဉာဏ် သခါရပေက္ခာဉာဏ်များကျတော့ မြင်သိစိတ်အစဉ်မှာ ဇောထိအောင် မဖြစ်တော့ဘဲ ဝုဋ္ဌော နစ်ကြိမ် သုံးကြိမ်မျှသာ ဖြစ်ပြီးတော့ အဲဒီဝိထိ အခြားမဲ့မှာ ရှိသတဲ့ ဆဋ္ဌဂုံပေက္ခာ ဝိပဿနာဉာဏ်ဖြစ်ကြောင်းကို မူလပဏ္ဏာသ အဋ္ဌကထာ (နာ ၁၂၉) စသည်၌ ပြဆိုထားပါတယ်၊ အဲဒီအကြောင်း အပြည့်အစုံကို ဝိပဿနာရှုနည်းကျမ်း (ပ–ဆဋ္ဌ အကြိမ်ရိုက် ၃၂၀ စသည်) မြင်ဆဲ၌ ရှုပုံမှာ ကြည့်ရှုနိုင်ပါတယ်။ အဲဒါနှင့် စပ်ပြီးတော့ အရှင်ပေါဠိလမထေရ်ဝတ္ထုကို အကျဉ်းချုပ်ထုတ်ပြပါဦးမယ်။

http://www.dhammadownload.com

အရှင်ပေါ်ဌိလမထေရ်ဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်ကာလက အရှင်ပေါ်ဌိလဆိုတဲ့ မထေရ်ကြီး တစ်ပါးရှိခဲ့တယ် ပိဋကတ်သုံးပုံဆောင် စာချ ဆရာတော်ကြီးပါပဲ၊ ဒါပေမယ့် ဘာဝနာကို အားမထုတ်တဲ့ အတွက် မြတ်စွာဘုရားရှင်က သူ့ကို တွေ့မြင်ရတဲ့အခါ တုဿ ပေါ်ဌိလ–အချည်းနှီး ပေါ်ဌိလ အလကား ပေါ်ဌိလလို့ မိန့်ခေါ်တော်မူတယ်။ အဲဒီလို ရှုတ်ချပြီး ခေါ်တော်မူတဲ့အတွက် အရှင်ပေါ်ဌိလက ဆင်ခြင်တယ်၊ ငါ့မှာ ပရိယတ်ဘက်ကတော့ လိုလေသေးမရှိ ပြည့်စုံနေတာပဲ၊ ငါ့ကို မြတ်စွာဘုရားရှင်က တုဿ–အချည်းနှီး–အလကားလို့ ဆိုတာဟာ ဘာဝနာဘက်က လိုနေလို့ပဲ၊ ဘာဝနာဘက်က ပြည့်စုံအောင် အားထုတ်မယ်လို့ ယောနိသော မနသိကာရဖြင့် နလုံးသွင်းဆင်ခြင်ပြီး ရဟန္တာ ၃၀ ရှိတဲ့ တောရကျောင်းတစ်ခုကို သွားပြီး၊ မထေရ်ကြီးထံမှာ ကမ္မဋ္ဌာန်းတောင်းတယ်၊ မထေရ်ကြီးက ပရိယတ်မာန်ခံနေမှာကို မြင်တော်မူတဲ့အတွက် ဒုတိယမထေရ်ထံ လွှဲလိုက်တယ်၊ ဒုတိယမထေရ်ကလဲ တတိယမ့ထေရ်ထံ လွှဲလိုက်တယ်၊ ဒီနည်းဖြင့် နောက်ဆုံးကျတော့ ၇ နှစ်အရွယ် ရဟန္တာသာမဏေကလေးထံ ရောက်သွားတယ်။

သာမဏေကလေးက "တပည့်တော်ဟာ ငယ်လဲ ငယ်ပါသေးတယ်၊ သုတလဲ နည်းပါတယ်၊ အရှင်ဘုရားထံမှ သင်ယူဖို့သာ ရှိပါတယ်"လို့ အကြောင်းပြုပြီး ငြင်းပယ်ပါသော်လဲ အရှင်ပေါ်ဌိလက ရိုသေစွာ ထပ်မံပြီး တောင်းပန်ပါတယ်၊ အဲဒီတော့ သာမဏေ

http://www.dhammadownload.com

ငယ်က ဒီလို ကမ္မဋ္ဌာန်း ပေးပါတယ်။

အရှင်ဘုရား တောင်ပို့တစ်ခုမှာ အပေါက် ၆ ခုရှိပါတယ်၊ အဲဒီတောင်ပို့ထဲက ဖွတ်ကို ဖမ်းချင်ရင် အပေါက် ငါးခုကို ပိတ်ပြီးတော့ ကျန်တဲ့အပေါက်က စောင့်ပြီး ဖမ်းရပါတယ်။ အဲဒီလိုပဲ ဒွါရ ၆ ပါးမှာ အာရုံ ၆ ပါးထင်လျှင် ငါးဒွါရကို ပိတ်ပြီး မနောဒွါရ တစ်ခုတည်းကသာ အလုပ်လုပ်ရပါတယ်လို့ ကမ္မဋ္ဌာန်း ပေးလိုက်ပါတယ်တဲ့။

ဆိုလိုတာကတော့ မျက်စိ နား နှာခေါင်း လျှာ ကိုယ်ဆိုတဲ့ ငါးဒွါရမှာ ဇောမကျစေဘဲ မနောဒွါရ၌သာ ရှုသိမှု ဝိပဿနာ ဇောဖြစ်စေလျက် အားထုတ်ပါလေလို့ ဆိုလိုတာပါပဲ။ အဲဒါ လောက်ဖြစ်ဆိုရင် ပိဋကတ်သုံးပုံ စာချဆရာတော်ကြီးဆိုတော့ ရှုသိရမည့် လုပ်ငန်းစဉ်အကျယ်ကို ကောင်းကောင်းသဘော ပေါက်သွားပါတယ်။ အဲဒါဟာ မြင်သိရာ ကြားသိရာ နံသိရာ စားသိရာ ထိသိရာတွေမှာ ဝုဋ္ဌေမ္ဘတွင် ရပ်တန့်စေပြီးတော့ ချက်ခြင်း ရှုသိ ရှုသိသွားဖို့ရာပါပဲ။ ယခု ဒီသုတ်မှာ မြင်ရသည် ၌ မြင်ရုံမျှ တည်လတ္တံ့၊ မြင်ရုံမျှ တည်စေရမယ်လို့ ညွှန်ကြားချက်နဲ့ အတူတူ ပါပဲ၊ အရှင်ပေါဠိလမထေရ်ဟာ အဲဒီနည်းအတိုင်း ရှုမှတ်အားထုတ်ပြီးတော့ မြတ်စွာဘုရားက ဟောတဲ့ ဂါထာတစ်ပုဒ်ကိုလဲ နာရတဲ့ အတွက် မကြာခင်ဘဲ ရဟန္တာ ဖြစ်တော်မူသွားပါသတဲ့။

http://www.dhammadownload.com

ချင်ချင်းမရှုနိုင်လျှင် ပညတ်ရောက်သွားပုံ

ဒီနေရာမှာ မြင်သိပြီးလျှင်ပြီးချင်း မရှုမသိနိုင်လျှင် ဒုတိယ တတိယ ကြံ့သိဝိထိတို့ဖြင့် ပညတ်အလွဲအမှားတွေကို သိသွားပုံကို ဒီလို ဆောင်ပုဒ်စီထားပါတယ်၊ "ထင်ဆဲဆင်းဓာတ် မြင်လတ်ဦးစွာ၊ မြင်ပြီးတရား စဉ်းစားပြန်ရာ၊ သဏ္ဌာန်ခြပ် ပညတ်ပေါ်ကာ၊ မည်နာမ သိရနောက်ဆုံးမှာ"တဲ့။ အဲဒါကို ဆိုကြရမယ်။

ထင်ဆဲ ဆင်းဓာတ်မြင်လတ်ဦးစွာ။
(အဲဒါက မြင်သိဝိထိမှာ သိပုံပဲ။)

မြင်ပြီးတရား စဉ်းစားပြန်ရာ။
(ဒါက မြင်ပြီးနောက် ပထမ ကြံ့သိဝိထိဖြင့် သိပုံပဲ။)

သဏ္ဌာန်ခြပ် ပညတ်ပေါ်ကာ။
(ဒါက ဒုတိယကြံ့သိဝိထိဖြင့် ပုံသဏ္ဌာန်ပညတ်သိပုံပဲ။)

မည်နာမ သိရနောက်ဆုံးမှာ။
(ဒါကတတိယကြံ့သိဝိထိဖြင့် အမည်ပညတ် သိပုံပဲ။)

ချက်ချင်းရှုနိုင်လျှင် ပရမတ်၌တည်ပုံ-ဉာဏ်ဖြစ်ပုံ

မြင်ပြီးလျှင်ပြီးခြင်း ရှုမှတ်နိုင်ရင်တော့ မြင်ရုံမျှတွင် တည်ပြီး ပရမတ်ရုပ်နာမ်အစစ်ကိုလဲ ပိုင်းခြားပြီး သိရတယ်၊ အဖြစ်အပျက်ကိုလဲ သိရတယ်၊ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားမျှပဲ ဆိုတာကိုလဲ သိရတယ်၊ အဲဒါကိုလဲ "မြင်လျှင်မြင်ချင်း လက်ငင်းမှတ်လျှင်၊ မြင်ရုံတွင်ပဲ ရုပ်စစ်စိတ်စဉ်၊ ရုပ်နာမ်ကွဲလျက် ဖြစ်ပျက်သိမြင် အနိစ္စ

http://www.dhammadownload.com

ဒုက္ခ သဘောထင်"လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြ ရမယ်။

မြင်လျှင်မြင်ချင်း လက်ငင်းမှတ်လျှင်၊ (ဒါက မြင်သိ ဝိထိ၏ အခြားမဲ့၌ ရှုမှတ်နိုင်လျှင် သို့မဟုတ် ပထမကြံ့သိဝိထိ၏ အခြားမဲ့၌ ရှုမှတ်နိုင်လျှင်လို့–ဆိုလိုတာပါပဲ။)

မြင်ရုံတွင်ပဲ ရပ်စဲစိတ်စဉ်က၊ (ဒါက ချက်ခြင်း ရှုမှတ်နိုင်လျှင် မြင်ရုံမျှတွင် စိတ်အစဉ် ရပ်စဲသွားတယ်၊ ဒုတိယကြံ့သိဝိထိ စသည် မဖြစ်တော့ဘူးလို့ ဆိုလိုပါတယ်၊ ယခု ဒီသုတ်မှာ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ–စသည်ဖြင့် ဟောထားတဲ့ အတိုင်းပါပဲ။)

ရုပ်နာမ်ကွဲလျက် ဖြစ်ပျက်သိမြင် (ဒါက ရုပ်နာမ် ၂ ပါးကို ခွဲခြားပြီး သိမြင်တယ်၊ အဖြစ်အပျက်ကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် သိမြင်တယ်လို့ ဆိုလိုတာပါပဲ။)

အနိစ္စ ဒုက္ခ သဘောထင်။ (အနိစ္စ ဒုက္ခ အခြင်းအရာ အနတ္တ သဘောမျှ အခြင်းအရာတွေလဲ ထင်ပေါ်တယ်။ ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်တယ်လို့ ဆိုလိုတာပါပဲ။)

ယခုပြောခဲ့တဲ့အတိုင်း ဝိပဿနာ သမာဓိဉာဏ် ရင့်သန်အားကောင်းတဲ့အခါ မြင်ပြီးလျှင်ပြီးချင်း ရှုမှတ်ပြီး မြင်ဆဲက ထင်ရှားပေါ်ခဲ့တဲ့ အဆင်းပရမတ်နဲ့ မြင်သိစိတ်စသော နာမ်များကို ခွဲခြားပြီးတော့လဲ သိတယ်၊ အဲဒီ ရုပ်နာမ်များ ဖြစ်ပေါ်လာတာ ပျောက်ကွယ်သွားတာကိုလဲ သိတယ်၊ သင်ဉာဏ် ထက်ထက်သန်သန်ကြီး ဖြစ်နေတဲ့အခါဆိုရင် မြင်ရတာနဲ့ မြင်သိတာတွေ ရိပ်ရိပ်ရိပ်ရိပ်နဲ့ ပျောက်ပျက်သွားတာကိုသာ တွေ့နေရတယ်၊ ဒါကြောင့်

http://www.dhammadownload.com

အဲဒီလို တရိပ်ရိပ်နဲ့ ပျက်ပျက်သွားတာကို တွေ့နေရတော့ မျက်စိက မှုန်သွားတာလေလားလို့တောင် ထင်တတ်သေးတယ်။ အဲဒီလို လျင်မြန်စွာ ပျက်ပျက်သွားတာကိုသာ တွေ့ရတော့ မမြဲဘူးလို့လဲ ပိုင်နိုင်စွာ သိရတယ်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ ကြောက်စရာ ဆင်းရဲပဲလို့လဲ သိရတယ်၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သဘောတရားမျှပဲ အနတ္တပဲလို့လဲ ပိုင်နိုင်စွာ သိရတယ်။ အဲဒါဟာ မြင်ရုံမျှတွင် တည်နေပုံပါ ပဲ၊ အဲဒီလို မြင်ရုံမျှတွင် တည်နေအောင် ရှုဖို့ရာ "ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဘဝိဿတိ"လို့ ဟောတော်မူတာပါပဲ။ အဲဒီပါဠိမှာ မာလုက္ကျပုတ္တာမထေရ် တောင်းပန်ဝန်ခံတဲ့ စကားထဲက အပွမတ္တောဝိဟရေယျုံဆိုတဲ့ ပုဒ်များကိုလဲ 'တေ၊ သင်အား' ဆိုတဲ့ ပုဒ်၏ ဝိသေသနအဖြစ်ဖြင့် အပွမတ္တသ ဝိဟရတောလို့ လိုက်ပြီး ယှဉ်စပ်ဖို့ရာလဲ လိုပါတယ်။ ယှဉ်စပ်ပုံကတော့–

မာလုက္ကျပုတ္တာ၊ မာလုက္ကျာ၏ သားဖြစ်သော ရဟန်း၊ အပွမတ္တသ ဝိဟရတ္တောဝ၊ သင်ဝန်ခံသည့်အတိုင်း မမေ့မလျော့ မပြတ်ရှုလျက်နေလျှင်၊ ဝါ၊ မမေ့မလျော့ မပြတ်ရှိနေသော တေ၊ သင့်အား။ ဒေ္ဓ စ ဒိဋ္ဌ သုတ မုတ ဝိညာတေသုဓမ္မေသု၊ မြင်ရ ကြားရ ရောက်ရ သိရသော ဤတရားတို့တွင်လဲ။ ဒိဋ္ဌေ၊ မြင်ရသည်၌။ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ မြင်ရုံမျှဖြစ်လတ္တံ့တဲ့။ ဒီလို ရှေ့နားက ဝန်ခံခဲ့သည့် စကားနဲ့လိုက်ပြီး ယှဉ်စပ်လိုက်မှ အနက်အဓိပ္ပာယ် ပေါ်လွင်ချောမော သွားပါတယ်။ အတိုချုပ် ဆိုလိုတာကတော့ "မာလုက္ကျပုတ္တာရေ၊ သင်က မမေ့မလျော့ အားထုတ်နေပါ့မယ်လို့ ဝန်ခံခဲ့တယ် မဟုတ်လား၊ အဲဒီလို ဝန်ခံခဲ့သည့်အတိုင်း မမေ့မလျော့ မပြတ်ရှုနေလျှင်

http://www.dhammadownload.com

ဟောဒီ မြင်ရ ကြားရ ရောက်ရ သိရတာတွေထဲကလဲ သင့်မှာ မြင်ရသည်၌ မြင်ရုံမျှ ဖြစ်ပါလိမ့်မည် "စသည်ဖြင့် ဆိုလိုတာပါပဲ၊ အဲဒါဟာ ယခု ဘုန်းကြီးတို့ ယောဂီတွေမှာ ကိုယ်တိုင်တွေ့အားဖြင့် ထင်ရှားနေပါတယ်၊ ဘဂီဉာဏ်ရောက်တဲ့အခါကျတော့ မြင်ရတာလဲ မြင်ရုံမျှပဲ၊ ကြားရ နံရ စားသိရ ထိသိရ ကြံသိရတာတွေလဲ ကြားရုံမျှ နံရုံမျှ စားသိရုံမျှ ထိသိရုံမျှ ကြံသိရုံမျှတွင် ရပ်သွားတာပဲ၊ မိန်းမ ယောကျ်ား စသော ပညတ်အာရုံတွေဆီကို မရောက်တော့ဘူး၊ အင်မတန် ထင်ရှားပါတယ်။

လူတစ်ယောက် စောဒနာပုံ

ဒါပေမယ့် မြင်ဆဲ ကြားဆဲ စသည်မှာ မပြတ်လိုက်ပြီး မရှုမမှတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေကတော့ မြင်တယ် ကြားတယ် စသည်ဖြင့် ရှုမှတ်နည်း ယုံမှားသံသယ ရှိနေကြတယ်၊ တချို့က မှားတယ်လို့ တောင် ထင်နေကြသေးသတဲ့၊ တစ်ခါက ချောက်မြို့မှာ တရားဟောနေစဉ်တုန်းက လူတစ်ယောက်က လာပြီး စောဒနာတဲ့အနေနဲ့ မေးလျှောက်တယ်။ စက္ခုဝိညာဏ်က မြင်သိရာမှာ အဆင်းရုပ်၏ ဥပါဒ်နဲ့ ဘင်ဆိုတဲ့ အဖြစ်အပျက်ကို မမြင်နိုင်ဘူး မဟုတ်ပါလားတဲ့။ စက္ခုဝိညာဏ်ဆိုတာ အဆင်းရုပ်ကို မြင်သိရုံမျှပါပဲ၊ အဆင်းရုပ်၏ အဖြစ်အပျက်ကိုတော့ မမြင်နိုင်ပါဘူး၊ "အဲဒီလို စက္ခုဝိညာဏ်က အဆင်းရုပ်၏ အဖြစ်အပျက်ကို မမြင်ရတော့ အဲဒီမြင်သိတာကို ရှုမှတ်ခြင်းဖြင့် အဆင်းရုပ်၏ အဖြစ်အပျက်ကို ဖြစ်နိုင်ပါ့မလား"လို့ စောဒနာတဲ့ သဘောပါပဲ။

http://www.dhammadownload.com

စောဒနာကို ရှင်းပြချက်

အဘိဓမ္မာ အဋ္ဌကထာများမှာ ပြထားတဲ့အတိုင်းဆိုရင်တော့ အဆင်းရုပ်ဟာ စက္ခုဝိညာဏ်မဖြစ်မီ စိတ် ၄ ကြိမ် ၅ ကြိမ် စသည်က ဖြစ်ခဲ့တယ်။ ချုပ်ပျက်တော့လဲ စက္ခုဝိညာဏ် မရှိတဲ့နောက် စိတ် ၁၂ ကြိမ် ၁၀ ကြိမ် ၉ ကြိမ် စသည် ကြာမှ ချုပ်ပျက်သွားတယ်၊ ဒါကြောင့် အဲဒီ အဆင်းရုပ်၏ ဥပါဒ်ဘင် အစစ်ဖြစ်တဲ့ အဖြစ်အပျက်ကိုတော့ စက္ခုဝိညာဏ်စိတ်က မမြင်ခဲ့ပါဘူး၊ ဒါပေမယ့် မြင်တယ်လို့ ရှုမှတ်တဲ့ သတိဉာဏ်ကတော့ အဲဒီစက္ခုဝိညာဏ်ဆိုတဲ့ မြင်သိစိတ်၏ ဥပါဒ်နဲ့ ဘင်ဆိုတဲ့ အဖြစ်အပျက်အစစ်ကို အမှတ်ရပြီး သိနိုင်ပါတယ်၊ ဒါကလဲ မြင်သိတစ်ဝိထိလုံးနဲ့ ဆိုင်တဲ့ အဖြစ်အပျက်ကို သိတာပါပဲ၊ အဲဒီလို မြင်သိစိတ်၏ အဖြစ်အပျက်ကိုသိရင် အဲဒီ စိတ်အစဉ်၏ အာရုံဖြစ်ပုံ ပျက်ပုံကိုလဲ သုတ္တန် ဒေသနာ နည်းအရအားဖြင့် သိတယ်လို့ ဆိုရပါတယ်။ ဒါကြောင့် အဂုတ္တရပါဠိစျာနသုတ် (တတိယအုပ် ၂၂၀) စသည်မှာ စျာန်မှ ထတဲ့အခါ စျာန်ဝင်စားခိုက်ဟု ဖြစ်တဲ့ ခန္ဓာငါးပါးလုံး ရှုပုံကို အထင်အရှားဟော ထားပါတယ်။ အဲဒီမှာ စျာန်စိတ် စေတသိက်နာမ်တရားများ ဖြစ်ပုံကတော့ မြင်တယ်လို့ ရှုမှတ်တဲ့အခါ မြင်သိစိတ် ထင်ရှားသလိုပင် ထင်ရှားပါတယ်။ ရုပ်၏အဖြစ်အပျက်ကိုတော့ စျာန်စိတ်က အာရုံပြုခဲ့တာ မဟုတ်လို့ တိုက်ရိုက်အားဖြင့် ထင်ရှားတယ်လို့ မဆိုနိုင်ပါဘူး၊ ဒါပေမယ့် စျာန်စိတ်စေတသိက်နာမ်တရားတွေကို ထင်ရှားသိရရင် အဲဒီစျာန်၏ မှီရာ ရုပ်, စျာန်စိတ်ကြောင့်ဖြစ်တဲ့ ရုပ်များ၏ အဖြစ်အပျက်ကိုလဲ ရှုသိနိုင်တော့

http://www.dhammadownload.com

တာပါပဲ။

အဲဒီ ဗျာနသုတ်မှာ ပြထားတဲ့ ရှုပုံနည်းအရအားဖြင့် မြင်တယ်လို့ ရှုမှတ်တဲ့အခါလဲ မြင်ရတဲ့အဆင်းရုပ်, မြင်သိစိတ်၏ မှီရာရုပ်များ ဖြစ်ပျက်ပုံကိုလဲ သိတယ်လို့ ဆိုနိုင်ပါတယ်၊ ရှုမှတ်နေတဲ့ယောဂီမှာ မြင်သိရတဲ့ အဆင်းရုပ် ပေါ်လာပုံ ပျက်သွားပုံကို လျှပ်ရောင်၏ အဖြစ်အပျက်ကိုမြင်ပြီး သိရသလိုပင် ထင်ရှားသိရပါတယ်။ ဒါကြောင့် 'မဟာနိဒ္ဒေသ(၃၃) စသည်မှာ-

ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ လို့ ပြဆိုထားတာပါပဲ။

အာကာသေ-ကောင်းကင်၌၊ ဝိဇ္ဇုပ္ပါဒေါ ဣ၀-လျှပ်လက်သကဲ့သို့ပင်၊ သခါရာ-သခါရတရားတို့သည်၊ ဥပ္ပဇ္ဇန္တိ စ-အသစ်အသစ်လည်း ဖြစ်ကုန်၏။ ဝယန္တိ စ-ဖြစ်ပြီးလျှင် ချုပ်လည်း ချုပ်ပျက်ကုန်၏တဲ့။

အဲဒီမှာ လျှပ်ရောင်၏ ဥပါဒ်ဆိုတဲ့ ဖြစ်ခြင်းကိုလဲ မျက်စိဖြင့် မမြင်နိုင်ပါဘူး၊ ဘင်ဆိုတဲ့ ပျက်ခြင်းကိုလဲ မမြင်နိုင်ပါဘူး၊ ဒါပေမယ့် လျှပ်ရောင်ဟာ ပေါ်လာပြီး ချက်ချင်းပင် ပျောက်ကွယ်သွားတယ်ဆိုတာကိုတော့ မျက်မြင်အားဖြင့်ပင် ထင်ရှားသိရပါတယ်၊ အဲဒါလိုပါပဲ၊ မြင်ဆဲ၌ မြင်တယ်လို့ ရှုမှတ်ရာမှာလဲ မြင်ရတဲ့ အဆင်းဟာ ပေါ်လာပြီး ချက်ချင်းပင် ပျောက်သွားတယ်ဆိုတာကို ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ် ရောက်နေတဲ့ ယောဂီက ထင်ရှားသိရပါတယ်၊ အထူးအားဖြင့် ကြားတယ်လို့ ရှုမှတ်ရာမှာ ကြားရတဲ့ အသံရုပ် ဖြစ်ပျက်ပုံက ပိုပြီးထင်ရှားတတ်ပါတယ်၊ ထို့အတူပင်

http://www.dhammadownload.com

ထိတယ်ထိတယ်လို့ ရှုမှတ်ရာမှာလဲ ထိသိရတဲ့ အတွေ့ရပ် ဖြစ်ပျက်ပုံဟာ ထင်ရှားတာပါပဲ၊ အဲဒီလို အဖြစ်အပျက်ကို ထင်ရှားတွေ့ပြီး အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတို့ဖြင့် သိသိသွားတာဟာ သုတ္တန်နည်းအရ ကိုယ်တိုင်တွေ့ ဝိပဿနာဉာဏ် အုစစ်ချည်းပါပဲ၊ အဲဒီလို ခဏမစဲ ဖြစ်ပျက်နေတာကို တွေ့ရရင် -

၈၀ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံ နိဗ္ဗိန္ဒတိ၊ ရဟန်းတို့ ဤသို့မြင်ရလျှင် သုတနှင့် ပြည့်စုံသော အရိယာသာဝကသည် ရုပ်၌လည်း မပျော်မွေ့ငြီးငွေ့၏ စသည်ဖြင့် ဟောထားတဲ့ နိဗ္ဗိဒါဉာဏ် စသည်လဲ ဖြစ်နိုင်ပါတယ်၊ နိဗ္ဗိန္ဒဝိရဇွတိ၊ ငြီးငွေ့လျှင် တပ်မက်ကင်းလျက် အရိယမဂ် ဖြစ်၏ စသည်ဖြင့် ဟောတော်မူတဲ့ ဒေသနာတော်နှင့်အညီ မဂ်ဖိုလ် နိဗ္ဗာန်ကိုလဲ မျက်မှောက်တွေ့မြင်ပြီး သောတာပန် စသည်ဖြစ် သွားနိုင်ပါတယ်။

အတိတ ဘဝင်နှင့် ပြိုင်ဖြစ်တဲ့ အဆင်းရုပ်၏ ဥပါဒ်ဆိုတဲ့ ဖြစ်ခြင်းနှင့် ဒုတိယ တဒါရုံ စသည်နှင့် ပြိုင်တူချုပ်တဲ့ ဘင်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဘယ်နည်းနှင့်မျှ မသိနိုင်ပါဘူး၊ အဋ္ဌကထာများမှာ ပြဆိုထားတဲ့အတိုင်း သုတမယဉာဏ်ဖြင့် သိရုံမျှရှိမှာပဲ၊ အဲဒီလို သိရုံမျှဖြင့် ဝိပဿနာဉာဏ်အစစ်လဲ မဖြစ်နိုင်ပါဘူး၊ အဲဒီလို ဆင်ခြင်ပြီး သိရုံနဲ့ ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်လဲ မဖြစ်နိုင်ပါဘူး၊ နောက်ပြီးတော့ ဒီတစ်ကြိမ် မြင်ရာမှာ အဆင်းရုပ်က တစ်ကြိမ်မျှဖြစ်တဲ့ အတိတ ဘဝင်နှင့် ပြိုင်တူဖြစ်တယ်၊ အတိတ ဘဝင် နှစ်ကြိမ်သုံးကြိမ် စသည်ဖြစ်ရာမှာ ပထမအတိတ ဘဝင်နှင့် ပြိုင်တူဖြစ်

http://www.dhammadownload.com

တယ်လို့လဲ တိတိကျကျ ဘယ်သူမျှ မသိနိုင်ပါဘူး၊ ချုပ်တဲ့အခါလဲ ဒုတိယတဒါရုံနှင့် ပြိုင်ဘူချုပ်တယ် စသည်ဖြင့်လဲ တိတိကျကျ ဘယ်သူမျှ မသိနိုင်ပါဘူး၊ အဲဒီလို အဆင်းရုပ်၏ အဖြစ်အပျက်ကို တိတိကျကျ သိရမှ ဝိပဿနာဉာဏ် ဖြစ်တယ်ဆိုရင် ဝိပဿနာ ဉာဏ် မဖြစ်နိုင်တော့ပါဘူး၊ ဒါကြောင့် "အဘိဓမ္မာ အဋ္ဌကထာတို့၌ ပြထားတာက သုတမယဉာဏ် ခန့်မှန်းနိုင်ရုံမျှ ပြထားတာပဲ၊ ဝိပဿနာရှုရာမှာ သိဖို့ပြထားတာ မဟုတ်ဘူး" ဆိုတာ သဘော ပေါက် နားလည်ထားလိုပါတယ်။

အမှန်စင်စစ်ကတော့ ရှေ့နားတုန်းက ညွှန်ပြခဲ့တဲ့ ဗျာနသုတ် စသည်နှင့်အညီ ဖြစ်ခိုက်ရုပ်ကို ရှုမှတ်ပြီး လျှပ်ရောင် ပေါ်လာတာ ပျောက်သွားတာကို သိသလို ကိုယ်တိုင်မျက်မှောက် သိသင့်သမျှ သိဖို့က လိုရင်းပဲ ဆိုတဲ့လဲ သဘောပေါက် နားလည်ထားဖို့ လိုပါ တယ်၊ ဒါလောက်ဆိုရင် ရုပ်၏ ဥပါဒ်နှင့် ဘင်ကို တိတိကျကျ မသိနိုင်ဘူး၊ အဲဒီလို သိရန်လဲ မလိုဘူး (ဂဒ္ဌန္တော ဝါဂစ္ဆာမီတိ ပဇာနာတိ) သွားနေဆဲမှာ သွားသည်ဟု သိ၏ စသည်ဖြင့် ညွှန်ပြ ထားတဲ့ ဒေသနာတော်နှင့်အညီ ဖြစ်ခိုက်ဖြစ်ဆဲရုပ်ကို ရှုမှတ်ပြီး သူ့အခိုက်နဲ့သူ အပိုင်းပိုင်း ပြတ်လျက် ချုပ်ပျောက်သွားတာကို သိဖို့သာ လိုတယ်" ဆိုတာ သဘောပေါက် နားလည်လောက်ပါပြီ၊ အဲဒီမှာလဲ ဖြစ်ဆဲပစ္စုပ္ပန်ကို ရှုရတယ် ဆိုပေမယ့် အချို့ရုပ်နာမ်တွေ ကိုတော့ အတိအကျ ဖြစ်ဆဲကို ရှုလို့ မဖြစ်ပါဘူး၊ ဗျာနမ်ဗထပြီး ဗျာန်စိတ် ရှုတာကို ပစ္စုပ္ပန် ရှုသိတယ်လို့ ဟောထားတဲ့ သုတ္တန်နည်း အရ ချုပ်ပြီးခါစ အနီးကပ် ပစ္စုပ္ပန်ကို ရှုသိခြင်းသာ ဖြစ်နိုင်ပါတယ်။

http://www.dhammadownload.com

ကြားရာစသည်၌ရှုပုံ

မြင်ရာ၌ ရှုသိပုံကတော့ ဒါလောက်ဆိုရင် တော်လောက်ပါပြီ နောက်ကျမှ ဂါထာတွေအရ ထပ်ပြီးရှင်းပြောဖို့လဲ ရှိပါသေးတယ်၊ ယခုတော့ "သုတေ သုတမတ္တံ ဘဝိဿတိ" စသည်အရ အကျဉ်းချုပ် ပြောပါဦးမယ်။

(အပွမတ္တာသ ဝိဟာရတော၊ မမ့ေမလျော့ မပြတ်ရှုလျက်နေလျှင်၊ ဝါ၊ မမ့ေမလျော့ မပြတ်ရှုနေသော။ တေ၊ သင်အား ဒါကဆက်စပ်ပြီး နားလည်ရအောင်လို့ ထပ်ပြီး ဖော်ပြတာပါ) သုတေ၊ ကြားရသည်၌။ သုတမတ္တံ ဘဝိဿတိ၊ ကြားရုံမျှ ဖြစ်လတ္တံ့-တဲ့။

မာလုက္ကျပုတ္တာမထေရ်က မမ့ေမလျော့ မပြတ်ရှုလျက် အားထုတ်နေပါ့မယ်လို့ ဝန်ခံခဲ့တယ်၊ အဲဒီ ဝန်ခံချက်အရ ကြားတိုင်း ကြားတိုင်း ကြားတယ် ကြားတယ်လို့ မမ့ေမလျော့ မပြတ်ရှုနေလျက် ကြားရသည်၌ ကြားရုံမျှတွင်ပဲ တည်နေပါလိမ့်မယ်တဲ့။ ယခုရွတ်ဆိုဟောနေတဲ့ စကားလုံးတွေဟာ တစ်လုံးချင်း တစ်လုံးချင်း ကြားနေကြရတာပဲ၊ အဲဒါတွေကို ကြားတိုင်း ကြားတိုင်း ပိုင်းခြားပြီး ရှုမှတ်နေရင် ဘာမျှ အနက်အဓိပ္ပာယ် မပေါ်နိုင်ဘူး။ အဲဒါလိုပဲ အခြားအသံတွေကိုလဲ ကြားတိုင်း ကြားတိုင်း ကြားတယ် ကြားတယ်လို့ ပိုင်ပိုင်နိုင်နိုင် ရှုမှတ်နေနိုင်ရင် ဘယ်သူ့အသံပဲ ဘာကိုပြောတာပဲ စသည်ဖြင့် ပညတ်တွေဆီ မရောက်တော့ဘဲ ကြားရုံမျှတွင်သာ တည်ပါလိမ့်မယ်တဲ့၊ အဲဒါကတော့ ဝိပဿနာဉာဏ် အတော်အတန် ရင့်လာရင် ယောဂီတိုင်းမှာပင် ထင်ရှားပါတယ်။

http://www.dhammadownload.com

အကျယ်ကိုတော့ နောက် သူ့အလှည့်ကျမှ ပြောရမယ်။

မုတေ၊ ရောက်ရသည်၌။ ဝါ၊ နံ့လျက်၊ စားလျက်၊ တွေ့ထိ လျက် ရောက်ရသည်၌၊ မုတမတ္တံ ဘဝိဿတိ၊ ရောက်ရုံမျှ တွေ့သိရုံ မျှ ဖြစ်လတ္တံ့တဲ့။ ဒွါရ ၆ ပါး၌ ထင်ပေါ်လာသမျှကို မမေ့မလျော့ မပြတ်ရှုမှတ်နေလျှင် ရောက်ရသည်၌ ရောက်ရုံမျှ ဖြစ်ပါလိမ့်မယ် တဲ့။ ရောက်ဆိုတာ နံ့သိတာ စားသိတာ ထိသိတာကို အကျဉ်းချုံး ပြီး ဟောတာပါပဲ၊ ဒါကြောင့် အနံ့နံ့သိရတဲ့အခါ နံ့ရုံမျှတွင် စိတ် အစဉ် ရပ်တန့်သွားပါလိမ့်မယ်၊ စားသိရတဲ့အခါ အရသာသိရုံမျှ တွင် ရပ်တန့်သွားပါလိမ့်မယ်၊ ကိုယ်ထဲက ထိသိတဲ့အခါလဲ ထိသိ ရုံမျှတွင်ပဲ ရပ်တန့်သွားပါလိမ့်မယ်၊ အဲဒီ နံ့ရတာစားသိရတာ ထိသိရတာနဲ့ စပ်ပြီး ဘာနံ့ပဲ ဘာအရသာပဲ ဘယ်သူနဲ့ ထိတာပဲ စသည်ဖြင့် ပညတ်အာရုံတွေဆီ မရောက်ဘဲ ရှိပါလိမ့်မယ်တဲ့။ ဒါက အကျဉ်းချုပ်ပဲ၊ နောက် သူ့အလှည့်ကျတဲ့အခါကျမှ အကျယ် ဖွင့်ပြ ဟောကြားရမယ်။

ဝိညာတေ–ကြဲသိရသည်၌၊ ဝိညာတမတ္တံဘဝိဿတိ–ကြဲသိရုံ မျှ ဖြစ်လတ္တံ့တဲ့။ စိတ်ကူးကြဲစည်မှု ဖြစ်တဲ့အခါ စိတ်ကူးတယ်၊ ကြဲတယ် စသည်ဖြင့် ရှုမှတ်လိုက်ရင် ကြဲသိရုံမျှတွင်ပဲ ရပ်တည်ပါ လိမ့်မယ်၊ ပညတ်အာရုံတွေဆီ မရောက်ဘဲ ကိလေသာစိတ်တွေ ဆက်လက်မဖြစ်ဘဲ ရှိပါလိမ့်မယ်တဲ့။ ဒါကိုလဲ နောက်ဆုံး သူ့ အလှည့်ကျမှ အကျယ်ပြောရမယ်။

ယခုပြောပြခဲ့တဲ့ ပါဠိအနက်အရ မြန်မာပြန် အကျဉ်းချုပ်ကို လိုက်ဆိုကြရမယ်။

http://www.dhammadownload.com

မြန်မာပြန်အကျဉ်းချုပ်

မာလုကျပုတ္တရဟန်း၊ (သင်ဝန်ခံခဲ့သည့်အတိုင်း မမေ့မလျော့ မပြတ်ရှုမှတ်နေလျှင်) မြင်ရ ကြားရ ရောက်ရ သိရတဲ့ ဒီတရားတွေ ထဲကလဲ သင့်မှာ မြင်ရသည်၌ မြင်ရုံမျှ ဖြစ်လိမ့်မည်၊ ကြားရသည်၌ ကြားရုံမျှဖြစ်လိမ့်မည်၊ (နံသိ စားသိ ထိသိလျက်) ရောက်ရသည်၌ ရောက်ရုံမျှ ဖြစ်လိမ့်မည်၊ ကြံသိရာ၌ ကြံသိရုံမျှဖြစ်လိမ့်မည်။

ရှင်းပြချက်

အဲဒါဟာ မာလုကျပုတ္တ ရဟန်းအား ဝိပဿနာအလုပ် အကျဉ်းချုပ် ပေးတော်မူတာပဲ၊ အတိုချုပ် ဆိုလိုတာကတော့ "မြင်ရုံမျှ စသည်တွင်သာ တည်အောင်ပေါ်လာသမျှကို မပြတ် ရှုမှတ်နေရမယ်"လို့ ဆိုလိုတာပါပဲ၊ မရှုမမှတ်ဘဲနဲ့တော့ မြင်ရုံမျှ စသည်တွင် တည်အောင် မတတ်နိုင်ပါဘူး၊ မပြတ်ရှုနေတာတောင်မှ အားထုတ်ကာစဆိုရင် မြင်ရုံမျှစသည်တွင် မတည်သေးပါဘူး၊ မြင်လိုက် ကြားလိုက်တာနဲ့ မိန်းမပဲ ယောကျ်ားပဲ ဘယ်သူပဲ စသည်ဖြင့် ပညတ်တွေဆီကို ရောက်သွားတတ်ပါသေးတယ်။ တချို့က အနိစ္စ စသည်ဖြင့် ဆင်ခြင်ရုံနဲ့ မြင်ရုံမျှ စသည်မှာ တည်တယ်လို့လဲ ဆိုကြတယ်။ တချို့ကလဲ စိတ်ကို စိတ်အတိုင်းထားရုံနဲ့ မြင်ရုံမျှ စသည်မှာ တည်တယ်လို့လဲ ဆိုကြတယ်။ အဲဒီလိုပြောနေကြတဲ့သူ တွေမှာ နားမခံသာတဲ့ စကားကို ကြားရတဲ့အခါ ကိုယ်မကြိုက်တဲ့ စာကို ဖတ်ရတဲ့အခါ ဒေါသစိတ် ဖြစ်မဖြစ်ကိုလည်းကောင်း၊ ကိုယ်ထဲ၌ နာကျင်မှု မခံသာမှု ဖြစ်တဲ့အခါ ညည်းညူခြင်း၊ သည်းမခံ

http://www.dhammadownload.com

လိုခြင်း ဖြစ်မဖြစ်ကိုလည်းကောင်း၊ စိစစ်ဝေဖန်၍ မှန်မမှန် ဆုံးဖြတ်သင့်ပါတယ်။

မြင်တိုင်း ကြားတိုင်း စသည်ပေါ်လာသမျှကို မပြတ် ရှုမှတ်နေရင်တော့ ဘဂီဥာဏ် စသည်ရောက်တဲ့အခါ မြင်ရုံမျှစသည်တွင်သာ တည်နေပုံကို ကိုယ်တိုင်တွေ့အားဖြင့် သိရပါတယ်၊ ဒါကြောင့် အဲဒီလို မပြတ်ရှုမှတ်လို့ မြင်ရုံမျှ စသည်တွင်သာ တည်နေရင် ဝိပဿနာဉာဏ်၏ အကျိုးသက်ရောက်ပုံကိုလဲ ဒီလိုဆက်ပြီး ဟောကြားတော်မူပါတယ်။

ဝိပဿနာ၏အကျိုးအာနိသင် ပြဆိုချက်

ယတော ခေါ် တေ မာလုကျမုတ္တ ဒိဋ္ဌ သုတ မုတ ဝိညာတေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ တတော တွံ မာလုကျမုတ္တ နိ တေန။

မာလုကျမုတ္တ၊ မာလုကျာ၏သားဖြစ်သောရဟန်း။ ယတော၊ အကြင်အခါ၌။ တေ၊ သင်အား။ ဒိဋ္ဌေ၊ မြင်ရသည်၌။ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ မြင်ရုံမျှဖြစ်လတ္တံ့။ သုတေ သုတမတ္တံ ဘဝိဿတိ၊ ကြားရသည်၌ ကြားရုံမျှဖြစ်လတ္တံ့။ မုတေ မုတမတ္တံ ဘဝိဿတိ၊ ရောက်ရသည်၌ ရောက်ရုံမျှဖြစ်လတ္တံ့။ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ သိရသည်၌ သိရုံမျှဖြစ်လတ္တံ့။ မာလုကျမုတ္တ၊ မာလုကျာ၏သားဖြစ်သောရဟန်း။ တတော၊ ထိုအခါ၌။ တွံ၊ သင် သည်။ နိ တေန၊ ထိုမြင်ရသော အဆင်းစသည်နှင့်တကွ မစပ်မဆိုင်ဘဲ

http://www.dhammadownload.com

ရှိလတ္တံ့။

အတိုချုပ်ဆိုလိုတာကတော့ မြင်တိုင်း ကြားတိုင်း စသည်မှာ မြင်ရုံမျှ ကြားရုံမျှ စသည်သာ ဖြစ်နေလျှင် အဲဒီအခါမှာ သင်ဟာ ထိုမြင်ရတဲ့ အဆင်းစသည်နှင့် (သာယာတဲ့ ရာဂ, ရွံမုန်းတဲ့ ဒေါသ, သိမှားတဲ့ မောဟတို့ အလိုအားဖြင့်) မစပ်မဆိုင်ဘဲ ရှိပါလိမ့်မယ်လို့ ဆိုလိုတာပါပဲ။ မရှုမမှတ်တဲ့သူတွေမှာတော့ မြင်ရုံမျှ စသည်တွင် မရပ်မတည်ဘဲ မြင်ရတဲ့အဆင်း စသည်ကို စိတ်ထဲမှာ စွဲမှတ်ထားတယ်။ ဒါကြောင့် အဲဒီအဆင်း စသည်ကို ပြန်လည်စဉ်းစားပြီး သာယာတပ်မက်တဲ့ ရာဂလဲဖြစ်နေတယ်။ ရွံမုန်းပြစ်မှားတဲ့ ဒေါသလဲ ဖြစ်နေတယ်၊ အမြဲတည်နေတယ် စသည်ဖြင့် အသိမှားတဲ့ မောဟလဲ ဖြစ်နေတယ်၊ ဒါကြောင့် မရှုမမှတ်နိုင်တဲ့ သူတွေမှာ အဲဒီမြင်ရတဲ့ အဆင်းစသည်နှင့် အမျှင်မပြတ် ဆက်စပ်လျက် ရှိနေတယ်။

ထင်ရှားပေါ်လာသမျှကို မမေ့မလျော့ မပြတ်ရှုမှတ်နေတဲ့ ပုဂ္ဂိုလ်မှာတော့ ဘဂဝန်ဉာဏ် စသည်ရောက်ပြီး ဝိပဿနာဉာဏ် ထက်သန်တဲ့အခါဆိုရင် ရှုသိရတဲ့ အာရုံရော ရှုသိမှုရော ချက်ချင်းပင် ပျောက်ပျက်သွားတာကို ထင်ရှားတွေ့ပြီး အနိစ္စ ဒုက္ခ အနတ္တမျှ ပဲလို့ သိသိနေတဲ့အတွက် မြင်ရုံမျှစသည်တွင်သာ တည်တယ်၊ ဘာမျှစွဲပြီး မကျန်ရစ်ဖူး။ အဲဒီအာရုံကို ဆက်လက် ဆင်ခြင်ခြင်းလဲ မဖြစ်ဖူး၊ ဒါကြောင့် အဲဒီမြင်ရတဲ့ အဆင်းစသည်နှင့်စပ်ပြီး ဘာ ကိလေသာမျှ မဖြစ်ဘူး၊ မမြင်ရ တာ စသည်လိုပင် ဖြစ်သွားတယ်၊ မရှုမသိရင်တော့ ကိလေသာတွေ အဲဒီအာရုံမှာ ဖြစ်နိုင်ခွန်း ရှိနေတယ်၊ အဲဒီလို ဖြစ်နိုင်ခွင့်ရှိတဲ့ ကိလေသာကို အာရမ္မဏာနုသယ

http://www.dhammadownload.com

ခေါ်တာပဲ၊ ရှိသိရတဲ့ အာရုံ၌ အဲဒီကိလေသာတွေ မဖြစ်နိုင်တာကို "ရှမ္ဘဝိပဿနာက တဒင်္ဂပဟာန်ဖြင့် ပယ်တယ်"လို့ ဆိုရတာပဲ၊ အဲဒီလို တဒင်္ဂပဟာန်ဖြင့် ပယ်သွားတဲ့အတွက် အဲဒီလို ရှိသိတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီ ရှိသိရတဲ့အာရုံတွေနဲ့ (ရာဂစသည် အလိုအားဖြင့်) မစပ် ဆိုင်တော့ပဲ ကင်းကွာသွားတာပဲ။ အဲဒါကို "နေ တေန၊ ထိုမြင်ရတဲ့ အဆင်းစသည်နှင့်တကွ မစပ်မဆိုင်ဘဲ ရှိလတ္တံ့"လို့ ဟောတော်မူတာပါပဲ၊ အဲဒါကို ရှေ့နားက ဆိုခဲ့တဲ့ မြန်မာပြန် အကျဉ်းချုပ်နဲ့ ဆက်စပ်ပြီး ဆိုကြရမယ်။

မြန်မာပြန်အကျဉ်းချုပ်ဆောင်ပုဒ်

မာလုကျပုတ္တရဟန်း (သင် ဝန်ခံခဲ့သည့်အတိုင်း မမေ့မလျော့ မပြတ်ရှုမှတ်နေလျှင်) မြင်ရ ကြားရ ရောက်ရ သိရတဲ့ ဒီတရားတွေ ထဲကလဲ သင့်မှာ မြင်ရသည်၌ မြင်ရုံမျှဖြစ်လိမ့် မည်၊ ကြားရသည်၌ ကြားရုံမျှ ဖြစ်လိမ့်မည်၊ ရောက်ရသည်၌ ရောက်ရုံမျှ ဖြစ်လိမ့်မည်၊ သိရသည်၌ သိရုံမျှ ဖြစ်လိမ့်မည်။ အဲဒီလို ဖြစ်လျှင် သင်ဟာ ထိုမြင်ရသည့် အဆင်းစသည်နှင့် (သာယာမှုနှုန်းထား ဆိုမှားတဲ့ အလိုအားဖြင့်) မစပ်မဆိုင်ဘဲ ရှိလိမ့်မည်။

မြင်ရုံမျှ စသည်ဖြစ်အောင် ရှုပုံကို ဖွင့်ပြတဲ့ အဌကထာ၌ မြင်ဆဲစသည်မှာပင် အကုသိုလ်ဧာ မဖြစ်အောင် အားထုတ်ဖို့လဲ ပြထားပါတယ်၊ အဲဒါကတော့ တမင်ကြောင့်ကြ စိုက်နေဖို့ မလိုပါဘူး၊ မပြတ်ရှုနေတဲ့ ယောဂီမှာ သူ့အလိုလိုပင် အကုသိုလ်ဧာ မဖြစ်ဘဲ ကင်းပါတယ် ဝိပဿနာဉာဏ် အလွန်ထက်သန်တဲ့ အခါ

http://www.dhammadownload.com

ကျတော့ ဖောတောင်မဖြစ်တော့ဘဲ ဝုဒ္ဓောမျှတွင် ရပ်သွားတာလဲရှိ ကြောင်းကို အရှင်ပေါဠိလမထေရ် ဝတ္ထုနှင့်စပ်ပြီး ရှေ့နားခဲ့ ပြောခဲ့ ပါပြီ၊ လိုရင်းကတော့ ဘဂီဉာဏ်စသည်ဖြစ်ပြီး ရှုသိရသမျှအာရုံမှာ ကိလေသာဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်းဖို့ရာက လိုရင်းပါပဲ။ အဲဒီလို ရှုသိရတဲ့ အာရုံ၌ ကိလေသာ ဖြစ်ခွင့်မရှိရင် တဒင်္ဂပဟာန်ကိစ္စလဲ ပြီးတယ်၊ ဒီသုတ်မှာ ပြောထားတဲ့အတိုင်း မြင်ရတဲ့အဆင်း စသည် နှင့် ရာဂစသည် အလိုအားဖြင့် မစပ်မဆိုင်တော့ဘူးဆိုတာလဲ ထင်ရှားတယ်။ အဲဒီလို မစပ်ဆိုင်လျှင် အဲဒီအာရုံတွေ၌ မတည် တော့ဘူးဆိုတာကိုလဲ ဒီလိုဆက်ပြီး ဟောတော်မူပါတယ်။

ယတော တွံ မာလုက္ကျပုတ္တ နေ တေန၊
တတော တွံ မာလုက္ကျပုတ္တ နေ တတ္ထ။

မာလုက္ကျပုတ္တ၊ မာလုက္ကျာ၏ သားဖြစ်သော ရဟန်း၊ ယတော၊ အကြင်အခါ၌၊ တွံ၊ သင်သည်။ နေ တေန၊ ထိုမြင်ရ သည့်အဆင်း စသည်နှင့်မစပ်ဆိုင်ဘဲ ရှိလတ္တံ့။ မာလုက္ကျပုတ္တ၊ မာလုက္ကျာ၏ သား ဖြစ်သောရဟန်း။ တတော၊ ထိုသို့မစပ်ဆိုင်သောအခါ၌။ တွံ၊ သင် သည်၊ နေ တတ္ထ၊ ထိုမြင်ရသည့်အဆင်း စသည်၌ မတည်ဘဲ ရှိလတ္တံ့တဲ့။

မတည်ဆိုတာ "ငါပဲ၊ ငါ့ဥစ္စာပဲ၊ ငါ့အတ္တပဲ"လို့ တဏှာ မာန ဒိဋ္ဌိဖြင့် ကပ်ငြိ၍ မတည်တော့ဘူးလို့ ဆိုလိုကြောင်း ဥဒါန်း အဋ္ဌကထာမှာ ဖွင့်ပြထားတယ်၊ အဲဒီ ပါဠိ၏ မြန်မာပြန်ကို ဆိုကြရမယ်။

မစပ်မဆိုင်လျှင်၊ အဲဒီ မြင်ရသည့်အဆင်းစသည်၌ မတည်ဘဲ ရှိလိမ့်မည်။

http://www.dhammadownload.com

"အဲဒီမြင်ရတဲ့အဆင်း စသည်နှင့် ရာဂစသည် အလိုအားဖြင့် မစပ်ဆိုင်ဘူး" ဆိုတာနဲ့ "အဲဒီအာရုံများ၌ တဏှာစသည်ဖြင့် ကပ်ငြိ၍ မတည်ဘူး"ဆိုတာဟာ အရအားဖြင့် အတူတူပါပဲ၊ ဝေါဟာရမျှသာ ကွဲပြားပါတယ်၊ တစ်နည်းအားဖြင့် ယူမယ်ဆိုရင်တော့ အဲဒီအာရုံတွေ၌ မတည်တော့ဘူးဆိုတဲ့ စကားတော်ဖြင့် အဲဒီမြင်ရတဲ့ အဆင်း စသည်ကို စွန့်လွှတ်ပြီး နိဗ္ဗာန်အာရုံသို့ ရောက်သွားတာကို ဆိုတယ်လို့ ယူရင်လဲ သင့်စရာ ရှိပါတယ်။ ဒါကြောင့် အဲဒီအာရုံတွေ၌ မတည်လျှင် ဆင်းရဲ၏ အဆုံးနိဗ္ဗာန်သို့ ရောက်သွားကြောင်းကို ဒီလိုဆက်ပြီး ဟောတော်မူပါတယ်။

နိဗ္ဗာန်ဆိုက်ရောက်ပုံ

ယတော တွံ မာလုက္ကျပုတ္တ နေ တတ္ထ၊ တတော တွံ မာလုက္ကျပုတ္တ နေဝိဓ နေ ဟုရံ နေ ဥဘယမန္တရေန ဧသေဝန္တော ဒုက္ခဿ။

မာလုက္ကျပုတ္တ၊ မာလုက္ကျာ၏သားဖြစ်သောရဟန်း။ ယတော၊ အကြောင်းအခါ၌။ တွံ၊ သင်သည်၊ နေ တတ္ထ၊ ထိုမြင်ရသည့် အဆင်းစသည်၌ မတည်ဘဲ ရှိလတ္တံ့။ မာလုက္ကျပုတ္တ၊ မာလုက္ကျာ၏ သားဖြစ်သောရဟန်း၊ တတော၊ ထိုသို့မတည် သောအခါ၌။ တွံ၊ သင်သည်။ ဝါ၊ သင်ဟုဆိုရသည့် ရုပ်နာမ် အစဉ်သည်။ နေဝ ဣဓ၊ ဤလောက၌လဲ မရှိ။ နေ ဟုရံ၊ ဟိုလောက၌လဲ မရှိ။ နေ ဥဘယ မန္တရေန၊ (ဤလောက ဟိုလောကဆိုတဲ့ ထိုနှစ်ပါးကို ကြဉ်၍) အခြား၌လဲ မရှိတော့ပြီ။ ဧသေဝ၊ ဤသို့ပင် (ဟုဆိုအပ်

http://www.dhammadownload.com

သော ရုပ်နာမ်အစဉ်)၏ မရှိတော့ခြင်းသည်ပင်လျှင်။ ဒုက္ခသ အန္တော၊ ဆင်းရဲ၏ အဆုံးပေတည်း။ ဝါ၊ ဆင်းရဲ၏ကုန်ဆုံးရာ နိဗ္ဗာန်ပေတည်းတဲ့။

မြင်ရသော အဆင်းစသည်၌ "ငါ၊ ငါ့ဟာ၊ ငါ့အတ္တ"လို့ စွဲလမ်းကပ်ငြိလျက် မတည်တော့ဘူးဆိုလျှင် ဘုရားရှင်က သင်လို့ဆိုတဲ့ မာလုက္ယပုတ္တအနေဖြင့် ငါလို့ ဆိုရတဲ့) ရုပ်နာမ်အစဉ်ဟာ မျက်မှောက် ဖြစ်တဲ့ ဤလူ့လောကမှာလဲ မရှိတော့ဘူး၊ မျက်ကွယ်ဖြစ်တဲ့ နတ်ဘဝစသော ဟိုလောကမှာလဲ မရှိတော့ဘူး၊ အဲဒီလောက ၂ ပါးမှ အလွတ်ဖြစ်သော အခြားမှာလဲ မရှိတော့ဘူး၊ အဲဒီလို သင်လို့ ငါလို့ ဆိုရတဲ့ ရုပ်နာမ်အစဉ် မရှိခြင်းဟာ ဆင်းရဲ၏ဆုံးရာ နိဗ္ဗာန်ပါပဲတဲ့၊ မရှိပုံက ဘယ်လိုလဲဆိုတော့ အရိယမဂ်ဖြင့် နိဗ္ဗာန်ကိုတွေ့နေဆဲမှာ မိမိကိုယ်လို့ ဆိုရတဲ့ ဖြစ်ပျက်ရုပ်နာမ်ဟူသမျှ အကုန်လုံး ကင်းဆိတ်နေတာ တွေ့ရတယ်၊ တစ်နည်းအားဖြင့် ပြောရရင် ရှုသိရတဲ့ ရုပ်နာမ်တွေရော ရှုသိမှုရော လုံးဝပြတ်စဲကင်းရှင်းနေတာ ကိုသာ တွေ့ရတယ်၊ အဲဒါဟာ အရိယမဂ်ဖိုလ်ဖြစ်ခိုက်၌ ငါလို့ ဆိုစရာ ကင်းနေပုံ မရှိပုံပါဘဲ၊ အဲဒီလို ငါမရှိတာဟာ ဆင်းရဲဆုံးရာ နိဗ္ဗာန်ပါပဲတဲ့၊ နောက်တစ်နည်းအားဖြင့်တော့ ရဟန္တာများ ပရိနိဗ္ဗာန်စံတဲ့အခါ ငါလို့ဆိုစရာ ရုပ်နာမ်တွေဟာ ဘယ်မှာမျှ မရှိတော့ဘူး၊ ပရိနိဗ္ဗာန်စုတေစိတ် ချုပ်သည်နှင့် တစ်ပြိုင်နက် အကုန်လုံး ကင်းသွားတယ်။ ဒါကတော့ ဆင်းရဲဟူသမျှ ကုန်ဆုံးရာ အနုပါဒိသေသ နိဗ္ဗာန်ပဲ၊ အရိယမဂ်ဖိုလ်၏ အာရုံဟာလဲ ဒီအနုပါဒိသေသနိဗ္ဗာန်နဲ့ ရုပ်နာမ်ကင်းဆိတ်သည့် အလိုအားဖြင့် သဘောတူပါတယ်။

http://www.dhammadownload.com

အဋ္ဌကထာမှာ အညေလို့ ပြဆိုထားတဲ့ အခြားဆရာတို့၏ အလိုအားဖြင့် နေဝ ဣမ၊ ဣဒ္ဓလဲ သင်မရှိ ဆိုတာဟာ မျက်စိနား နှာ လျှာ ကိုယ်စိတ်ဆိုတဲ့ ဒွါရ ၆ ပါးဒ္ဓလဲ မရှိတော့ဘူးလို့ ဆိုပါသတဲ့။ နေ ဟုရံ၊ ဟိုဒ္ဓလဲ မရှိ–ဆိုတာဟာ အဆင်း အသံ အနံ့ အရသာ အတွေ့ သဘောအာရုံဆိုတဲ့ အာရုံ ၆ ပါးဒ္ဓလဲ မရှိတော့ဘူးလို့ ဆိုသတဲ့။ နေ ဥဘယမန္တရေန၊ ထိုနှစ်ပါးကို ကြဉ်၍ အခြားဒ္ဓလဲ မရှိဆိုတာဟာ မြင်သိ ကြားသိ နံသိ စားသိ ထိသိ ကြံသိ ရှုသိဆိုတဲ့ ဝိညာဏ် ၆ ပါးဒ္ဓလဲ မရှိတော့ဘူးလို့ ဆိုပါသတဲ့။

အဲဒီ အညေ၀ါဒ အဆိုအဖွင့်ဟာ ယခုယောဂီ၏တွေ့ပုံ အရအားဖြင့် ပေါ်လွင်ပါတယ်။ ဝိပဿနာရှုနေတဲ့ ယောဂီဟာ ဘဂ်ဉာဏ်စသည်နှင့် သခ်ါရပေက္ခာဉာဏ်များသို့ ရောက်နေတဲ့ အခါ မြင်မှု ကြားမှုစသည် ထင်ပေါ်တိုင်း ရှုမှတ်ပြီး ချက်ခြင်းပင် ချုပ်ပျက်ချုပ်ပျက်သွားတာကို သိရတယ်၊ ရှုသိမှုကိုလဲ ချက်ခြင်းပင် ချုပ်ပျက်ချုပ်ပျက်သွားတယ်လို့ သိရတယ်၊ အဲဒီလို သိတဲ့အတွက် မြင်ရတဲ့အဆင်း စသည်နှင့်စပ်ပြီး သာယာတပ်မက်တဲ့ ရာဂလဲ ဖြစ်ခွင့်မရှိဘူး၊ စိတ်ဆိုးတဲ့ ဒေါသလဲ ဖြစ်ခွင့်မရှိဘူး၊ မြဲတယ် စသည်ဖြင့် သိမှားတဲ့ မောဟလဲ ဖြစ်ခွင့်မရှိဘူး၊ ဒါကြောင့် အဲဒီ မြင်ရတဲ့ အဆင်းစသည်နှင့် မစပ်မဆိုင်တော့ဘူး။ အဲဒီလို မစပ်မဆိုင်ဘဲရှိနေလျှင် သခ်ါရပေက္ခာဆိုတဲ့ ဝိပဿနာဉာဏ် ရင့်သန်အားပြည့်တဲ့အခါမှာ ရှုသိနေကျဖြစ်တဲ့ မြင်ရသော အဆင်း စသည်ကို အနုလောမဉာဏ်ဖြင့် ရှုသိပြီးတော့ ဂေါတြဘူဉာဏ်၏ အစွမ်း

http://www.dhammadownload.com

ဖြင့် စွန့်လွှတ်သွားတယ်၊ အဲဒီလို စွန့်လွှတ်သွားတာဟာ မြင်ရတဲ့ အဆင်းစသည်၌ မတည်ဘဲ ဖြစ်သွားတာပဲ၊ အဲဒီလို မတည်တာ အရိယမဂ်ဉာဏ်ဖြင့် ရုပ်နာမ်ခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်၊ အဲဒီ အခါမှာ ဘုရားရှင်က သင်လို့ဆိုတဲ့ (မာလုက္ကျပုတ္တအနေ, အခြားယောဂီအများအနေနဲ့တော့ ငါလို့ဆိုရတဲ့) ရုပ်နာမ်အစဉ်ဟာ မျက်စိ နား စသော ဒွါရ ၆ ပါးဌာနလဲ မထင်ရှားဘဲ ရှိမယ်၊ မြင်သိမှု ကြားသိမှုစသော ဖြစ်ရိုးဖြစ်စဉ် အသိစိတ်များ၌လဲ မထင်ရှားဘဲ ရှိမယ်၊ သင်လို့ ငါလို့ဆိုရတဲ့ ရုပ်နာမ်အစဉ် အဲဒီလို မထင်ရှားဘဲ ပြတ်စဲချုပ်ငြိမ်းသွားတာဟာ ဆင်းရဲ၏ အဆုံး နိဗ္ဗာန်ပဲလို့ ဆိုလိုပါတယ်။ အဲဒီအညေဝါဒအဆိုဟာ ယခုယောဂီများ ဝိပဿနာ လမ်းဆုံးရောက်ပုံနဲ့ နီးနောကြည့်ရင် ပေါ်လွင်ပါတယ်၊ မိလိန္ဒပဉှာမှာ နိဗ္ဗာန်မျက်မှောက်ပြုပုံ ပြထားတာနဲ့လဲ ကိုက်ညီပါတယ်။ မိလိန္ဒပဉှာ၌ ပြထားပုံကတော့–

နိဗ္ဗာန်မျက်မှောက်ပြုပုံ

> တဿ တံ စိတ္တံ အပရာပရံ မနသိကရောတော ပဝတ္တံ သမတိက္ကမိတ္တာ အပဝတ္တံ သြက္ကမတိ၊ အပဝတ္တမနုပ္ပတ္တောာ မဟာရာဇ သမ္မာပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတီတိ ဝုစ္စတိ။ (မိလိန္ဒပဉှာ ၃၁၁)

အပရာပရံ၊ တစ်မှတ်ပြီးတစ်မှတ် အဆင့်ဆင့်၊ မနသိ ကရောတော၊ နှလုံးသွင်း ရှုသိနေတာ၊ တဿ၊ ထိုယောဂီ၏၊ တံ စိတ္တံ၊ ရှုသိနေသော ထိုစိတ်သည်။ (အပရာပရံ မနသိ ကရောတော၊ တစ်

http://www.dhammadownload.com

မှတ်ပြီး တစ်မှတ် အဆင့်ဆင့် နလုံးသွင်း ရှုသိနေစဉ်) ပဝတ္ထုသမ တိက္ကမိတွာ၊ မပြတ်ဖြစ်နေသော ရုပ်, နာမ်အလျဉ်ကို ကျော်လွန် ၍။ အပွဝတ္ထု၊ မပြတ်ဖြစ်နေသော ရုပ်, နာမ်အလျဉ်၏ ပြတ်စဲချုပ် ငြိမ်းခြင်းသဘောသို့။ သြက္ကမတိ၊ သက်ဝင်၍ သွားလေတော့၏။

ယောဂီဟာ မူလက ဒွါရ ၆ ပါး၌ ထင်ပေါ်လာတဲ့ ထိရတာ ကြံသိရတာ, ကြားသိရတာ, မြင်သိရတာစသော (အတွေ့မျှား ရာကစ၍ စဉ်ထားသည်) မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်တွေကို တစ်မှတ်ပြီးတစ်မှတ် အဆင့်ဆင့် မပြတ်ရှုသိနေရတယ်၊ ရှုသိလို့ မကုန်နိုင်တဲ့ ရုပ်နာမ် အဖြစ်အပျက်တွေကိုချည်း တွေ့သိနေရတယ်၊ အဲဒီလို မကုန်မဆုံးနိုင်တဲ့ ရုပ်,နာမ်တွေကို အနိစ္စ စသော အခြင်း အရာတို့ဖြင့် ရှုသိနေရင်းထဲက နောက်ဆုံးအကြိမ် သိပြီးတဲ့အခါ အဲဒီ သိစရာတွေရော, ရှုသိမှုရော ပြတ်စဲ ချုပ်ငြိမ်းခြင်းသဘော ထဲသို့ ရုတ်တရက် ကျရောက်သွားတယ်၊ အဲဒီလို ကျရောက် သွားတဲ့ အခိုက်အတန့်မှာ ထိရတာ သိရတာ ကြားရတာ မြင်ရတာ နံ့ရတာ စားသိရတာဆိုတဲ့ အာရုံ ၆ ပါးလဲ မထင်ရှားဘူး၊ ကိုယ် အကြည် စိတ်နလုံး နှား မျက်စိ နှာ လျှာဆိုတဲ့ ဒွါရ ၆ ပါးလဲ မထင်ရှားဘူး၊ ထိသိ ကြံသိ ရှုသိ ကြားသိ မြင်သိ နံ့သိ စားသိဆိုတဲ့ အသိစိတ် နာမ် ၆ ပါးလဲ မထင်ရှားဘူး၊ သိစရာ သိတာရော ကင်းငြိမ်းနေတဲ့ သဘောဟာ ထင်ရှားတယ်၊ အဲဒါဟာ အရိယမဂ် ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတာပါပဲ ... တဲ့။ ဒါကြောင့် –

မဟာရာဇ၊ မိလိန္ဒမင်းကြီး၊ သမ္ဘာပဋ္ဌိပနော၊ မြင်ရုံမျှစသည် တွင် ဇာည်အောင် မမေ့မလျော့ မပြတ်ရှုသိလျက် မှန်ကန်စွာ ကျင့်ခဲ

http://www.dhammadownload.com

သည်ဖြစ်၍ အပွဝတ္ထုမနုပ္ပတ္ထော၊ ရုပ်,နာမ်အလျှဉ်၏ ပြတ်စဲချုပ်ငြိမ်းခြင်းသဘောထဲသို့ အသိဉာဏ်ဖြင့် ဆိုက်ရောက် သွားသောယောဂီကို၊ နိဗ္ဗာန် သစ္ဆိကရောတီတိ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဟူ၍၊ ဝုစ္စတိ၊ ပြောဆိုရပါသည် ... တဲ့။

ဒီမိလိန္ဒပဉှာက ပြဆိုထားတာနဲ့လဲ ကိုက်ညီပါတယ်၊ ယခုမာလုကျပုတ္တမထေရ်အား ဝိပဿနာအလုပ်ပေးပုံ စသည်၏ မြန်မာပြန် အတိုချုပ်ကို အပြည့်အစုံ လိုက်ဆိုကြရမည်။

မာလုကျပုတ္တသုတ်တရားတော်၏ မြန်မာပြန်အတိုချုပ်

(၁) မာလုကျပုတ္တရဟန်း၊ (သင် ဝန်ခံခဲ့သည့်အတိုင်း မမေ့မလျော့ မပြတ်ရှုမှတ်နေလျှင်) မြင်ရ ကြားရ ရောက်ရ သိရတဲ့ ဒီတရားတွေထဲကလဲ သင့်မှာ မြင်ရသည်၌ မြင်ရုံမျှ ဖြစ်လိမ့်မည်၊ ကြားရသည်၌ ကြားရုံမျှ ဖြစ်လိမ့်မည်၊ ရောက်ရသည်၌ ရောက်ရုံမျှ ဖြစ်လိမ့်မည်၊ သိရသည်၌ သိရုံမျှ ဖြစ်လိမ့်မည်။

(၂) အဲဒီလိုဖြစ်လျှင် သင်ဟာ ထိုမြင်ရသည့် အဆင်း စသည်နှင့် (သာယာမုန်းထား သိမှားသည့် အလိုအားဖြင့်) မစပ်မဆိုင်ဘဲ ရှိလိမ့်မည်။

(၃) မစပ်မဆိုင်လျှင် သင်ဟာ အဲဒီမြင်ရတဲ့ အဆင်း စသည်၌ မတည်ဘဲ ရှိလိမ့်မည်။

(၄) အဲဒီမြင်ရတဲ့အဆင်း စသည်၌ မတည်လျှင် သင်ဟာ ဒီမှာလဲမရှိ၊ ဟိုမှာလဲမရှိ၊ အခြားမှာလဲမရှိ၊ ဒီလို သင် မရှိတာ ထက်ပင် ဆင်းရဲ၏အဆုံး နိဗ္ဗာန်ပေတည်း။

http://www.dhammadownload.com

အဲဒီ (၄) ပိုဒ်ထဲက အမှတ်(၁) အပိုဒ်ဖြင့် "မြင်ရုံမျှ စသည်၌ သာ တည်အောင် ပေါ်လာသမျှကို မမေ့မလျော့ မပြတ်ရှုသိသွားဖို့" ညွှန်ကြားတော်မူတယ်၊ အဲဒါဟာ ဝိပဿနာအလုပ်ကို အကျဉ်းချုပ် ဟောတော်မူတာပဲ။

အမှတ်(၂)အပိုဒ်ဖြင့် အဲဒီလို ရှုသိရတဲ့ အာရုံတိုင်းမှာ အာရမ္မဏာနုသယခေါ်တဲ့ ကိလေသာကင်းပုံကို ပြတော်မူတယ်။

အမှတ်(၃)အပိုဒ်ဖြင့် ကိလေသာကင်းပုံကို တစ်နည်းအားဖြင့် ပြတော်မူတယ်။ သို့မဟုတ် "မြင်ရ ကြားရ ရောက်ရ ကြံ့သိရတဲ့ လောကီအာရုံများ၌ မတည်တော့ဘဲ နိဗ္ဗာန်အာရုံရောက် သွားပုံကို ပြတော်မူတယ်"လို့လဲ ယူသင့်ပါတယ်။ ဒါကြောင့်ပင် အမှတ်(၄) အပိုဒ်ဖြင့် အဲဒီမြင်ရတဲ့အဆင်း စသည်၌ မတည်လျှင် ဆင်းရဲ၏ အဆုံး ရောက်သွားပုံကို ဆက်ပြီးပြတော်မူတာပဲ။

မာလုက္ကျပုတ္တမထေရ်အား ဝိပဿနာ အလုပ်ပေးတဲ့ ဘုရား စကားတော်ကတော့ ပြည့်စုံသွားပါပြီ၊ အဲဒီ အလုပ်ပေးတရားကို ကြားနာရတော့ မာလုက္ကျပုတ္တမထေရ်က သူ့ဉာဏ်ထဲမှာ သဘော ပေါက်သိနားလည်ပုံကို ဂါထာ ၂၄ ပုဒ်တို့ဖြင့် မြတ်စွာဘုရားအား တင်ပြလျှောက်ထားပါတယ်၊ မြတ်စွာဘုရားရှင်ကလဲ သာဓုခေါ် တော်မူပြီးတော့ အဲဒီဂါထာတွေကို ကိုယ်တော်တိုင် ထပ်ပြီး ဟော တော်မူပါတယ်၊ ဒါကြောင့် အဲဒီဂါထာတွေကိုလဲ ဘုရားဟော တရားလို့ပဲ အသိအမှတ်ပြုရကြရပါတယ်။

အဲဒီ ၂၄ ဂါထာထဲက တစ်ဒွါရ တစ်ဒွါရနဲ့ဆိုင်တဲ့ ၄ ဂါထာ ၄ ဂါထာကို ထုတ်ပြပြီး တစ်ပိုင်းတစ်ပိုင်းချင်း ရှင်းလင်းဟောပြ

http://www.dhammadownload.com

သွားမယ်။ အဲဒီ ၄ ဂါထာ ၄ ဂါထာထဲမှာ ၂ ဂါထာ ၂ ဂါထာက ဝိပဿနာမရှုသူမှာ နိဗ္ဗာန်နှင့် ဝေးပုံကို ဖော်ပြတယ်။ အခြား ၂ ဂါထာ ၂ ဂါထာက ဝိပဿနာ ရှုသူမှာ နိဗ္ဗာန်နှင့်နီးပုံကို ဖော်ပြတယ်။ ယခုမြင်ခိုက်၌ မရှုမှတ်လျှင် နိဗ္ဗာန်နှင့်ဝေးပုံပြတဲ့ ဂါထာ ၂ ပုဒ်ကို ရွတ်ဆို ဟောပြမယ်။

မြင်ခိုက်၌ မရှုသူမှာ နိဗ္ဗာန်နှင့် ဝေးသည်

၁။ ရူပ် ဒိသွာ သတိ မုဋ္ဌာ၊
ဝိယ် နိမိတ္တံ် မနသိ ကရောတော၊
သာရတ္တစိတ္တောာ ဝေဒေဟိ၊
တဋ္ဌ အဇ္ဈောသ တိဋ္ဌတိ။

ဝိယ် နိမိတ္တံ်၊ ချစ်ဖွယ်အာရုံကို၊ မနသိကရောတော၊ နှလုံးသွင်းနေသော သူအား။ ရူပ် ဒိသွာ၊ အဆင်းကို မြင်ပြီးလျှင်။ သတိ မုဋ္ဌာ၊ အမှတ်မရှိဘဲ သတိမေ့သွား၏ တဲ့။

လူတွေက ချစ်ဖွယ် အာရုံကောင်းတွေနဲ့သာ တွေ့ချင်နေကြတယ်၊ အာရုံဆိုးကိုတော့ မတွေ့ချင်ကြဘူး၊ ဒါကြောင့် မျက်စိဖြင့် စူးစိုက်ပြီး ကြည့်ကတည်းက အကောင်းကို တွေ့ချင်လို့ ကြည့်တာပဲ၊ အဲဒီလို အာရုံကောင်းကို တွေ့ချင်မြင်ချင်တဲ့စိတ်နဲ့ ကြည့်ကြတာ ဖြစ်တဲ့အတွက် ချစ်ဖွယ်အာရုံကို မြင်ရရင် တရားဖက်ဆိုင်ရာ သတိ မရှိတဲ့ သတိမေ့သွားတော့တာပဲ၊ တရားဘက် လိုက်စားနေတဲ့ ပုဂ္ဂိုလ်ဖြစ်ပေမယ်လို့ အဲဒီလို အာရုံကောင်း နှလုံးသွင်း မျှော်လင့်နေခိုက်မှာ အာရုံကောင်းကို မြင်ရရင် အရင်က ရှုမှတ်နေကျဖြစ်ပေ

http://www.dhammadownload.com

မယ့် ချစ်ဖွယ်လို့ ထင်သွားတော့တာပဲ ရှုမှတ်မှု သတိကင်းသွားတော့တာပဲ၊ ဒါကြောင့် အဆင်းကို မြင်ပြီးရင် မေ့သွားတယ်လို့ ဆိုတာပါပဲ၊ လောကဘက်က ဖြစ်ရိုးဖြစ်စဉ် သတိကတော့ မမေ့ပါဘူး၊ မမေ့တဲ့အတွက် မိန်းမပဲ ယောကျ်ားပဲ ဘယ်သူဘယ်ဝါပဲ ချစ်စရာပဲ စသည်ဖြင့် မှတ်စွဲသွားတော့တာပဲ။

တရားရှုမှတ်ခြင်းမရှိဘဲ သာမန်လူတွေမှာတော့ "ချစ်ဖွယ်အာရုံကိုမြင်ပြီးရင် ချစ်စရာပဲ စသည်ဖြင့် နှလုံးသွင်းပြီး မေ့သွားတယ်"ဆိုတာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ၊ ချစ်ဖွယ်လို့ နှလုံးသွင်းတာနဲ့ "မေ့တယ်"ဆိုတာဟာ သဘောအားဖြင့် အတူတူပါပဲ။ ဒါကြောင့်–

ရှုပ် ဒီသွား၊ အဆင်းကို မြင်ပြီးလျှင်။ ပိယံ နိမိတ္တံ၊ ချစ်ဖွယ်အာရုံကို။ မနသိ ကရောတော၊ နှလုံးသွင်းသောသူအား။ သတိမုဋ္ဌာ၊ အမှတ်မရှိဘဲ သတိမေ့သွား၏–လို့ ဒီလို အနက်လဲပြန် နိုင်ပါတယ်၊ အဲဒါဟာ စောစောကတည်းက ချစ်ဖွယ်ကို လိုလားနေတဲ့အတွက် အဆင်းကောင်းကို မြင်ပြီးလျှင် မရှုမှတ် နိုင်ဘဲ ချစ်ဖွယ်လို့ နှလုံးသွင်းမိတာပါပဲ။ အဲဒါကို "အဆင်းမြင်လျှင်၊ ချစ်ဖွယ်ထင်၊ ထိုတွင်မေ့လေသည်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

နိဗ္ဗာန်နှင့် ဝေးပုံဆောင်ပုဒ်များ

၁။ အဆင်းမြင်လျှင် ချစ်ဖွယ်ထင်၊ ထိုတွင်မေ့လေသည်။

ဒါကတော့ သာမန်လူတွေမှာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ၊ သာမန်လူ

http://www.dhammadownload.com

တွေမှာ မြင်ပြီးလျှင်ပြီးချင်း ရှုမှတ်ရမယ်ဆိုတာ မသိတာကပဲ များပါတယ်၊ ကြားနာဖူးလို့ သိတောင်မှ တင်းတင်းရင်းရင်း ရှုမှတ်ဆဲ မဟုတ်ရင် မြင်ပြီးရင် ချစ်ဖွယ်ထင်ပြီး မရှုနိုင်ဘဲ မေ့နေကြတာချည်းပါပဲ၊ အားထုတ်နေဆဲ ယောဂီတောင်မှ သတိ သမာဓိ အားမကောင်းသေးရင် မရှုမမှတ်နိုင်ဘဲ ချစ်ဖွယ်ထင်ပြီး မေ့နေတတ်သေးတာပါပဲ။ အဲဒီလို ချစ်ဖွယ်ထင်သွားရင် မြင်ဆဲမှာလဲ တပ်မက်တဲ့စိတ်ဖြစ်ပြီး တပ်မက်သာယာလျက် ခံစားမှုတွေလဲ ဖြစ်တော့တာပဲ။ မြင်ပြီးတဲ့နောက်လဲ ပြန်လည်စဉ်းစားပြီး တပ်မက်သာယာလျက် ခံစားမှုတွေ ဖြစ်ပွားနေတော့တာပဲ။ ဒါကြောင့် –

သော–မြင်ပြီးလျှင် ချစ်ဖွယ်ထင်လျက် မရှုမှတ်နိုင်ဘဲ မေ့သွားသော ထိုသူသည်၊ သာရတ္တစိတ္တော–တပ်မက်သာယာသော စိတ်ရှိလျက်၊ ဝေဒေဟိ–ခံစားဏ၊ တဋ္ဌ–ထိုမြင်ရသော အဆင်းအာရုံကိုလည်း၊ အဇ္ဈောသ တိဋ္ဌတိ–မျိုချ သိမ်းထားသကဲ့သို့ စိတ်ထဲ၌ သိမ်းပိုက်လျက် တည်၏လို့ ဟောထားတာပါပဲ။

မြင်စဉ်က ပြိုးပြိုးကလေး မြင်ခဲ့ရင် အဲဒီပြိုးပြိုးရုပ်ပုံကလေးကို စိတ်ထဲမှာ စွဲမှတ်ထားတယ်၊ ပြန်လည်စဉ်းစားမိတိုင်း အဲဒီ ပြိုးပြိုးရုပ်ပုံ ချစ်စရာကလေး ပေါ်တာပဲ၊ ဓာတ်ပုံ အရုပ်ကလေးများကို ကြည့်ရသလိုပဲ၊ စဉ်းစားမိတိုင်း အဲဒီပြိုးပြိုးရုပ်ကလေး စိတ်ထဲမှာ ပေါ်ပြီး တပ်မက်သာယာလျက် ခံစားနေတယ်၊ ရက်ပေါင်းလပေါင်း နှစ်ပေါင်းများစွာ ကြာသည်တိုင်အောင်လဲ ပေါ်နေတာပဲ။ အဲဒီပါဠိ၏အနက်ကို "သာယာတပ်စွဲ၊ ခံစားမြဲ၊ စိတ်ထဲသိမ်းလျက်တည်" လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com

၂။ သာယာတပ်စွဲ၊ ခံစားမြဲ၊ စိတ်ထဲသိမ်းလျက်တည်။

အများအားဖြင့် လူတွေဟာ ချစ်ဖွယ်အဆင်းကို မြင်ရရင် ဒီအတိုင်းချည်း စိတ်ထဲမှာ စွဲနေကြတာပါပဲ။ ယခုပြောခဲ့တဲ့အတိုင်း ချစ်ဖွယ်အဆင်းကို မြင်ပြီး သာယာတပ်စွဲတယ်ဆိုတာက ပဓာနနည်းဖြင့် ပြဆိုတာပါပဲ၊ ထို့အတူပင် မြင်ရတဲ့အဆင်းကို မုန်းဖွယ်ထင်ပြီး နှလုံးမသာဖြစ်လျက် ခံစားနေတာလဲ ရှိတာပါပဲ၊ အလယ်အလတ် ရိုးရိုးအဆင်းကိုမြင်ပြီး မချစ်မမုန်းဘဲ အမြဲရှိနေတဲ့ ပုဂ္ဂိုလ်အနေနဲ့ အမြင်မှားလျက် ခံစားစွဲလမ်းနေတာလဲ ရှိတာပါပဲ။ ယခုပြောခဲ့တဲ့အတိုင်း မြင်ရတဲ့အဆင်းကို စိတ်ထဲစွဲပြီး သိမ်းပိုက်ထားရင် အဲဒီအဆင်း အဲဒီမိန်းမ ယောကျ်ားစသည်ကို အကြောင်းပြုပြီး တော့ ချမ်းသာဆင်းရဲ ဝေဒနာအမျိုးမျိုးလဲ ဖြစ်ပွားတယ်။ လောဘ ဒေါသ စသော ကိလေသာတွေ ကဲတွေ ကဲ၏အကျိုးဝိပါက် ဝဋ်ဆင်းရဲတွေလဲ ဖြစ်ပွားတော့တာပဲ၊ အဲဒီလို ဖြစ်ပွားပြီး ဆင်းရဲနေပုံကို ဒီလိုလဲ ပြဆိုထားပါတယ်။

၂။ တဿ ဝမ္ဘန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
အဘိဇ္ဈာ စ ဟိဟောသာ စ စိတ္တမသ္သူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ အာရာနိဗ္ဗာန ဝုစ္စတိ။

တဿ၊ မြင်ရတဲ့အဆင်းက စိတ်ထဲ၌စွဲပြီး သိမ်းပိုက်ထားသော ထိုသူအား။ ရူပသမ္ဘဝါ၊ စွဲလျက်သိမ်းပိုက်ထားသည့် အဆင်းကြောင့် ဖြစ်ကုန်သော။ အနေကာ၊ များစွာကုန်သော။ ဝေဒနာ၊ အကောင်းအဆိုး အမျိုးမျိုးသော ခံစားမှုတို့သည်။ ဝမ္ဘန္တိ၊ ဖြစ်ပွားကုန်၏တဲ့။

http://www.dhammadownload.com

အဲဒီအနက်ကို "အဆင်းဆိုင်ရာ၊ ဝေဒနာ၊ များစွာပွားတော့သည်"လို့ ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၃။ အဆင်းဆိုင်ရာ၊ ဝေဒနာ၊ များစွာပွားတော့သည်။

ချစ်စရာအဆင်းဆိုတဲ့ မိန်းမ ယောကျ်ား အသုံးအဆောင်တွေကို စွဲပြီး အဲဒါတွေနဲ့ ပြည့်စုံလို့ သုံးဆောင်ခံစားနေရင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ သုခ ဝေဒနာတွေ ပွားနေတယ်၊ မပြည့်စုံရင် သို့မဟုတ် ပြည့်စုံပြီးတွေ ပျက်စီးကင်းသွားရင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဒုက္ခဝေဒနာတွေ ပွားနေတယ် အမြင်ဆိုးအာရုံကို သိမ်းပိုက်မထားမိရင်တော့ ပြန်လည်စဉ်းစားတိုင်း စိတ်ဆင်းရဲ ဒုက္ခ ဝေဒနာတွေ ပွားနေတော့တာပဲ၊ နောက်ပြီးတော့ -

အဘိဇ္ဈာ စ၊ ရလိုသမှု ရှေးရှုကြံစည်သော လောဘသည် လည်းကောင်း၊ ဝိဟေသာ စ၊ ညှဉ်းဆဲလိုသော ဒေါသသည် လည်းကောင်း၊ ဝမ္ဘန္ဓိ၊ ဖြစ်ကုန်၏။ အသ၊ ထိုပုဂ္ဂိုလ်ကို၏၊ စိတ္တံ၊ စိတ်သည်။ ဥပဟညတိ၊ လောဘ ဒေါသတို့ကြောင့် ပင်ပန်းလျက် ရှိနေ ချေသည်တဲ့။ အဲဒီမြင်ရတဲ့ အဆင်းအာရုံကို ရလိုသော လောဘ ရပြီးကို ခင်မင်တွယ်တာတဲ့ လောဘဆိုတာတွေလဲ ဖြစ်ပွားနေကြ တယ်။ အဲဒီအဆင်းအာရုံကို မရအောင် ဖြစ်စေ၊ ရပြီးကို ပျက်စီး ဆုံးရှုံးအောင်ဖြစ်စေ ပြုလုပ်တယ်လို့ ထင်ရတဲ့သူကို ညှဉ်းဆဲလိုတဲ့ ဒေါသတွေလဲ ဖြစ်ပွားနေကြတယ်၊ အဲဒီ လောဘ ဒေါသတွေက စေခိုင်းတိုက်တွန်းတဲ့အတိုင်း ကြောင့်ကြစိုက်ထုတ် ပြုလုပ်နေရတဲ့ အတွက် စိတ်ဟာ ပင်ပန်းဆင်းရဲနေပါတယ်တဲ့၊ အဲဒါကို "လောဘ စည်ကား၊ ဒေါသပွား၊ ဗျာများစိတ်ပမ်းသည်"လို့ ဆောင်ပုဒ်စီထား

http://www.dhammadownload.com

တယ်။ အဲဒါကို ဆိုကြရမယ်။

၄။ လောဘစည်ကား၊ ဒေါသပွား၊ ဗျာပါးစိတ်ပန်းသည်။

အဲဒါဟာ အလွန်ထင်ရှားပါတယ်။ ယခုလူတွေ ပင်ပန်းနေကြတာဟာ အဲဒီလောဘ ဒေါသတွေက တိုက်တွန်းစေခိုင်းရာ တွေကို ကြောင့်ကြဗျာပါ ရစိုက်ပြီး ပြုလုပ်နေကြရတဲ့အတွက် ပင်ပန်းဆင်းရဲနေကြရတာပဲ။ မြင်ဆဲမှာ မရှုမှတ်နိုင်ဘဲ မေ့လာခဲ့တဲ့အတွက် အဲဒီမြင်ရတာကို ချစ်ဖွယ်မုန်းဖွယ် ထင်တာဟာ အလွဲသိတဲ့ သိမှားတဲ့ အဝိဇ္ဇာပဲ၊ အဲဒီလို ချစ်ဖွယ် မုန်းဖွယ်ထင်တဲ့ အဝိဇ္ဇာကြောင့် လိုချင်တဲ့ လောဘ ညှဉ်းဆဲလိုတဲ့ ဒေါသတွေ ဖြစ်ပွားတယ်၊ အဲဒီလောဘ ဒေါသ တိုက်တွန်းတဲ့အတိုင်း အဆိုးအကောင်းအမှုတွေကို ပြုနေကြရတယ်၊ အယူအားဖြင့် လောဘ တဏှာကြောင့် ပြုလုပ်နေကြရတာပါပဲ၊ အဲဒီလို ပြုလုပ်မှု အကုသိုလ်ကံကြောင့် အပါယ်လေးပါးကျရောက်ပြီးတော့ ဆင်းရဲနေကြရတယ်၊ ဘဝချမ်းသာကို တောင့်တပြီး ပြုလုပ်တဲ့ ကုသိုလ်ကံကြောင့် လူ့ဘဝ နတ်ဘဝမှာ ဖြစ်ပြီး အိုနာသေဆိုတဲ့ ဆင်းရဲတွေကို ခံစားနေကြရတယ်။ ဒါကြောင့် မြင်ဆဲမှာ မရှုမမှတ်ဘဲ မေ့မေ့လျော့လျော့ နေလာတာဟာ အဲဒီဆင်းရဲတွေကို လက်ခံစုဆောင်းနေသည် မည်တယ်၊ အဲဒီလို မရှုမမှတ်ဘဲ ကိလေသာဆင်းရဲ ဝဋ္ဋဆင်းရဲတွေကို လက်ခံဆည်းပူးစုဆောင်းနေတဲ့သူမှာ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်နဲ့ ဝေးနေတယ်၊ အဲဒီ အကြောင်းအရာကိုလဲ ဒီလို ဖော်ပြထားပါတယ်။

ဇဝံ၊ မရှုမမှတ်ဘဲနေသော ဤနည်းဖြင့်၊ ဒုက္ခံ၊ ကိလေသာဆင်းရဲ ဝဋ္ဋဆင်းရဲကို။ အာစိနထော၊ လက်ခံ၍ ဆည်းပူးစုဆောင်း

http://www.dhammadownload.com

နေသောသူအား။ နိဗ္ဗာန်၊ ဆင်းရဲငြိမ်းသော နိဗ္ဗာန်သည်။ ဝါ၊ နိဗ္ဗာန်ကို။ အာရာ၊ ဝေးသည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါသည်တဲ့။ အဲဒါကို (ဤနည်းဖြင့်ပဲ၊ မပြောင်းလဲ၊ ဆင်းရဲရှာသူမည်။ ဆင်းရဲ ကိုသာ ရှာသူမှာ ဝေးစွာနိဗ္ဗာန်ပြည်–လို့) ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၅။ ဤနည်းဖြင့်ပဲ၊ မပြောင်းလဲ၊ ဆင်းရဲရှာသူမည်။

ဤနည်းဖြင့်ပဲ မပြောင်းလဲဆိုတာ မြင်ခိုက်စသည်မှာ မရှုမမှတ်ဘဲ မေ့မေ့လျော့လျော့နေတဲ့နည်းပါပဲ၊ အဲဒီနည်းအတိုင်း အမှတ်မဲ့ နေလာတာ တစ်သက်လုံး တစ်ဘဝလုံး ကြာလှပြီ၊ ယခုမှတော့ မပြောင်းလဲဘူးဆိုရင် အဲဒါဟာ မြင်းတိုင်း မြင်တိုင်း ကိလေသာ ဆင်းရဲ ဝဋ်ဆင်းရဲကို လက်ခံနေသူ ရှာနေသူ စုဆောင်းနေသူမည် ပါတယ်၊ အဲဒီလို မရှုမမှတ်ဘဲနေရင် နိဗ္ဗာန်နဲ့ ဝေးတာပဲ၊ အဲဒီ နောက်အပိုဒ်လဲ ဆိုကြရမယ်။

၆။ ဆင်းရဲကိုသာ ရှာသူမှာ၊ ဝေးစွာနိဗ္ဗာန်ပြည်။

မြင်ဆဲမှာ မရှုမမှတ်နိုင်လို့ အနိစ္စ ဒုက္ခ အနတ္တ သဘောမှန်ကို မသိဘဲ ချစ်ဖွယ်ထင်ရင် အဲဒီ ချစ်ဖွယ်အာရုံကို မှီပြီး ကိလေသာ ဆင်းရဲ ဝဋ်ဆင်းရဲတွေ ဖြစ်ပွားတယ်၊ ဒါကြောင့် အဲဒီ ဆင်းရဲတွေကို လက်ခံစုဆောင်းနေသူမည်တယ်၊ အဲဒီ ဆင်းရဲတွေကို လက်ခံ စုဆောင်းနေတော့ ဆင်းရဲငြိမ်းဖို့နှင့် ဝေးနေတာပေါ့၊ ဘာလိုလဲဆို ရင် မီးလျှံမီးပုံထဲ လောင်စာတွေ ထပ်ကာထပ်ကာ မပြတ်ထည့်ပေး နေရင် မီးငြိမ်းဖို့နှင့် ဝေးသလိုပါပဲ။ ယခုရှုတ်ပြခဲ့တဲ့ ဂါထာ ၂

http://www.dhammadownload.com

ပုဒ်ဖြင့် အတိုချုပ် ဆိုလိုတာကတော့ "မြင်ခိုက်၌ မရှုမမှတ်သူမှာ နိဗ္ဗာန်ဝေးသည်"လို့ ဆိုလိုတာပါပဲ။ အဲဒါကိုလဲ ဆိုကြရမယ်။

မြင်ခိုက်၌ မရှုမမှတ်သူမှာ နိဗ္ဗာန်ဝေးသည်။

ယခုမြင်ခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နှင့်နီးပုံကို ပြဆိုထားတဲ့ ဂါထာ ၂ ပုဒ်ကို ရွတ်ဆိုဟောပြမယ်၊ ရွတ်ပြခဲ့ပြီး ဂါထာ ၂ ပုဒ်ကို ကျမ်းဂန်သုံး ဝေါဟာရအားဖြင့် ကဏ္ဍပက္ခ အမည်းပိုင်း အဖို့လို့ ခေါ်တယ်၊ ယခုရွတ်ဆိုဟောပြမည့် ဂါထာ ၂ ပုဒ်ကိုတော့ သုက္ကပက္ခ၊ အဖြူပိုင်းအဖို့လို့ ခေါ်တယ်။

မြင်ခိုက်၌ရှသိသူမှာ နိဗ္ဗာန်နှင့် နီးသည်

၃။ နေ သော ရဇ္ဇတိ ရူပေသု၊ ရူပံ ဒိသွာ ပဋိဿတော၊
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဋ္ဌ နာဇ္ဈောသ တိဋ္ဌတိ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ရူပံဒိသွာ၊ အဆင်းကိုမြင်ပြီး၍၊ ဝါ၊ အဆင်းကိုမြင်ပြီးလျှင်။ ပဋိဿတော၊ တဖန်အမှတ်ရသည်။ ဟောတိ၊ ဖြစ်၏။ (ဒီ ပါဠိအနက်ကို အထူးသတိပြုကြရမယ်။ "အဆင်းကိုမြင်ပြီးလျှင် တဖန် အမှတ်ရတယ်"ဆိုတာဟာ "မြင်ပြီးလျှင်ပြီးချင်း ရှုမှတ်ရမယ်"လို့ ဆိုတာပဲ၊ ဒါဟာ ဝိပဿနာ ရှုပုံကို ဒါရိုက် ထင်ရှားပြတဲ့ စကားပဲ၊ ဒီစကားအရအားဖြင့် "ဝိပဿနာ ရှုတယ်ဆိုတာ မြင်ပြီးတရား၊ ကြားပြီးတွေ့ပြီး သိပြီး တရားကိုသာ ရှုရတယ်၊ မမြင်ရ မကြားရ မတွေ့ရ မသိရတာတွေကို သုတမယ ဉာဏ်မျှဖြင့် ဆင်ခြင်ပြီး ရှုရတာ မဟုတ်ကြောင်း ခိုင်မြဲစွာ မှတ်ထားကြရမယ်။) ဧသော၊ အဆင်းကို မြင်ပြီးလျှင် အမှတ်ရသော ထိုပုဂ္ဂိုလ်

http://www.dhammadownload.com

သည်၊ ရူပေသု၊ မြင်ရသော အဆင်းတို့၌။ နာ ရဇ္ဇတိ၊ မတပ်မက်၊ ဝါ၊ တပ်မက်မှုရာဂ ကင်းသည်တဲ့။

ဒီနေရာမှာ ပိုပြီး ခိုင်မြဲအောင် ထေရဂါထာ အဌကထာ အဖွင့်ကိုလဲ ထုတ်ပြပါဦးမယ်။

နာ သော ရဇ္ဇတိ ရူပေသု ရူပံဒိသွာ ပဋိသတောတိ၊ ပဋိသတောတ၊ ဟူရာ၌ ဆိုလိုသော အနက်မှာ၊ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ရူပံ ဒိသွာ၊ အဆင်းကို မြင်ပြီး၍၊ အာပါထဂတံ ရူပါရမ္မဏံ၊ မျက်စိထဲ၌ ထင်ပေါ်လာသော အဆင်းအာရုံကို။ စက္ခုဒ္ဒါရိကေန ဝိညာဏသန္တာနေန စက္ခုဒ္ဒါရ၌ဖြစ်သော စိတ်အစဉ်ဖြင့်။ (အာဝဇ္ဇန်းမှ တဒါရုံတိုင်အောင် စိတ်အစဉ်ကို ဆိုတာပါပဲ) ဂဟေတွာ၊ ယူပြီးသိပြီး၍၊ စတုသမ္မဇညဝသေန၊ သမ္မဇဉ်လေးပါး အလိုအားဖြင့်။ သမ္မဇာနကာရိကာယ၊ မှန်စွာသိလျက် ပြုလေ့ရှိသည်၏ အဖြစ်ဖြင့် (ပထမအခြေခံအဖြစ် ဆင်ခြင်စဉ်က အကျိုးရှိမရှိ ဆင်ခြင်တဲ့ သာတ္ထက သမ္မဇဉ်နှင့် သင့်မသင့် ဆင်ခြင်တဲ့ သပ္ပါယ သမ္မဇဉ်နှင့် အနိစ္စ စသည်ကို သိတဲ့ အသမ္မောဟ သမ္မဇဉ်တို့ဖြင့် မှတ်သိရတာကို ဆိုလိုပါတယ်။) ပဋိသတောတ ဟောတိ၊ တဖန် အမှတ်ရသည် စသည်ဖြင့် ဖွင့်ပြထားပါတယ်။

အဲဒါဟာ ရှေ့နားပိုင်းတုန်းက ထုတ်ပြခဲ့တဲ့ မြင်သိဝိထိ၏ အခြားမဲ့၌ ရှုမှတ်ပုံကို ပြတာပါပဲ။ အဲဒါလောက် မြန်မြန် မမှတ်နိုင်သေးခင်တော့ ကြံ့သိတဲ့ ပထမဝိထိ၏ အခြားမဲ့၌ ရှုမှတ်နိုင်ရင်လဲ သင့်လျော်တာပါပဲ။ အဲဒီလို မြင်ပြီးလျှင်ပြီးချင်း အမှတ်ရတဲ့ သူဟာ မြင်တဲ့ ပရမတ် အဆင်းကိုမျှသာ မှန်စွာသိရတယ်၊ အဲဒီ

http://www.dhammadownload.com

အဆင်းနှင့် မြင်သိစိတ် စသည် ချက်ချင်းပင် ပျောက်ကွယ် ပျက်စီး သွားတာကိုလဲ အမှန်အတိုင်း သိရတယ်။ မိန်းမပဲ, ယောကျ်ားပဲ, လှတယ် စသည်ဖြင့် ချစ်ဖွယ်ပညတ်ကို မတွေ့ရဘူး။ ဒါကြောင့် မြင်ရတာကို ဆက်လက် မဆင်ခြင်တော့ဘဲ မြင်ရုံမျှ၌သာတည်တယ်။ (ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ) မြင်ရသည်၌ မြင်ရုံမျှ ဖြစ်လတ္တံ့ ဆိုတဲ့ စကားတော်နဲ့ အညီပါပဲ၊ အဲဒီ အဆင်းကို မြင်ရပေမယ့် မမြင်ရတဲ့ အဆင်းမှာပင် တပ်မက်သာယာမှုစသော ကိလေသာ မဖြစ်ဘဲ ကင်းတယ်၊ ဒါကြောင့် (နေ သော ရဇ္ဇတိ ရူပေသု) အမှတ်ရတဲ့ ထိုသူဟာ မြင်ရတဲ့ အဆင်းတို့၌ မတပ်မက်ဘူးလို့ ဆိုလိုတာပါပဲ၊ အဲဒီ ပါဠိအနက်ကို (အဆင်းမြင်က အမှတ်ရ ရာဂကင်းတော့သည်–လို့) ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

နိဗ္ဗာန်နှင့်နီးပုံ ဆောင်ပုဒ်များ

၁။ အဆင်းမြင်က၊ အမှတ်ရ၊ ရာဂကင်းတော့သည်။

ယခု ဒီက ယောဂီတွေ "မြင်လျှင် မြင်တယ်"လို့ ရှုမှတ်နေကြတာဟာ ဒီသုတ်တရားတော်နဲ့လဲ အံကျကိုက်ပြီး ညီနေတာပါပဲ။ ဒါပေမယ့် ရှုမှတ်ကာစမှာတော့ သတိ သမာဓိဉာဏ်က အားမရှိသေးလို့ မြင်သ်ဝိထိ ပြီးလျှင်ပြီးချင်းတော့ မရှုမမှတ်နိုင်သေးဘူး၊ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် အဆင့်များရောက်တဲ့အခါကျမှ အသိမြန်ပုံ ထင်ရှားလာတယ်၊ ဘင်ဉာဏ်ရောက်တဲ့အခါကျတော့ မြင်ရုံမျှတည်ပုံ တပ်မက်မှုစသော ကိလေသာ ကင်းပုံတွေဟာ အင်မတန် ထင်ရှားပါတယ်။ ဒါကြောင့် ဖောင်းတယ် ပိန်တယ်

http://www.dhammadownload.com

စသည်ဖြင့် မပြတ်ရှုမှတ်နေရင်း အဆင့်အထူးကို မြင်ရင် မြင်တယ် မြင်တယ်လို့ ရှုမှတ်ပြီး ဖောင်းတာ ပိန်တာကိုပဲ ပြန်မှတ်သွားရတယ်၊ အဲဒီလို ရှုမှတ်လို့ သတိသမာဓိဉာဏ် အားကောင်းတဲ့အခါကျတော့ မြင်ရတဲ့ အဆင်းကို သာယာခြင်း မရှိဘဲ ခံစားရုံမျှဖြစ်တာလဲ ထင်ရှားတယ်။ အဲဒီ အဆင်းစိတ်ထဲမှာ စွဲမတည်တာလဲ ထင်ရှားတယ်၊ ဒါကြောင့် အဲဒီလို ကိလေသာကင်းပုံ အစွဲကင်းပုံကိုလဲ ဒီလိုဆက်ပြီး ပြဆိုထားတယ်။

သော၊ မြင်ပြီးလျှင် ချက်ချင်းအမှတ်ရသော ထိုပုဂ္ဂိုလ်သည်၊ ဝိရတ္တစိတ္တော၊ တပ်မက်ကင်းသော စိတ်ရှိသည်ဖြစ်၍၊ ဝါ၊ မတပ်မက်သောစိတ်ဖြင့်၊ ဝေဒေတိ၊ ခံစားစေ၏။ တဋ္ဌ၊ ထိုအဆင်းကိုလည်း၊ နု အဗ္ဗောသ တိဋ္ဌတိ၊ သိမ်းပိုက်ဆုပ်ကိုင်လျက် မတည်တဲ့၊ အဲဒါကိုလဲ (မတပ်မက်ဘဲ၊ ခံစားမြဲ၊ စိတ်ထဲမသိမ်းပြီ) လို့ ဆောင်ပုဒ်စီထားကယ်။ အဲဒါကို ဆိုကြရမယ်။

၂။ မ်တပ်မက်ဘဲ၊ ခံစားမြဲ၊ စိတ်ထဲမသိမ်းပြီ။

အဲဒီလို တပ်မက်ခြင်း စသည်မရှိဘဲ ခံစားမှု ဝေဒနာမျှ ဖြစ်ခြင်း စိတ်ထဲမှာ စွဲလမ်းသိမ်းပိုက် မထားခြင်းများကြောင့် အဲဒီမြင်ရတဲ့

မှတ်ချက်။ ။ အများစာမူတို့၌ စရတိ သတောာ–ဟု ဆန္ဒာနုရက္ခဏာဒီယနှင့် ရှိ၏။ ပဋိသတောာ–ကဲ့သို့ သဒ္ဒါနည်း အရ ဒ္ဒေဘာဝဂရုနှင့် ရှိခြင်းက ပို၍ ဂုဏ်မြောက်သည်ဟု သဘောကျသောကြောင့် စရတိသတောာ–ဟု ရွတ်ဆိုဟောပြောလေ့ ရှိ၏။ ထိုအတိုင်းပင် ဖော်ပြထားသည်။

http://www.dhammadownload.com

အဆင်းဟာ မမြင်ရတဲ့ အဆင်းလိုပင် ဖြစ်သွားတယ်။ ရှုမှတ်ခြင်း မရှိတဲ့ သာမန်ပုဂ္ဂိုလ်များမှာ (ဝေဒနာပစ္စယာ တဏှာ) ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဝေဒနာကြောင့် တဏှာ ဖြစ်ရိုးဖြစ်စဉ် ရှိသော်လဲ မြင်ပြီးလျှင်ပြီးခြင်း ရှုမှတ်ပြီး အမှန်အတိုင်း သိသိနေတဲ့ ယောဂီမှာတော့ အမှားသိ အဝိဇ္ဇာ ကင်းသွားတဲ့အတွက် တဏှာ စသော ကိလေသာတွေလဲ မဖြစ်ဘူး၊ ကိလေသာကို မှီပြီးဖြစ်မည့် ကံလဲ မဖြစ်ဘူး၊ အဲဒီကံ မဖြစ်တဲ့အတွက် ကံ၏အကျိုးဝိပါက် ဘဝသစ်ဆင်းရဲတွေလဲ မဖြစ်တော့ဘူး၊ အဲဒီလို ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲတွေ ကင်းပုံကိုလဲ ဒီလိုဆက်ပြီး ပြဆိုထားပါတယ်။

၄။ ယထာသ ပဿတော ရူပံ၊ သေဝတော စာပိ ဝေဒနံ၊
ခီယတိ နောပစိယတိ၊ ဧဝံ သော စရတိသတော၊
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ။

ယထာ၊ အခြားမဲ့၌ မှတ်သိမှုပါသော အကြင်အခြင်းအရာဖြင့်။ ရူပံ ပဿတော စာပိ၊ အဆင်းကို မြင်လဲ မြင်သော်လဲ၊ ဝေဒနံ၊ ခံစားမှုဝေဒနာကို၊ သေဝတော စာပိ၊ မှီလဲမှီဝဲသော်လဲ။ ဒုက္ခံ၊ မရှုမသိလျှင် ဖြစ်နိုင်သော ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲသည်။ ခီယတိ၊ ကုန်သာကုန်ခန်း၏။ နောပစိယတိ၊ ဆည်းပူးအပ်သည်ကား မဟုတ်ပေ။ ဧဝံ၊ ဤသို့သော အခြင်းအရာဖြင့်။ သတော၊ အမှတ်ရလျက်။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ စရတိ၊ ကျင့်ပေ၏တဲ့။

မြင်သိမှု မြင်ခံစားမှု ဖြစ်ပြီးလျှင်ပြီးချင်း မှတ်သိမှုပါတဲ့ အခြင်း

http://www.dhammadownload.com

အရာဖြင့် မြင်လဲမြင်တယ်၊ ခံလဲခံစားတယ်၊ သို့ပေမယ့် သာမန်လူများမှာလို အဘိဇ္ဈာစသော ကိလေသာဆင်းရဲကို လက်ခံစုဆောင်းရာ မရောက်ဘူး၊ အဲဒီ ကိလေသာဆင်းရဲကို ကုန်သာကုန်စေပါတယ်။ အဲဒီကိလေသာကို မီပြီး ဖြစ်မည့် ကမ္မဝဋ်နှင့် ဝိပါကဝဋ် ဆင်းရဲကိုလဲ ကုန်သာကုန်စေပါတယ်။ အဲဒီအခြင်းအရာအားဖြင့် မြင်ပြီးလျှင်ပြီးချင်း ရှုမှတ်လျက် ကျင့်နေပါတယ် တဲ့။ (အဲဒီမှာ စ–သဒ္ဒါက သမုစ္စည်း အနက် ရှိတယ်။ မြင်ရုံမျှ မဟုတ်ဘူး၊ ခံစားလဲ ခံစားတယ်၊ ခံစားရုံမျှ မဟုတ်ဘူး၊ မြင်လဲ မြင်တယ်လို့ အပြန်အလှန် ပေါင်းစည်းပြတယ်။ အပိ သဒ္ဒါကတော့ ရှုတ်ချခြင်း ဂရဟာအနက်ကို ဒါရိုက်ပြပြီးတော့ ချီးမြှောက်ခြင်း သမ္ဘာဝနာအနက်ကိုလဲ သိစေပါတယ်၊ ရှုမှတ်နေတဲ့ ဝိပဿနာယောဂီဟာ သူများလိုပင် အဆင်းကို မြင်မြဲမြင်တာပါပဲ၊ ခံစားမြဲ ခံစားတာပါပဲလို့ အများနဲ့ တန်းတူပြုပြီး ရှုတ်ချတယ်၊ အဲဒီလို ရှုတ်ချပြီးတော့ သို့သော်လဲ သို့ပေမယ့် သူများမှာလို ကိလေသာဆင်းရဲ ဝဋ် ဆင်းရဲ မဖြစ်ဘူးလို့ ချီးမြှောက်လဲ ချီးမြှောက်ပါတယ်။ ဥပမာဖြင့် ပြရလျှင် ဒီကလေးက ငယ်ပေမယ့်လို့ လိမ္မာတယ်ဆိုလျှင် ငယ်သေးတယ်လို့ ဝန်ခံတာက ရှုတ်ချတာပဲ။ သို့ပေမယ်လို့ ငယ်ပေမယ့် လိမ္မာတယ်ဆိုတာ ချီးမြှောက် ပြောဆိုတာပဲ။ အဲဒီ အသုံးအနှုန်းမျိုးပါပဲ၊ အလွန်သေချာစေ့စပ်တဲ့ စကားပါပဲ၊) ဒီနေရာမှာ ထေရဂါထာ အဋ္ဌကထာ ဖွင့်ပုံကိုလဲ ထုတ်ပြပါဦးမယ်။

ယာထသ ပဿတော ရူပန္တိ၊ ရူပံ ဟုရာဒ္ဒ ဆိုလိုသည်မှာ အသ ယောဂိနော၊ ရှုမှတ်နေသော ထိုယောဂီအား၊ ယထာ၊ အကြင်

http://www.dhammadownload.com

အခြင်းအရာဖြင့် ရှုမှတ်လျှင်၊ အတ္တ၊ ထိုမြင်သော အဆင်း၌၊ အဘိဇ္ဈာဒယော၊ အဘိဇ္ဈာ စသည်တို့သည်။ နုပွဝန္ဓိ၊ မဖြစ်ကုန်၊ ဧဝံ၊ ဤအခြင်းအရာဖြင့်။ အနိစ္စာဒိတော၊ အနိစ္စ စသော အခြင်းအရာအားဖြင့်။ ရူပံ၊ အဆင်းကို။ ပဿန္တသ၊ ရှုမြင်သောသူအား–ဟုဆိုလို၏တဲ့။ အဆင်းကို ပကတိမျက်စိဖြင့် မြင်ပြီးနောက် အနိစ္စ စသော အခြင်းအရာဖြင့် ရှုတယ်လို့ ဆိုလိုတာပါပဲ။ တဏှာပက္ခနှင့် ယှဉ်ကြည့်ရင် ဒီသုက္ကပက္ခမှာ အနိစ္စ စသည်ဖြင့် ရှုမှု နောက်လိုက်နှင့်တကွ မြင်တယ်လို့ဆိုမှ ပါဠိဂါထာ၏အနက်ကို ပေါ်လွင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူများလိုပင် အဆင်းကို မြင်မြဲမြင်တာပါပဲ။ သို့သော်လဲ ဆင်းရဲကို လက်ခံစုဆောင်းရာ မရောက်ဘူးလို့ ပါဠိက ဆိုလိုပါတယ်။ ဒါကြောင့်ပါပဲ့။ ယေဝတော စာပိဝေဒနန္တိ၊ ဝေဒနံဟုရာဒ္ဓ ဆိုလိုသည်မှာ၊ တံအာရဗ္ဘ၊ ထိုအဆင်းကို အာရုံပြု၍၊ ဥပွန္ဓံ ဝေဒနံ စ၊ ဖြစ်သော ဝေဒနာကိုလည်းကောင်း၊ တံ သမ္မယုတ္တာ ဓမ္မေ စ၊ ထိုဝေဒနာနှင့် ယှဉ်သောတရားတို့ကိုလည်းကောင်း၊ ဂေါစရသေဝနာယ၊ ဂေါစရသမ္ပဒဉ်အလို မှီဝဲခြင်းဖြင့်။ သေဝတော စာပိ၊ မှီလဲ မှီဝဲဘြားသော်လည်းဟု ဆိုလိုပါတယ်တဲ့။ ဒီနေရာမှာလဲ ဂဏှာပက္ခနှင့် ယှဉ်ကြည့်ရင် မြင်ခံစားဝေဒနာ မှီဝဲမှုကို ယူမှ သူ့ပါဠိတော်ဂါထာနဲ့ ပိုပြီးပေါ်လွင်ပါတယ်။ သူများလိုပင် မြင်ခံစားမှုလဲ ဖြစ်တာပါပဲ။ ဒါပေမယ့် ကိလေသာဆင်းရဲ၊ ဝဋ်ဆင်းရဲကိုတော့ လက်ခံစုဆောင်းခြင်း မဖြစ်ဘူးလို့ ပါဠိဂါထာက ဆိုလိုသောကြောင့်ပါပဲ။ သံယုတ်အဋ္ဌကထာမှာတော့ လောကုတ္တရာ ဝေဒနာကို မှီဝဲသူအား ... လို့ ဖွင့်ပြထားတယ်။ ကဏှာပက္ခနှင့်

http://www.dhammadownload.com

ယှဉ်ကြည့်ရင် အဲဒီအဖွင့်က သာပြီး အဆင်မပြေတာပဲ။ (ဒါတွေက တော့ ပါဠိပညာရှင်တို့ နက်နက်နဲနဲ ဆင်ခြင်စရာတွေပါပဲ။)

ပါဠိဂါထာမှာ (၈၀၊ ဤသို့သော အခြင်းအရာအားဖြင့်၊ သတော၊ အမှတ်ရလျက်၊ စရတိ၊ ကျင့်သည်)ဆိုတဲ့ စကားရပ်ကို အထူးသတိပြုကြရမယ်။ မြင်တိုင်း မြင်တိုင်း မြင်ပြီးလျှင် ချက်ချင်းပင် ရှုမှတ်ပြီး သိသိသွားဖို့ ညွှန်ကြားတာပဲ၊ အဲဒီလို ရှုမှတ်ပြီး အမှန်အတိုင်း သိသိသွားမှ ဝိပဿနာအစစ် ဖြစ်တယ်ဆိုတာ အထူးသတိပြုပြီး မှတ်ထားကြရမယ်။ အဲဒီစကားရပ်ကို (မှတ်သိလျက်ပင်၊ မြင်လဲမြင်၊ ထို့ပြင်ခံစားသည်။ သို့ပါသော်လဲ၊ ဝဋ်ဆင်းရဲ၊ ကုန်မြဲကုန်ခန်းသည်။ ဤနည်းဖြင့်သာ ယောဂီမှာ၊ မှတ်ကာကျင့်ရသည်–လို့) ဆောင်ပုဒ်သုံးခု စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၃။ မှတ်သိလျက်ပင်၊ မြင်လဲမြင်၊ ထို့ပြင် ခံစားသည်။

၄။ သို့ပါသော်လဲ၊ ဝဋ်ဆင်းရဲ၊ ကုန်မြဲ ကုန်ခန်းသည်။

၅ ဤနည်းဖြင့်သာ၊ ယောဂီမှာ၊ မှတ်ကာ ကျင့်ရသည်။

နောက်နှစ်ပိုဒ်ကတော့ ၈၀၊ ဤဆိုခဲ့သည့်အတိုင်း မြင်ပြီးလျှင်ပြီးခြင်း ရှုမှတ်သောအားဖြင့်။ ဒုက္ခ၊ မရှုမမှတ်လျှင် ဖြစ်ခွင့်ရှိသော ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲကို။ အပစိနတော၊ ဖျက်ဆီးနေသော ပုဂ္ဂိုလ်အား။ နိဗ္ဗာန်၊ ဆင်းရဲငြိမ်းသော နိဗ္ဗာန်သည်။ ဝါ၊ နိဗ္ဗာန်ကို၊ သန္တိကေ၊ နီးသည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါသည် တဲ့။

မြင်တိုင်း မြင်တိုင်း ရှုမှတ်နေတဲ့ ယောဂီမှာ မရှုလျှင် ဖြစ်နိုင်တဲ့ ကိလေသာတွေ ကင်းငြိမ်းနေတာပဲ၊ အဲဒါဟာ ရှုမှတ်မှု ဝိပဿနာ

http://www.dhammadownload.com

က တဒင်္ဂပဟာန်အားဖြင့် ပယ်ပယ်သွားလို့ပါပဲ၊ ဒါကြောင့် အဲဒီလို ကိလေသာငြိမ်းတာကို တဒင်္ဂနိဗ္ဗာန်လို့ ခေါ်ရတယ်၊ ရှုသိရတဲ့ အာရုံ၌ ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲတွေ ရှုသိမှုဉာဏ်တစ်စိတ်ဖြင့် ငြိမ်းခြင်းလို့ ဆိုလိုတာပါပဲ၊ ယောဂီဟာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဲဒီ တဒင်္ဂနိဗ္ဗာန်ကို ဆိုက်ရောက်နေတာပဲ၊ အဲဒီ တဒင်္ဂနိဗ္ဗာန်ကို ဆိုက်ရောက် ဆိုက်ရောက်ပြီးတော့ မှတ်သိဉာဏ်က အားကောင်းပြီး သက္ကာယဒိဋ္ဌိ စသော ကိလေသာက အားနည်းတဲ့အခါ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်အစစ်ကို မျက်မှောက်ပြုသွားတာပဲ၊ ဒါကြောင့် မြင်တိုင်း မြင်တိုင်း ရှုမှတ်ပြီး သိသိနေတဲ့ ယောဂီမှာ နိဗ္ဗာန်နီးတယ်လို့ ပြဆိုတာပါပဲ။ အဲဒါကို "မြင်တိုင်းရှုမှတ်၊ ဆင်းရဲသတ်၊ နီးကပ်နိဗ္ဗာန်ပြည်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၆။ မြင်တိုင်းရှုမှတ်၊ ဆင်းရဲသတ်၊ နီးကပ်နိဗ္ဗာန်ပြည်။

မြင်တိုင်း မြင်တိုင်း ရှုမှတ်ပြီး အမှန်အတိုင်း သိသိနေတဲ့ ယောဂီဟာ မရှုလျှင် ဖြစ်နိုင်တဲ့ ကိလေသာနဲ့ ဝဋ်ဆင်းရဲတွေကို ပယ်ပယ်နေသည် မည်ပါတယ်၊ အဲဒီလို ဆင်းရဲကို ပယ်သတ်ပြီး ငြိမ်းစေတဲ့အတွက် ဆင်းရဲငြိမ်းတဲ့နိဗ္ဗာန် နီးကပ်နေတယ်လို့ ဆိုရတာပါပဲ။ မြင်တိုင်း ကြားတိုင်း တွေ့ကိုင်း သိတိုင်း ရှုမှတ်ပြီး **အမှန်** အတိုင်း သိသိနေတဲ့ ယောဂီမှာ နာမရူပ ပရိစ္ဆေဒဉာဏ်မှ **သစ်ါရ**ပေက္ခာဉာဏ်အထိ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း ဖြစ်ပွားသွားတယ်၊ သစ်ါရပေက္ခာဉာဏ် အားပြည့်တဲ့အခါ အနုလောမဉာဏ် ဆိုတာ ဖြစ်ပြီးတော့ နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘူဉာဏ်

http://www.dhammadownload.com

မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာတွေ အစဉ်အတိုင်း ဖြစ်သွားတယ်။ ဒါကြောင့် အဲဒီလို ဖြစ်ပုံကို ပဋ္ဌာန်းပါဠိတော်မှာ -

အနုလောမံ ဂေါတြဘူသေ၊ ဂေါတြဘုံ မဂ္ဂသေ၊ မဂ္ဂေါဖလသေ အနန္တရပစ္စယေန ပစ္စယော-လို့ ဟောထားတာပါပဲ။

အနုလောမံ၊ အနုလောမဉာဏ်သည်။ ဂေါတြဘုသေ၊ နိဗ္ဗာန်ဆီသို့ ညွှတ်သော ဂေါတြဘူဉာဏ်အား။ အနန္တရပစ္စယေန ပစ္စယော၊ အခြားမဲ့၌ ကျေးဇူးပြုခြင်း ကျေးဇူးပြု၏။ ဂေါတြဘု၊ ဂေါတြဘူဉာဏ်သည်။ မဂ္ဂသေ၊ မဂ်အား။ အနန္တရပစ္စယေန ပစ္စယော၊ အခြားမဲ့၌ ကျေးဇူးဆပ်ခြင်းဖြင့် ကျေးဇူးပြု၏။ မဂ္ဂေါ၊ မဂ်သည်။ ဖလသေ၊ ဖိုလ်အား။ အနန္တရပစ္စယေန ပစ္စယော၊ အခြားမဲ့၌ ကျေးဇူးပြုခြင်းဖြင့် ကျေးဇူးပြု၏ တဲ့။

အဲဒီ ပဋ္ဌာန်းဒေသနာတော်အရ "မြင်ရတဲ့ အဆင်းစသော ရုပ်နာမ်ကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုသိရတဲ့ အနုလောမဉာဏ်၏ အခြားမဲ့၌ နိဗ္ဗာန်ဆီညွှတ်တဲ့ ဂေါတြဘူဉာဏ် ဖြစ်တယ်။ အဲဒီ ဂေါတြဘူ၏ အခြားမဲ့၌ အရိယမဂ်ဖြစ်တယ်။ အဲဒီ မဂ်၏ အခြားမဲ့၌ ဖိုလ်ဖြစ်တယ်"ဆိုတာကို တိတိကျကျ သိရတယ်။ အဲဒီမှာ အနုလောမဉာဏ်ဆိုတာ ခေါင်ထိပ်ဝိပဿနာဉာဏ်ပဲ၊ အဲဒီဉာဏ်က သစ်ါရုပေက္ခာဉာဏ် အားပြည့်တဲ့အခါမှဖြစ်တာ၊ သစ်ါရုပေက္ခာဉာဏ်ဆိုတာကလဲ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ရှုမှတ်ပြီး သိတဲ့အခြေခံ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တွေ အစဉ်အတိုင်း ဖြစ်ပြီးမှ ဖြစ်တဲ့ဉာဏ်ပဲ၊ ဒါကြောင့် မြင်မှု စသည်ကို

http://www.dhammadownload.com

မရှုရင် အခြေခံဝိပဿနာအဆင့်တွေ မဖြစ်ဘူး၊ အခြေခံ ဝိပဿနာ အဆင့်ဆင့်တွေ မပြည့်စုံရင် သခ်ၸါရုပေက္ခာညာဏ် မဖြစ်ရင် အနုလောမညာဏ် မဖြစ်ဘူး၊ အနုလောမညာဏ် မဖြစ်ရင် ဂေါတြဘူ ညာဏ် မဖြစ်ဘူး၊ အနုလောမညာဏ် မဖြစ်ရင် ဂေါတြဘူညာဏ် မဖြစ်ဘူး၊ ဂေါတြဘူညာဏ် မဖြစ်ရင် အရိယမဂ်ညာဏ်, ဖိုလ်ညာဏ် ဆိုတာ မဖြစ်ဘူး။ အဲဒါကို ကိန်းသေ မှတ်ထားကြရမယ်။

အထူးသတိပြုရန်

ယခုဖော်ပြခဲ့သော "ရူပံ ဒိသွာ သတိ မုဋ္ဌာ" ဟူသော ပါဠိ "ရူပံ ဒိသွာ ပဋိသတော"ဟူသော ပါဠိတို့ဖြင့် "မျက်စိဖြင့် အဆင်း ရုပ်ကို မြင်ပြီးလျှင် မရှုသူမှာ ရာဂစသော ကိလေသာ ဖြစ်ပွား ကြောင်း၊ ရှုသူမှာ ရာဂစသော ကိလေသာ မဖြစ်ကြောင်း ငြိမ်း ကြောင်း" ပြထားသည်မှာ အလွန်ပင် ထင်ရှားပါတယ်။ မဟာ သတိပဋ္ဌာန်သုတ် တရားတော်ဖြင့်လဲ "ဖြစ်ဆဲဖြစ်သော ကာယ ဝေဒနာ စိတ္တ ဓမ္မတို့ကို ရှုမှတ်၍ သိအပ်ကြောင်း၊ ထိုသို့ ရှုမှတ်၍ သိသော သတိပဋ္ဌာန်မှ ကင်း၍ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ကြောင်း" အတိအလင်း ထင်ရှားပြထားပါတယ်၊ "အနုလောမံ ဂေါတြဘုသေ၊ ဂေါတြဘု မဂ္ဂသ အနန္တရပစ္စယေန ပစ္စယော" ဟူသော ပဋ္ဌာန်းပါဠိ တော်ဖြင့်လဲ ဝိပဿနာ မရှုဘဲ အရိယမဂ်ညာဏ် ဖြစ်ရိုး မရှိကြောင်း အတိအလင်း ထင်ရှားပြထားပါတယ်။ "စဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ"ဟူသော ပါဠိဖြင့် မြင်ပြီးလျှင်ပြီးချင်း အမှတ် မရသူ မရှုသူမှာ ရာဂစသော ကိလေသာ ဆင်းရဲ ကမ္မဝဋ် ဝိပါကဝဋ်

http://www.dhammadownload.com

ဆင်းရဲများကို လက်ခံစုဆောင်းနေရာ ရောက်သောကြောင့် မရှုသူမှာ နိဗ္ဗာန်ဝေးကြောင်း" ထင်ရှားဖော်ပြထားပါတယ်။ ပါဠိတော်သူတိုင်း ဤအနက်သာ မှန်ကြောင်းလဲ ထင်ရှားသိနိုင်ပါတယ်၊ "ဧဝံအပစိန တောဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ" ဟူသော ပါဠိဖြင့် "မြင်ပြီးလျှင်ပြီးချင်း အမှတ်ရသူမှာ ရှုသူမှာ ကိလေသာဆင်းရဲဝဋ္ဋ ဆင်းရဲများကို ပယ်ဖျက်ရာရောက်သောကြောင့် ရှုသူမှာ နိဗ္ဗာန်နှင့် နီးကြောင်း" ထင်ရှားဖော်ပြထားပါတယ်၊ ပါဠိတော်သူတိုင်း ဤအနက်သာ မှန်ကြောင်းလဲ ထင်ရှားသိနိုင်ပါတယ်၊ ဒါကြောင့် ဖြစ်ခိုက်ရုပ်နာမ်ကို မရှုဘဲ၊ သို့မဟုတ် သီလအခြေခံ၍ သမာဓိ, ပညာ, ဘာဝနာအလုပ်ကို အားမထုတ်ဘဲ မဂ်ဖိုလ် နိဗ္ဗာန်တရားထူးကို ရနိုင်ကြောင်း ပြောဟောချက်များကို ဘုရားအလိုတော်နှင့် ညီ, မညီ၊ သင့်, မသင့်၊ မှန်, မမှန် အထူးသတိပြု၍ ဆင်ခြင်သင့်ပါတယ် –

ရှုမှတ်မှ ဘုရားအလိုတော်ကျဖြစ်သည်

အမှန်ကတော့ မြင်ပြီးလျှင် (ပဋိသေတော) တဖန်အမှတ်ရသည်လို့ ဆိုတဲ့အတိုင်း မြင်ပြီးလျှင် ရှုမှတ်ဖို့က ဘုရား၏ အလိုတော်ကျဘဲ၊ နောက်ပြီးတော့ (ဧဝံသော စရိတိသတော–လို့) ဆိုတဲ့အတိုင်း ရှုမှတ်ပြီး ကျင့်တယ်ဆိုတာနဲ့ အဲဒီလို ရှုမှတ်ပြီး အနိစ္စစသည်ဖြင့် အမှန်အတိုင်းသိရင် သိတိုင်း သိတိုင်း ကိလေသာဆင်းရဲ ဝဋ္ဋဆင်းရဲကို ဖျက်ဆီးသည် မည်တယ်၊ အဲဒီလို ရှုပြီး ကိလေသာဆင်းရဲ ဝဋ္ဋဆင်းရဲကို ဖျက်ဆီးပယ်ရှင်းနေတဲ့သူမှာ နိဗ္ဗာန်နီးတယ်ဆိုတာဟာ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အလိုတော်အစစ်

http://www.dhammadownload.com

ဖြစ်ကြောင်း အလွန်ပင် ထင်ရှားနေပါတယ်။ ဒါကြောင့် အဲဒီ ဘုရားအလိုတော် ထင်ရှားပေါ်အောင် ဘုန်းကြီးက "မြင်ခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နီးသည်" လို့ နိဂုံးချုပ် ဆောင်ပုဒ်တစ်ခုလဲ စီထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

မြင်ခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နီးသည်

မြင်ခိုက်၌ မရှုသူမှာ နိဗ္ဗာန်နှင့်ဝေးကြောင်း အမှတ် (၁-၂) ဂါထာများဖြင့် ပြထားတယ်၊ ဒါကြောင့် မြင်ခိုက်၌ မရှုရင် နိဗ္ဗာန်နှင့် ဝေးတာပဲ၊ နိဗ္ဗာန်နှင့် ဝေးချင်ရင် မရှုဘဲ နေကြရုံပဲ၊ နိဗ္ဗာန်နှင့် ဝေးချင်ကြသလား၊ နီးချင်ကြသလား၊ (နီးချင်ကြပါတယ်ဘုရား)။ နိဗ္ဗာန်နှင့် နီးချင်ကြရင် မြင်တိုင်း မြင်တိုင်း မြင်တယ် မြင်တယ်လို့ ရှုမှတ်သွားကြဖို့ပါပဲ။ မြင်ရသည်၌ မြင်ရုံမျှ ဖြစ်လတ္တံ့ဆိုတဲ့ ဝိပဿနာလုပ်ငန်းစဉ်နှင့်စပ်ပြီး ပြောစရာကတော့ စုံလောက်ပါပြီ၊ ယခုကြားရတာနှင့် စပ်ပြီး မေးခွန်းမှစ၍ ဝိပဿနာအလုပ်ပေးပုံ ဟောရမယ်။

ဝိပဿနာ၏ အခြေခံမေးခွန်းတော် (၂)

ယေ တေ သောတဝိညေယ္ယာ သဒ္ဒါ အသုတာ အသုတပုဗ္ဗာ၊ နု စ သုဏာသိ၊ နု စ တေ ဟောတိ သုဏောယ္ယန္တီ၊ အတ္ထိ တေ တတ္တ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ။

(မာလုကျပုတ္တ-မာလုကျ၏ သားဖြစ်သောရဟန်း) သောတဝိညေယ္ယာ-နားဖြင့် တကယ်ကြားနိုင်ကောင်းကုန်သော၊ ယေ သဒ္ဒါ

http://www.dhammadownload.com

–အကြင်အသံတို့ကို၊ တေ–သင်သည်၊ အသုတာ–မကြာမီကလဲ မကြားဘူးသေး၊ အသုတပုဗ္ဗာ–ရှေးကာလ ရှေးဘဝတွေကလဲ မကြားခဲ့သေး၊ နု စ သုဏာသိ–ယခုလဲ ကြားနေဆဲ မဟုတ်၊ တေ–သင့်အား နု စ ဟောတိ သုဏောယျန္တိ–ကြားနိုင်သည်ဟူ၍လဲ စိတ်ကူးထဲမှာ မဖြစ်သေး၊ တတ္ထ–ကြားလဲ မကြားဘူးသေး၊ ကြားဆဲလဲ မဟုတ်၊ ကြားနိုင်တယ်–ကြားရလိမ့်မယ်လို့တောင် စိတ်ကူးထဲမှာ မပေါ်သေး၊ ထိုအသံတို့၌၊ တေ–သင့်အား၊ ဆန္ဒော ဝါ–လိုချင်နှစ်သက်မှု ဆန္ဒသည်လည်းကောင်း၊ ရာဂေါ ဝါ–တပ်မက်စွဲလမ်းမှု ရာဂသည်လည်းကောင်း၊ ပေမံ ဝါ–ချစ်ခင်မှုသည်လည်းကောင်း၊ အတ္ထိ–ရှိပါသလား ဖြစ်ပါသလားတဲ့၊ ဒီလိုမေးတော်မူပါတယ်။

ရှေးကလဲ မကြားဘူးသေးတဲ့အသံ၊ ယခုလဲ ကြားဆဲ မဟုတ်တဲ့အသံ၊ ကြားနိုင်တယ်–ကြားရလိမ့်မယ်လို့ စိတ်ကူးထဲမှာတောင် မပေါ်သေးတဲ့အသံ၊ အဲဒီလို အသံနှင့် အသံရှင် မိန်းမ ယောကျ်ားကို အာရုံပြုပြီး လိုချင်နှစ်သက်ခြင်း တပ်မက်ခြင်း ချစ်ခင်ခြင်း ဖြစ်ပါ့မလားတဲ့၊ အဲဒီလို လုံးဝမကြားရ မသိရသေးတဲ့ အသံနဲ့ အသံရှင်ကို လိုချင်နှစ်သက်ခြင်း၊ တပ်မက်ခြင်း၊ ချစ်ခင်ခြင်းဆိုတာ ဘယ်ဖြစ်မလဲ၊ မဖြစ်ပါဘူး၊ ဒါကြောင့် အရှင်မာလုက္ကျပုတ္တမထေရ်က အဲဒီလို လိုချင်နှစ်သက်ခြင်း တပ်မက်ခြင်း ချစ်ခင်ခြင်း မဖြစ်ပါဘုရားလို့ ဖြေကြားလျှောက်ထားပါတယ်၊ အဲဒါဟာ တိကျမှန်ကန်တဲ့ အဖြေပါပဲ။ ဒီအမေးဖြင့် မကြားရတဲ့ အသံကို အာရုံပြုပြီး လိုချင်နှစ်သက်ခြင်း စသည် မဖြစ်ဘူး၊ ဒါကြောင့် အဲဒီ မကြားရတဲ့ အသံ

http://www.dhammadownload.com

တွေကိုတော့ ဝိပဿနာရှုဖို့ မလိုဘူး၊ အဲဒီအသံတွေမှာ ကိလေသာ မဖြစ်ရအောင် ဝိပဿနာရှုဖို့ မလိုဘူးဆိုတာကိုလဲ သိစေပါတယ်။ အဲဒါကို "မကြားရရာ၊ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်" လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၁။ မကြားရရာ၊ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်။

ကြားရရင်တော့ အဲဒီကြားရတဲ့အသံနဲ့ အသံရှင်ကို အာရုံပြုပြီး ချစ်ခင်နှစ်သက်မှုစသော ကိလေသာတွေ ဖြစ်နိုင်တယ်၊ အဲဒီလို ကိလေသာ ဖြစ်နိုင်ပုံကိုလဲ မေးခွန်းတော်ဖြင့်ပင် သိစေပါတယ်၊ အဲဒါကိုလဲ "ကြားရရာမှာ ကိလေသာ ကိန်းကာ ဖြစ်နိုင်သည်"လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၂။ ကြားရရာမှာ၊ ကိလေသာ၊ ကိန်းကာဖြစ်နိုင်သည်။

ကိလေသာ ကိန်းတယ်ဆိုတာ မြင်တာ ကြားတာ စသည်ကို မရှုမသိလျှင် အဲဒီမြင်ရကြားရတဲ့ အာရုံစသည်ကို ပြန်လည် ဆင်ခြင်ပြီး ကိလေသာ ဖြစ်နိုင်တာကို ဆိုတာပါပဲ၊ ဒါကြောင့် အဲဒီလို ကိလေသာ ဖြစ်နိုင်ခွင့်ဆိုတဲ့ ကိန်းမှု မရှိရအောင် မြင်တိုင်း ကြားတိုင်း စသည်မှာ ရှုမှတ်ကြရတာပဲ၊ အဲဒီလို ရှုမှတ်ပြီး ကိန်း မည့် ကိလေသာတွေကို ပယ်သင့်တယ် ဆိုတာကိုက မေးခွန်းတော် ဖြင့်ပင် သိနားလည်စေပါတယ်၊ အဲဒါကိုလဲ "ကြားတိုင်း မှတ်ရှု၊ ကိလေစု၊ ကိန်းမှုပယ်သင့်သည်"လို့ ဆောင်ပုဒ် စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၃။ ကြားတိုင်းမှတ်ရှု၊ ကိလေစု၊ ကိန်းမှုပယ်သင့်သည်။

http://www.dhammadownload.com

ယခု ဆိုခဲ့ကြတဲ့အမှတ် (၁-၂-၃) ဆောင်ပုဒ်များအရ ဝိပဿနာလုပ်ငန်းစဉ်ကို မေးခွန်းဖြင့်ပင် သိနားလည်စေကြောင်းကိုလဲ နိဂုံးချုပ်အနေဖြင့် ဆောင်ပုဒ်တစ်ခု စီထားပါသေးတယ်။ "မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်"တဲ့ အဲဒါကိုလဲ ဆိုကြရမယ်။

၄။ မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်။

အဲဒီလို မေးခွန်းဖြင့်ပင် "ကြားရတဲ့အာရုံမှာ ကိလေသာ မဖြစ်ရအောင် ကြားပြီးလျှင်ပြီးချင်း ရှုသိဖို့လိုတယ်" ဆိုတဲ့ ဝိပဿနာလုပ်ငန်းစဉ်ကို နားလည်စေပြီးတဲ့အခါ ကြားမှုနှင့်ဆိုင်တဲ့ ဝိပဿနာအလုပ်ကို (သုတေ သုတမတ္တံ ဘဝိဿတိ-လို့) ညွှန်ကြားတော်မူပါတယ်။ အပြည့်အစုံ ညွှန်ကြားပုံကိုတော့ ဤစာအုပ်မှာ (နာ ၂၇ မှ ၄၈) အထိ ပြခဲ့ပါပြီ။

မာလုက္ကျပုတ္တ၊ မာလုက္ကျာ၏သားဖြစ်သောရဟန်း၊ တေ၊ သင်အား။ ဧတ္တ စ ဒိဋ္ဌ သုတ မုတ ဝိညာတေသု ဓမ္မေသု၊ မြင်ရ ကြားရ ရောက်ရ သိရသော ဤတရားတို့တွင်လဲ၊ သုတေ၊ ကြားရသည်၌။ သုတမတ္တံ ဘဝိဿတိ၊ ကြားရုံမျှ ဖြစ်လတ္တံ့တဲ့။

ဒီစကားရပ်ဖြင့် ကြားရတဲ့ အာရုံမှာလဲ သင်ဝန်ခံခဲ့သည့်အတိုင်း မမေ့မလျော့ မပြတ်ရှုမှတ်နေလျှင် ကြားရုံမျှဖြစ်ပါလိမ့်မယ်၊ ကြားရုံမျှဖြစ်-ဆိုတာ မကြားရတဲ့ အသံအာရုံတို့၌ ကိလေသာ မဖြစ်နိုင်သလိုပင် ကြားရတဲ့အသံ၌ ကြားပြီးလျှင်ပြီးချင်း ရှုမှတ်ပြီး သိသိသွားရင် နောက်ဆက်တွဲ ကိလေသာ အကြံတွေ မဖြစ်တော့ဘဲ ကြားရုံ

http://www.dhammadownload.com

မျှသာ ဖြစ်ပါလိမ့်မယ်–လို့ ဆိုလိုတာပါပဲ၊ ဒီလိုဖြစ်ပုံနဲ့ စပ်ပြီး အသေးစိပ်အားဖြင့် နားလည်ရအောင် ဤစာအုပ် (နာ ၂၉ စသည်) မှာ မြင်ဆဲ၌ စိတ်အစဉ် ဖြစ်ပုံဆိုတဲ့ စာညွှန်းခေါင်းဖြင့် ပြခဲ့ပါပြီ။ အဲဒီမှာ မြင်သိဝိထိ စိတ်စဉ်အရာ၌ ဒီက ကြားသိဝိထိ စိတ်စဉ်ကိုလဲ ထည့်ပြီး မှတ်သားရုံပါပဲ၊ ကဲ–ထည့်ပုံအစဉ်ကို လိုက်ကြရမယ်။

ကြားပြီး မရှုနိုင်လျှင် ပညတ်ရောက်ပုံ

ထင်ဆဲအသံဓာတ် ကြားလတ်ဦးစွာ (ဒါက ကြားသိဝိထိ ဖြစ်ပုံပဲ)

ကြားပြီးတရား စဉ်းစားပြန်ရာ (ကြားပြီးနောက် ပထမ ကြားသိဝိထိဖြစ်ပုံပဲ)

အမည်နာမ သိရပြီးကား၊ (ဒါက စကားသံအမည်သိပုံ ဒု–ကြံသိဝိထိပဲ)

အနက်ပညတ် သိလတ်နောက်ဆုံးမှာ (စကား၏အနက်ပညတ်ကို သိပုံပါပဲ)

ဒီဆောင်ပုဒ်အရ ကြားစဉ်က ကြားရတဲ့ အသံမျှကိုသာ သိတယ်။ အဲဒီအနေမှာ ရှုမှတ်နိုင်ရင် ကြားရုံမျှပဲ ရပ်စဲသွားတယ်။ မမှတ်နိုင်တော့ အဲဒီ ကြားရတာကို ပြန်လည်ကြံသိတဲ့ စိတ်အစဉ် ဖြစ်လာတယ်၊ ဒီစိတ်အစဉ်မှာလဲ ကြားပြီးအသံမျှကိုသာ သိပါသေးတယ်၊ ပညတ်အာရုံ မပေါ်သေးပါဘူး၊ ဥပမာ လူဆိုတဲ့အသံကို ကြားရရင် အဲဒီ အသံလောက်သာ ပေါ်ပါသေးတယ်၊ လူဆိုတဲ့ အမည်ပညတ်တော့ မပေါ်သေးပါဘူး၊ ဒါကြောင့် အဲဒီ ကြံသိဝိထိ

http://www.dhammadownload.com

အခြားမဲ့၌ ရှုမှတ်နိုင်ရင်လဲ ပရမတ် အသံကိုမျှ သိရုံတွင်သာ ရပ်စဲသွားပါတယ်။ မရှုမမှတ်နိုင်ရင်တော့ လူဆိုတဲ့ အမည်ဝေါဟာရ ပညတ်လဲ ထင်ရှားတဲ့ ဒုတိယ ကြံ့သိဝိထိ ဖြစ်သွားတယ်။ အဲဒီကနောက် လူပုံသဏ္ဌာန် ပညတ်ထင်ရှားတဲ့ တတိယကြံ့သိဝိထိ စသည်လဲ ဖြစ်သွားတော့တာပဲ၊ အဲဒီလို ပညတ်တွေ ပေါ်သွားရင်တော့ ပြန်လည်ဆင်ခြင်ပြီး ချစ်ခြင်း မုန်းခြင်းစသော ကိလေသာတွေ ဖြစ်ပွားသွားတော့တာပဲ၊ အဲဒီလို ကိလေသာ ကြံ့သိဝိထိတွေ ဆက်လက်မဖြစ်ဘဲ ကြားရုံမျှတွင် ရပ်စဲသွားအောင် ကြားပြီးလျှင် ပြီးချင်း ရှုမှတ်ပြီး သိသိသွားဖို့ပါပဲ၊ အဲဒီလို ဖြစ်ပုံကိုလဲ လိုက်ဆိုကြရမယ်။

ကြားပြီး ရှုနိုင်လျှင် ပရမတ်၌ တည်ပုံ–ဉာဏ်ဖြစ်ပုံ

ကြားလျှင် ကြားချင်း လက်ငင်းမှတ်လျှင် (ကြားသိ ဝိထိ၏ အခြားမဲ့၌၊ သို့မဟုတ် ပထမကြံ့သိဝိထိ၏ အခြားမဲ့၌ ရှုမှတ်နိုင်လျှင်လို့ ဆိုလိုတာပဲ။)

ကြားရုံတွင်ပဲ ရပ်စဲစိတ်စဉ် (အဲဒီလို ရှုမှတ်နိုင်လျှင် ကြားရုံမျှတွင်ပဲ စိတ်အစဉ် ရပ်စဲသွားတယ်။ ဒုတိယ ကြံ့သိဝိထိ စသည် မဖြစ်တော့ဘူးလို့ ဆိုလိုတယ်၊ သုတေ သုတမတ္တံ ဘဝိဿတိ–ဆိုတဲ့ ဒီဒေသနာတော်နှင့်အညီပါပဲ။)

ရုပ်နာမ်ကွဲလျက် ဖြစ်ပျက်သိမြင်၊ (ကြားရတာက ရုပ်+ကြားသိတာ ရှုသိတာက နာမ်–ဒီရုပ်နာမ် ၂ ပါးကိုလဲ ခွဲခြားသိတယ်၊ ကြားရတာရော+ကြားသိတာရော+ရှုသိတာရော

http://www.dhammadownload.com

ပေါ်လာပြီး ချက်ချင်းပင် ပျောက်ကွယ်သွားတယ်ဆိုတာ ကိုလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်တယ်လို့ ဆိုလိုပါတယ်။)

အနိစ္စ, ဒုက္ခ သဘောထင်။ အနိစ္စ–မမြဲဘူး၊ ဒုက္ခ–ဆင်းရဲမျှဘဲ အတ္တမဟုတ်တဲ့ သဘောတရားမျှပဲလို့ ဒီလိုလဲ အသိဉာဏ်မှာ ထင်ပေါ်တယ်လို့ ဆိုလိုပါတယ်။)

ဘုန်းကြီးတို့၏ တပည့်ယောဂီတွေဟာ ဖောင်းတာ ပိန်တာ မှစပြီး ပေါ်ရာပေါ်ရာကို မမေ့မလျော့ မပြတ်ရှုမှတ်နေကြရတယ်၊ အဲဒီလို ရှုမှတ်နေရင်း အသံကြားရင်လဲ ကြားတယ်လို့ ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်လိုက်တော့ ကြားရုံမျှတွင် တည်တယ်၊ ကြားတာကို ဆက်လက်ဆင်ခြင်ပြီး ကိလေသာတွေ မဖြစ်ရတော့ဘူး၊ အဲဒီလို မရှုမှတ်ဘဲ အမှတ်တမဲ့ နေမြဲနေကြတဲ့ သာမန်လူတွေမှာတော့ ကြားတာကို ကြားတယ်လို့ ရှုရမယ်ဆိုတာကိုလဲ မသိကြဘူး၊ ရှုမှတ်လိုတဲ့စိတ်လဲ အများအားဖြင့် မရှိကြဘူး၊ ဒါကြောင့် ကြားပြီးလျှင် ချစ်ဖွယ်အာရုံကောင်းကိုသာ မျှော်ပြီးမေ့နေကြတာပဲ၊ အဲဒီလို ရှုမှတ်ခြင်း မရှိဘဲ မေ့နေသူမှာ နိဗ္ဗာန်ဝေးကြောင်း ဂါထာ ၂ ပုဒ်ဖြင့် ဒီလိုပြဆိုထားပါတယ်။

ကြားရိုက်ခ်ဋ္ဌ မရှုသူမှာ နိဗ္ဗာန်နှင့်ဝေးသည်

၁။ သဒ္ဒံ သုတ္တာ သတိ မုဋ္ဌာ၊
ပိယ နိမိတ္တံ မနသိ ကရောတော။
သာရတ္တစိတ္တော ဝေဒေဟိ၊
တဿ အဗ္ဘောသ တိဋ္ဌတိ။

http://www.dhammadownload.com

ပိယ နမိတ္တံ၊ ချစ်ဖွယ်အာရုံကို၊ မနသိကရောတော၊ နလုံးသွင်း မျှော်လင့်နေသူအား၊ (တရားအားထုတ်ခြင်း မရှိတဲ့ ပကတိပုဂ္ဂိုလ်တွေဟာ ချစ်ဖွယ်အာရုံကောင်းကို အမြဲပင် လိုချင် တောင့်တနေကြတယ်။ ဒါကြောင့် မျက်စိထဲ အဆင်းရိပ် ထင်ပေါ်လာရင် ဘာပါ လိမ့်မလဲလို့ ဆင်ခြင်တဲ့ အာဝဇ္ဇန်း စိတ်ကတည်းက ချစ်ဖွယ်ကို အများအားဖြင့် မျှော်လင့်ဆင်ခြင်ပြီးဖြစ်တယ်၊ နားထဲ အသံ ထင်ပေါ်လာတဲ့အခါလဲ အသံကောင်းကို မျှော်လင့်ဆင်ခြင်ပြီး ဖြစ်တယ်၊ နားထဲ အသံ ထင်ပေါ်လာတဲ့အခါလဲ အသံကောင်းကို မျှော်လင့်ချက် ဆင်ခြင်တယ်၊ တခါတရံမှာတော့ အဆင်းဆိုး, အသံဆိုးကို ရှောင်ရန်, ဖျက်ရန်အတွက် ဆင်ခြင်တာလဲ ရှိပါသေးရဲ့ ဒါပေမယ့် အများအားဖြင့်တော့ အကောင်းကို မျှော်လင့်တာကပဲ များပါတယ်၊ အဲဒီလို အကုသိုလ်ဖြစ်ရေး အားပေးတဲ့ ဆင်ခြင်မှုကို အယောနိသော မနသိကာရလို့ ခေါ်တယ်၊ အဲဒီလို ချစ်ဖွယ်အသံကောင်းကို နှလုံးသွင်း မျှော်လင့်ဆင်ခြင်သူမှာ) သဒ္ဒံ သုတ္တာ၊ အသံကို ကြားပြီး၍၊ ဝါ၊ ကြားပြီးလျှင်။ (ပိယံ နိမိတ္တံ မနသိ ကရောတော၊ ချစ်ဖွယ်အာရုံကို နှလုံးသွင်းမိသောသူအား အစပထမက ချစ်ဖွယ်ကို မျှော်လင့်နေသူမှာ အသံကို ကြားပြီးလျှင် ချစ်ဖွယ်အနေဖြင့် နှလုံးသွင်းတော့တာပါပဲ။ အဲဒီ နှလုံးသွင်းမိတဲ့သူမှာ) သတိမုဋ္ဌာ အမှတ်မရဘဲ သတိမေ့သွားလေတော့သည်–တဲ့၊ အဲဒါကို "အသံကြားလျှင်၊ ချစ်ဖွယ်ထင်၊ ထိုတွင်မေ့လေသည်"လို့ အဆင်းမြင်လျှင်" ဆိုရာမှာ "အသံကြားလျှင်"လို့ ပြင်ပြီး ဆိုကြရမယ်။

၁။ အသံကြားလျှင်၊ ချစ်ဖွယ်ထင်၊ ထိုတွင်မေ့လေသည်။

http://www.dhammadownload.com

အဲဒီမှာ မေ့၊ ဆိုတာက ရှုမှတ်မရှိတာကို ပြောတာပါပဲ။ လောကရေးဘက်ကတော့ မမေ့ပါဘူး၊ ဘာပြောတာပဲ၊ ဘယ်သူ့အသံပဲ၊ စသည်ဖြင့် စွဲလမ်းသိမ်းပိုက်လျက် အမှတ်ရနေတာပါပဲ၊ ဒါကြောင့် –

သော၊ ကြားပြီးလျှင် ချစ်ဖွယ်ထင်လျက် မရှုမမှတ်နိုင်သော ထိုသူသည်။ သာရတ္ထစိတ္တော၊ တပ်မက်သော စိတ်ရှိလျက် ဝေဒေတိ၊ ကြားရသည့် အသံကို ခံစား၏။ တဗ္ဗ၊ ထိုအသံကိုလည်း။ အဗ္ဗောသ တိဋ္ဌတိ၊ မျိုး၍ သိမ်းထားသကဲ့သို့ စိတ်ထဲ၌ သိမ်းပိုက်လျက်တည်၏လို့ ဟောထားတာပါပဲ၊ ဆောင်ပုဒ်ကတော့ မြင်ရာ၌ လိုပါပဲ။ အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

၂။ သာယာတပ်စွဲ၊ ခံစားမြဲ၊ စိတ်ဆဲ သိမ်းလျက်တည်။

နောင်ပြန်လည် ဆင်ခြင်တိုင်း အဲဒီကြားရစဉ်က အသံလိုက် အသံကလေး ထင်ရှားပေါ်နေတယ်၊ အဲဒီလို ထင်ပေါ်ပုံနဲ့ စပ်ပြီးမှ မှတ်ဖွယ်ကောင်းတာကတော့ အရှင်နန္ဒမထေရ်၏ ဝတ္ထုပါပဲ။

အရှင်နန္ဒမထေရ်ဝတ္ထု

အရှင်နန္ဒဆိုတာ မြတ်စွာဘုရား၏ အဖတူ အမိကွဲ ညီတော်ပါပဲ။ မြတ်စွာဘုရားရှင်က သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် မဟာမာယာဒေဝီတို့မှ ဖွားမြင်တော်မူတယ်၊ အရှင်နန္ဒကတော့ မဟာမာယာဒေဝီ၏ညီမတော် မဟာပဇာပတိဂေါတမီမှ ဖွားမြင်တော်မူတယ်။ အရှင်နန္ဒဟာ မြတ်စွာဘုရားအောက် အသက်ကလေးငါးရက်လောက်သာ ငယ်ပါတယ်၊ ဘုရားအလောင်း ဖွားမြင်

http://www.dhammadownload.com

တော်မူပြီး နောက် ၇ ရက်မြောက်မှာ မယ်တော် မဟာမာယာက နတ်ရွာစံသွားတယ်၊ အဲဒီအခါ မဟာပဇာပတိဂေါတမီက သားရင်းဖြစ်တဲ့ နန္ဒသူငယ်ကို အထိန်းတော်နှင့် လွှဲထားပြီးတော့ ဘုရားအလောင်းတော်ကို ကိုယ်တိုင်နို့တိုက်ကျွေးပြီး စောင့်ရှောက်လာခဲ့တယ်လို့ ဆိုတယ်။

မြတ်စွာဘုရားရှင်ဟာ ပထမဝါကျွတ်ပြီးတဲ့နောက် ရာဇဂြိုဟ်မြို့၌ ကြွရောက်ပြီး ဟောပြောလျက်ရှိတယ်။ အဲဒီအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ချက်အရ ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူတယ်၊ ၃ ရက်မြောက်နေ့ နံနက်မှာ နန္ဒမင်းသားကို ဇနပဒကလျာဏီဆိုတဲ့ နှမတော်မင်းသမီးနှင့် လက်ထပ်မင်္ဂလာ, မင်းအဖြစ် အဘိသိက်မင်္ဂလာများအတွက် ကပ်လှူတဲ့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးတဲ့အခါ နန္ဒမင်းသားကို သပိတ်ဆောင်ယူစေပြီး ကျောင်းတော်သို့ ပြန်ကြွတော်မူတယ်၊ နန္ဒမင်းသားက ဟိုနားကျရင် သပိတ်ပြန်ယူနိုးနိုး ဒီနားကျရင် ပြန်ယူနိုးနိုးနဲ့ သပိတ်တော်ကို စွဲကိုင်လျက် မြတ်စွာဘုရား၏နောက်တော်က လိုက်ပါသွားရပါတယ်၊ အဲဒီအနေမှာ ဇနပဒကလျာဏီက အဲဒီသတင်းကို ကြားသိရလို့ ခေါင်းလျှော်ပြုပြင်နေရာက ဆံပင်များကို လက်နဲ့ကိုင်လျက် စိတ်ပူပြီး (တုဝဋ်ခေါ် အယျပုတ္တ အာဂစ္ဆေယျာသိ) အရှင်သားရေ မြန်မြန်ပြန်လာခဲ့ပါနော်–လို့ နန္ဒမင်းသားကို မှာလိုက်ပါသတဲ့။

ကျောင်းရောက်တဲ့အခါကျတော့ မြတ်စွာဘုရားရှင်က "ညီတော်နန္ဒ ရှင်ရဟန်းပြုမလား"လို့ မေးတော်မူတယ်။ နန္ဒ

http://www.dhammadownload.com

မင်းသားက ရှင်ရဟန်းပြုလိုတဲ့စိတ်တော့ မရှိပါဘူး၊ ဒါပေမယ့် မြတ်စွာဘုရားကို ရိုသေလေးစားသောအားဖြင့် (အာမ ပဗ္ဗဇိသာမိ) မှန်ပါ ရှင်ရဟန်းပြုပါမယ်–လို့ လျှောက်တယ်။ အဲဒီတော့ မြတ်စွာဘုရားရှင်က "ဒါဖြင့် နန္ဒကို ရှင်ရဟန်းပြုပေးကြ"လို့ မိန့်တော်မူပြီး နန္ဒမင်းသားကို ရှင်ရဟန်း ပြုစေတယ်။ နောက်ကာလ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူတဲ့အခါ အရှင်နန္ဒက ရဟန်းဘောင်မှာ မပျော်မမွေ့ ငြီးငွေ့နေတာနဲ့ သီတင်းသုံးဖော်များအားသူက ဒီလိုပြောသတဲ့ "ငါ့ရှင်တို့ ငါဟာ မပျော်မွေ့ဘဲ အကျင့်မြတ်ကို ကျင့်နေရတယ်၊ အကျင့်မြတ်ကို မိမိသန္တာန်၌ တည်စေနိုင်ရန် မစွမ်းနိုင်တော့ပါဘူး၊ သိက္ခာချပြီး လူထွက်ပါတော့မယ်"လို့ ပြောသတဲ့။

အဲဒီအကြောင်းအရာကို ကြားတော်မူတဲ့အတွက် မြတ်စွာဘုရားရှင်က အရှင်နန္ဒကို ခေါ်ပြီး မေးတော်မူတယ်၊ အရှင်နန္ဒက ဟုတ်မှန်ကြောင်း လျှောက်တယ်၊ ဘာ့ကြောင့် ရဟန်းဘဝ၌ ပျင်းသလဲလို့ မေးတော်မူတယ်၊ အိမ်က ထွက်ခွာလာခဲ့စဉ်က ဇနပဒကလျာဏီဟာ ခေါင်းဖီး၍ထက်ဝက်မျှပြီးသေးတဲ့ ဆံပင်တွေနဲ့ တပည့်တော်ကို ကြည့်ပြီး "အရှင့်သားရေ မြန်မြန်ပြန်လာခဲ့ပါနော်"လို့ မှာလိုက်ပါတယ်၊ တပည့်တော်ဟာ အဲဒီစကားသံ ကြားနေရသလိုပင် သတိရလျက် ရဟန်းဘဝ၌ မပျော်မွေ့ဘဲ ဖြစ်နေပါတယ် စသည်ဖြင့် လျှောက်ထားပါသတဲ့။

http://www.dhammadownload.com

အဲဒီတော့ မြတ်စွာဘုရားရှင်က အရှင်နန္ဒ၏ လက်မောင်းကို ကိုင်ပြီး တန်ခိုးတော်ဖြင့် ဆောင်ယူခဲ့ပြီးတော့ မီးလောင်ထားတဲ့ လယ်ယာကွက် တစ်နေရာမှာ မီးလောင်ငုတ်ပေါ် ထိုင်နေတဲ့ မျောက်အိုမတစ်ကောင်ကို ပြခဲ့ပါတယ်၊ အဲဒီမျောက်အိုမမှာ နား၊ နှာခေါင်း၊ အမြီးတွေလဲ ပြတ်နေလို့ အလွန်အရုပ်ဆိုးတဲ့ မျောက်မ ဖြစ်ပါသတဲ့၊ အဲဒီကနောက် တာဝတိံသာနတ်ပြည်သို့ ဆောင်သွားတယ်၊ အဲဒီ တာဝတိံသာရောက်တော့ သိကြားမင်းထံ လာကြတဲ့ အလွန်လှပတဲ့ နတ်သမီးငါးရာကိုလဲ အရှင်နန္ဒက မြင်တွေ့ရတယ်။ အဲဒီအခါ မြတ်စွာဘုရားရှင်က "ဘယ်လိုထင်သလဲ ညီတော်နန္ဒ ဇနပဒကလျာဏီနဲ့ နတ်သမီးငါးရာဟာ ဘယ်သူက ပိုပြီးလှပါသလဲ"လို့ မေးတော်မူတယ်။ ဒီနတ်သမီးငါးရာနှင့် နှိုင်းယှဉ်ကြည့်ရင်တော့ ဇနပဒကလျာဏီဟာ ဟိုမျောက်အိုမလိုပဲ ဖြစ်နေပါတယ်။ ဒီနတ်သမီးတွေရဲ့ အလှကို ၁၆ ပုံပြုပြီး တစ်ပုံတောင် မရှိပါဘူးလို့ အရှင်နန္ဒက လျှောက်တယ်။

အဲဒီတော့ မြတ်စွာဘုရားရှင်က "ညီတော်နန္ဒ ရဟန်းဘဝ၌ ပျော်မွေ့ပါ၊ ဟောဒီနတ်သမီးတွေကို ရဖို့အတွက် ငါဘုရားက တာဝန်ခံပါသည်လို့ မိန့်တော်မူတယ်။ "အဲဒီလိုဆိုရင် ဘုရားရှင်၏ သာသနာတော်အကျင့်မြတ်၌ ပျော်မွေ့ပါမည်"လို့ အရှင်နန္ဒက ဝန်ခံပါသတဲ့၊ လူ့လောက ပြန်ရောက်တဲ့အခါ အရှင်နန္ဒဟာ နတ်သမီးတွေ ရလိမ့်မယ်လို့ မျှော်လင့်ပြီး ရဟန်းအကျင့်တရားကို ပျော်ရွှင်စွာ အားထုတ်နေပါသတဲ့။

http://www.dhammadownload.com

အဲဒီအခါ အရှိုရဟန်းတော်များက "မြတ်စွာဘုရားဟာ အရှင်နန္ဒအား နတ်သမီးတွေရရေးအတွက် အာမခံထားသတဲ့၊ အရှင်နန္ဒက နတ်သမီးတွေရအောင် ကျင့်နေသတဲ့၊ ဒီလိုဆိုတော့ နေ့စားလစားအလုပ်သမားမျိုး ဖြစ်နေတာပေါ့၊ ငွေဖြင့် ဝယ်ထားတဲ့ အလုပ်သမားမျိုး ဖြစ်နေတာပေါ့"လို့ ကဲ့ရဲ့ပြောဆိုကြသတဲ့၊ အဲဒီလို ပြောဆိုတာတွေကို ကြားရတော့ အရှင်နန္ဒဟာ အလွန်ရှက်ပြီးတော့ (ဧကော ဂူပကဋ္ဌော တစ်ပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် (အပ္ပမတ္တော) ကမ္မဋ္ဌာန်းအာရုံ၌ အမှတ်ရမူသတိကို မစွန့်မူ၍ (ဒါကအဋ္ဌကထာအဖွင့်ပဲ မြန်မာလိုအရောအားဖြင့် ဆိုရင်တော့) ရှုမှတ်ဖွယ်အာရုံကို မမေ့မလျော့မပြတ် ရှုမှတ်လျက် (အာတာပီ) ကိလေသာကို ပူလောင်သွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပဓာန်လုံ့လနှင့် ပြည့်စုံသည်ဖြစ်၍ (ပဟိတတ္တော) ကိုယ်နှင့် အသက်ကို မငဲ့ကွက်ဘဲ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးရရန်သာ စေလွှတ်အပ်သောစိတ်, စွန့်လွှတ်အပ်သောကိုယ်စိတ်ရှိသည်ဖြစ်၍ ကျင့်နေတယ်၊ ဒါကြောင့် မကြာခင်ဘဲ အရဟတ္တမဂ် အရဟတ္တ ဖိုလ်ရောက်ပြီး ရဟန္တာဖြစ်သွားတော်မူပါသတဲ့။

ဒီဝတ္ထုထဲမှာ လိုရင်းသိစရာကတော့ ရှုမှတ်မှု လုံးဝမရှိသေးခင်က သူ့ဇနီးဇနပဒကလျာဏီက မှာလိုက်တဲ့ စကားသံကလေးကို စိတ်ထဲမှာ ကြားယောင်ယောင် ဖြစ်နေပုံပါပဲ၊ အခြားသူတွေလဲ တရားရှုမှတ်ခြင်း မရှိရင် ကြားရတဲ့ ချစ်ဖွယ်စကားကလေးတွေ စိတ်ထဲမှာ စွဲတည်နေတာချည်းပဲ၊ အဲဒီလိုဖြစ်ပုံကို (သာယာတပ်စွဲ၊ ခံစားမြဲ၊ စိတ်ထဲသိမ်းလျက်တည်လို့) ဆိုတာပါပဲ။

http://www.dhammadownload.com

၂။ တဿ ဝမ္ဘန္တိ ဝေဒနာ၊ အနေကာ သဒ္ဒသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာစ၊ စိတ္တမသ္သု ပဟာညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။

တဿ၊ ကြားရတဲ့အသံကို စိတ်ထဲ၌ စွဲပြီး သိမ်းပိုက်ထားသော ထိုသူအား၊ သဒ္ဒသမ္ဘဝါ–စွဲလျက် သိမ်းပိုက်ထားသည့် အသံကြောင့် ဖြစ်ကုန်သော၊ အနေကာ–များစွာကုန်သော၊ ဝေဒနာ၊ အကောင်းအဆိုး အမျိုးမျိုးသော ခံစားမှုတို့သည်။ ဝမ္ဘန္တိ၊ ဖြစ်ပွားကုန်၏တဲ့၊ ဆောင်ပုဒ်ကတော့ "အဆင်းဆိုင်ရာ" လို့ ဆိုထားရာမှာ "အသံဆိုင်ရာ"လို့ ပြင်ရုံမျှသာ ထူးပါတယ်၊ အဲဒါကို ဆိုကြရမယ်။

၃။ အသံဆိုင်ရာ၊ ဝေဒနာ၊ များစွာပွားတော့သည်။

အဲဒီ အသံကောင်းကလေးတွေကို အာရုံပြုပြီး စိတ်ထဲမှာ သုခဝေဒနာတွေလဲ ဖြစ်ပွားနေတယ်၊ အဲဒီအသံကောင်းဆိုင်ရာ အာရုံကို မရနိုင်မယ့်အရေး ကြံ့တွေးပြီးတော့ ဒုက္ခဝေဒနာတွေလဲ ဖြစ်ပွားနေတယ်၊ အဲဒီလို ဖြစ်ပုံတွေဟာ ကိုယ်တိုင်အားဖြင့်ပင် ထင်ရှားနေပါတယ်၊ နောက်ပြီးတော့ –

အဘိဇ္ဈာ စ၊ ရလိုသမှု ရှေးရှုကြံစည်သော လောဘသည်လည်းကောင်း၊ ဝိဟေသာ စ၊ ညှဉ်းဆဲလိုသော ဒေါသသည်လည်းကောင်း၊ ဝမ္ဘန္တိ၊ ဖြစ်ပွားကုန်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ဥပဟညတိ၊ လောဘ ဒေါသတို့ကြောင့် ပင်ပန်းလျက်ရှိနေချေသည်–တဲ့။ အဲဒီ ကြားရတဲ့ အသံအာရုံကို ရလိုတဲ့လောဘ, ရပြီးကို ခင်မင်တွယ်တာတဲ့ လောဘ ဆိုတာတွေလဲ ဖြစ်ပွားနေ

http://www.dhammadownload.com

ကြတယ်။ အဲဒီအသံအာရုံကို မရအောင် ဖြစ်စေ၊ ရပြီးကို ပျက်စီး ဆုံးရှုံးအောင်ဖြစ်စေ ပြုမယ်, ပြုတယ်လို့ ထင်ရတဲ့သူပို ညှဉ်းဆဲ လိုတဲ့ ဒေါသတွေလဲ ဖြစ်ပွားနေကြတယ်။ အဲဒီ လောဘ, ဒေါသ တွေက စေခိုင်းတိုက်တွန်းတဲ့အတိုင်း ကြောင့်ကြစိုက်ထုတ် ပြုလုပ် နေကြရတဲ့အတွက် စိတ်ဟာ ပင်ပန်းဆင်းရဲနေပါတယ် ...တဲ့၊ အဲဒါအတွက် ဆောင်ပုဒ်ကတော့ ရှေးကနဲ့ အတူတူပါပဲ။ ဆိုကြ ရမယ်။

၄။ လောဘစည်ကား၊ ဒေါသပွား၊ ဗျာပျား စိတ်ပန်းသည်။

အဲဒီအတိုင်း ကိလေသာတွေ၊ ကံတွေ၊ အကျိုးဝိပါက်ဆင်းရဲ တွေ ဖြစ်ပွားနေကြောင်း၊ မရှုမမှတ်သူမှာ ကိလေသာဆင်းရဲ ဝဋ်ဆင်း ရဲတွေကို လက်ခံစုဆောင်းနေသည် မည်ကြောင်းများကို ရှေ့နှား ပိုင်းက ပြောခဲ့ပါပြီ၊ ဒါကြောင့် ...

ဧဝံ–မရှုမမှတ်ဘဲနေသော ဤနည်းဖြင့် ဒုက္ခ–ကိလေသာ ဆင်းရဲ ဝဋ်ဆင်းရဲကို၊ အာစိနတော–လက်ခံ၍ ဆည်းပူး စုဆောင်း နေသော သူအား၊ နိဗ္ဗာနံ–ဆင်းရဲငြိမ်းသော နိဗ္ဗာန်သည်၊ ဝါ၊ နိဗ္ဗာန်ကို၊ အာရာ–ဝေးသည်ဟူ၍၊ ဝုစ္စတိ–ဆိုအပ်ပါသည် တဲ့၊ ရှေး ကလဲ ငါတို့ဟာ မရှုမမှတ်ဘဲ အမှတ်တမဲ့ နေလာခဲ့တာပဲ၊ မပြုပြင် မပြောင်းလဲတော့ပါဘူးလို့ ကြံပြီး နေမြဲ နေသွားရင် မီးပုံကြီးထဲ လောင်စာတွေ မပြတ်ထည့်ပေးနေလို့ မီးမငြိမ်းသလိုပင် ဆင်းရဲတွေ ဟာ ဖြစ်မြဲဖြစ်သွားပြီး မငြိမ်းဘဲ နေမယ်၊ အဲဒီတော့ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန် ဝေးနေမြဲ ဝေးနေတာပေါ့။ ဆောင်ပုဒ်တွေကတော့ ရှေးကနဲ့

http://www.dhammadownload.com

အတူတူပါပဲ၊ ဆိုကြရမယ်။

၅။ ဤနည်းဖြင့်ပဲ၊ မပြောင်းလဲ ဆင်းရဲရှာသူမည်။

၆။ ဆင်းရဲကိုသာ၊ ရှာသူမှာ၊ ဝေးစွာနိဗ္ဗာန်ပြည်။

ယခု ရွတ်ပြခဲ့တဲ့ ဂါထာ ၂ ပုဒ်ဖြင့် အတိုချုပ် ဆိုလိုတာက တော့ (ကြားခိုက်၌ မရှုမမှတ်သူမှာ နိဗ္ဗာန်ဝေးသည်–လို့) ဆိုလိုတာပါပဲ။ အဲဒါကို ဆိုကြရမယ်။

ကြားခိုက်၌ မရှုမမှတ်သူမှာ နိဗ္ဗာန်ဝေးသည်။

ကြားတိုင်း ကြားတိုင်း မပြတ်ရှုမှတ်နေရင်တော့ နိဗ္ဗာန်နဲ့ နီးကပ် နီးကပ်သွားတယ်၊ အဲဒီလို နိဗ္ဗာန်နဲ့ နီးပုံကို ဒါရိုက်ပြတဲ့ ဂါထာ ၂ ပုဒ်ကိုလဲ ရွတ်ဆိုပြီး ဟောပြမယ်။

ကြားခိုက်၌ ရှသိသူမှာ နိဗ္ဗာန်နှင့်နီးသည်

၇။ နော သော ရဇ္ဇတိ သဒ္ဒေသု၊ သဒ္ဒံ သုတ္တာ ပဋိသံဝေတိ။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္စနာဇ္ဈောသ တိဋ္ဌတိ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သဒ္ဒံသုတ္တာ၊ အသံကိုကြားပြီး ၍၊ ဝါ၊ အသံကိုကြားပြီးလျှင်။ ပဋိသံဝေတေ၊ တဖန်အမှတ်ရသည်။ ဟောတိ၊ ဖြစ်၏။ (အသံကို ကြားပြီးလျှင် တဖန်အမှတ်ရတယ် ဆိုတဲ့ ဒီပါဠိအနက်ကို အထူးသတိပြုကြရမယ်–အဲဒါဟာ ကြားပြီး လျှင်ပြီးချင်း ရှုမှတ်ရလို့ ဝိပဿနာရှုပုံကို ဒါရိုက် ထင်ရှားပြတဲ့ စကားပဲ၊ ဒါကြောင့် "ဝိပဿနာ ရှုတယ်ဆိုတာ ကြားပြီးတရား, မြင်ပြီး, တွေ့ပြီး, သိပြီးတရားကိုသာ ရှုရတယ်။ မကြားရ မမြင်ရ

http://www.dhammadownload.com

မတွေ့မသိရတာတွေကို သုတမယညာဏ်မျှဖြင့် ဆင်ခြင်ပြီး ရှုရတာ မဟုတ်ဘူး"ဆိုတာကို ခိုင်မြဲစွာ မှတ်သားထားကြရမယ်။) သော–အသံကို ကြားပြီးလျှင် ချက်ချင်း အမှတ်ရသော ထိုပုဂ္ဂိုလ်သည်။ သဒ္ဒေသု၊ ကြားရသော အသံတို့၌။ နု ရဇ္ဇတိ၊ မတပ်မက်၊ ဝါ၊ တပ်မက်မှုရာဂ ကင်းသည် တဲ့။

အဲဒါဟာ ရှေ့နားပိုင်းတုန်းက ထုတ်ပြခဲ့တဲ့ မြင်သိဝိထိ ဖြစ်ပုံနှင့် အလားတူ ကြားသိဝိထိ၏ အခြားမဲ့၌ ရှုမှတ်ပုံကို ပြတာပဲ၊ အဲဒီလို ကြားပြီးလျှင်ပြီးချင်း အမှတ်ရတဲ့သူဟာ ကြားရတဲ့ အသံရပ်မျှကိုသာ မှန်စွာသိရတယ်၊ အဲဒီအသံရပ်နဲ့ ကြားသိ နမ်–စသည် ချက်ချင်းပင် ပျောက်ကွယ်ပျက်စီးသွားတာကိုလဲ အမှန်အတိုင်းသိရတယ်၊ မိန်းမအသံပဲ၊ ယောကျ်ားအသံပဲ, ဘာကိုပြောတာပဲ စသည်ဖြင့် ချစ်ဖွယ်ပညတ်အာရုံကို မတွေ့ရဘူး၊ ဒါကြောင့် အဲဒီ ကြားရတာကို ဆက်လက်ပြီး မဆင်ခြင်တော့ဘဲ ကြားရုံမျှ ဖြစ်လတ္တံ့–ဆိုတဲ့ စကားတော်နဲ့အညီပါပဲ၊ အဲဒီအသံကို ကြားရပေမယ့် မကြားရတဲ့ အသံမှာလိုပင် တပ်မက်သာယာမှု စသော ကိလေသာ မဖြစ်တော့ဘဲ ကင်းတယ်၊ ဒါကြောင့် (နု သော ရဇ္ဇတိ သဒ္ဒေသု) အမှတ်ရတဲ့ ထိုသူဟာ ကြားရတဲ့ အသံတို့၌ မတပ်မက်ဘူးလို့ ဆိုတာပါပဲ။ ဆောင်ပုဒ်ကတော့ "အဆင်းမြင်က"လို့ ဆိုတာကို "အသံကြားက"လို့ ပြင်ဆိုရုံမျှသာ ထူးပါတယ်၊ အဲဒါကို ဆိုကြရမယ်။

၁။ ဒီအသံကြားက၊ အမှတ်ရ၊ ရာဂကင်းတော့သည်။

http://www.dhammadownload.com

ယခု ဒီရိပ်သာက ယောဂီတွေ ကြားလျှင်ကြားတယ်–လို့ ရှုမှတ်နေကြတာဟာ ဒီသုတ်တရားတော်နဲ့လဲ အံကျကိုက်ပြီး ညီနေပါတယ်၊ သမာဓိဉာဏ် အားရှိလာတဲ့အခါမှာ ကြားတယ် ကြားတယ်လို့ မှတ်တိုင်းမှတ်တိုင်း ကြားရတဲ့ အသံရော ကြားသိတာရော–ရှုသိတာရော ချက်ချင်းပင် ပျောက်ပျက်သွားတာကို တွေ့ရတယ်၊ အဲဒီတော့ ကြားရတဲ့ အသံနဲ့စပ်ပြီး တပ်မက်သာယာတဲ့ ရာဂလဲ မဖြစ်ရတော့ဘူး၊ တပ်မက်သာယာခြင်း မရှိဘဲ ခံစားရုံမျှသာရှိတယ်၊ နောက်ပြီးတော့ အဲဒီအသံကို စိတ်ထဲမှာ စွဲပြီး သိမ်းပိုက်မထားဘူး၊ အဲဒီလို ကိလေသာကင်းပုံ အစွဲကင်းပုံကိုလဲ ဒီလိုဆက်ပြီး ပြဆိုထားပါတယ်။

သော–ကြားပြီးလျှင် ချက်ချင်းအမှတ်ရသော ထိုပုဂ္ဂိုလ်သည်၊ ဝိရတ္တစိတ္တော–တပ်မက်ကင်းသော စိတ်ရှိသည်ဖြစ်၍၊ ဝါ–မတပ်မက်သောစိတ်ဖြင့်၊ ဝေဒေဟိ–ခံစားဈာ်၊ တဿ–ထိုအသံကိုလည်း၊ နအဗ္ဗောသ တိဋ္ဌတိ–သိမ်းပိုက်ဆုပ်ကိုင်လျက် မတည်တဲ့။ ဆောင်ပုဒ်ကတော့ မြင်ခိုက်ရှုပုံဆောင်ပုဒ်နဲ့ အတူတူပါပဲ။ အဲဒါကို ဆိုကြရမယ်။

၂။ မတပ်မက်ဘဲ၊ ခံစားမြဲ၊ စိတ်ထဲမသိမ်းပြီ။

အဲဒီလို တပ်မက်ခြင်း မရှိဘဲ ခံစားရုံမျှသာဖြစ်သောကြောင့် သူများလိုပင် အသံကိုကြားပြီး ခံစားမှုဖြစ်ပေမယ့် ဝေဒနာကြောင့် တဏှာစသော ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲတော့ ဖြစ်ပွားခြင်း မရှိဘူး၊ အဲဒါကိုလဲ ဒီလိုဆက်ပြီး ပြဆိုထားတယ်။

http://www.dhammadownload.com

၄။ ယထာသသုဏာတော သဒ္ဒံ၊ သေဝတောစာပိဝေဒနံ။
ခီယတိနောပစိယတိ၊ ဧဝံ သော စရတိသတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ။

ယထာ–အခြားမဲ့၌ မှတ်သိမှုပါသော အကြင်အခြင်းအရာဖြင့်။ သဒ္ဒံသုဏာတောစာပိ–အသံကို ကြားလဲကြားသော်လဲ၊ (ထေရဂါထာ အဋ္ဌကထာမှာ ပဿတော ရူပ်–ဆိုတဲ့ ပါဠိကို အနိစ္စာဒိတော ရူပ် ပဿန္တသ–လို့ ဖွင့်ပြထားကြောင်း နှာ ၈၃ မှာထုတ်ပြထားခဲ့တယ်။ အဲဒီမှာ ပါဠိဂါထာ၌ ပဿတော ပုဒ်စကားဝိညာဏ်ဖြင့် မြင်တာကိုသာ ဆိုလိုကြောင်း ထင်ရှားနေပါတယ်၊ ယင်း ပဿတော–ပုဒ်ဖြင့် ဝိပဿနာရှုမြင်ပုံကို ပြတာမဟုတ်ပါဘူး ယခု ကြားသိဆိုင်ရာ ဒီဂါထာမှာ သုဏာတော–ပုဒ်ဖြင့် ရှုသိပုံကို မပြ၊ ကြားသိပုံသာ ပြကြောင်း အလွန်ပင် ထင်ရှားလျက် ရှိနေပါတယ်၊ ဒီကနောက် နံ့သိ စားသိဆိုင်ရာ ဂါထာများကျတော့လဲ ဃာယတော, သာယတောလို့ ပြဆိုထားတာတွေကို တွေ့ရပါလိမ့်မယ်၊ အဲဒီပုဒ်များဖြင့်လဲ ရှုသိပုံကိုမပြ၊ နံ့သိပုံ စားသိပုံကိုသာပြကြောင်း၊ ထင်ရှားပါတယ်၊ ရှုသိပုံကိုတော့ "ယထာ အခြားမဲ့၌ မှတ်သိမှုပါသော အကြင်အခြင်းအရာဖြင့်" ဆိုတဲ့ပုဒ်ကသာ ပြပါတယ်၊ အဲဒါဟာ ပါဠိပညာရှင်များ အထူးသတိပြုဖို့ပါပဲ၊ အဲဒီအဋ္ဌကထာပါဠိဟာ အဆက်ဆက်ရေးကူးရာမှာ ချွတ်ယွင်းလာဟန် တူပါတယ်) ဝေဒနံ–ခံစားမှုဝေဒနာကို၊ သောတောစာပိ–မှီလဲမှီဝဲသော်လဲ၊ ဒုက္ခံ၊ မရှုမသိလျှင် ဖြစ်နိုင်သော ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲသည်၊ ခီယတိ–ကုန်သာကုန်ခမ်း၏၊ နောပစီယတိ–ဆည်းပူးအပ်သည်ကား

http://www.dhammadownload.com

မဟုတ်ပေ၊ စဝ်–ဤသို့သော အခြင်းအရာဖြင့်၊ သဘော–အမှတ်ရလျက်၊ သော–ထိုယောဂီပုဂ္ဂိုလ်သည်၊ စရတိ–ကျင့်ပေ၏ တဲ့။

ကြားသိမှု, ကြားခံစားမှု ဖြစ်ပြီးလျှင်ပြီးချင်း မှတ်သိမှုပါသော အခြင်းအရာဖြင့် ကြားလဲ ကြားတယ်၊ ခံစားလဲ ခံစားတယ်၊ သို့ပေမယ့် သာမန်လူများမှာလို အဘိဇ္ဈာစသော ကိလေသာဝင်္ဏ, ကမ္မဝင်္ဏဆင်းရဲတွေတော့ ဆက်လက်ပြီး မဖြစ်တော့ဘူး၊ ကမ္မဝင်္ဏ မဖြစ်တဲ့အတွက် အဲဒီကံကြောင့်ဖြစ်ရမည့် ဘဝသစ် ဝိပါကဝင်္ဏ ဆင်းရဲတွေလဲ မဖြစ်တော့ဘူး၊ မရှုမိလျှင် ဖြစ်မည့် အဲဒီဝင်္ဏဆင်းရဲတွေဟာ ရှုမှတ်ပြီး အမှန်အတိုင်း သိရတဲ့ အဲဒီအာရုံနဲ့စပ်ပြီး ဖြစ်ခွင့်မရတော့ဘဲ လုံးဝကင်းငြိမ်းသွားတယ်၊ အဲဒါဟာ အာရမ္မဏာနုသယခေါ်တဲ့ ကိလေသာဝင်္ဏစသော ဆင်းရဲတွေ ငြိမ်းသွားတာပဲ၊ ဘာနဲ့တူသလဲဆိုရင် ရောဂါပျောက်ကာစ ပုဂ္ဂိုလ်များမှာ မတော်တဲ့ အစာကို စားမိရင် ရောဂါပြန်ဖြစ်တတ်တယ်၊ ဒါပေမယ့် အဲဒီ မသင့်တဲ့ အစာကို စားပြီးလျှင် အစာဖျက် အစာကြေဆေးကို စားလိုက်ရင်တော့ ရောဂါမဖြစ်ဘဲ ရှိတတ်ပါတယ်။ အဲဒီလို "စားချင်တာလဲ စားရတယ်၊ ရောဂါလဲ မဖြစ်ဘဲ ရှိတယ်" ဆိုတာဟာ ဘာကြောင့်လဲဆိုရင် မသင့်တာကို စားပြီးလျှင်ပြီးချင်း အစာဖျက် အစာကြေဆေးကို စားလိုက်လို့ပဲ၊ အဲဒါလိုပင် ကြားသိပြီးလျှင် ပြီးချင်း ရှုသိမှုဆိုတဲ့ မဓ္ဈိမပဋိပဒါအကျင့်ကို ထည့်ပေးလိုက်တဲ့အတွက် ကိလေသာဆင်းရဲစသည်တွေ ဖြစ်ခွင့်မရဘူး၊ ကင်းငြိမ်းသွားတာပါပဲ၊ ဒါကြောင့် ကြားတိုင်း, ကြားတိုင်း ရှုမှတ်ပြီး သိသိသွားဖို့ ညွှန်ကြားတာပါပဲ၊ အဲဒီစကားရပ်အတွက် ဆောင်ပုဒ်

http://www.dhammadownload.com

အမှတ် ၂ မှာ (မှတ်သိလျက်သား၊ ကြားလဲကြား၊ ခံစားမှီဝဲသည်၊) လို့ ပြင်ဆိုကြရမယ်။

၃။ မှတ်သိလျက်သား၊ ကြားလဲကြား၊ ခံစားမှီဝဲသည်။

အမှတ် (၄၊ ၅) ဆောင်ပုဒ်များကတော့ ရှေးအတိုင်းပါပဲ၊ ပြင်ဖို့ မလိုပါဘူး၊ အဲဒီဆောင်ပုဒ်တွေလဲ ဆိုကြရမယ်။

၄။ သို့ပါသော်လဲ၊ ဝဋ္ဌဆင်းရဲ၊ ကုန်မြဲကုန်ခန်းသည်။

၅။ ဤနည်းဖြင့်သာ၊ ယောဂီမှာ၊ မှတ်ကာကျင့်ရသည်။

ယောဂီဟာ သူများလိုပင် အသံကိုကြားလဲ ကြားပါတယ်။ ခံစားမှုကို မှီဝဲခြင်းလဲ ရှိပါတယ်။ ဒါပေမယ့် ကြားပြီးလျှင် ချက်ချင်းရှုသိရှုသိသွားသောကြောင့် ကိလေသာဆင်းရဲနှင့် ဝဋ္ဌဆင်းရဲတွေဟာ ဖြစ်ခွင့်မရှိတော့ဘဲ ကင်းငြိမ်းကုန်ခန်းသွားတယ်လို့ ဆိုပါတယ်၊ အဲဒါဟာ တဒင်္ဂနိဗ္ဗာန်သို့ ဆိုက်ရောက်သည်မည်ကြောင်း မြင်ခိုက်ဆိုင်ရာမှာ အကျယ်ပြောခဲ့ပါပြီ။ ဒါကြောင့် နိဗ္ဗာန်ရောက်ချင်တဲ့သူဟာ ကြားတိုင်း ကြားတိုင်း ရှုမှတ်လျက် ကျင့်ရတယ်ဆိုတာကိုလဲ ညွှန်ပြထားတာပါပဲ။ အဲဒီလို ရှုမှတ်နေရင် ကိလေသာဆင်းရဲ ဝဋ္ဌဆင်းရဲကို ပယ်သတ်ခြင်းကိစ္စ ပြီးသောကြောင့် ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ကို နီးကပ်နေကြောင်းကိုလဲ ဒီလို ဖော်ပြထားပါတယ်။

ဇဝံ–ဤဆိုအပ်သည့်အတိုင်း ကြားပြီးလျှင်ပြီးချင်း ရှုမှတ်သောအားဖြင့်၊ ဒုက္ခံ–မရှုမမှတ်လျှင် ဖြစ်ခွင့်ရှိသော ကိလေသာ ဆင်းရဲ ဝဋ္ဌဆင်းရဲကို၊ အပစိနတော–ဖျက်ဆီးနေသော ပုဂ္ဂိုလ်အား၊ နိဗ္ဗာနံ–

http://www.dhammadownload.com

ဆင်းရဲငြိမ်းသော နိဗ္ဗာန်သည်၊ ဝါ–နိဗ္ဗာန်ကို၊ သန္တိကေ–နီးသည် ဟူ၍၊ ဝုစ္စတိ–ဆိုအပ်ပါသည်တဲ့၊ ဆောင်ပုဒ်ကတော့ "မြင်တိုင်း ရှုမှတ်"လို့ ဆိုရာမှာ "ကြားတိုင်း ရှုမှတ်"လို့ ပြင်ဆိုရုံလောက်သာ ထူးပါတယ်၊ အဲဒါကို ဆိုကြရမယ်။

၆။ ကြားတိုင်းရှုမှတ်၊ ဆင်းရဲသတ်၊ နီးကပ်နိဗ္ဗာန်ပြည်။

ဒီဂါထာများ ဆောင်ပုဒ်များ၏ အဓိပ္ပာယ်အကျယ်ကို သိချင်ရင်တော့ မြင်ခိုက်ဆိုင်ရာမှာ ပြန်ကြည့်ကြရုံပါပဲ၊ ယခု ရွတ်ပြခဲ့တဲ့ အမှတ် (၃၊ ၄) ဂါထာ ၂ ပုဒ်ဖြင့် အတိုချုပ် ဆိုလိုတာကတော့ (ကြားခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နီးသည်) လို့ ဆိုလိုတာပါပဲ၊ အဲဒါကို ဆိုကြရမယ်။

ကြားခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နှင့်နီးသည်။

ကြားခိုက်နှင့်ဆိုင်တဲ့ အမှတ် (၁၊ ၂) ဂါထာ ၂ ပုဒ်ဖြင့် ကြားခိုက်၌ မရှုမမှတ်သူမှာ နိဗ္ဗာန်နှင့် ဝေးကြောင်း ပြဆိုတားတယ်၊ ရှုမှတ်သူမှာတော့ နိဗ္ဗာန်နှင့် နီးကြောင်း အမှတ် (၃၊ ၄) ဂါထာ ၂ ပုဒ်ဖြင့် ပြဆိုထားတယ်။ ဒါဟာ အရှင်မာလုက္ကျပုတ္တမထေရ်၏ တင်ပြချက်ကို မြတ်စွာဘုရားရှင် ကိုယ်တိုင်က သာဓုခေါ်တော်မူပြီးတော့ ဟောတော်မူတဲ့ ဂါထာတော်များပဲ၊ ဒီတော့ နိဗ္ဗာန်နှင့် မနီးဘဲ ဝေးချင်ရင် ကြားခိုက်စသည်၌ မရှုမမှတ်ဘဲ နေကြရုံပါပဲ၊ နိဗ္ဗာန်နှင့် နီးချင်ရင်, နိဗ္ဗာန်သို့ အမြန်ရောက်ချင်ရင်တော့ ကြားခိုက်စသည်၌ ကြားတယ် ကြားတယ် စသည်ဖြင့် မပြတ်ရှုမှတ်သွားကြရုံပါပဲ။ ကြားရသည်၌ ကြားရုံမျှ ဖြစ်လတ္တံ့–ဆိုတဲ့ ဝိပဿနာလုပ်ငန်းစဉ်

http://www.dhammadownload.com

နှင့်စပ်ပြီး ပြောစရာကတော့ ပြည့်စုံလောက်ပါပြီ၊ ယခု နံသိလျက် ရောက်ရတာနှင့်စပ်ပြီး မေးခွန်းမှစ၍ ဝိပဿနာအလုပ်ပေးပုံကို ပြောပြတာရမယ်။

ဝိပဿနာ၏အခြေခံ မေးခွန်းတော်(၃)

ယေ တေ ယာနဝိညေယျာ ဂန္ဓာ အယာယိတာ အယာယိတပုဗ္ဗာ၊ နု စ ယာယသိ၊ နု စ တေ ဟောတိ ယာယေယျန္တိ၊ အတ္ထိတေ ဝတ္ထု ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ။

မာလုက္ယပုတ္တ–မာလုက္ယာ၏သားဖြစ်သောရဟန်း၊ ယာနဝိညေယျာ–နှာခေါင်းဖြင့် နံသိနိုင်ကောင်းသော၊ ယေဂန္ဓာ– အကြင် အနံ့တို့ကို၊ တေ–သင်သည်၊ အယာယိတာ–မကြာမီကလဲ မနံ့ဘူးသေး၊ အယာယိတပုဗ္ဗာ–ရှေးကာလ ရှေးဘဝတွေကလဲ မနံ့ဘူးခဲ့သေး၊ နု စ ယာယသိ–ယခုလဲ နံနေဆဲမဟုတ်၊ တေ–သင့်အား၊ နု စ ဟောတိ ယာယေယျန္တိ–နံနိုင်သည် ဟူ၍လဲ စိတ်ကူးထဲမှာ မဖြစ်သေး၊ တတ္ထ–ထိုနံလဲ မနံ့ဘူးသေး၊ နံဆဲလဲမဟုတ်၊ နံနိုင်သည် နံရလိမ့်မယ်လို့တောင် စိတ်ကူးထဲမှာ မပေါ်သေးတဲ့ ထိုအနံ့တို့၌၊ တေ–သင်အား၊ ဆန္ဒော ဝါ–လိုချင်နှစ်သက်မှုသည် လည်းကောင်း၊ ရာဂေါ ဝါ–တပ်မက်စွဲလမ်းမှုသည် လည်းကောင်း၊ ပေမံ ဝါ–ချစ်ခင်မှုသည် လည်းကောင်း၊ အတ္ထိ–ရှိပါသလား–ဖြစ်ပါသလား တဲ့၊ ဒီလို မေးတော်မူပါတယ်။

နံလဲမနံ့ဘူးသေး၊ နံဆဲလဲမဟုတ်၊ နံရလိမ့်မယ်လို့တောင် စိတ်ကူးထဲ၌ မပေါ်သေးတဲ့အနံ့နှင့် အဲဒီအနံ့၏တည်ရာ ပုဂ္ဂိုလ်

http://www.dhammadownload.com

မိန်းမ, ယောကျ်ားကို အာရုံပြုပြီး လိုချင်နှစ်သက်ခြင်း တပ်မက်ခြင်း ချစ်ခင်ခြင်း ဖြစ်ပါ့မလားတဲ့၊ အဲဒီလို အနံ့နှင့် အနံ့ရှင် ပုဂ္ဂိုလ် ရှိတယ်လို့တောင် မသိရသေးဘဲနဲ့ အဲဒီလိုအနံ့နဲ့ အနံ့ရှင်ကို လိုချင်နှစ်သက် တပ်မက်ချစ်ခင်ခြင်းဆိုတာ ဘယ်ဖြစ်မလဲ မဖြစ်ပါဘူး၊ ဒါကြောင့် အရှင်မာလုကျပုတ္တမထေရ်က အဲဒီလို လိုချင်နှစ်သက် တပ်မက်ချစ်ခင်ခြင်း မဖြစ်ပါဘူးဘုရားလို့ ဖြေကြား လျှောက်ထားပါတယ်။ အဲဒါဟာ တိကျမှန်ကန်တဲ့ အဖြေပါပဲ။ ဒီမေးခွန်းဖြင့် မနံ့မသိရတဲ့ အနံ့ကို အာရုံပြုပြီး လိုချင်နှစ်သက်ခြင်း စသည်မဖြစ်ဘူး၊ ဒါကြောင့် အဲဒီမနံ့ရ မသိရတဲ့ အနံ့တွေကိုတော့ ဝိပဿနာရှုဖို့ မလိုဘူး၊ အဲဒီအနံ့တွေမှာ ကိလေသာ မဖြစ်ရအောင် ကြောင့်ကြစိုက်ဖို့ မလိုဘူးဆိုတာကိုလဲ သိစေပါတယ်၊ အဲဒီအတွက် ဆောင်ပုဒ်ကတော့ "မနံ့ရရာ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်" လို့ ဆိုရုံပါပဲ။

မနံ့ရရာ၊ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်။

နံ့ရရင်တော့ နံ့ရတဲ့အနံ့နဲ့ အနံ့ရှင်ကို အာရုံပြုပြီး ချစ်ခင် နှစ်သက်မှုစသော ကိလေသာတွေ ဖြစ်နိုင်တယ်၊ အဲဒီလို ကိလေသာ ဖြစ်နိုင်ပုံကိုလဲ မေးခွန်းတော်ဖြင့်ပင် သိစေပါတယ်။ ဆောင်ပုဒ်ကတော့ "နံ့ရရာမှာ၊ ကိလေသာ၊ ကိန်းကာဖြစ်နိုင်သည်"လို့ ဆိုကြရုံပါပဲ။

၂။ နံ့ရရာမှာ၊ ကိလေသာ၊ ကိန်းကာဖြစ်နိုင်သည်။

မရှုမိတဲ့အာရုံမှာ ကိလေသာ ဖြစ်နိုင်တယ်၊ အဲဒီလို ဖြစ်နိုင်

http://www.dhammadownload.com

တာကိုပင် ကိန်းတယ်လို့ ဆိုတာပါပဲ၊ အဲဒီလို မရှိမ်တဲ့ အာရုံ၌ ဖြစ်နိုင်တဲ့ ကိလေသာကို အာရမ္မဏာနုသယလို့လဲ ခေါ်တယ်၊ အဲဒီလို အာရမ္မဏာနုသယ ကိလေသာကို ကင်းငြိမ်းစေလိုရင် နံတိုင်း နံတိုင်း ရှုမှတ်ပြီး ပယ်ရတယ်" အဲဒီအနက်ကိုလဲ "နံတိုင်းမှတ်ရှု၊ ကိလေစု၊ ကိန်းမှုပယ်သင့်သည်"လို့ ဆိုကြရုံပါပဲ။

၃။ နံတိုင်းမှတ်ရှု၊ ကိလေစု၊ ကိန်းမှုပယ်သင့်သည်။

နိဂုံးချုပ် ညွှန်ပြချက် ဆောင်ပုဒ်ကိုလဲ ဆိုကြရမယ်။

၄။ မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်။

ထုတ်ပြခဲ့တဲ့ မေးခွန်းဖြင့် အနုံ့ကို နံတိုင်းနံတိုင်း မမေ့မလျော့ မပြတ်ရှုသင့်ကြောင်း သိနားလည်စေပြီးတဲ့အခါ အဲဒီလို မပြတ်ရှုနေရင် နံရသည်၌ နံရုံမျှ တည်လိမ့်မည်–စသည်ဖြင့် ရှုမှတ်ပုံနှင့် တကွ အကျိုးဆက်များကိုပါ ဟောကြားတော်မူပါတယ်။ အနုံ့ကို နံသိပြီး ရောက်တာတွေ့တာကိုတော့ (မုတေ မုတ မုတမတ္တံ ဘဝိဿတိ) လို့ ဟောတော်မူပါတယ်။ အကျယ်အပြည့်အစုံ ဟောတော်မူပုံကိုတော့ နာ ၂၇ စသည်မှာ ထုတ်ပြခဲ့ပါပြီ။

မုတေ–နံလျက် ရောက်ရ တွေ့ရသည်၌၊ မုတမတ္တံ–ရောက်ရုံမျှ တွေ့ရုံမျှသည်၊ ဘဝိဿတိ–ဖြစ်လတ္တံ့တဲ့။ ရောက်တယ်ဆိုရင် တွေ့တာပါပဲ၊ ရောက်တယ်ဆိုတာထက် မြန်မာစကားမှာ တွေ့တယ်ဆိုတာက ပိုပြီးပေါ်လွင်တယ်၊ ဒါကြောင့် မုထ–ရောက်တယ်ဆိုရမည့်နေရာမှာ တွေ့တယ်လို့ ပြောသွားမယ်၊ နံလျက်တွေ့ရသည်၌ တွေ့ရုံမျှ ဖြစ်လိမ့်မယ်လို့ ဟောတော်မူတဲ့ ဒေသနာတော်အရ

http://www.dhammadownload.com

နံခိုက်၌ မရှုသူမှာ နိဗ္ဗာန်ဝေးပုံနှင့် ရှုသူမှာ နီးပုံကို အရှင်မာလုက္ယပုတ္တမထေရ်က ဂါထာ ၄ ပုဒ်ဖြင့် တင်ပြတယ်၊ အဲဒါကို မြတ်စွာဘုရားရှင်က မှန်ကန်ကြောင်း သာဓုခေါ်ပြီး ကိုယ်တော်တိုင်လဲ ထပ်ဟောတော်မူပါတယ်။ အဲဒီ ဂါထာ ၅ ပုဒ်အနက်အဓိပ္ပာယ်ကို ရှင်းပြမယ်။

နံစိုက်၌ မရှုသူမှာ နိဗ္ဗာန်နှင့်ဝေးသည်

၁။ ဂန္ဓံဃတ္တာ သတိမုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိကရောတော၊
သာရတ္တစိတ္တော ဝေဒေဟိ၊ တဋ္ဌ အဒ္ဓျောသ တိဋ္ဌတိ၊

ပိယံနိမိတ္တံ–ချစ်ဖွယ်အာရုံကို၊ မနသိကရောတော–နှလုံးသွင်းမျှော်လင့်နေသောသူအား၊ ဂန္ဓံဃတ္တာ–အနံ့ကိုနံပြီး၍၊ ဝါ–နံပြီးလျှင် (ပိယံနိမိတ္တံ–ချစ်ဖွယ်အာရုံကို၊ မနသိကရောတော–နှလုံးသွင်းမိသောသူအား၊ အစပထမကတည်းက အနံ့ကောင်းကို မျှော်နေသူမှာ အနံ့ကောင်းကို နံရလျှင် ချစ်ဖွယ်အနေဖြင့် နှလုံးသွင်းမိတော့တာပဲ၊ အဲဒီလို နှလုံးသွင်းမိသူမှာ) သတိမုဋ္ဌာ–အမှတ်မရှိသတိမေ့သွားတော့သည် တဲ့။ ဆောင်ပုဒ်ကတော့ "အဆင်းမြင်လျှင်"လို့ ဆိုထားရာမှ "အနံ့နံလျှင်"လို့ ပြင်ဆိုရုံလောက်ပဲ ထူးပါတယ်၊ အဲဒါကို ဆိုကြရမယ်။

၁။ အနံ့နံလျှင် ချစ်ဖွယ်ထင်၊ ထိုတွင်မေ့လေသည်။

အဲဒီမှာလဲ မေ့ဆိုတာက မရှုမမှတ်မိတာကို ဆိုတာပါပဲ၊ လောကရေးဘက်ကတော့ မမေ့ပါဘူး၊ ရေမွှေးနံ့ပဲ နံ့သာနံ့ပဲ ဘယ်သူ့ကိုယ်ကအနံ့ပဲလို့ စွဲလမ်းသိမ်းပိုက်လျက် အမှတ်ရနေ

http://www.dhammadownload.com

တာပါပဲ၊ ဒါကြောင့် –

သော–နံပြီးလျှင် ချစ်ဖွယ်ထင်လျက် မရှုမမှတ်နိုင်သော ထိုသူသည်၊ သာရတ္တစိတ္တော–တပ်မက်သောစိတ်ရှိလျက်၊ ဝေဒေတိ–နံ့ရတဲ့အနံ့ ကို ခံစား၏၊ တဋ္ဌ–ထိုအနံ့ကိုလဲ၊ အဗ္ဗောသ တိဋ္ဌတိ–မျိုချိသိမ်းထားသကဲ့သို့ စိတ်ထဲ၌ သိမ်းပိုက်လျက်တည်၏–လို့ ဟောတော်မူတာပါပဲ၊ ဆောင်ပုဒ်ကတော့ မြင်ရာ၌လိုပါပဲ၊ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၂။ သာယာတပ်စွဲ၊ ခံစားမြ၊ စိတ်ထဲစွဲလျက်တည်။

ဝိပဿနာ ရှုနေတဲ့ ယောဂီမှာတော့ သာယာဖွယ်အနံ့ကို မနံ့ရဘဲ ရှုံ့ဖွယ်ကို နံ့ရတာက များတတ်ပါတယ်၊ အဲဒီလို ရှုံ့ဖွယ် အပုတ် အညှီနံ့ကိုလဲ မရှုနိုင်တဲ့သူမှာ ရှုံ့စရာအနေနဲ့ စိတ်ထဲ စွဲကျန်နေတာပါပဲ၊ အဲဒီလို စွဲကျန်နေရင် အဲဒီ အနံ့ဆိုးကို ရှုံ့မုန်းပြီး ခံစားမှု, အနံ့ကောင်းကို တောင့်တမှုစသည်တွေ ဖြစ်တော့တာပါပဲ၊ ဒါကြောင့် ဒီလိုလဲ ဆက်ပြီး ဟောပြထားပါသေးတယ်။

၂။ တသ ဝမ္ဘန္တိ ဝေဒနာ အနေကာ ဂန္ဓသမ္ဘဝါ၊
အဘိဗ္ဘာ စ ဝိဟေသာ စ၊ စိတ္တ မသုပဟညတိ၊
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ၊

တသ–နံ့ရတဲ့အနံ့ကို စွဲပြီး သိမ်းပိုက်ထားသော ထိုသူအား၊ ဂန္ဓသမ္ဘဝါ–စွဲလျက်သိမ်းပိုက်ထားသည့် အနံ့ကြောင့် ဖြစ်ကုန်သော၊ အနေကာ–များစွာကုန်သော၊ ဝေဒနာ–အကောင်းအဆိုး အမျိုးမျိုးသော ခံစားမှုတို့သည်၊ ဝမ္ဘန္တိ–ဖြစ်ပွားကုန်၏ တဲ့၊ ဆောင်

http://www.dhammadownload.com

ပုဒ်ကတော့ "အဆင်းဆိုင်ရာ"လို့ ဆိုထားရာမှာ "အနံ့ဆိုင်ရာ"လို့ ပြင်ဆိုရုံမျှသာ ထူးပါတယ်၊ အဲဒါကို ဆိုကြရမယ်။

၃။ အနံ့ဆိုင်ရာ၊ ဝေဒနာ၊ မျှားစွာပွားတော့သည်။

နောက်ပြီးတော့–အဘိဇ္ဈာစ–ရလိုသမှု ရှေးရှုကြံစည်သော လောဘသည် လည်းကောင်း၊ ဝိဟေသာ စ–ညှဉ်းဆဲလိုသော ဒေါသသည် လည်းကောင်း၊ ဝမ္ဘန္ဓိ–ဖြစ်ပွားကုန်၏၊ အသ–ထိ ပုဂ္ဂိုလ်၏၊ စိတ္တံ–စိတ်သည်၊ ဥပဟညတိ–လောဘ ဒေါသတို့ ကြောင့် ပင်ပန်းလျက် ရှိနေချေသည်–တဲ့။ အဲဒီ အနံ့ကို အကြောင်း ပြုပြီး လောဘ ဒေါသတွေ ထိုက်သည်အားလျော်စွာ ဖြစ်ပွား တတ်ပါတယ်၊ အဲဒီ လောဘ ဒေါသတွေက တိုက်တွန်းတဲ့အတိုင်း ကြောင့်ကြဗျာပါရစိုက်ပြီး စိတ်လဲပင်ပန်းနေတတ်ပါတယ်တဲ့၊ ဆောင်ပုဒ်ကတော့ ရှေးကနဲ့ အတူတူပါပဲ၊ ဆိုကြရမယ်။

၄။ လောဘစည်ကား၊ ဒေါသပွား၊ ဗျာပျား စိတ်ပန်းသည်။

အဲဒီ ကိလေသာတွေမှ ဆက်ပြီး ကမ္မဝဋ် ဝိပါကဝဋ်တွေလဲ ဖြစ်ပွားတော့တာပဲ ဒါကြောင့် မရှုမမှတ်ဘဲ အမှတ်တမဲ့ နေသူမှာ နံတိုင်း နံတိုင်း အဲဒီကိလေသာဆင်းရဲ ဝဋ်ဆင်းရဲတွေကို လက်ခံ စုဆောင်းနေသည်မည်တယ်၊ အဲဒီလို ဖြစ်ပုံများကို ရှေ့နားပိုင်းက ပြောခဲ့ပါပြီ။ ဒါကြောင့် –

ဇဝံ–မရှုမမှတ်ဘဲနေသော ဤနည်းဖြင့်၊ ဒုက္ခံ–ကိလေသာ ဆင်းရဲ ဝဋ်ဆင်းရဲကို၊ အာစိနတော–လက်ခံ၍ ဆည်းပူးစုဆောင်း နေသောသူအား၊ နိဗ္ဗာနံ–ဆင်းရဲငြိမ်းသော နိဗ္ဗာန်သည်၊ ဝါ–နိဗ္ဗာန်

http://www.dhammadownload.com

ကို၊ အာရာ–ဝေးသည်ဟူ၍၊ ဝုစ္စတိ–ဆိုအပ်ပါသည်–တဲ့။ ရှေးကလဲ ငါတို့ဟာ မရှမမှတ်ဘဲ အမှတ်တမဲ့ နေလာခဲ့တာပဲ။ မပြုပြင်မပြောင်းလဲတော့ပါဘူးလို့ ကြံပြီး နေမြဲနေသွားရန် မီးပုံကြီးဟာ လောင်စာတွေ့ မပြတ်ရနေလို့ မငြိမ်းသလိုပင် ဝဋ်ဆင်းရဲတွေဟာလဲ ဖြစ်မြဲ ဖြစ်ပွားပြီး မငြိမ်းဘဲ ရှိနေမယ်၊ အဲဒီတော့ ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန် ဝေးမြဲဝေးနေတာပေါ့၊ ဆောင်ပုဒ်ကတော့ ရှေးကအတိုင်းပါပဲ၊ ဆိုကြရမယ်။

၅။ ဤနည်းဖြင့်ပဲ၊ မပြောင်းလဲ၊ ဆင်းရဲရှာသူမည်။

၆။ ဆင်းရဲကိုသာ၊ ရှာသူမှာ၊ ဝေးစွာနိဗ္ဗာန်ပြည်။

ယခု ရွတ်ဆိုပြခဲ့တဲ့ ဂါထာ ၂ ပုဒ်ဖြင့် အတိုချုပ်ဆိုလိုတာကတော့ (နံခိုက်၌ မရှမှတ်သူမှာ နိဗ္ဗာန်ဝေးသည်–လို့) ဆိုလိုတာပါပဲ၊ အဲဒါကို ဆိုကြရမယ်။

နံခိုက်၌ မရှမမှတ်သူမှာ နိဗ္ဗာန်နှင့်ဝေးသည်။

အနံ့နံတိုင်း မပြတ်ရှုမှတ်နေရင်တော့ နိဗ္ဗာန်နဲ့ နီးကပ် နီးကပ်သွားတယ်၊ အဲဒီလို နီးပုံကို ဒါရိုက်ပြတဲ့ ဂါထာ ၂ ပုဒ်ကိုလဲ ရွတ်ဆိုပြီး ဟောပြမယ်။

နံခိုက်၌ ရှုသိသူမှာ နိဗ္ဗာန်နှင့်နီးသည်

၃။ နု သော ရဇ္ဇတိ ဂန္ဓေသု၊ ဂန္ဓံ ယတ္တာ ပဋိဿတော၊
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဋ္ဌ နာဗ္ဘောသ တိဋ္ဌတိ။

ယော–အကြင်ပုဂ္ဂိုလ်သည်၊ ဂန္ဓံ ယတ္တာ–အနံ့ကို နံပြီး၍၊ ဝါ၊ အနံ့ကို နံပြီးလျှင်၊ ပဋိဿတော–တဖန်အမှတ်ရသည်။ ဟောတိ–

http://www.dhammadownload.com

ဖြစ်၏၊ (ဒါဟာ အနံ့နံပြီးလျှင်ပြီးချင်း ဝိပဿနာရှုဖို့ ဒါရိုက်ညွှန်ပြတာပါပဲ၊ မနံ့ရတဲ့ အနံ့ကိုတော့ ကြိုတွေးပြီး ရှုဖို့ မလိုဘူး၊ အဲဒီလိုကြိုတွေးရှုရုံမျှဖြင့် အာရမ္မဏာနုသယ ကိလေသာကို ပယ်နိုင်တဲ့ ဝိပဿနာအစစ် မဖြစ်ဘူးဆိုတာကိုလဲ ခိုင်မြဲစွာ မှတ်ထားကြရမယ်၊) သော အနံ့ကို နံပြီးလျှင် ချက်ချင်းအမှတ်ရသော ထိုပုဂ္ဂိုလ်သည်၊ ဂန္ဓေသု–နံသောအနံ့တို့၌၊ နံ ရဇ္ဇတိ–မတပ်မက်၊ ဝါ–တပ်မက်မှု တဏှာကင်းသည် တဲ့။

အဲဒါဟာ ရှေနားပိုင်းတုန်းက ထုတ်ပြခဲ့တဲ့ မြင်သိဝိထိ ဖြစ်ပုံနှင့် အလားတူ နံသိဝိထိ၏ အခြားမဲ့၌ ရှုမှတ်ပုံကို ပြတာပဲ၊ အဲဒီလို နံပြီးလျှင်ပြီးချင်း အမှတ်ရတဲ့သူဟာ နံရတဲ့အနံ့ ရုပ်မျှကိုသာ မှန်စွာသိရတယ်၊ အဲဒီအနံ့ရုပ်နဲ့ နံသိစိတ်နာမ် စသည် ချက်ချင်းပင် ပျောက်ကွယ်ပျက်စီးသွားတာကိုလဲ အမှန်အတိုင်း သိရတယ်၊ မွေးတယ် မည်သူ၏အနံ့ပဲ စသည်ဖြင့် ချစ်ဖွယ်အာရုံကို မတွေ့ရဘူး၊ ဒါကြောင့် အဲဒီ နံတာကို ဆက်လက်ပြီး မဆင်ခြင်တော့ဘဲ နံရုံမျှသာလျှင်တည်တယ်၊ (မုတေ မုတ မတ္တံ ဘဝိဿတိ) နံသိလျက်တွေ့ရသည်၌ တွေ့ရုံမျှ ဖြစ်လတ္တံ့–ဆိုတဲ့ စကားတော်နှင့် အညီပါပဲ၊ အဲဒီအနံ့ကို နံရပေမယ့် မနံ့ရ မသိရတဲ့ အနံ့မှာလိုပင် တပ်မက်သာယာမှု စသော ကိလေသာ မဖြစ်တော့ဘဲ ကင်းငြိမ်းတယ်၊ ဒါကြောင့် (နံ သော ရဇ္ဇတိ ဂန္ဓေသု) အမှတ်ရတဲ့ နံရတဲ့ အနံ့တို့၌ မတပ်မက်ဘူးလို့ ဆိုလိုတာပါပဲ၊ ဆောင်ပုဒ်ကတော့ "အဆင်းမြင်က" လို့ ဆိုထားရာမှာ "အနံ့နံက"လို့ ပြင်ဆိုရုံမျှသာ ထူးပါတယ်။ အဲဒါကို ဆိုကြရမယ်။

http://www.dhammadownload.com

၁။ အနုံ့နံက၊ အမှတ်ရ၊ ရာဂကင်းတော့သည်။

ယခု ဒီရိပ်သာက ယောဂီတွေ အနုံ့ နံလျှင် နံတယ်လို့ ရှုမှတ်နေကြတာဟာ ဒီသုတ်တရားတော်နဲ့လဲ အံကျကိုက်ပြီး ညီနေတာပါပဲ၊ သမာဓိဉာဏ် အားရှိတဲ့အခါမှာ နံတယ်လို့ မှတ်တိုင်း မှတ်တိုင်း နံတဲ့အနုံ့ရော+နံသိတာရော+ရှုသိတာရော ချက်ချင်းပင် ပျောက်ပျောက်သွားတာကို တွေ့ကြရတယ်၊ အဲဒီတော့ နုံ့ရတဲ့ အနုံ့နဲ့စပ်ပြီး တပ်မက်သာယာတဲ့ ရာဂလဲ မဖြစ်ရတော့ဘူး၊ တပ်မက်သာယာခြင်း မရှိဘဲ ခံစားရုံမျှသာ ရှိတယ်၊ နောက်ပြီးတော့ အဲဒီအနုံ့ကို စိတ်ထဲမှာ စွဲပြီး သိမ်းပိုက်မထားဘူး၊ အဲဒီလို ကိလေသာကင်းပုံ, အစွဲကင်းပုံကိုလဲ ဒီလိုဆက်ပြီး ပြဆိုထားပါတယ်။

သော–နံပြီးလျှင်၊ ချက်ချင်းအမှတ်ရသော ထိုပုဂ္ဂိုလ်သည်၊ ဝိရတ္တစိတ္တော–တပ်မက်ကင်းသော စိတ်ရှိသည်ဖြစ်၍၊ ဝါ–မတပ်မက်သောစိတ်ဖြင့်၊ ဝေဒေတိ–ခံစားဏ်၊ တဉ္စ–ထိုအနုံ့ကိုလည်း၊ နု အဗ္ဗောသ တိဌတိ–သိမ်းပိုက်ဆုပ်ကိုင်လျက်မတည်–တဲ့၊ ဆောင်ပုဒ်ကတော့ ရှေးက အတိုင်းပါပဲ ဆိုကြရမယ်။

၂။ မတပ်မက်ဘဲ၊ ခံစားမြဲ၊ စိတ်ထဲ မသိမ်းပြီ။

အဲဒီလို တပ်မက်ခြင်း မရှိဘဲ၊ ခံစားရုံမျှသာဖြစ်သောကြောင့် သူများလိုပင် အနုံ့ကိုနံပြီး ခံစားပေမယ့် ဝေဒနာကြောင့် တဏှာ စသော ကိလေသာဆင်းရဲ ဝင်ရောက်ဆင်းရဲတော့ ဖြစ်ပွားခြင်း မရှိဘူး၊ အဲဒါကို ဒီလိုဆက်ပြီး ပြထားပါတယ်။

http://www.dhammadownload.com

၄။ ယထာသ ယာယတောဂ ဂန္ဓံ သေဝတောစာပိ ဝေဒနံ၊
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတိသတော၊
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ။

ယထာ–အခြားမဲ့ဌ် မှတ်သိမှုပါသော အကြင်အခြင်းအရာဖြင့်၊ ဂန္ဓံ ယာယတောစာပိ–အနံ့ကို နံလဲနံသောလဲ၊ ဝေဒနံ–ခံစားမှု ဝေဒနာကို၊ သေဝတောစာပိ (မှီလဲမှီဝဲသော်လဲ၊ ဒုက္ခံ– မရှုမသိလျှင် ဖြစ်နိုင်သော ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲသည်၊ ခီယတိ–ကုန်သာ ကုန်ခန်း၏။ နောပစီယတိ–ဆည်းပူးစုဆောင်းအပ်သည်ကား မဟုတ်ပေ၊ ဧဝံ–ဤသို့သော အခြင်းအရာဖြင့်၊ သတောဝ–အမှတ် ရလျက်၊ သော–ထိုယောဂီပုဂ္ဂိုလ်သည်၊ စရတိ–ကျင့်ပေ၏ တဲ့။

နံသိမှု နံစားမှု ဖြစ်ပြီးလျှင်ပြီးချင်း၊ မှတ်သိမှုပါသော အခြင်း အရာဖြင့် နံလဲနံတယ်၊ ခံစားလဲ ခံစားတယ်၊ သို့ပေမယ့် သာမန် လူများလို အဘိဇ္ဈာစသော ကိလေသာဝဋ်ဋ ကမ္မဝဋ်ဋ ဆင်းရဲတွေ တော့ ဆက်လက်ပြီး မဖြစ်တော့ဘူး၊ ကမ္မဝဋ်ဋ မဖြစ်တဲ့အတွက် အဲဒီကံကြောင့် ဖြစ်မည့် ဘဝသစ် ဝိပါကဝဋ်ဋ ဆင်းရဲတွေလဲ မဖြစ် တော့ဘူး၊ 'မရှိလျှင် ဖြစ်မည့် အဲဒီဝဋ်ဋဆင်းရဲတွေဟာ ရှုမှတ်ပြီး၊ အမှန်အတိုင်း သိရတဲ့ အဲဒီ အာရုံနဲ့စပ်ပြီး ဖြစ်ခွင့်မရတော့ဘဲ လုံးဝ ကင်းငြိမ်းသွားတယ်၊ အဲဒါဟာ အာရမ္မဏာနုသယ ခေါ်တဲ့ ကိလေသဝဋ်ဋ စသော ဆင်းရဲတွေ ငြိမ်းသွားတာပဲ၊ ဒီနေရာမှာ အစာ ဖျက် အစာကြေဆေးကြောင့် ရောဂါမဖြစ်တာနဲ့ တူပုံကို ကြားခိုက် ရှုမှုဆိုင်ရာဌ် ပြခဲ့ပါပြီ၊ ဒါကြောင့် ဆင်းရဲငြိမ်းချင်ရင် နံတိုင်း ရှု

http://www.dhammadownload.com

သိသွားဖို့ ညွှန်ကြားတော်မူတာပါပဲ၊ ဆောင်ပုဒ်က အမှတ် ၃ မှာ (မှတ်သိလျက်သား၊ နံထိသွား၊ ခံစားမှီဝဲသည်)လို့ ပြင်ဆိုကြရမယ်။

၃။ မှတ်သိလျက်ကား၊ နံသိသွား၊ ခံစားမှီဝဲသည်။

အမှတ် (၄၊ ၅) ဆောင်ပုဒ်များကိုတော့ ရှေးကအတိုင်း ဆိုကြရုံပါပဲ။

၄။ သို့ပါသော်လဲ၊ ဝဋ်ဆင်းရဲ၊ ကုန်မြဲကုန်ခန်းသည်။

၅။ ဤနည်းဖြင့်သာ၊ ယောဂီမှာ၊ မှတ်ကာကျင့်ရသည်။

ယောဂီဟာ နှာခေါင်းရုပ်က ရှိနေတဲ့အတွက် နံစရာရှိရင် နံလဲနံပါတယ်၊ ခံစားမှုကို မှီဝဲခြင်းလဲ ရှိပါတယ်၊ (ခံစားမှုဆိုတာ ဘုရားရဟန္တာများမှာလဲ ရှိနေတာပဲ၊) ဒါပေမယ့် ရှုမှတ်နေတဲ့ ယောဂီမှာ ထူးတာကတော့ အဲဒီရှုသိရတဲ့ အနံ့နဲ့စပ်ပြီး ကိလေသာနှင့် ဝဋ်ဆင်းရဲတွေဟာ ဖြစ်ခွင့်မရှိဘဲ ကင်းငြိမ်းသွားကြတယ်၊ အဲဒါကို ကုန်ခန်းတယ်လို့ ဆိုတာပါပဲ၊ အဲဒါဟာ တဒင်္ဂနိဗ္ဗာန်သို့ ဆိုက်ရောက်သည်မည်ကြောင်း မြင်ခိုက်ဆိုင်ရာမှာ အကျယ်ဖွင့်ပြခဲ့ပါပြီ။ ဒါကြောင့် နိဗ္ဗာန်ကို ယခုဘဝတွင် ရောက်ချင်ရင် နံတိုင်း နံတိုင်းလဲ ရှုမှတ်လျက် ကျင့်ရမယ်ဆိုတာလဲ ညွှန်ကြားတာပါပဲ၊ အဲဒီလို ရှုမှတ်နေရင် ဆင်းရဲကို ပယ်သတ်ခြင်းကိစ္စပြီးသောကြောင့် ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန် နီးကပ်နေကြောင်းကိုလဲ ဒီလို ဖော်ပြထားပါတယ်။

ဇဝံ–ဤဆိုအပ်ခဲ့သည့်အတိုင်း နံပြီးလျှင်ပြီးချင်း ရှုမှတ်သောအားဖြင့်၊ ဒုက္ခံ–မရှုမမှတ်လျှင် ဖြစ်ခွင့်ရှိသော ကိလေသာဆင်းရဲ

http://www.dhammadownload.com

ဝင်ရှုဆင်းရဲကို၊ အပစိနတော–ဖျက်ဆီးနေသော ပုဂ္ဂိုလ်အား၊ နိဗ္ဗာန်–ဆင်းရဲငြိမ်းသော နိဗ္ဗာန်သည်၊ ဝါ–နိဗ္ဗာန်ကို၊ သန္တိကေ–နီးသည်ဟူ၍၊ ဝုစ္စတိ–ဆိုအပ်ပါသည် တဲ့။ ဆောင်ပုဒ်ကတော့ "မြင်တိုင်းရှုမှတ်"လို့ ဆိုရာမှာ "နံတိုင်းရှုမှတ်" လို့ ပြင်ဆိုကြရုံပါပဲ။

၆။ နံတိုင်းရှုမှတ်၊ ဆင်းရဲသတ်၊ နီးကပ်နိဗ္ဗာန်ပြည်။

ဒီဂါထာများ ဆောင်ပုဒ်များ၏ အဓိပ္ပာယ်အကျယ်ကို သိချင်ရင်တော့ မြင်ခိုက်ဆိုင်ရာမှာ ပြန်ကြည့်ကြရုံပါပဲ။ ယခု ရွတ်ပြခဲ့တဲ့ အမှတ်(၃၊၄) ဂါထာ ၂ ပုဒ်ဖြင့် အတိုချုပ် ဆိုလိုတာကတော့ (နံခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နီးသည်)လို့ ဆိုလိုတာပါပဲ။ အဲဒါကို ဆိုကြရမယ်။

နံခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နီးသည်။

နံရသည်၌ နံရုံမျှဖြစ်လတ္တံ့ဆိုတဲ့ ဝိပဿနာ လုပ်ငန်းစဉ်နှင့် စပ်ပြီး ပြောစရာကတော့ ပြည့်စုံလုံလောက်ပါပြီ၊ ယခု စားသိလျက်တွေ့ရတာနဲ့စပ်ပြီး မေးခွန်းမှစ၍ ဝိပဿနာအလုပ်ပေးပုံကို ဟောရမယ်။

ဝိပဿနာ အခြေခံမေးခွန်းတော် (၄)

ယေ တေ ဓိဘာဝိညေယ္ယာ ရသာ အသာယိတာ၊ အသာယိတပုဗ္ဗာ၊ နု စ သာယသိ၊ နု စ တေ ဟောတိ သာယေယျာန္တိ၊ အတ္တိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ။

http://www.dhammadownload.com

(မာလုကျပုတ္တ–မာလုကျာ၏ သားဖြစ်သောရဟန်း၊) ဒိဋ္ဌာ ဝိညာယျာ–လျှာဖြင့် စားသိနိုင်ကောင်းကုန်သော၊ ယေရသာ–အကြင်အရသာတို့ကို၊ တေ–သင်သည်၊ အသာယိတာ–မကြာမီ ကလဲ မစားသိဘူးသေး (မလျက်ဘူးသေး–ဟု ပြန်လျှင် စားသိ ရသမျှတွေကို အကုန်မပြန့်နှံ့ဘဲ နေမည်စိုး၍ မစားဘူးသေး–ဟု ပြန်သည်) အသာယိတပုဗ္ဗာ–ရှေးကာလ ရှေးဘဝတွေကလဲ မစား သိခဲ့ဘူးသေး၊ နစ သာယသိ–ယခုလဲ စားသိနေဆဲမဟုတ်၊ တေ–သင့်အား၊ နစ ဟောတိ သာယေယျန္တိ–စားသိနိုင်သည် ဟူ၍လဲ စိတ်ကူးထဲမှာ မဖြစ်သေး၊ တတ္ထ–ထိုစားလဲ မစားသိဘူးသေး၊ စားသိဆဲလဲမဟုတ်၊ စားသိနိုင်သည်–စားသိရလိမ့်မည်လို့တောင် စိတ်ကူးထဲမှာ မပေါ်သေးတဲ့ ထိုအရသာတို့၌၊ တေ–သင်အား၊ ဆန္ဒောဝါ–လိုချင်နှစ်သက်မှုသည်လည်းကောင်း၊ ရာဂေါ ဝါ–တပ်မက်စွဲလန်းမှုသည်လည်းကောင်း၊ ပေမံ ဝါ–ချစ်ခင်မှုသည် လည်းကောင်း၊ အတ္ထိ–ရှိပါသလား၊ ဖြစ်ပါသလားတဲ့။ ဒီလို မေး တော်မူပါတယ်။

စားလဲ မစားဘူးသေး၊ စားရဆဲလဲမဟုတ်၊ စားရလိမ့်မယ် လို့တောင် စိတ်ကူးထဲ၌ မပေါ်သေးတဲ့ အရသာနှင့် စားသောက် ဖွယ်ကို အာရုံပြုပြီး လိုချင်နှစ်သက်ခြင်း တပ်မက်ခြင်း ချစ်ခင်ခြင်း ဖြစ်ပါ့မလားတဲ့၊ အဲဒီလို အရသာနဲ့ စားသောက်ဖွယ်ကို ရှိတယ်လို့ တောင် မသိရသေးဘဲနဲ့ အဲဒီလိုအရသာနဲ့ စားသောက်ဖွယ်ကို လိုချင်နှစ်သက် တပ်မက်ချစ်ခင်ခြင်း မဖြစ်ပါဘုရား–လို့ ဖြေကြား လျှောက်ထားပါတယ်၊ အဲဒါဟာ တိကျမှန်ကန်တဲ့ အဖြေပါပဲ၊ ဒီ

http://www.dhammadownload.com

မေးခွန်းဖြင့် မစားမသိရတဲ့ အရသာကို အာရုံပြုပြီး လိုချင်နှစ်သက်ခြင်း စသည်မဖြစ်ဘူး၊ ဒါကြောင့် အဲဒီ မစားရ မသိရတဲ့ စားသောက်ဖွယ် အရသာတွေကိုတော့ ဝိပဿနာရှုဖို့ မလိုဘူး၊ အဲဒီ အရသာတွေမှာ ကိလေသာ မဖြစ်ရအောင် ကြောင့်ကြစိုက်ဖို့ မလိုဘူး ဆိုတာကိုလဲ သိစေပါတယ်၊ အဲဒီအတွက် ဆောင်ပုဒ်ကတော့ "မစားရရာ၊ ကိလေသာ၊ သူ့ဟာ သူ့ငြိမ်းသည်"လို့ ဆိုကြရုံပါပဲ။

၁။ မစားရရာ၊ ကိလေသာ၊ သူ့ဟာသူ့ငြိမ်းသည်။

ယခုခေတ်မှ ပေါ်တဲ့မုန့်တို့ အခြားနိုင်ငံကလာတဲ့ သစ်သီးတို့ စသော စားကောင်းသောက်ဖွယ် အသစ်အဆန်းတွေဆိုတာ များစွာ ရှိတယ်၊ အဲဒီလိုဟာတွေ မစားဘူးသေးတဲ့သူမှာ နှစ်သက် တောင့်တခြင်း စားလိုခြင်းဆိုတဲ့ လောဘကိလေသာတွေ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုရင် မစားရဘူးသေးတဲ့အတွက် မသိလို့ပါပဲ၊ စားရ ရင်တော့ အဲဒါမျိုးကို စားချင်တယ်၊ တချို့ ရသတဏှာ လွန်ကဲသူ ဆိုရင် မစားရပါက သေသည်အထိတောင် ဆင်းရဲဒုက္ခ ရောက်သွား တာရှိကြောင်း ကျမ်းဂန်များမှာ ပြဆိုထားတာရှိတယ်၊ ဒါကြောင့် "စားရရာမှာ၊ ကိလေသာ၊ ကိန်းကာဖြစ်နိုင်သည်"လို့ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၂။ စားရရာမှ၊ ကိလေသာ၊ ကိန်းကာ ဖြစ်နိုင်သည်။

စားသောက်နေတဲ့အခါ အရသာကောင်းကလေးများကို စား သိရရင် မရှုမမှတ်နိုင်သူမှာ အဲဒီအရသာနှင့်စပ်ပြီး စားလိုမှု စသော ကိလေသာ ဖြစ်နိုင်တယ်၊ အဲဒီလို ဖြစ်နိုင်တာကို ကိလေသာ ကိန်း

http://www.dhammadownload.com

တယ်လို့ ဆိုရတာပဲ၊ ယောဂီမှာ အဲဒီ ကိလေသာ ကိန်းမှုကို ပယ်ဖျက်ဖို့ လိုပါတယ်၊ ဘယ်လို ဖျက်ရသလဲဆိုတော့ အရသာကို စားသိပြီးလျှင်ပြီးချင်း သိတယ် ချိုတယ် စသည်ဖြင့် ရှုမှတ်ပြီး ပယ်ရတာပါပဲ၊ ဒါကြောင့် "စားတိုင်း မှတ်ရှု၊ ကိလေစု၊ ကိန်းမှု ပယ်သင့်သည်"လို့ ဆောင်ပုဒ်ကို ဆိုရကြမယ်။

၃။ စားတိုင်း မှတ်ရှု၊ ကိလေစု၊ ကိန်းမှုပယ်သင့်သည်။

အဲဒီလို ရှုမှတ်ပြီး ကိလေသာကို ပယ်ရမယ်ဆိုတာ မြတ်စွာဘုရားရှင်က မေးခွန်းတော်ဖြင့်ပင် သိနားလည်စေပါတယ်၊ အဲဒါကိုလဲ "မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်" ဆိုတဲ့ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၃။ မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်။

အဲဒီလို နားလည်စေပြီးတော့ စားသိတိုင်း မပြတ်ရှုနေရင် စားသိရုံမျှ၌သာ ရပ်တည်ပြီး ကိလေသာငြိမ်းမည်ဆိုတာကိုလဲ (မုတေ မုတမတ္တံဘဝိဿတိ) စားသိလျက်တွေ့ရသည်၌ စားသိရုံမျှ တွေ့ရုံမျှ ဖြစ်လိမ့်မည်–လို့လဲ ညွှန်ကြားတော်မူပါတယ်၊ အကျယ်ကိုတော့ နှာ ၂၈ စသည်မှာ ဖော်ပြပြီးခဲ့ပါပြီ။ အဲဒီ ဒေသနာတော်အရ အရှင်မာလုကျမ္ဘုတ္တမထေရ်က စားသိခိုက်၌ မရှုသူမှာ နိဗ္ဗာန်ဝေးပုံနှင့် ရှုသူမှာ နီးပုံကို ဂါထာ ၄ ပုဒ်ဖြင့် တင်ပြလျှောက်ထားပါတယ်၊ အဲဒါကို မြတ်စွာဘုရားရှင်က မှန်ကန်ကြောင်း သာဓုခေါ်ပြီး ကိုယ်တော်တိုင်လဲ ထပ်ဟောတော်မူပါတယ်၊ အဲဒီဂါထာ ၄ ပုဒ်၏ အနက်အဓိပ္ပာယ်ကို အကျဉ်းချုပ် ရှင်းပြပါဦးမယ်။

http://www.dhammadownload.com

စားသိရိုက်၌ မရှုသူမှာ နိဗ္ဗာန်နှင့် ဝေးသည်

၁။ ရသံ ဘောတွာ သတိ မုဋ္ဌာ၊
ဝိယံ နိမိတ္တံ မနသိ ကရောတော၊
သာရတ္တာစိတ္တော ဝေဒေတိ၊
တဋ္ဌ အဗ္ဘောသ တိဋ္ဌတိ။

ဝိယံနိမိတ္တံ–ချစ်ဖွယ်အာရုံကို၊ မနသိကရောတော–နှလုံးသွင်းမျှော်လင့်နေသောသူအား၊ ရသံဘောတွာ–အရသာကို စားသိပြီး၍၊ ဝါ–စားသိပြီးလျှင် (ဝိယံနိမိတ္တံ–ချစ်ဖွယ်အာရုံကို၊ မနသိကရောတော–နှလုံးသွင်းမိသောသူအား၊ အစပထမကတည်းက အရသာကောင်းကို မျှော်လင့်နေကြတာပဲများတယ်၊ ဒါကြောင့် အရသာကောင်းကို စားသိရလျှင် ကောင်းလိုက်တာ ကောင်းလိုက်တာလို့ နှလုံးသွင်းမိတော့တာပါပဲ၊ အဲဒီတော့) သတိ မုဋ္ဌာ–အမှတ်ရမှု သတိမရှိဘဲ မေ့သွားလေသည် တဲ့။ ကောင်းလိုက်တာလို့ နှလုံးသွင်းမိတာနဲ့ မေ့သွားတယ်ဆိုတာ ဒီနေရာမှာ အတူတူပါပဲ၊ ပကတိလူတွေမှာ စားသိရတာကို ရှုမှတ်ရမယ်လို့ နားလဲ မလည်ကြပါဘူး၊ သာမန်လူတွေ ထားလိုက်ပါဦးတော့၊ တချို့ စာပေကျမ်းဂန်တတ်ပုဂ္ဂိုလ်တွေတောင် အရသာ သိပြီးလျှင်ပြီးချင်း ရှုပြီးသိရမယ်ဆိုတာ နားမလည်တာကပဲ များပါတယ်၊ တချို့က အရသာသိနေတာဟာ သိပြီးသားပဲ၊ ရှုနေဖို့ မလိုပါဘူးလို့တောင် မရိုမသေ ပြောတတ်ကြသေးတယ်၊ တချို့ကလဲ ဖြည်းဖြည်းချင်း ရှုမှတ်ပြီး စားနေတယ်ဆိုတာ အချိန်ကုန်ရုံမျှပဲ မြန်မြန်စားပြီးတော့မှ တရားအားထုတ်ရတယ်လို့လဲ ပြောတတ်ကြသေးတယ်၊ ဒါကြောင့် စားသိတာကို

http://www.dhammadownload.com

အမှတ်ရတဲ့သူက အလွန်နည်းပါတယ်။

သတိပဋ္ဌာန်ဒေသနာတော်အရ မပြတ်ရှုမှတ်နေကြတဲ့ ယောဂီထဲကတောင် ရှုစားသိရမှာ မရှုမမှတ်မိဘဲ မေ့သွားတာတွေ တော်တော်များများ ရှိနေတတ်ကြသေးတာပါပဲ၊ အဲဒီလို မရှုမမှတ်မိဘဲ မေ့သွားရင်၊ သော–စားသိပြီးလျှင် ချစ်ဖွယ်ထင်လျက် မရှုမမှတ်နိုင်သော ထိုသူသည်၊ သာရတ္တစိတ္တော–တပ်မက်သော စိတ်ရှိလျက်၊ ဝေဒေဟိ–ခံစားဈ၏၊ တဉ္စ–ထိုအရသာကိုလဲ၊ အဇ္ဈောသ တိဋ္ဌတိ–မျိုချ၍ သိမ်းထားသကဲ့သို့ စိတ်ထဲ၌ စွဲလျက်တည်ဈ၏တဲ့၊ ဆောင်ပုဒ်များကတော့ "အဆင်းမြင်လျှင်" လို့ ဆိုထားရာမှာ "အရသာသိလျှင်"လို့ ပြင်ဆိုရုံလောက်ပဲ ထူးပါတယ်၊ အဲဒီ ဆောင်ပုဒ်များကို ဆိုကြရမယ်–

၁။ အရသာသိလျှင်၊ ချစ်ဖွယ်ထင်၊ ထိုတွင်မေ့လေသည်။

၂။ သာယာတပ်စွဲ၊ ခံစားမြဲ၊ စိတ်ထဲ သိမ်းလျက်သည်။

ယခု အများလူစုတွေ စားသောက်နေကြတာဟာ အဲဒီလို သာယာတပ်မက်ပြီး ခံစားဖို့ ရည်ရွယ်ပြီး တတ်နိုင်သမျှ အရသာ ကောင်းအောင် ချက်ပြုတ် ပြုပြင်ပြီး စားနေကြတာပဲ၊ ရဟန်းသံဃာ တော်တွေအား ကျွေးမွေးလှူဒါန်းတဲ့အခါလဲ ကောင်းသည်ထက် ကောင်းအောင် ပြုပြင်ပြီး လှူဒါန်းနေကြတာပဲ။

မော်လမြိုင် တောင်ဝိုင်းကလေးတိုက်ကျောင်း ဆရာတော်ကြီး က ဒီကိစ္စနဲ့စပ်ပြီးတော့ ပြောဖူးတာကလေးကို အမှတ်ရနေပါတယ်၊ တစ်ချိန်က ဒါယကာတစ်ဦးအား အစာအာဟာရတွေ စက်ဆုပ်

http://www.dhammadownload.com

ဖွယ်ထင်အောင်ရှုပြီး စားသုံးရတဲ့အကြောင်း ဟောပြောပါသတဲ့၊ အဲဒီတော့ အဲဒီဒကာက "တပည့်တော်တို့က စားသောက်ဖွယ်ကို ကောင်းသည်ထက်ကောင်းအောင် တမင်ပြုလုပ်ပြီးတော့ လှူကြရတာပဲ၊ စက်ဆုပ်ဖွယ်ထင်အောင် ဆင်ခြင်ပြီး စားသုံးဖို့ မသင့်ပါဘူး"လို့ လျှောက်ပါသတဲ့။ ဟုတ်မှာပဲ၊ ဒကာ ဒကာမများက မြိန်မြိန်ရှက်ရှက် သုံးဆောင်ဖို့ အထူးပြုပြင်ပြီး ကျွေးတာလှူတာကို "ရွံစရာဖြစ်အောင် ဆင်ခြင်ပြီး သုံးဆောင်တယ်"ဆိုတော့ ကျေနပ်ကြမှာ မဟုတ်ပေဘူး၊ ဒါပေမယ့် အရသာကောင်းဖြစ်အောင် ပြုပြင်ပြီး လှူတာက ဒကာ ဒကာမတို့၏တာဝန်ပဲ၊ စားရတာနဲ့စပ်ပြီး ကိလေသာကင်းအောင် နှလုံးသွင်းဖို့ဆိုတာကတော့ ရဟန်းမြတ်တို့၏ တာဝန်ပဲ။

ဒါကြောင့် ရဟန်းတော်များမှာ စားသုံးတဲ့အခါ အောက်ထစ်ဆုံးအားဖြင့် ပစ္စဝေက္ခဏာအရ ဆင်ခြင်ပြီးတော့ စားသုံးရတယ်၊ ဆင်ခြင်ပုံ အကျဉ်းချုပ်ကတော့–နေဝ ဒဝါယ–ဆွမ်း ခဲဖွယ် ဘောဇဉ်ကို စားသုံးရတာဟာ အရပ်ထဲက လူများလို ပျော်ရွှင်မြူထူးနိုင်ဖို့လဲ မဟုတ်ဘူး၊ နမဒါယ–မာန်ယစ်ဖို့လဲ မဟုတ်ဘူး၊ နမဏ္ဍနာယ–ရုပ်ရေကြည်လင်ဖို့လဲ မဟုတ်ဘူး၊ နဝိဘူသနာယ–အသားအရေ ပြည့်ဝတောင့်တင်းစေဖို့လဲ မဟုတ်ဘူး၊ ဒါဖြင့် ဘာအတွက်လဲဆိုတော့ ဣမသ္မာ ကာယသ္သ ဋ္ဌိတိယာ–ဤရုပ်ကိုယ်ကြီး တည်မြဲတည်နေဖို့ သုံးဆောင်ရတယ်၊ နောက်ပြီးတော့ ယာပနာယ မျှတနိုင်ဖို့ပဲ၊ ဝိဟိံသူပရတိယာ–ဆောင်လောင်ပင်ပန်းမှုငြိမ်းဖို့ပဲ၊ နောက်ပြီးတော့ ဗြဟ္မစရိယာနုဂ္ဂဟာယ သီလ သမာဓိ

http://www.dhammadownload.com

ပညာ အကျင့်မြတ်ကို ကျင့်နိုင်ဖို့ပဲ၊ ဤသို့ စသည်ဖြင့် ဆင်ခြင်ပြီး သုံးဆောင်ရတယ်၊ ဒါထက်တတ်နိုင်ရင်တော့ ခုတင်က ပြောခဲ့တဲ့ အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်းနည်းအရ စက်ဆုပ်ဖွယ်ဖြစ်အောင် ဆင်ခြင်ပြီး သုံးဆောင်ရတယ်၊ စက်ဆုပ်ဖွယ်ထင်အောင် ဆင်ခြင်ပုံတွေကိုတော့ ဝိသုဒ္ဓိမဂ် မြန်မာပြန် ၃တိယတွဲမှာ ကြည့်နိုင်ပါတယ်၊ အကောင်းဆုံးကတော့ သတိပဋ္ဌာန် ဒေသနာတော်နည်းအရ ရှုမှတ်ပြီး သုံးဆောင်တာက အကောင်းဆုံးပါပဲ၊ အဲဒါကို နောက်နားကျမှ ပြောရမယ်၊ အဲဒီလို မရှုနိုင်ရင်တော့ စားသိရတဲ့ အရသာကို တပ်မက်စွဲလမ်းပြီး ကိလေသာဆင်းရဲ စသည်တွေ ဖြစ်ပွားသွားတော့တာပါပဲ၊ အဲဒီလို ဖြစ်ပွားပုံကို ဒီလိုဆက်ပြီး ဖော်ပြတော်မူပါတယ်။

၂။ တဿ ဝမ္ဘဒ္ဓိ ဝေဒနာ၊ အနေကာ ရသသမ္ဘဝါ၊
အဘိဇ္ဈာ စ ဝိဟေသာစ၊ စိတ္တ မသုပဟညတိ၊
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။

တဿ–စားရတဲ့အရသာကို စွဲပြီး သိမ်းပိုက်ထားသော ထိုသူအား၊ ရသသမ္ဘဝါ–စွဲလျက်သိမ်းပိုက်ထားသည့် အရသာကြောင့် ဖြစ်ကုန်သော၊ အနေကာ–များစွာကုန်သော၊ ဝေဒနာ အကောင်းအဆိုး အမျိုးမျိုးသော ခံစားမှုတို့သည်၊ ဝမ္ဘဒ္ဓိ–ဖြစ်ပွားကုန်၏တဲ့။ ဆောင်ပုဒ်ကတော့–"အဆင်းဆိုင်ရာ"လို့ ဆိုထားရာမှာ "အရသာဆိုင်ရာ"လို့ ပြင်ရုံမျှသာ ထူးပါတယ်။ အဲဒါကို ဆိုကြရမယ်။

၃။ အရသာဆိုင်ရာ ဝေဒနာများစွာ ပွားတော့သည်။

http://www.dhammadownload.com

နောက်ပြီးတော့ အဘိဓမ္မာ စ–ရလိုသမျှ ရှေးရှုကြံစည်သော လောဘသည်လည်းကောင်း၊ ဝိဟေသာ စ–ညှဉ်းဆဲလိုသော ဒေါသသည်လည်းကောင်း၊ ဝမ္ဘန္ဓိ–ဖြစ်ပွားကုန်၏၊ အသ–ထိ ပုဂ္ဂိုလ်၏၊ စိတ္တံ–စိတ်သည်၊ ဥပဟညတိ–လောဘ ဒေါသတို့ ကြောင့် ပင်ပန်းလျက် ရှိနေချေသည်–တဲ့။

စားသုံးရတဲ့ အရသာကောင်းကို စွဲမက်ပြီး အဲဒီလို အစာ ကောင်းတွေကို စားရအောင် လိုချင်တောင့်တတဲ့ လောဘလဲ ဖြစ်ပွားတယ်၊ စားဝတ်နေရေး ဆိုရာမှာ အဝတ်ကတော့ တစ်ထည် လောက်ရထားရင် တစ်နှစ်လောက်သုံးလို့ ရတတ်ပါတယ်၊ နေရာ အိမ်တို့ဆိုတာကလဲ တစ်ခါလောက် ပြုပြင်ထားရင် တော်တော်ကြာ အောင် သုံးရပါတယ်၊ စားရေးကတော့ **တစ်နေ့ ၂ ကြိမ်**ထက်မနည်း သုံးဆောင်နေရတာမို့ **တော်တော်** တာဝန်လေးပါတယ်၊ ဈေးတွေ အဆမတန် **ကြီးမြင့်နေတဲ့အခါ** သာပြီး တာဝန်လေးတာပဲ၊ ကဲ ကောင်းထောက်မထားတဲ့သူမှာတော့ သိပ်တော့ ဝန်မလေးပေဘူး၊ အများအားဖြင့် လူ့လောကကြီးတစ်ခုလုံးမှာ ဆင်းရဲတဲ့သူတွေက များတာပဲ၊ ဒါကြောင့် စားရေးအတွက် ရှာကြံကြရတာဟာ အလွန် ဝန်လေးပုံ ရပါတယ်၊ ရရာနည်းဖြင့် ရှာကြံရတော့ အကုသိုလ်ကံ တွေလဲ ဖြစ်ပွားကြမှာပါပဲ၊ ကိုယ့်အလုပ် နောင့်ယှက်တယ်လို့ ထင်ရတဲ့သူတွေကို ညှဉ်းဆဲလိုတဲ့ ဒေါသလဲ ဖြစ်ပွားတတ်တယ်၊ အင်အားရှိရင် တကယ်ကို ညှဉ်းဆဲမှုတွေလဲ ဖြစ်တာပဲ၊ အဲဒီ စားသောက်ရေးနဲ့ စပ်ပြီး ရှာကြံရတဲ့အတွက် စိတ်လဲ ပင်ပန်းဆင်းရဲ နေရပါတယ် တဲ့၊ အဲဒါတွေဟာ အရသာစား သိစဉ်က အမှတ်မရခဲ့

http://www.dhammadownload.com

လို့ တပ်မက်စွဲလမ်းပြီးဖြစ်တဲ့ ကိလေသဝဋ် ကမ္မဝဋ်တွေပဲ၊ အဲဒီ ကမ္မဝဋ်ကြောင့် ဘဝသစ် ဝိပါကဝဋ်လဲ ဖြစ်ရဦးမယ်၊ အရသာ စားသိတိုင်း မရှုမမှတ်ရင် အဲဒီ ကိလေသဝဋ် စသော ဆင်းရဲတွေကို လက်ခံဆည်းပူးနေသည်မည်တယ်၊ အဲဒီစကားဆိုင်ရာ ဆောင်ပုဒ်များကို ဆိုကြရမယ်။

၄။ လောဘစည်ကား၊ ဒေါသပွား၊ ဗျာပျား စိတ်ပန်းသည်။

၅။ ဤနည်းဖြင့်ပဲ၊ မပြောင်းလဲ၊ ဆင်းရဲရှာသူမည်။

ရှေးကလဲ စားရာမှာ အမှတ်တမဲ့ စားလာတာပဲ၊ စားသိ တိုင်း ရှုမှတ်တဲ့နည်းဖြင့် မပြုပြင် မပြောင်းလဲတော့ပါဘူးလို့ နေမြဲအတိုင်း နေသွားရင် ဆင်းရဲကို ရှာနေသူမည်တယ်၊ ဆင်းရဲကို ရှာမှီစုဆောင်း နေတော့ ဆင်းရဲငြိမ်းဖို့ ဝေးတာပေါ့၊ ဘာလို့ တုံးဆိုရင်–မီးပုံကြီးထဲ လောင်စာတွေ အသစ်အသစ်ထည့်ပေးနေရင် အဲဒီမီးပုံကြီး မငြိမ်း ဘဲ ကြာရှည်တည်နေသလိုပါပဲ။ ဒါကြောင့် –

ဇဝံ–မရှုမမှတ်ဘဲနေသော ဤနည်းဖြင့်၊ ဒုက္ခံ–ကိလေသာ ဆင်းရဲ ဝဋ်ဆင်းရဲကို၊ အာစိနတော–လက်ခံ၍ ဆည်းပူးစုဆောင်း သော သူအား၊ နိဗ္ဗာနံ–ဆင်းရဲငြိမ်းသောနိဗ္ဗာန်သည်၊ ဝါ–နိဗ္ဗာန်ကို၊ အာရာ–ဝေးသည်ဟူ၍၊ ဝုစ္စတိ–ဆိုအပ်ပါသည် တဲ့။ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၆။ ဆင်းရဲကိုသာ၊ ရှာသူမှာ၊ ဝေးစွာနိဗ္ဗာန်ပြည်။

ယခု ရွတ်ဆိုပြခဲ့တဲ့ ဂါထာ ၂ ပုဒ်ဖြင့် အတိုချုပ် ဆိုလိုတာ ကတော့ (စားသိခိုက်၌ မရှုမမှတ်သူမှာ နိဗ္ဗာန်ဝေးသည်–လို့)

http://www.dhammadownload.com

ဆိုလိုတာပါပဲ။ အဲဒါကို ဆိုကြရမယ်။

စားသိခိုက်၌ မရှုမမှတ်သူမှာ နိဗ္ဗာန်ဝေးသည်။

အရသာစားသိတိုင်း မပြတ်ရှုမှတ်နေရင်တော့ နိဗ္ဗာန်နဲ့ နီးကပ်နီးကပ်သွားတယ်၊ အဲဒီလို နီးပုံကို ဒါရိုက်ပြတဲ့ ဂါထာ ၂ ပုဒ်လေ ရှုတ်ဆိုပြီး ဟောပြမယ်။

စားသိခိုက်၌ ရှုသိသူမှာ နိဗ္ဗာန်နှင့်နီးသည်

၃။ နော သော ရဇ္ဇတိ ရသေသု၊ ရသံ ဘောတ္တာ ပဋိသံဝေတိ၊
ဝိရတ္တစိတ္တော ဝေဒေဟိ၊ တဉ္စနာဇ္ဈောသတိ ဥတိ၊

ယော–အကြင်ပုဂ္ဂိုလ်သည်၊ ရသံ ဘောတ္တာ–အရသာကို စားသိပြီး၍၊ ဝါ–စားသိပြီးလျှင်၊ ပဋိသံဝေတိ–တဖန်အမှတ်ရသည်၊ ဟောတိ–ဖြစ်၏တဲ့၊

ဒါဟာ အရသာကို စားသိပြီးလျှင်ပြီးချင်း ဝိပဿနာရှုဖို့ ဒါရိုက် ညွှန်ပြတာပဲ၊ မစားမသိရတဲ့ အရသာရုပ်ကိုတော့ ကြံတွေးပြီး ရှုဖို့ မလိုဘူး၊ အဲဒီလို ကြံတွေးရှုရုံမျှဖြင့် အာရမ္မဏာနုသယ ဂ်ိလေသာ ကျူပယ်နိုင်တဲ့ ဝိပဿနာဉာဏ်အစစ် မဖြစ်ဘူးဆိုတာ ကိုလဲ ခိုင်မြဲစွာ မှတ်သားထားကြရမယ်၊ ရှုပုံကတော့ –

စားသောက်ဖို့ ထမင်းစားပွဲ ဆွမ်းစားပွဲရှေ့မှာထိုင်ပြီးတဲ့ နောက် ထမင်းပွဲကို ကြည့်ရင် ကြည့်တယ် မြင်တယ် ကြည့်တယ် မြင်တယ်လို့ ရှုမှတ်ရတယ်၊ ဒါက မြင်သိမှုနဲ့ဆိုင်တဲ့ မှတ်ပုံပဲ၊ ထမင်းပွဲဆီကို လက်လှမ်းရင် ကြွတယ် လှမ်းတယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ ထမင်းလုတ်ကို ကိုင်ရင် ပြင်ရင်လဲ ကိုင်တယ် ပြင်တယ်လို့ မှတ်ရ

http://www.dhammadownload.com

တယ်၊ ထမင်းလုတ်ကို မ–ယူပြီးလာရင် မတယ် ယူတယ် ယူတယ်လို့ မှတ်ရတယ်၊ ပါးစပ် ထိရင် ထိတယ်လို့မှတ်၊ ပါးစပ်ဖွင့်ရင် ဖွင့်တယ်လို့မှတ်၊ ထမင်းလုတ် ပါးစပ်ထဲ ထည့်လျှင်ထည့်တယ် မှတ်၊ ပါးစပ်ပြန်ပိတ်တာကို ပိတ်တယ်လို့မှတ်၊ လက်ပြန်ချတော့ ချတယ်ချတယ်မှတ်၊ ပန်းကန်ပြားနဲ့ထိတော့ ထိတယ်မှတ်၊ ဝါးတော့ ဝါးတိုင်း ဝါးတိုင်း ဝါးတယ် ဝါးတယ်လို့ မှတ်ရတယ်၊ ဒါတွေကတော့ ကာယဒွါရက ထိသိမှုနှင့်ဆိုင်တယ်၊ စားရာမှာ ထိသိမှု ရှုမှတ်ရတာတွေက များတယ်၊ လက်က လှုပ်ရှားပြုပြင်ရာမှာ တောင့်တင်းလှုပ်ရှားတဲ့ ဝါယောရုပ် အတွေ့အထိကို ရှုသိရတာပဲ၊ ထမင်းအပူကို ထိရတဲ့အခါ တေဇောရုပ်အတွေ့ကို ရှုသိရတာပဲ၊ ပါးစပ်က ဝါးတဲ့အခါ တောင့်တင်းလှုပ်ရှားတဲ့ ဝါယောရုပ် အတွေ့ကို ရှုသိရတာပဲ၊ ဒီလို ထိသိမှု မှတ်သိရတာတွေပဲ များပါတယ်၊ လျှာပေါ်မှာ အရသာ ပေါ်လာတော့ ချိုတယ် ချဉ်တယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ အဲဒါကတော့ စားသိမှုကို ရှုသိရတာပဲ။

အဲဒီလို အရသာ ထင်ပေါ်လာတိုင်း ရှုမှတ်ပြီး သိသိနေလျှင် အဲဒီအရသာနှင့်စပ်ပြီး သာယာတပ်မက်ခြင်း မဖြစ်တော့ဘူး၊ ဒါကြောင့်၊ သော–အရသာကို စားသိပြီးလျှင် ချက်ချင်းအမှတ်ရသော ထိုပုဂ္ဂိုလ်သည်၊ ရသေသု–စားသိရသော အရသာတို့၌၊ နု ရဇ္ဇတိ–မတပ်မက်၊ ဝါ–တပ်မက်မှု ရာဂကင်းသည်လို့ ဆိုထားတာပါပဲ၊ ဆောင်ပုဒ်ကတော့ (အရသာ သိက၊ အမှတ်ရ ရာဂ ကင်းတော့သည်–လို့) ဆိုကြရုံပါပဲ။

၁။ အရသာသိက အမှတ်ရ၊ ရာဂ ကင်းတော့သည်။

http://www.dhammadownload.com

အရသာစားသိပြီးလျှင် ချက်ချင်း အမှတ်ရတယ်လို့ ဆိုတာက ရှေ့ပိုင်းနားတုန်းက ပြခဲ့တဲ့ မြင်သိဝိထိနှင့် အလားတူတဲ့ စားသိဝိထိ၏ အခြားမဲ့၌ ရှုမှတ်သိတာကို ဆိုတာပါပဲ၊ အဲဒီလို ရှုမှတ်ပြီး သိသိနေရင် သမာဓိဉာဏ် အားကောင်းတဲ့ အခါကျတော့ စားသိရတဲ့ အရသာရုပ်မျှကိုသာ မှန်စွာသိရတယ်၊ အဲဒီ အရသာရုပ်နဲ့ စားသိနာမ်, ရှုသိနာမ်များ ချက်ချင်းပင် ပျောက်ကွယ်ပျက်စီးသွားတာကိုလဲ အမှန်အတိုင်း သိရတယ်၊ ကောင်းလိုက်တာ ကြက်သားဟင်းပဲ စသည်ဖြင့် ချစ်ဖွယ်အာရုံကိုတော့ မတွေ့ရတော့ဘူး၊ ဒါကြောင့် အဲဒီစားသိရတာကို မကြိုက်စည်တော့ဘဲ အရသာသိရုံမျှ၌သာ တည်တယ်၊ အဲဒါဟာ (မုတေ မုတမတ္တံ ဘဝိဿတိ) စားသိလျက် တွေ့ရသည်၌ တွေ့ရုံမျှသာ ဖြစ်လတ္တံ့ဆိုတဲ့ စကားတော်နှင့်အညီ ပါပဲ။ အဲဒီအရသာကို စားသိရပေမယ့် မစားရ မသိရတဲ့ အရသာမှာ လိုပင် တပ်မက်သာယာမှုစသော ကိလေသာတွေ မဖြစ်တော့ဘဲ ကင်းငြိမ်းသွားတယ်။

ယခု ဒီရိပ်သာက ယောဂီတွေ မြင်သိတိုင်း ထိသိတိုင်း နံသိတိုင်း စားသိတိုင်း ရှုမှတ်ပြီး သိနေကြတာဟာ မဟာသတိပဋ္ဌာန်သုတ်ဒေသနာတော်နှင့် ညီသည့်ပြင် ယခုဟောခဲ့တဲ့ မာလုက္ကျပုတ္တသုတ်တော်နှင့်လဲ အံကျကိုက်ပြီး ညီနေကြောင်း အလွန်ပင် ထင်ရှားပါတယ်၊ သမာဓိဉာဏ် အထူးကောင်းတဲ့ အခါကျတော့ ဟင်းနံ့နှင့် အရသာကို တွေ့ရတိုင်း နံတယ်၊ သိတယ်၊ ချိုတယ်၊ ချဉ်တယ် စသည်ဖြင့် ရှုမှတ်ပြီး အနံ့အရသာရော+အနံ့အရသာသိမှုရော+ ရှုသိမှုရော ချက်ချင်းပင် ပျောက်ပျက်သွားတာကို တွေ့ကြရတယ်၊

http://www.dhammadownload.com

အဲဒီတော့ စားသိရတဲ့ အရသာနဲ့စပ်ပြီး တပ်မက်သာယာတဲ့ ရာဂလဲ မဖြစ်ရတော့ဘူး၊ တပ်မက်သာယာခြင်း မရှိဘဲ ခံစားရုံမျှ သက်သက်သာ ဖြစ်နေတယ်၊ ဒါကြောင့် ဒီလိုတောင် ထင်မြင်တတ်ပြောတတ်ကြပါသေးတယ်၊ ရှုမှတ်ပြီး စားနေရတဲ့အတွက် မြိန်မြိန်ရှက်ရှက် အရသာမပေါ်ဘဲ ရှိနေတာပဲ၊ မရှုမမှတ်ဘဲ စားရရင်တော့ မြိန်မြိန်ရှက်ရှက် စားလို့ကောင်းမှာပဲလို့တောင် ပြောတတ်ကြပါသေးတယ်၊ အဲဒီလို ထင်တာပြောတာဟာ ဟုတ်လဲ ဟုတ်ပါတယ် ရှုမှတ်လို့ ကိလေသာကင်းနေတဲ့အတွက် မြိန်ရှက်တဲ့အနေနဲ့ မထင်ရှားဘဲ ဖြစ်နေတာပဲ၊ အဲဒီလို ကိလေသာကင်းပုံ အစွဲကင်းပုံကို ဒီလိုဆက်ပြီး ပြဆိုထားပါတယ်။

သော–မတပ်မက်သော ထိုပုဂ္ဂိုလ်သည်၊ ဝိရတ္တစိတ္တော–တပ်မက်ကင်းသော စိတ်ရှိသည်ဖြစ်၍၊ ဝါ–မတပ်မက်သော စိတ်ဖြင့်၊ ဝေဒေတိ–ခံစား၏၊ တဋ္ဌ–ထိုအရသာကိုလဲ၊ နု အဗ္ဗောသ တိဋ္ဌတိ–သိမ်းပိုက်ဆုပ်ကိုင်လျက် မတည်တဲ့၊ ဆောင်ပုဒ်ကတော့ ရှေးကအတိုင်းပါပဲ၊ ဆိုကြရမယ်။

၂။ မတပ်မက်ဘဲ၊ ခံစားမြဲ၊ စိတ်ထဲမသိမ်းပြီ။

၄။ ယထာသာ သာယတော ရသံ၊ သေဝတောစာပိ ဝေဒနံ၊
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတိသတော၊
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ၊

ယထာ–အခြားမဲ့၌ မှတ်သိမှုပါသော အကြင် အခြင်းအရာ ဖြင့်၊ ရသံ–အရသာကို သာယာတော စာပိ–စားသိလဲ စားသိငြား

http://www.dhammadownload.com

သော်လဲ၊ ဝေဒနံ–ခံစားမှုကို၊ သေဝတော စာပိ–မှီဝဲလဲ မှီဝဲငြားသော်လဲ၊ ဒုက္ခံ–ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲသည်၊ ခီယတိ–ကုန်သာကုန်ခန်း၏၊ နောပစီယတိ–ဆည်းပူးအပ်သည်ကား မဟုတ်ပေတဲ့။

ဝိပဿနာယောဂီပုဂ္ဂိုလ်ဟာလဲ သူများလိုပင် အစာအရသာကို စားလဲစားပါတယ်၊ ခံစားမှုကိုလဲ မှီဝဲပါတယ်၊ သို့ပေမယ့် သာမန်ပုဂ္ဂိုလ်များမှာလို အရသာနဲ့စပ်ပြီး ကိလေသာတွေလဲ မဖြစ်ဘူး၊ အဲဒီအရသာမျိုးကို ရှာမှီးခြင်းစသည်ဖြင့် အကုသိုလ်က် ကုသိုလ်ကံတွေလဲ မဖြစ်ဘူး၊ ကံမဖြစ်တော့ ကံကြောင့်ဖြစ်မည့် ဘဝသစ်ဝိပါက်ဆင်းရဲတွေလဲ မဖြစ်ဘူး၊ ကင်းငြိမ်းတယ်၊ ဘာကြောင့်လဲဆိုတော့ စားသိပြီးလျှင်ပြီးချင်း မှတ်သိမှု ပါနေလို့ပါပဲတဲ့၊ ဆောင်ပုဒ်ကတော့ (မှတ်သိလျက်သား၊ စားသိသွား၊ ခံစားမှီဝဲသည်)လို့ ဆိုကြရမယ်။

၃။ မှတ်သိလျက်သား၊ စားသိသွား၊ ခံစားမှီဝဲသည်။

နောက်တစ်ပုဒ်ကတော့ ရှေးကအတိုင်းပဲ ဆိုကြရုံပါပဲ။

၄။ သို့ပါသော်လဲ၊ ဝဋ်ဆင်းရဲ၊ ကုန်မြဲကုန်ခန်းသည်။

သူများလိုပင် စားလဲစားပေမယ့် ခံစားမှုလဲ ဖြစ်ပေမယ့် မရှုမမှတ်တဲ့ သာမန်လူများလို (ဝေဒနာပစ္စယာတဏှာ) ဆိုတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ခံစားမှုအကြောင်းပြုပြီး တဏှာ မဖြစ်တော့ဘူး၊ တဏှာမဖြစ်တဲ့အတွက် ဥပါဒါန်နဲ့ ကံလဲ မဖြစ်ဘော့ဘူး၊ ကံမဖြစ်တဲ့အတွက် အဲဒီကံ၏ အကျိုးဝိပါက်ဆင်းရဲတွေဆိုတာလဲ မဖြစ်တော့ဘူး၊ အဲဒါဟာ မရှုမိတဲ့ အရသာနဲ့စပ်ပြီး ဖြစ်ခွင့်

http://www.dhammadownload.com

ရှိတဲ့ ကိလေသာတွေ ကဲ့တွေ ဝိပါက်ဆင်းရဲတွေ ကင်းငြိမ်း ကုန်ခန်း ပုံပါပဲ၊ ဒါကြောင့် အဲဒီကိလေသာဆင်းရဲ ဝဋ်ဆင်းရဲ ငြိမ်းစေချင်တဲ့ ယောဂီဟာ စားသိတိုင်း အမှတ်ရတဲ့ ဒီနည်းဖြင့် မပြတ်ကျင့်ရတယ် ဆိုတဲ့ အကြောင်းကိုလဲ ဒီလိုဆက်ပြီး ပြဆိုထားပါတယ်။

ဇဝံ–စားသိတိုင်း ရှုသိမှုပါသော ဤနည်းဖြင့်၊ သော–ထို ယောဂီသည်၊ သတော–အမှတ်ရလျက်၊ စရတိ–ကျင့်သည်တဲ့၊ အဲဒါဟာ စားသိပြီးလျှင်ပြီးချင်း ရှုမှတ်ပြီး အမှန်အတိုင်း သိသိ သွားရမယ်ဆိုတာကို ဒါရိုက်ပြတာပဲ၊ ဆောင်ပုဒ်ကတော့ ရှေးက အတိုင်း ဆိုကြရုံပါပဲ။

၅။ ဤနည်းဖြင့်သာ၊ ယောဂီမှာ၊ မှတ်ကာကျင့်ရသည်။

အဲဒီလို ရှုမှတ်တိုင်း ရှုမှတ်တိုင်း စားရတဲ့ အရသာနဲ့စပ်ပြီး ဖြစ်ပွားမည့် ကိလေသာစသော ဆင်းရဲတွေကို တဒင်္ဂပဟာန်ဖြင့် ပယ်သတ် ပယ်သတ်သွားရင် တဒင်္ဂနိဗ္ဗာန်ကို ဆိုက်ရောက် ဆိုက် ရောက်သွားတယ်၊ ဝိပဿနာဉာဏ် အားပြည့်တဲ့အခါကျတော့ ဒီလို ရှုမှတ်နေရင်းထဲကပင် အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်အစစ်ကို ဆိုက်ရောက်ပြီး မျက်မှောက်ပြုသွားတယ်၊ ဒါကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း နိဗ္ဗာန်နဲ့ အစစ်ကို ရောက်ဖို့လဲ နီးကပ် နီးကပ်နေတာပဲ၊ ဒါကြောင့် –

ဇဝံ–ဤဆိုအပ်ခဲ့သည့်အတိုင်း စားသိပြီးလျှင်ပြီးချင်း ရှုမှတ် သော အားဖြင့်၊ ဒုက္ခံ–မရှုမမှတ်လျှင် ဖြစ်ခွင့်ရှိသော ကိလေသာ ဆင်းရဲ ဝဋ်ဆင်းရဲကို၊ အာစိနတော–ဖျက်ဆီးသော ပုဂ္ဂိုလ်အား၊

http://www.dhammadownload.com

နိဗ္ဗာန်–ဆင်းရဲငြိမ်းသော နိဗ္ဗာန်သည်၊ ဝါ၊ နိဗ္ဗာန်ကို၊ သန္တိကေ–နီးသည်ဟူ၍၊ ဝုစ္စတိ–ဆိုအပ်ပါသည်တဲ့၊ ဆောင်ပုဒ်ကတော့ (စားတိုင်းရှုမှတ်၊ ဆင်းရဲသတ်၊ နီးကပ်၊ နိဗ္ဗာန်ပြည်) လို့ ဆိုကြရုံပါပဲ။

၆။ စားတိုင်းရှုမှတ်၊ ဆင်းရဲသတ်၊ နီးကပ်နိဗ္ဗာန်ပြည်။

ယခု ရွတ်ပြတဲ့ ဂါထာ ၂ ပုဒ်ဖြင့် အတိုချုပ် ဆိုလိုတာကတော့ (စားသိခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နှင့်နီးသည်) လို့ ဆိုလိုတာပါပဲ၊ အဲဒါကို ဆိုကြရမယ်။

ရှသ္ဌမှာ ဘယ်အချိန်မဆို တရားထူးရနိုင်သည်

စားနေရင်း ရှုမှတ်လို့ နိဗ္ဗာန်ဆိုက်ရောက်ပုံကတော့ အဋ္ဌကထာများမှာ ထင်ရှားပြထားတာတွေ ရှိပါတယ်၊ ဘယ်လိုလဲဆိုတော့ ရှေးတုန်းက သီဟိုဠ်ကျွန်းမှာ မြို့ထဲရွာထဲ၌ သဃာတော်များ ဆွမ်းခံပြီး ဆွမ်းဘုဉ်းပေးဖို့ ဆောက်လုပ်ထားတဲ့ ဆွမ်းစားဇရပ် ဆိုတာတွေ ရှိတယ်၊ နံနက်စောစောပိုင်းမှာ ယာဂုခေါ်တဲ့ ဆန်ပြုတ်ဆွမ်းကို ခံယူပြီး၊ အဲဒီဆွမ်းစားဇရပ်မှာပဲ ဘုဉ်းပေးကြရတယ်၊ နေ့ပိုင်းကျတော့ ဆွမ်းကို ခံယူပြီး အဲဒီ ဇရပ်မှာပဲ ဘုဉ်းပေးကြရတယ်၊ အဲဒီလို ဘုဉ်းပေးနေကြရင်း ဝိပဿနာရှုပြီး အရဟတ္တမဂ်ဖိုလ် တရားထူးများ ရသွားကြတယ်၊ အဲဒီဇရပ်တွေမှာ ရဟန္တာမဖြစ်ဖူးလို့ ပြစရာ နေရာတောင်မရှိဘူး၊ ရဟန္တာဖြစ်ဖူးတဲ့ နေရာချည်းပဲတဲ့၊ ဒီလို အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

နောက်ပြီးတော့ တစ်နေ့က ခုနစ်ဝါမြောက် ဗုဒ္ဓဝါတော်စဉ်အရ အဘိဓမ္မာ ပိဋကတ် ပုဂ္ဂလပညတ်မှ အသမယ ဝိမုတ္တ ပုဂ္ဂိုလ်ကို

http://www.dhammadownload.com

ဟောရင်း အဲဒီက အဋ္ဌကထာအဖွင့်ကို ထုတ်ပြပြီး ဟောခဲ့တယ်၊ ဘယ်လိုလဲဆိုတော့ –

ယသ သဒ္ဓါ ဗလဝတီ ဝိပဿနာ စ အာရဒ္ဓါ၊ တသ ဂစ္ဆန္တသ တိဋ္ဌန္တသ နိသီဒန္တသ နိပဇ္ဇန္တသ ခါဒန္တသ ဘုဉ္ဇန္တသ မဂ္ဂဖလပဋိဝေဓော နာမ နု ဟောတိတိ နတ္ထိ–တဲ့။

(ပုဂ္ဂလပညတ္တိ အဋ္ဌကထာ နာ ၃၂)

ယသ–အကြင်ပုဂ္ဂိုလ်အား၊ သဒ္ဓါစ–ယုံကြည်မှု သဒ္ဓါတရား သည်လည်း၊ ဗလဝတီ–အားကြီး၏ အားကောင်း၏၊ (ပေါ်လာ သမျှကို ရှုမှတ်နေခြင်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်မယ်လို့ ယုံကြည်မှုကလဲ အားကောင်းတယ်တဲ့၊ အဲဒါက အရေးကြီးတယ်၊ နှစ်နှစ်ခြိုက်ခြိုက် ယုံကြည်ဖို့လိုပါတယ်၊ ဝိပဿနာ စ–ဝိပဿနာ ကိုလည်း၊ အာရဒ္ဓါ–ဥဒယဗ္ဗယဉာဏ် ရောက်အောင်အားထုတ်စ ပြုအပ်ပြီ၊ (ဝိပဿနာကို အားထုတ်စပြုပြီးခဲ့တဲ့ အောက်ထစ်ဆုံးအား ဖြင့် ဥဒယဗ္ဗယဉာဏ်ရောက်နေပြီလို့ ဆိုလိုပါတယ်၊ အဲဒါထက် ဘင်္ဂဉာဏ် စသည်ရောက်နေရင်တော့ သာပြီးပြည့်စုံနေတာပါပဲ၊) တသ–ထိုပုဂ္ဂိုလ်မှာ၊ ဂစ္ဆန္တသ–သွားနေစဉ်ဖြစ်စေ၊ တိဋ္ဌန္တသ–ရပ်နေစဉ်ဖြစ်စေ၊ နိသီဒန္တသ–ထိုင်နေစဉ်ဖြစ်စေ၊ နိပဇ္ဇန္တသ–လဲလျောင်းနေစဉ်ဖြစ်စေ၊ ခါဒန္တသ–မုန့်သစ်သီးစသည်ကိုလဲ ခဲစားနေစဉ်ဖြစ်စေ၊ ဘုဉ္ဇန္တသ–ဆွမ်းထမင်းကို သုံးဆောင်နေစဉ် ဖြစ်စေ၊ မဂ္ဂဖလပဋိဝေဓောနာမ–မဂ်ဖိုလ်ကို ထိုးထွင်းသိခြင်း ရခြင်း မည်သည်၊ နု ဟောတိတိ–မဖြစ်ဟူ၍၊ နတ္ထိ–မရှိပေ တဲ့။

http://www.dhammadownload.com

မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း မပြတ်ရှုမှတ်နေလျှင် မဂ်ဖိုလ်တရားထူးကို ရနိုင်တယ်လို့ ယုံကြည်မှုသဒ္ဓါလဲ အားကောင်းနေရင် ရှုမှတ်အားထုတ်စ ပြုခဲ့ပြီး ဖြစ်၍ အဖြစ်အပျက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိလဲ တွေ့သိနေရင် သွားနေဆဲဖြစ်ဖြစ်၊ ရပ်နေဆဲဖြစ်ဖြစ်၊ ထိုင်နေဆဲဖြစ်ဖြစ်၊ လျောင်းနေဆဲဖြစ်ဖြစ်၊ စားသောက်နေဆဲဖြစ်ဖြစ် ဘယ်အချိန်မဆို (ဝိပဿနာဉာဏ်အားပြည့်ရင်) မဂ်ဖိုလ်ကို ရောက်နိုင်ရနိုင်တာချည်းပဲ၊ မရောက်နိုင် မရနိုင်တဲ့ အချိန်ရယ်လို့ မရှိပါဘူးတဲ့၊ ဒီအဆိုဟာ တကယ်အားထုတ်နေတဲ့ ယောဂီများအတွက် အင်မတန်အားရစရာကောင်းတာပဲ၊ အဲဒါကို ဆောင်ပုဒ်ကလေးများ စီထားတယ် လိုက်ဆိုကြရမယ်။

၁။ ယုံကြည်အားပြည့်၊ ဖြစ်ပျက်မိ၊ မြင်သိနေပါမူ။
၂။ သွားစဉ်, ရပ်စဉ်, ထိုင်လျောင်းစဉ်, ဘယ်တွင်မဆို ရှိပါစေ၊
၃။ စားစဉ်, ခဲစဉ်, သုံးဆောင်စဉ် ဘယ်တွင်မဆိုရှိပါစေ။
၄။ ရှုနေသူမှာ မဂ်ဖိုလ်ဟာ ဘယ်ခါမဆို ဖြစ်နိုင်ပေ။

ဒါကြောင့် စားသောက်နေတဲ့အခါလဲ စေ့စေ့စပ်စပ် မပြတ်ရှုပြီး စားသောက်ဖို့ လိုပါတယ်၊ ကိုယ်တစ်ဦးတည်း စားသောက်နေတဲ့အခါဆိုရင်တော့ တဖြည်းဖြည်းချင်း ပြုလုပ်ပြီး စေ့စေ့စပ်စပ် ရှုမှတ်နေရင် ထမင်းတစ်လုတ်မှာပင် မှတ်ချက်ပေါင်း လေးငါးခြောက်ဆယ်ထက်မနည်း ရနိုင်တယ်၊ အဲဒီလို ရှုမှတ်နေရင်တော့

http://www.dhammadownload.com

ထမင်းစားတာက တစ်နာရီလောက်လဲ ကြာတတ်တယ်၊ ယခုဒီမှာ အများနဲ့အတူ စားရတဲ့အခါမှာတော့ အဲဒီလောက် စေ့စပ်အောင် ရှုမှတ်ဖို့ မလွယ်ပါဘူး၊ ဒါပေမယ့် ရနိုင်သမျှ ရအောင် အထူး အလေးပြုပြီး ရှုမှတ်ကြရမယ်။

စားသိမှုနဲ့စပ်ပြီး ဝိပဿနာရှုပုံ လုပ်ငန်းစဉ်ကတော့ ပြည့်စုံ လောက်ပါပြီ။ ယခု ထိသိမှုနှင့်စပ်ပြီး မေးခွန်းမှစ၍ ဝိပဿနာ အလုပ်ပေးပုံကို ဟောရမယ်။

ဝိပဿနာအခြေခံမေးခွန်းတော် (၅)

ယေ တေ ကာယ ဝိညေယျာ ဖောဋ္ဌဗ္ဗာ အသံဖုဋ္ဌာ အသံဖုဋ္ဌ ပုဗ္ဗာ၊ နု စ ဖုသသိ၊ နု စ တေ ဟောတိ ဖုသေယျန္တိ၊ အတ္တိ တေ တတ္ထဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ။

(မာလုက္ကျပုတ္တ – မာလုက္ကျာ၏ သားဖြစ်သော ရဟန်း) ကာယဝိညေယျာ–ကိုယ်ဖြင့် ထိသိနိုင်ကောင်းကုန်သော၊ ယေ ဖောဋ္ဌဗ္ဗာ–အကြင်အတွေ့ရုပ်တို့ကို၊ တေ–သင်သည်၊ အသံဖုဋ္ဌာ –မကြာမီကလဲ မထိသိဖူးသေး၊ (အတွေ့ရုပ်တွေဆိုတာ ကြမ်းတမ်း ခက်မာနူးညံ့ချောညက်တဲ့ အတွေ့က တစ်မျိုး၊ ပူအေးနွေးတဲ့ အတွေ့ က တစ်မျိုး၊ တောင့်တင်းလျှပ်ရှားတဲ့ အတွေ့က တစ်မျိုး၊ ဒီလို ၃ မျိုး ရှိတယ်၊ အဲဒီတွေ့ထိစရာတွေကို မကြာမီကလဲ မထိသိရသေး ဘူးလို့ ဆိုလိုပါတယ်၊) နု အသံဖုဋ္ဌပုဗ္ဗာ– ရှေးကာလ ရှေးဘဝတွေ ကလဲ မထိသိရဘူးသေး၊ နု စ ဖုသတိ–ယခုလဲ ထိသိနေဆဲမဟုတ်၊ တေ–သင်အား၊ နု စ ဟောတိ ဖုသေယျန္တိ၊ ထိသိနိုင်သည်ဟူ၍လဲ

http://www.dhammadownload.com

စိတ်ကူးထဲမှာတောင် မဖြစ်သေး၊ တတ္တ–ထိုထိလဲ မထိဘူးသေး၊ ထိသိဆဲလဲမဟုတ်၊ ထိသိနိုင်သည်–ထိသိရလိမ့်မည်ဟူ၍ စိတ်ကူးထဲမှာတောင် မပေါ်သေးသော တွေ့ထိစရာ အတွေ့ရုပ်တို့၌၊ တေ–သင်အား၊ ဆန္ဒော ဝါ–လိုချင်နှစ်သက်မှုသည်လည်းကောင်း၊ ရာဂေါ ဝါ–တပ်မက်စွဲလမ်းမှုသည်လည်းကောင်း၊ ပေမံ ဝါ–ချစ်ခင်မှုသည်လည်းကောင်း၊ အတ္ထိ–ရှိပါသလား ဖြစ်ပါသလား တဲ့၊ ဒီလိုမေးတော်မူပါတယ်။

တွေ့ထိလဲ မတွေ့ထိဘူးသေး၊ တွေ့ထိရဆဲမဟုတ်၊ တွေ့ထိရလိမ့်မယ်လို့တောင် စိတ်ကူးထဲ၌ မပေါ်သေးတဲ့ သက်ရှိသက်မဲ့ တွေ့ထိစရာကို အာရုံပြုပြီး လိုချင်နှစ်သက် တပ်မက်ချစ်ခင်ခြင်း ဖြစ်ပါ့မလားတဲ့၊ အဲဒီလို တွေ့ထိစရာ ရှိတယ်လို့တောင် မသိရသေးဘဲနဲ့ အဲဒီသက်ရှိသက်မဲ့ တွေ့ထိစရာကို လိုချင်နှစ်သက် တပ်မက်ချင်ခင်ခြင်းဆိုတာ ဘယ်ဖြစ်မလဲ၊ မဖြစ်ပါဘူး၊ ဒါကြောင့် အရှင်မာလုက္ကျပုတ္တမထေရ်က အဲဒီလို တွေ့ထိစရာမှာ လိုချင်နှစ်သက် တပ်မက်ချစ်ခင်ခြင်း မဖြစ်ပါဘုရား–လို့ ဖြေကြားလျှောက်ထားပါတယ်၊ အဲဒါဟာ တိကျမှန်ကန်တဲ့ အဖြေပဲ။

ဒီမေးခွန်းတော်ဖြင့် မတွေ့မထိရတဲ့ အာရုံမှာ လိုချင်နှစ်သက်ခြင်းစသော ကိလေသာမဖြစ်နိုင်ကြောင်း ဒါရိုက်ပြတော်မူတယ်။ ဥပမာ နိုင်ငံခြားက ထုတ်လုပ်တဲ့ အဝတ်အထည် အခင်းကောင်းကလေးတွေ၊ ခြိုထည်ကောင်းကလေးတွေ ဆိုတာ ရှိတယ်။ အဲဒီလို အဝတ်အထည် ခြိုစရာနှင့်စပ်ပြီး မမြင်ဘူး မကြားဘူး မထိဘူးတဲ့ သူမှာ လိုချင်တောင့်တခြင်း ဖြစ်ပါ့မလား၊ မဖြစ်ကြောင်း ထင်ရှားပါ

http://www.dhammadownload.com

တယ်၊ ထို့အတူပင် သက်ရှိလူပုဂ္ဂိုလ် အတွေ့နှင့်စပ်ပြီးတော့ မထိဘူး၊ မသိဘူးသေးတဲ့သူမှာ တွေ့ထိလိုတဲ့ စိတ်မဖြစ်ပါဘူး၊ ဒါကြောင့် မထိရမသိရသေးတဲ့ တွေ့ထိစရာအာရုံမှာ လိုချင်နှစ်သက်မှုစသော ကိလေသာတွေ မဖြစ်ဘူး၊ ကိလေသာတွေ မဖြစ်နိုင်ဘဲ သူ့အလိုလို ပင် ကင်းငြိမ်းနေတဲ့အတွက် အဲဒီလို မထိရမသိရတဲ့ အတွေ့အထိ အာရုံမှာ ကိလေသာမဖြစ်ရအောင် ဝိပဿနာရှုဖို့ မလိုဘူးဆိုတာကို လဲ ဒီမေးခွန်းတော်ဖြင့်ပင် သိနားလည်စေပါတယ်။

တွေ့ထိရရင်တော့ အဲဒီတွေ့ထိရတဲ့ အာရုံမှာ လိုချင်နှစ်သက် ခြင်းစသော ကိလေသာတွေ ဖြစ်နိုင်တယ်၊ ဒါကြောင့် အဲဒီလို တွေ့ထိတဲ့ အာရုံမှာ ကိလေသာ ဖြစ်ခွင့်မရအောင် ဝိပဿနာဖြင့် ရှုမှတ်ပြီး ပယ်သင့်တယ်ဆိုတာကိုလဲ ဒီမေးခွန်းတော်ဖြင့်ပင် သိနား လည်စေပါတယ်။ ဒါကြောင့် မြင်မှုနှင့်စပ်ပြီး ပြဆိုခဲ့တဲ့ ဆောင်ပုဒ် တွေလိုပင် အလားတူ ဆောင်ပုဒ်များကိုလဲ ဆိုကြရမယ်။

၁။ မထိရရာ၊ ကိလေသာ၊ သူ့ဟာသူငြိမ်းသည်။

မထိရတဲ့အာရုံမှာ ကိလေသာဖြစ်ခွင့်မရှိဘဲ သူ့ဟာသူပင် ငြိမ်း နေတယ်၊ ဒါကြောင့် အဲဒီမထိရ မသိရတဲ့ အာရုံတွေကို ဆင်ခြင် စဉ်းစားပြီး ဝိပဿနာရှုနေဖို့ မလိုဘူးဆိုတာကိုလဲ သိနားလည်စေ ပါတယ်၊ နောက်တစ်ပုဒ်ကိုလဲ ဆိုကြရမယ်။

၂။ ထိရရာမှာ၊ ကိလေသာ၊ ကိန်းတာဖြစ်နိုင်သည်။

ထိရရင်တော့ အဲဒီ ထိရတဲ့ အာရုံကို ပြန်လည် ဆင်ခြင်ပြီး ကိလေသာတွေ ဖြစ်နိုင်တယ်၊ ဒါကြောင့် အဲဒီ ထိရတဲ့အာရုံမှာ

http://www.dhammadownload.com

ကိလေသာ မကိန်းနိုင်အောင် မဖြစ်နိုင်အောင် ထိသိပြီးလျှင် ပြီးချင်း ရှုမှတ်ပြီး ဖြစ်မည့်ကိလေသာတွေကို ပယ်သင့်တယ် ဆိုတာကိုလဲ သိနားလည်စေပါတယ်၊ အဲဒီဆောင်ပုဒ်ကိုလဲ ဆိုကြရမယ်။

၃။ ထိတိုင်းမှတ်ရှု၊ ကိလေစု၊ ကိန်းမှုပယ်သင့်သည်။

အဲဒီလို ဝိပဿနာရှုပုံ လုပ်ငန်းစဉ်ကို ခုတင်က ပြဆိုခဲ့တဲ့ မေးခွန်းတော်ဖြင့်ပင် သိနားလည်စေပါတယ်၊ အဲဒီဆောင်ပုဒ် ကိုလဲ ဆိုကြရမယ်။

၄။ မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်။

အဲဒီလို သိနားလည်စေပြီးတော့ ထိသိတိုင်း ထိသိတိုင်း မပြတ်ရှုနေလျှင် ထိသိရုံမျှဟု သာတည်ပြီး ကိလေသာငြိမ်းမယ် ဆိုတာကိုလဲ (မုတေ မုတမတ္တं ဘဝိဿတိ) ထိသိလျက် တွေ့ရသည်၌ ထိသိရုံမျှ တွေ့ရုံမျှ ဖြစ်လိမ့်မယ်လို့လဲ ညွှန်ကြားတော်မူပါတယ်၊ အကျယ်ကိုတော့ နာ ၂၇ စသည်မှာ ဖော်ပြခဲ့ပါပြီ၊ မဂ်ရောက် ဖိုလ်ရောက် ရည်သန်ပြီး မမေ့မလျော့ မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ ဒီအတွေ့အထိ ရှုမှတ်ရတာက အများဆုံးပါပဲ၊ ထိုင်ပြီး ရှုမှတ်နေတဲ့ အခါ မြင်တာ ကြားတာကို တရံတခါမျှသာ ရှုမှတ်ရတယ်၊ နံတာကိုတော့ ရှုမှတ်ရခဲပါတယ်၊ စားသောက်တဲ့အခါများတော့ ထမင်းနဲ့ ဟင်းနဲ့ ဖျော်ရည်နဲ့များကို နံသိပြီ၊ ရှုမှတ်ရတာ ရှိပါတယ်၊ စားသိတာကို ရှုမှတ်ရတာကလဲ စားသောက်နေဆဲမှာသာ ရှုမှတ်ရတာပဲ၊ အများအားဖြင့် တစ်နေ့လုံး တစ်ညလုံး ရှုမှတ်နေရတာဟာ ဒီအတွေ့အထိကို ရှုမှတ်နေရတာပါပဲ။

http://www.dhammadownload.com

လမ်းလျှောက်သွားနေတဲ့အခါ (ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ) သွားနေစဉ်လဲ သွားတယ်လို့ သိရမယ်လို့ ဟောကြားညွှန်ပြထားတော်မူသည့်အတိုင်း သွားတယ် သွားတယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်-လို့ မပြတ်ရှုမှတ်ပြီး သွားရတယ်။ အဲဒါဟာ ခြေထောက်ထဲ ကိုယ်ထဲက အတွေ့အထိအာရုံကို ရှုမှတ်ရတာပဲ၊ ကျမ်းဂန် ဝေါဟာရနဲ့ ပြောရရင်တော့ ခြေထောက်ထဲ ကိုယ်ထဲက တောင့်တင်းတွန်းကန်လှုပ်ရှားတဲ့ ဝါယောအတွေ့အထိကို ရှုမှတ်ပြီး သိရတာပါပဲ၊ ရံခါမှာတော့ ခြေထောက်လဲ ကိုယ်ထဲက ပူတဲ့ နွေးတဲ့ အေးတဲ့ တေဇောဓာတ်ကိုလဲ ရှုသိရတယ်။ ကြမ်းတမ်း၊ နူးညံ့ချောညက်တဲ့ ပထဝီဓာတ်ကိုလဲ ရှုသိရတယ်။ အများအားဖြင့်တော့ ဝါယောဓာတ်ကို ရှုသိရတာကပဲ များပါတယ်။

မတ်တပ်ရပ်နေတဲ့အခါလဲ (ဋ္ဌိတော ဝါဋ္ဌိတောမှိတိ ပဇာနာတိ) ရပ်နေလဲ ရပ်တယ်လို့ သိရမယ်လို့ ဟောကြားညွှန် ပြထားတဲ့အတိုင်း ရပ်တယ် ရပ်တယ်လို့ မပြတ်ရှုမှတ်နေရုံပါပဲ။ ရပ်တာတစ်မျိုးတည်း ရှုမှတ်ရုံနဲ့ အားမရသေးရင် အဲဒီရပ်နေခိုက်မှာ ထင်ရှားတဲ့ အတွေ့အထိနဲ့ တွဲပြီး ရပ်တယ် ထိတယ် ရပ်တယ် ထိတယ်လို့ ရှုမှတ်ပုံပါပဲ။ အဲဒီလို ရှုမှတ်ရုံနဲ့ အားမရသေးရင်တော့ ဝမ်းမိုက်က အတွေ့အထိကို အာရုံပြုပြီး ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုမှတ်သွားရုံပါပဲ။

ထိုင်နေတဲ့အခါလဲ (နိသိန္နောဝါနိသိန္နောမှိတိပဇာနာတိ) ထိုင်နေစဉ်လဲ ထိုင်တယ်-လို့ သိရမယ်-လို့ ဟောကြားညွှန်ပြ

http://www.dhammadownload.com

ထားတဲ့အတိုင်း ထိုင်တယ် ထိုင်တယ်လို့ မပြတ်ရှုမှတ်နေရုံပါပဲ၊ အဲဒါတစ်မျိုးတည်းမှတ်ရုံနဲ့ အားမရသေးရင် ထိုင်နေစဉ်မှာ ထင်ရှားတဲ့ အတွေ့အထိနဲ့ တွဲပြီး ထိုင်တယ် ထိတယ်၊ ထိုင်တယ်၊ ထိတယ်လို့ ရှုမှတ်နေရုံပါပဲ၊ အဲဒါနဲ့ အားမရသေးရင်တော့ ဝမ်းဗိုက်ထဲကတောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ် အတွေ့အထိကို ပဓာနပြုပြီး ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ် စသည်ဖြင့် ရှုမှတ်နေရုံပါပဲ၊ လဲလျောင်းနေတဲ့အခါလဲ လျောင်းတာ ထိတာ ဖောင်းတာ ပိန်တာကို နည်းတူပင် ရှုနေရုံပါပဲ။

အာနာပါနကိုရှုဖို့ ဘာ့ကြောင့်မည္ဆန်းသလဲ

ဒီနေရာမှာ ရှုရှိုက်လေလဲ ဝါယောဓာတ်ပဲ၊ အဲဒီ ရှုရှိုက် အတွေ့အထိကိုတော့ ရှုဖို့ရာ ဘာ့ကြောင့် မည္ဆန်းကြားပါသလဲလို့ မေးစရာ ရှိပါတယ်၊ အဖြေကတော့ မိမိ၏သဘောအရ ဆိုရင်တော့ ရှုရှိုက်လေ ရုပ်ကို ရှုခြင်းဖြင့်လဲ ဝါယောရုပ်နဲ့ ရှသိနာမ်ကို သိပြီး ဝိပဿနာဉာဏ်ဖြစ်သင့်တယ်–လို့လဲ သဘောကျပါတယ်၊ ဒါပေမယ့် ဝိသုဒ္ဓိမဂ်၌ ကာယာနုပဿနာ (၁၄)ပိုင်းကို သမထ ကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့ဖြင့် ခွဲခြားပြရာတွင် အာနာပါနကို သမထ ကမ္မဋ္ဌာန်းလို့သာ ပြထားတယ်။ ပြပုံကတော့ –

> ဣရိယာပထပဗ္ဗံ စတုသမ္ဘဇေဿပဗ္ဗံ ဓာတုမနသိကာရ ပဗ္ဗန္တိ ဣမာနိ တီဏိ ဝိပဿနာဝသေန ဝုတ္တာနိ၊ ပ၊ အာနာပါနပဗ္ဗံ ပန ပဋိကူလမနသိကာရပဗ္ဗံ ဌ ဣမာနေဝတ္ထ ဒွေ သမာဓိဝသေန ဝုတ္တာနိ။ (ဝိသုဒ္ဓိမဂ် ပထမတွဲ နာ ၂၃၂)

http://www.dhammadownload.com

ဣရိယာပထပဇ္ဇ် စတုသမ္ဘဇဉ်ပဇ္ဇ် ဓာတုမနသိကာရ ပဇ္ဇန်တို့ ဣရိယာပုထ် ၄ ပါးရှုပုံအပိုင်း သမ္ဘဇဉ် ၄ ပါးဖြင့် ရှုပုံအပိုင်း ဓာတ်လေးပါး နှလုံးသွင်းပုံအပိုင်း ဟူသော၊ ဣမာနိ တီဏိ–ဤသုံးပိုင်းတို့ကို၊ ဝိပဿနာဝသေန–ဝိပဿနာ ဘာဝနာအလိုအားဖြင့်၊ ဝုတ္တာနိ–ဟောတော်မူအပ်ကုန်၏၊ ပ၊ ပန–ထိုမှတစ်ပါး၊ အာနာပါနပဇ္ဇ် ပဋိကူလမနသိကာရပဇ္ဇဉ–ရှုရှိုက်လေ ရှုပုံကို ပြသော အာနာပါနပိုင်းနှင့် ဆံပင် မွေးညင်းစသည်တို့ကို စက်ဆုပ်ဖွယ် ရှုပုံပြသော အပိုင်းဟူသော။ ဣမာနေဝ ဒွေ–ဤနှစ်ပိုင်းတို့ကိုသာလျှင်၊ ဇဏ–ဤ ကာယာနုပဿနာ ၁၄ ပိုင်းတို့တွင် သမာဓိဝသေန–သမာဓိဘာဝနာ အလိုအားဖြင့်၊ ဝုတ္တာနိ–ဟောတော်အပ်မူကုန်၏။

အထက်ပါ ဝိသုဒ္ဓိမဂ်၌ အာနာပါနပိုင်းကို၊ သမာဓိဘာဝနာ သမာဓိကမ္မဋ္ဌာန်းလို့ အတိအလင်း ပြဆိုထားတယ်။ အဲဒီတော့ ဘုန်းကြီးတို့က အာနာပါနကိုရှုဖို့ ညွှန်ကြားရင် မလိုလားတဲ့ သူတွေက အထက်ပါဝိသုဒ္ဓိမဂ်ကို ကိုင်ပြီး ဘုန်းကြီးကို ညွှန်ပြနေတာကို သမထကမ္မဋ္ဌာန်းပဲ၊ ဝိပဿနာမဟုတ်ဘူးလို့ စွပ်စွဲပယ်ဖျက်ကြမှာ သေချာပါတယ်၊ ဘုန်းကြီးတို့ကလဲ အထက်ပါ ဝိသုဒ္ဓိမဂ်ကို ပယ်ဖျက်ပြီး ဝိပဿနာလို့ ဖြေရှင်းဖို့ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် ဘုန်းကြီးတို့ကိုယ်တိုင်ကတော့ အာနာပါနကို ဝိပဿနာ အနေဖြင့် မညွှန်ကြားခြင်း ဖြစ်ပါတယ်၊ ဒါပေမယ့်လို့ အာနာပါနကိုသာ ရှုချင်ပါတယ်ဆိုတဲ့ သူတွေကိုတော့ သူတို့ သဘောအတိုင်း ရှုဖို့ ခွင့်ပြုပါတယ်၊ မတားမြစ်ပါဘူး။

http://www.dhammadownload.com

နောက်တစ်ခုကတော့ အာနာပါနကို ရှုရင် နာသီးဖျား တစ်နေရာတည်းသာ စူးစိုက်ပြီး ရှုရမယ်၊ အတွင်းသို့ ဝင်လာသော လေကိုလဲ လိုက်မရှုရဘူးလို့ ပဋ္ဌိသမ္ဘိဒါမဂ်နှင့် ဝိသုဒ္ဓိမဂ်မှာ အတိအလင်း ပြဆိုထားတယ်၊ အဲဒါဟာ အဲဒီကျမ်းဆရာတို့၏ ရည်ရွယ်ချက်အားဖြင့် ဥပစာရသမာဓိ, အပွနာ စျာန် သမာဓိရအောင် ရှုဖို့ ရည်ရွယ်ပြီး ပြဆိုတာပါပဲ၊ ဝိပဿနာ ဉာဏ်ဖြစ်အောင် ရှုရာမှာတော့ တစ်နေရာတည်းက ရှုပ်ကိုသာ ရှုရမယ်လို့ အကန့်အသတ်မရှိပါဘူး၊ ဒါပေမယ့် အာနာပါနကို ရှုနေရင်း ကိုယ်ထဲမှာ ထင်ရှားပေါ်လာတဲ့အတွက် အတွေ့အထိ ရုပ်တွေကို လိုက်ရှုဖို့ ဘုန်းကြီးတို့က ညွှန်ကြားရင် စိတ်ကူးအကြားအမြင်တွေကိုလဲ လိုက်ရှုဖို့ ညွှန်ကြားရင်၊ အဲဒီ ပဋ္ဌိသမ္ဘိ ဒါမဂ်, ဝိသုဒ္ဓိမဂ်တို့နှင့် ဆန့်ကျင်တယ်မှားတယ်လို့ အပြောအဆို အစွပ်အစွဲခံရဖို့ သေချာနေပါတယ်၊ ဒါကြောင့် ဘုန်းကြီးတို့က အာနာပါနကို ဝိပဿနာအနေဖြင့် ရှုဖို့ မညွှန်ကြားတာပါပဲ၊ ဒါလောက်ဆိုရင် အာနာပါနရှုဖို့ ဘာကြောင့် မညွှန်ကြားသလဲဆိုတဲ့ မေးခွန်းပြေလည်လောက်ပါပြီ။

အဖောင်းအပိန်မှတ်တာဟာ ပါဠိတော်နဲ့ မဝေးဘူးလား

လူတစ်ယောက်က ဖောင်းတာပိန်တာ မှတ်နေရင် ဘုရားဟော ပါဠိတော်နဲ့ ဝေးကွာမနေဘူးလားလို့ ဒီလို စောဒနာပါတယ်၊ အဖြေကတော့ ဘုရားဟော ပါဠိတော်များနဲ့ မဝေးပါဘူး၊ အံကျကိုက်ညီနေပါတယ်လို့ ဖြေကြားပါတယ်၊ ဒီလိုဖြေကြားနိုင်ခြင်း၏ ခိုင်လုံတဲ့

http://www.dhammadownload.com

သာဓက ပါဠိတော်က ရာထောင်မက များစွာရှိနေပါတယ်၊ ဘယ်လို ပါဠိတော်တွေလဲဆိုလျှင် သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်စသည်တွေပါပဲ၊ အဲဒီ ပါဠိတော်တွေမှာ ဒွါရ ၆ ပါးက ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်တွေကို မရှုရင် ကိလေသာဖြစ်ကြောင်း ရှုပြီး အမှန်အတိုင်းသိမှ ကိလေသာကင်းငြိမ်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း အတိအလင်း ပြဆိုထားပါတယ်၊ အခု ဟောနေတဲ့ မာလုကျမုတ္တသုတ် တစ်ခုတည်းဖြင့် အဲဒီလို ဟောထားပုံဟာ အလွန်ထင်ရှားနေပါတယ်။

ဘယ်လိုဆိုလျှင် မတွေ့မထိရတဲ့ အာရုံမှာ ကိလေသာ မဖြစ်ဖူး၊ တွေ့ထိရတဲ့ အာရုံမှာ ကိလေသာဖြစ်တယ်ဆိုတာကို ယခု ဟောပြခဲ့တဲ့ စကားထဲမှာ ထင်ရှားတွေ့ခဲ့ကြပြီ မဟုတ်ပါလား၊ တော်တော်ကြာတော့ ဂါထာ ၄ ပုဒ်ဖြင့်လဲ ထင်ရှားပြထားတာကို တွေ့ကြရပါလိမ့်မယ်၊ နောက်ပြီးတော့ သတိပဋ္ဌာန် ဒေသနာတော်မှာပင် ဓာတုမနသိကာရပိုင်း၌ ဓာတ်လေးပါးကို ရှုတယ်ဆိုတာဟာ ထင်ရှားပေါ်လာတဲ့ ဓာတ်တွေကို ရှုရတာပဲ၊ ဝမ်းဗိုက် ဖောင်းပိန်ခိုက်၌ တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ် ထင်ရှားတဲ့အတွက် အဲဒီ ဝါယောဓာတ်ကို ရှုတာဟာ ဓာတုမနသိကာရပါပဲ၊ ဓာတ်ဆိုတဲ့ ကျမ်းဂန်စကားကို မသုံးဘဲ၊ ဖောင်းတယ်၊ ပိန်တယ်လို့ အရပ်သုံးစကားနဲ့ ရှုရတာကတော့ (ဂစ္ဆာမိတိ ပဇာနာတိ) စသည်ဖြင့် ညွှန်ပြထားတဲ့ ဘုရားစကားတော်နှင့်အညီပါပဲ၊ အဲဒီ အရပ်သုံးစကားဖြင့် ရှုမှတ်လို့ သမာဓိဉာဏ် ရင့်လာတဲ့အခါကျတော့ တောင့်တင်းလှုပ်ရှားတဲ့ ဓာတ်သဘော အဆက်ဆက်မျှ ဖြစ်ပျက်နေတာလို့

http://www.dhammadownload.com

ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိကြရတာပါပဲ။

နောက်ပြီးတော့ သတိပဋ္ဌာန်ပါဠိတော် အာယတနမဟာ နုပဿနာပိုင်း၌ (ကာယဿ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗေ စ ပဇာနာတိ) လို့ ညွှန်ပြထားတဲ့ ပါဠိတော်နဲ့လဲ အံ့ကျကိုက်ညီနေပါတယ်၊ အဲဒီ ပါဠိက ကိုယ်ထဲမှာ ဘယ်အစိတ်အပိုင်းကမဆို ထိတွေ့ရတဲ့ အာရုံနဲ့ ထိတွေ့ရာဌာန ကာယပသာဒသိပုံကို ဟောထားတာပါပဲ၊ ဒါကြောင့် သတိပဋ္ဌာန်သုတ် ပါဠိတော်နဲ့ မဝေးပါဘူး၊ အံ့ကျကိုက်ညီနေတာပဲ၊ သံယုတ်ပါဠိတော်တွေမှာတော့ အလားတူ ပြထားတဲ့ သုတ္တန်စကားတော်တွေ ရာပေါင်းများစွာ ရှိနေပါတယ်၊ ဒါ့ကြောင့် ဘုန်းကြီးတို့က ဣရိယာပထပိုင်း ဒေသနာတော်မှာ (ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာနံ ပဇာနာတိ) ဆိုတဲ့ စကားရပ်ဖြင့် ဣရိယာပုထ်လေးပါးမှ အလွယ်ဖြစ်တဲ့ ကိုယ်အမူအရာဟူသမျှကိုလဲ ညွှန်ပြတယ်လို့ ကောက်ယူထားပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း ဖောင်းကယ် ဝိန်တယ်လို့ ရှုမှတ်ရတာကို အားမရဘူး၊ သတိပဋ္ဌာန်ပါဠိတော် ကာယာနုပဿနာပိုင်း၌ တိုက်ရိုက်ဟောပြထားတဲ့ အမည်နဲ့သာ ရှုမှတ်ချင်တယ်ဆိုရင်တော့ ထိုင်ဆဲမှာ ထိုင်တယ် ထိုင်တယ်လို့ချည်း မပြတ်ရှုမှတ်နေဖို့ ညွှန်ကြားပါတယ်၊ ရပ်နေဆဲ, လျောင်းအိပ်နေဆဲမှာလဲ ရပ်တယ် ရပ်တယ် အိပ်တယ် အိပ်တယ်လို့ချည်း မပြတ်ရှုမှတ်နေဖို့ ညွှန်ကြားပါတယ်၊ ဒါပေမယ့် အာနာပါန ရှုဖို့တော့ ဘုန်းကြီးတို့အနေနဲ့

http://www.dhammadownload.com

မည္သန်ကြားပါဘူး၊ ဘာ့ကြောင့်လဲဆိုရင် ရှေ့နားက ပြောခဲ့တဲ့ အတိုင်း ဝိသုဒ္ဓိမဂ်နဲ့ ဆန့်ကျင်ရာ ရောက်နေမည်ပြင် သတိပဋ္ဌာန သုတ်အဖွင့် အဋ္ဌကထာအစမှာ ဝင်လေထွက်လေကို ရှု၍ ဈာန်ရပြီး မှသာ ဝိပဿနာရှုပုံကို ပြထားတဲ့ စကားများနဲ့လဲ ဆန့်ကျင်ရာ ရောက်နေမည် ဖြစ်သောကြောင့်ပါပဲ၊ ဒါပေမယ့် အာနာပါနကို ရှုချင်တယ်ဆိုရင်တော့ ဘယ်သူ့ကိုမှ မတားမြစ်ပါဘူး၊ သူ့သဘော အတိုင်း ခွင့်ပြုပါတယ်။

ဝမ်းဗိုက်က အဖောင်းအပိန် အထိအသိကိုပါ ရှုပုံနဲ့စပ်ပြီး ရှင်းပြနေရတာနဲ့ စကားက အတော်ကျယ်ပြန့်သွားတယ်၊ ယခု မူရင်း ဝေဒနာကို ဆက်ပြီးပြောရမယ်၊ မြတ်စွာဘုရားရှင်က မထိ ရတဲ့ အာရုံမှာ ကိလေသာမဖြစ်ဘူး၊ ထိရတဲ့အာရုံမှာတော့ ကိလေ သာ ဖြစ်နိုင်တယ်၊ အဲဒီဖြစ်နိုင်တဲ့ ကိလေသာကို ထိပြီး လျှင်ပြီးချင်း ရှုမှတ်ပြီး ပယ်သင့်တယ်ဆိုတာကို မေးခွန်းတော်ဖြင့် နားလည် စေပြီးတဲ့နောက်မှာ (မုတေ မုတမတ္တံဘဝိဿတိ) စသည်ဖြင့် မပြတ်ရှုသိနေမှာ ကိလေသာငြိမ်းပုံ, ဆင်းရဲအဆုံး နိဗ္ဗာန်တွေ့ပုံ များကို ဟောကြားတော်မူပါတယ်၊ အဲဒီတရားတော်ကို နာကြားပြီး မာလုက္ကျပုတ္တာမထေရ်က သူ၏သဘောကျထင်မြင်ပုံကို ဂါထာ ၂၄ ပုဒ်တို့ဖြင့် မြတ်စွာဘုရားအား တင်ပြမယ်၊ မြတ်စွာဘုရားက သာဓု ခေါ်တော်မူပြီး၊ အဲဒီဂါထာတွေကို ကိုယ်တိုင်လဲထပ်ပြီး ဟောတော် မူပါတယ်၊ အဲဒီဂါထာတွေထဲက အတွေ့အထိနဲ့ဆိုင်တဲ့ ဂါထာ ၄ ပုဒ်ကို ထုတ်ပြီး ဟောရမယ်။

http://www.dhammadownload.com

ထိသိခိုက်၌ မရှသူမှာ နိဗ္ဗာန်နှင့်ဝေးသည်

၁။ ဖဿံ ဖုဿ သတိ မုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိကရောတော၊
သာရတ္တစိတ္တော ဝေဒေတိ၊ တဉ္စ အဘ္ဘောသ တိဋ္ဌတိ။

ပိယံနိမိတ္တံ–ချစ်ဖွယ်အာရုံကို၊ မနသိ ကရောတော–နှလုံးသွင်းမျှော်လင့်သောသူအား၊ ဖဿံ ဖုဿ–အတွေ့အာရုံကို တွေ့ထိပြီး၍၊ ဝါ–တွေ့ထိပြီးလျှင် (ပိယံ နိမိတ္တံ – ချစ်ဖွယ်အာရုံကို၊ မနသိ ကရောတော–နှလုံးသွင်းမိသောသူအား) သတိမုဋ္ဌာ – အမှတ်ရမှု သတိမရှိဘဲ မေ့သွားလေတော့သည် တဲ့။

အတွေ့အထိဆိုတာက ကိုယ်ထဲမှာ အမြဲလိုလိုပင် ထင်ရှားပေါ်နေပါတယ်၊ သက်ရှိသက်မဲ့ ကိုယ့်အာရုံနဲ့ တွေ့ထိတာလဲ ရှိတယ်၊ ကိုယ်ထဲက အသားအသွေးစသည်နဲ့ တွေ့ထိနေတာလဲ ရှိတယ်၊ ကိုယ့်လက် ကိုယ့်ခြေစသည်နဲ့ တွေ့ထိတာလဲရှိတယ်၊ အဲဒီ အတွေ့အထိတွေထဲမှာ အသားအသွေး စသည်အချင်းချင်း တွေ့ထိတာကိုတော့ တွေ့ထိတယ်လို့တောင် မသိကြ နားမလည်ကြတာပဲ များပါတယ်၊ သတိပဋ္ဌာန် ရှုနည်းအရ နားမလည်တဲ့ သူတွေမှာတော့ အင်မတန် ထင်ရှားတဲ့ အပြင်ပက အာရုံတွေနဲ့ တွေ့ထိရတဲ့အခါလဲ ရှုမှတ်ရမှန်း မသိတဲ့အတွက် အမှတ်မရဘဲ မေ့နေကြတာချည်း များပါတယ်၊ ထိတိုင်း ထိတိုင်း ရှုမှတ်ရမယ်လို့ ကြားသိဖူးတဲ့ သူတွေထဲကလဲ တင်းတင်းရင်းရင်း ရှုမှတ်နေဆဲ မဟုတ်ရင် ထိတာတွေကို မရှုဘဲ မေ့နေတာကပဲ များတတ်ပါတယ်။

http://www.dhammadownload.com

လူတွေဟာ အာရုံကောင်းကိုသာ မျှော်လင့်တောင့်တနေကြ တဲ့အတွက် အာရုံကောင်းနဲ့ တွေ့ထိရလျှင် တရားနှလုံးသွင်းနေတဲ့ လူလဲ အမှတ်မရဘဲ မေ့သွားတတ်တာပဲ၊ သတိပဋ္ဌာန် နည်းအရ မပြတ်ရှုမှတ်နေသူတောင်မှ သမာဓိဉာဏ် အားမရှိသေးရင် မေ့သွား တတ်သေးတာပဲ၊ မေ့တယ်ဆိုတာကလဲ တခြားမဟုတ်ပါဘူး၊ ချစ်ဖွယ်အာရုံဆိုလျှင် ချစ်ဖွယ်အနေဖြင့် ထင်မှတ်သွားတာကို မေ့တယ်လို့ ဆိုလိုတာပါဘဲ၊ မုန်းဖွယ် အာရုံဆိုရင်လဲ မုန်းဖွယ် အနေဖြင့် ထင်မှတ်သွားတာဟာ မေ့တာပါပဲ၊ ရိုးရိုးအာရုံနဲ့ ထိရတဲ့ အခါလဲ မြဲတဲ့အနေနဲ့ မိန်းမယောက်ျားစသည် အနေနဲ့ ထင်မှတ် သွားတာလဲ မေ့သွားတာပါပဲ၊ ဆိုလိုရင်းကတော့ ထိတိုင်းထိတိုင်း ထိတယ်ထိတယ်လို့ မရှုမသိလျှင် မေ့တယ်လို့ ဆိုရတာချည်းပါပဲ၊ အဲဒီလို မရှုမမှတ်မိဘဲ မေ့သွားရင်, အဲဒီထိသိရတဲ့ အာရုံက အာရုံ ကောင်းလဲဖြစ်ရင် သာယာနှစ်သက်ပြီး ခံစားမှုဖြစ်တယ်၊ အာရုံက မကောင်းရင်တော့ အဲဒီအာရုံကို ရွံ့မုန်းပြီး ခံစားတာလဲ ရှိတယ်၊ အာရုံကောင်းကို တောင့်တပြီး စိတ်ကူးမျှဖြင့် နှစ်သက်သာယာ လျက် ခံစားတာလဲ ရှိတယ်၊ ဒါကြောင့် –

သော–ထိသိပြီးလျှင် ချစ်ဖွယ်ထင်လျက် မရှုမမှတ်နိုင်သော ထိုသူသည်၊ သာရတ္တစိတ္တော – တပ်မက်သော စိတ်ရှိလျက်၊ ဝေဒေတိ–ခံစား၏၊ တဉ္စ–ထိုတွေ့ထိရတာကိုလဲ၊ အဘ္ဘော သတိဋ္ဌတိ –မျိုး၍ သိမ်းထားသကဲ့သို့ စိတ်ထဲ၌စွဲလျက် တည်၏လို့ ဟော ထားတာပါပဲ၊ ဆောင်ပုဒ်ကတော့ "အဆင်းမြင်လျှင်" လို့ ဆိုရာမှာ "အတွေ့ထိလျှင်" ပြင်ဆိုရုံလောက်ပဲ ထူးပါတယ်၊ အဲဒီဆောင်ပုဒ်

http://www.dhammadownload.com

များကို ဆိုကြရမယ်။

၁။ အတွေ့ထိလျှင်၊ ချစ်ဖွယ်ထင်၊ ထိုတွင်မေ့လေသည်။

၂။ သာယာတပ်စွဲ၊ ခံစားမြဲ၊ စိတ်ထဲသိမ်းလျက်တည်။

ယခု အများလူစုတွေမှာ ကာမဂုဏ် အတွေ့အထိတွေနဲ့စပ်ပြီး သာယာတပ်စွဲလျက် ခံစားနေကြတာ အလွန်ထင်ရှားနေတာပါပဲ၊ နူးညံ့ချောညက်တဲ့ အိပ်ရာနေရာ အတွေ့နဲ့စပ်ပြီးတော့လဲ သာယာခံစားနေကြတာ အင်မတန်ထင်ရှားပါတယ်၊ နူးညံ့ချောညက်တဲ့ အဝတ်အထည် ဖိနပ် ပုဝါစသော အသုံးအဆောင် အတွေ့များနဲ့ စပ်ပြီးတော့လဲ သာယာလျက် ခံစားနေကြတာဟာ ထင်ရှားပါတယ်၊ ကျန်းမာပျော်ပါးနေတဲ့သူတွေမှာ လက်ခြေများကို ကွေးလိုက် ဆန့်လိုက် စသည်ဖြင့် ပြုပြင်မှုနဲ့ စပ်ပြီးတော့ နှစ်သက်သာယာနေကြတာပဲ၊ ထိုင်လိုက် ထလိုက် သွားလိုက် စသည်ဖြင့် အတွေ့အထိများနှင့်စပ်ပြီးတော့ နှစ်သက်သာယာ နေကြတာပဲ၊ အဲဒီလို ကိုယ်တွင်းကိုယ်ပ အတွေ့အထိများနဲ့စပ်ပြီး သာယာနှစ်သက်နေလျှင် ခံစားမှုအမျိုးမျိုး ကိလေသာအမျိုးမျိုးတွေလဲ ဖြစ်ပွားတော့တာပဲ၊ ဒါကြောင့် –

၂။ တသ ဝမုန္ဒိ ဝေဒနေ၊ အနေကာ ဖဿသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တ မသ္သုပဟညတိ။
ဧဝံ အာစိနသော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။

တသ – ထိသိရတဲ့ အတွေ့အာရုံကိုစွဲပြီး၊ စိတ်ထဲသိမ်းပိုက်ထားသော ထိုသူအား၊ ဖဿသမ္ဘဝါ–အတွေ့အာရုံကို စွဲမှီ၍ဖြစ်ကုန်

http://www.dhammadownload.com

သော၊ အနေကာ–များစွာကုန်သော၊ ဝေဒနာ–အကောင်း အဆိုး အမျိုးမျိုးသော ခံစားမှုတို့သည်၊ ဝမ္ဗန္ဓိ–ဖြစ်ပွားကုန်၏။ စသည်ဖြင့် ဟောတော်မူတာပါပဲ၊ ဆောင်ပုဒ်ကတော့ (အတွေ့ဆိုင်ရာ၊ ဝေဒနာ၊ များစွာပွားတော့သည်)လို့ ဆိုကြရမယ်။

၃။ အတွေ့ဆိုင်ရာ၊ ဝေဒနာ၊ များစွာပွားတော့သည်။

နောက်ပြီးတော့ အဘိဇ္ဈာ စ–ရလိုသမှု ရှေးရှုကြံစည်သော လောဘသည်လည်းကောင်း၊ ဝိဟေသာ စ–ညှဉ်းဆဲလိုသော ဒေါသသည်လည်းကောင်း၊ ဝမ္ဗန္ဓိ–ဖြစ်ပွားကုန်၏၊ အသ–ထိ ပုဂ္ဂိုလ်၏၊ စိတ္တं–စိတ်သည်၊ ဥပမာညတိ–လောဘ ဒေါသတို့ ကြောင့် ပင်ပန်းလျက် ရှိနေချေသည် တဲ့။

အတွေ့အထိကောင်းနှင့်ဆိုင်တဲ့ အဝတ်အထည်ကောင်း အသုံး အဆောင်ကောင်းတွေကို ရအောင်၊ နေရာကောင်း ယာဉ်ကောင်း တွေ သုံးရအောင်၊ သက်ရှိသက်မဲ့ အတွေ့ကောင်းတွေနှင့် တွေ့ထိ ရအောင် လိုချင်တောင့်တတဲ့ လောဘတွေလဲ ဖြစ်ပွားတယ်၊ ပေါ့ပေါ့ပါးပါးနဲ့ ထိုင်ထသွားလာနိုင် ကွေးဆန့်နိုင်အောင်၊ နေကောင်းထိုင်သာနဲ့ ကိုယ်ထဲ၌ အတွေ့အထိကောင်းအောင် လိုချင်တောင့်တတာလဲ ဒီအတွေ့အထိနှင့် ဆိုင်တာပဲ၊ ကိုယ့်အလို အတိုင်း မဖြစ်အောင် နှောင့်ယှက်တယ် ထင်ရတဲ့သူကို ညှဉ်းဆဲ လိုတဲ့ ဒေါသလဲ ဖြစ်ပွားတယ်၊ အဲဒီလောဘ ဒေါသတွေ၏ အလိုလိုက်ပြီး ရှာကြံပြုလုပ်နေတဲ့အတွက် ကြောင့်ကြဗျာပါ ရတွေ များပြီး စိတ်လဲပင်ပန်းနေတယ်၊ အဲဒီလို အတွေ့ကောင်းနှင့် ပြည့်စုံ

http://www.dhammadownload.com

ရအောင် ရှာကြံရာ ပြုလုပ်ရာမှာ အကုသိုလ်အမှုလဲ ဖြစ်တတ်တယ်၊ နောင်ဘဝအတွက် ရည်ရွယ်ပြီး ဒါနစသည် ပြုရင်တော့ ကုသိုလ် အမှုလဲ ဖြစ်တတ်တယ်၊ အဲဒီအကုသိုလ်အမှု ကုသိုလ်အမှုတွေ ကြောင့် ဘဝသစ် ရုပ်နာမ် အကျိုးဝိပေါက်တွေ ဖြစ်ပြီး အိုရ နာရ သေရစသည်ဖြင့် ဆင်းရဲတွေကို တွေ့ရတယ်၊ ဒါကြောင့် တွေ့ထိ တိုင်း မရှုမမှတ်ရင် ဖြစ်နိုင်တဲ့ ကိလေသာတွေနှင့် ကမ္မဝဋ် ဝိပါက ဝဋ် ဆင်းရဲတွေကို လက်ခံစုဆောင်းနေရာ ရောက်တယ်၊ ဆောင်ပုဒ် တွေကတော့ ရှေးက အတိုင်းပါပဲ၊ ဆိုကြရမယ်။

၄။ လောဘစည်ကား၊ ဒေါသပွား၊ ဗျာပျားစိတ်ပန်းသည်။

၅။ ဤနည်းဖြင့်ပဲ၊ မပြောင်းလဲ၊ ဆင်းရဲရှာသူမည်။

ရှေးကလဲ ငါတို့ဟာ ကိုယ့်အတွေ့အထိကို မရှုမမှတ်ဘဲ နေလာခဲ့ကြတာပဲ၊ သွား ရပ် ထိုင် လျောင်း ကွေး ဆန့် စသည်ကလဲ မရှုမမှတ်ဘဲ နေလာခဲ့ကြတာပဲ၊ ရှုမှတ်နေရင် ပင်ပန်းရုံ ရှိမှာပဲ၊ မပြင်တော့ပါဘူးလို့ အမှုမဲ့ အမှတ်မဲ့ နေမြဲတိုင်းသာ နေသွားရင် တော့ ယခုပြောခဲ့တဲ့ ကိုယ်အတွေ့အထိနဲ့စပ်ဆိုင်တဲ့ ကိလေသာ ဆင်းရဲ ဝဋ်ဆင်းရဲတွေကို ရှာကြံလက်ခံ စုဆောင်းနေတဲ့သူမှာ နိဗ္ဗာန်ဝေးပါတယ် တဲ့။ ဒါကြောင့် ဒီလိုဆက်ပြီးတော့ ဟောပြထား ပါတယ်။

၆ဝ–မရှုမမှတ်ဘဲနေသော ဤနည်းဖြင့်၊ ဒုက္ခ–ကိလေသာ ဆင်းရဲ ဝဋ်ဆင်းရဲကို၊ အာစိနတော–လက်ခံ၍ ဆည်းပူးစုဆောင်း နေသောသူအား၊ နိဗ္ဗာနံ–ဆင်းရဲငြိမ်းသော နိဗ္ဗာန်သည်၊ ဝါ–နိဗ္ဗာန်

http://www.dhammadownload.com

ကို၊ အာရာ–ဝေးသည်ဟူ၍၊ ဝုစ္ဆတိ–ဆိုအပ်ပါသည် တဲ့၊ ဆောင်ပုဒ်ကတော့ ရှေးကအတိုင်းပဲ ဆိုကြရုံပါပဲ။

၆။ ဆင်းရဲကိုသာ၊ ရှာသူမှာ၊ ဝေးစွာနိဗ္ဗာန်ပြည်။

ယခု ရွတ်ဆိုပြတဲ့ ဂါထာ ၂ ပုဒ်ဖြင့် အတိုချုပ်ဆိုလိုတာကတော့ (ထိသိခိုက်၌ မရှုမှတ်သူမှာ နိဗ္ဗာန်ဝေးသည်)လို့ ဆိုလိုတာပါပဲ။ အဲဒါကို ဆိုကြရမယ်။

ထိသိခိုက်၌ မရှုမှတ်သူမှာ နိဗ္ဗာန်ဝေးသည်။

သွား ရပ် ထိုင် လျောင်း ကွေး ဆန့်တာမှ စပြီး ထိသိတိုင်း ရှုမှတ်နေရင်တော့ နိဗ္ဗာန်နဲ့ နီးကပ် နီးကပ် သွားတယ်၊ အဲဒီလို နီးပုံကို ဒါရိုက်ပြတဲ့ ဂါထာ ၂ ပုဒ်ကိုလဲ ရွတ်ဆိုပြီး ဟောပြမယ်။

ထိသိခိုက်၌ ရှသိသူမှာ နိဗ္ဗာန်နှင့် နီးသည်

၃။ နု သော ရဇ္ဇတိ ပဿသု၊ ဖဿံ ဖုဿ ပဋ္ဌိဿတော၊
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဋ္ဌ နာဇ္ဇောသ တိဋ္ဌတိ။

ယော–အကြင်ပုဂ္ဂိုလ်သည်၊ ဖဿံ–အတွေ့အာရုံကို ထိသိပြီး၍၊ ဝါ–ထိသိပြီးလျှင်၊ ပဋ္ဌိဿတော–တဖန်အမှတ်ရသည်၊ ဟောတိ–ဖြစ်၏ တဲ့။

ဒါဟာ ထိသိပြီးလျှင်ပြီးချင်း ရှုမှတ်ဖို့ ဒါရိုက် ညွှန်ပြတဲ့ စကားပဲ၊ အဲဒီမှာ (ဖဿ) ထိသိပြီး၍ ထိသိပြီးလျှင်ဆိုတဲ့ စကားဖြင့် ထိသိရတဲ့ အာရုံကိုသာ ရှုမှတ်ဖို့ ပြထားသောကြောင့် မထိမသိရတဲ့ အတွေ့ရုပ်ကိုတော့ ကြံတွေးဆင်ခြင်ပြီး ရှုဖို့မလိုဘူး၊ အဲဒီလို ကြံ

http://www.dhammadownload.com

တွေးဆင်ခြင်ပြီး ရှုရုံမျှဖြင့် ဘယ်အာရုံမှာမျှ ဖြစ်ခွင့်ရှိတဲ့ ကိလေသာကိန်းတဲ့ ကိလေသာကို မပယ်နိုင်ဘူး၊ အာရမ္မဏာနုသယကို ပယ်နိုင်တဲ့ ဝိပဿနာဉာဏ်အစစ် မဖြစ်ဘူးဆိုတာကိုလဲ ခိုင်မြဲစွာ မှတ်သားထားကြရမယ်၊ ရှုပုံကတော့ –

ထိသိမှုက အင်မတန် ကျယ်ပြန့်ပါတယ်၊ ခြေဖဝါးမှခေါင်းအရေအထိ၊ ခေါင်းအရေမှ ခြေဖဝါးအထိ အသွေးအသား ကောင်းတဲ့ ကိုယ်ထဲက နေရာတိုင်းမှာ ထိသိမှုတွေ ရှိနေတာပဲ၊ ဘယ်နေရာကမဆို ထင်ရှားပေါ်လာတဲ့ အဲဒီထိသိမှုကို ထိတယ် ထိတယ်လို့ ရှုမှတ်ဖို့ပါပဲ၊ သတိပဋ္ဌာန် ဒေသနာတော်နှင့် နီးနှောပြီး ပြောရရင်တော့ သွားနေတဲ့အခါ သွားတယ်၊ သွားတယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည်ဖြင့် မပြတ်ရှုမှတ်သွားဖို့ပါပဲ၊ အဲဒီလို ရှုမှတ်ရာမှာ ခြေထဲ ကိုယ်ထဲက တောင့်တင်းတွန်းကန် လှုပ်ရှားတဲ့အတွေ့ဟာ ဝါယောဓာတ်ခေါ်တဲ့ ပရမတ်ရုပ်အစစ်ပါပဲ၊ အများအားဖြင့် အဲဒီဝါယောရုပ်ကို သိရတာပဲ၊ အဲဒီလို သိအောင် ရှုမှတ်ဖို့ရာ (ဂစ္ဆန္တော ဝါဂစ္ဆာမိတိ ပဇာနာတိ) လို့ ဟောထားတာပါပဲ၊ အဲဒီမှာ ဝါယောဓာတ်ဟုသိ၏လို့လဲ မဟောဘူး၊ ရုပ်ဟုသိ၏လို့လဲ မဟောခဲ့ဘူး၊ အရုပ်သုံးစကားဖြင့် (ဂစ္ဆာမိတိ) သွားသည်ဟု သိ၏လိုသာ ဟောတော်မူခဲ့ပါတယ်၊ အဲဒီဟာ သုတနည်းသူတွေလဲ အလွယ်တကူ ရှုမှတ်နိုင်အောင်လို့ ဟောတော်မူခဲ့တာပါပဲ၊ အဲဒီလို သွားတယ် ညာလှမ်းတယ် ဘယ်လှမ်းတယ်၊ ကြွတယ် လှမ်းတယ် ချတယ်လို့ အရုပ်သုံးစကားနဲ့ ရှုမှတ်နေပေမယ့် သမာဓိဉာဏ်အားရှိလာတဲ့ အခါကျတော့

http://www.dhammadownload.com

တောင့်တင်းတွန်းကန်လှုပ်ရှားတဲ့ သဘောတရားမျှပဲလို့လဲ မှန်စွာ သိပါတယ်၊ ခဏမစဲ ဖြစ်ပျက်နေတာကိုလဲ မှန်စွာသိပါတယ်၊ ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲဘူး၊ ဆင်းရဲပဲ၊ အစိုးမရတဲ့ အနတ္တ သဘောတရားမျှပဲ ဆိုတာလဲ အမှန်အတိုင်း သိပါတယ်။

ထို့အတူပင် မတ်တပ်ရပ်နေဆဲမှာ ရပ်တယ် ရပ်တယ်လို့ မပြတ်ရှုမှတ်နေရမယ်၊ ထိုင်တဲ့အခါလဲ ထိုင်တယ် ထိုင်တယ်လို့ မပြတ်ရှုမှတ်နေရမယ်၊ ထိုင်တာတစ်ခုတည်းကို ရှုမှတ်နေရုံမျှဖြင့် အားမရလျှင် တစ်နေရာ နှစ်နေရာက ထင်ရှားနေတာနဲ့ တွဲပြီးတော့ ထိုင်တယ် ထိတယ်၊ ထိုင်တယ် ထိတယ်လို့၊ ဒီလိုလဲ ရှုမှတ်နိုင်ပါတယ်၊ ညောင်းတာ ပူတာ နာတာ ယားတာ အစရှိတဲ့ မခံသာမှု ဒုက္ခဝေဒနာတွေဟာလဲ အာရုံဆိုးနဲ့ ထိပြီး ဖြစ်နေတာတွေပဲ၊ ဒါကြောင့် အဲဒီလို ဒုက္ခဝေဒနာတစ်ခုခု ထင်ရှားပေါ်နေရင်လဲ အဲဒီ အခံရခက်တဲ့ နေရာကို စူးစိုက်ပြီး ညောင်းတယ် ညောင်းတယ်၊ ပူတယ် ပူတယ်၊ နာတယ် နာတယ်၊ ယားတယ် ယားတယ် စသည်ဖြင့် ရှုမှတ်နေရမယ်၊ အဲဒါဟာ ဒုက္ခဝေဒနာကို ရှုတာဖြစ်သောကြောင့် ဝေဒနာနုပဿနာလို့လဲ ခေါ်ရပါတယ်၊ အတွေ့ကောင်းနဲ့ တွေ့ထိပြီး ကောင်းတဲ့ အခါလဲ ကောင်းတယ် ကောင်းတယ် စသည်ဖြင့် ရှုမှတ်ရမယ်၊ ဒါလဲ သုခဝေဒနာကို ရှုတာဖြစ်သောကြောင့် ဝေဒနာနုပဿနာလို့လဲ ခေါ်ရတာပါပဲ။

ကိုယ်ထဲက အပူဓာတ်နဲ့ တွေ့ထိရလို့ဖြစ်စေ၊ အပြင်က မီးပူ နေပူ လေပူတို့နှင့် တွေ့ထိရလို့ဖြစ်စေ ပူတာကို ပူတယ် ပူတယ်လို့ ရှုမှတ်ရတယ်၊ အဲဒီလို ရှုမှတ်ရာမှာ ထိသိရတဲ့ အပူကို ရှုမိရင်

http://www.dhammadownload.com

တေဇောဓာတ်ကို သိတာပဲ၊ ကိုယ်ထဲက မခံသာတဲ့ အပူကို သိရင်တော့ ဒုက္ခဝေဒနာကို သိတာပဲ၊ ထို့အတူပင် လေအေး ရေအေး စသည်နှင့် တွေ့ထိရတဲ့အခါလဲ အေးတယ် အေးတယ်လို့ ရှုမှတ်ရတယ်၊ ရံခါတေဇောဓာတ်ကို သိတယ်၊ ရံခါ အခံဓာတ်ကိုတော့ သိတယ်၊ သာမန် အတွေ့အသိ ထင်ရှားတဲ့ အခါကျတော့ ထိတယ် ထိတယ်လို့ ရှုမှတ်ရတယ်၊ ရံခါ နူးညံ့ချောညက်တဲ့ ပထဝီရုပ်ကို သိတယ်၊ ရံခါ ကြမ်းတမ်းတဲ့ ပထဝီရုပ်ကို သိတယ်၊ ရံခါ ဝါယောတေဇောရုပ်များကိုလဲ သိတယ်။

လက်ခြေများကို ကွေးဆန့်လှုပ်ရှား ပြုပြင်တဲ့အခါ ကွေးတယ် ဆန့်တယ် လှုပ်တယ် စသည်ဖြင့် ရှုမှတ်ရတယ်၊ ခေါင်းငုံတာ မော့တာတွေ ကိုယ်လက်လှုပ်ရှား ပြုပြင်တာတွေလဲ ခေါ်နေကျ အရုပ်သုံးစကားနဲ့ ရှုမှတ်ထားရုံပါပဲ၊ မျက်စိမှိတ်တာ ဖွင့်တာ မျက်တောင်ခတ်တာတွေလဲ ရှုနိုင်ရင် ရှုမှတ်ရတာပဲ၊ အဝတ်အစား ပြင်ဝတ်တာတွေလဲ ရှုမှတ်ရတာပဲ၊ စားသောက်တဲ့ ကိုယ်အတွေ့ရှုပ်တွေကိုတော့ စားသိရှုပ်အပိုင်းက ပြောခဲ့ပါပြီ၊ မျက်နှာသစ်တာ ရေချိုးတာတွေလဲ တတ်နိုင်သမျှ ရှုမှတ်ရတာပဲ၊ ကျင်ကြီးကျင်ငယ် စွန့်တဲ့အခါလဲ ကိုယ်အတွေ့နဲ့ ပြုလုပ်မှုတွေကို တတ်နိုင်သမျှ ရှုမှတ်ရတာပဲ၊ စကားပြောတဲ့အခါလဲ တတ်နိုင်သမျှ ရှုမှတ်ရတာပဲ၊ ကိုယ်ထဲမှာ ထင်ပေါ်သမျှ အထိအသိတွေဆိုရင် ရှုမှတ်ရတာချည်းပါပဲ၊ မရှုမမှတ် ကောင်းတာလို့ မရှိပါဘူး။

ဒါကြောင့် ဘုန်းကြီးတို့က ဝမ်းဗိုက်ထဲက ထင်ရှားတဲ့ ဝါယောရုပ်အတွေ့ကို အမှန်အတိုင်းသိပြီး သမာဓိဉာဏ်အစစ် ဖြစ်အောင်

http://www.dhammadownload.com

လို့ ဖောင်းတာပိန်တာကစပြီး အခြေခံအဖြစ်ဖြင့် ရှုမှတ်ဖို့ရာ ညွှန်ကြားနေပါတယ်၊ ညွှန်ကြားတဲ့အတိုင်း ရှုမှတ်လို့ ထူးခြားတဲ့ ဝိပဿနာဉာဏ်တွေကို ကိုယ်တိုင်တွေ့သိသွားတဲ့ သူတွေ ထောင်သောင်းများစွာ ရှိနေပါပြီ၊ အဲဒီပုဂ္ဂိုလ်တွေထဲမှာ အချို့က အဖောင်းအပိန် မရှုချင်ဘူး၊ ဝင်လေထွက်လေ ရှုချင်တယ်ဆိုတာနဲ့ သူ့သဘောအတိုင်းရှုဖို့ ခွင့်ပြုထားပါတယ်၊ နောက်ပိုင်းကျတော့ အဖောင်းအပိန်ကို ပြောင်းရွှေ့ပြီး ရှုမှတ်သောအားဖြင့် ဉာဏ်ထူးများကို တွေ့သိသွားတဲ့ သူတွေလဲ ရှိပါတယ်။

ဖောင်းတာပိန်တာကို ရှုမှတ်ဖို့ ညွှန်ကြားနေတာဆိုပေမယ့် အဲဒါ ၂ ခုတည်း ရှုမှတ်ရမယ်လို့ ချုပ်ချယ်ထားတာတော့ မဟုတ်ပါဘူး၊ ဖောင်းတာ ပိန်တယ်လို့ ရှုမှတ်နေရင်း စိတ်ကူးဖြစ်ပေါ်လာရင် အဲဒီစိတ်ကူးကိုလဲ ရှုမှတ်ရတယ်၊ ညောင်းပူ နာကျင် စသည်ဝေဒနာ ထင်ရှားပေါ်လာရင် အဲဒါကိုလဲ ရှုမှတ်ရတယ်၊ အခြားကိုယ်အမူအရာတွေ ပေါ်လာရင် အဲဒါတွေကိုလဲ ရှုရတယ်၊ ကြားမှု မြင်မှု စသည်တွေ ပေါ်လာရင် အဲဒါတွေကိုလဲ ရှုရတယ်၊ သမာဓိဉာဏ် အထူးအားကောင်းလာတဲ့ အခါကျတော့ ဒွါရ ၅ ပါးက ထင်ရှားပေါ်လာသမျှကို ဖြစ်ပေါ်စဉ်အတိုင်း လိုက်ပြီး ရှုမှတ်ဖို့လဲ ညွှန်ကြားပါတယ်၊ ညွှန်ကြားတဲ့အတိုင်း ပေါ်ရာပေါ်ရာကို အစဉ်အတိုင်း လိုက်ပြီးတော့လဲ ရှုနိုင် ကြပါတယ်၊ အဲဒီအခါကျတော့ ဖောင်းတာပိန်တာကို အထူးပြုပြီး ရှုနေဖို့တောင် မလိုတော့ပါဘူး၊ ထင်ပေါ်စဉ်အတိုင်း အလွယ်တကူနဲ့ လိုက်ပြီး ရှုသွားရုံပါပဲ။

http://www.dhammadownload.com

လျောင်းအိပ်နေတဲ့အခါလဲ အိပ်တယ် အိပ်တယ်စသည်ဖြင့် ထိုင်စဉ်ကလိုပင် ရှုမှတ်သွားရုံပါပဲ၊ ဒါလောက်ဆိုရင် ထိသိမှုနှင့် စပ်ပြီး ရှုမှတ်ပုံကို နားလည်လောက်ပါပြီ၊ ယခု ပြောခဲ့တဲ့အတိုင်း ထိသိမှု ဖြစ်တိုင်းဖြစ်တိုင်း မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ သမာဓိ ဉာဏ် အားကောင်းတဲ့အခါကျတော့ ထိသိပြီး ချက်ခြင်း ပျောက်ပျက်သွားတာကိုချည်း တွေ့သိနေရတယ်၊ အဲဒီတော့ (မုတေ မုတမတ္တं ဘဝိဿတိ) ရောက်ရ တွေ့ရသည်၌ ရောက်ရုံ တွေ့ရုံမျှ ဖြစ်လတ္တံ့–လို့ဆိုတဲ့ စကားတော်နဲ့အညီပါပဲ၊ အဲဒီအတွေ့ကို ထိသိ ရပေမယ့် မထိသိရတဲ့ အတွေ့မှာလိုပင် တပ်မက်သာယာမှုစသော ကိလေသာတွေ ဖြစ်ခွင့်မရှိဟော့ဘဲ ကင်းငြိမ်းသွားတယ်။

ယခု ဒီရိပ်သာက ယောဂီတွေ ဖောင်းတာ ပိန်တာမှစပြီး ထိသိ ရသမျှတွေကို မပြတ်ရှုမှတ်ပြီး ခဏမစဲ ဖြစ်ပျက်နေတာကို အမှန် အတိုင်း ထိသိနေကြတာဟာ မဟာသတိပဋ္ဌာနသုတ် ဒေသနာ တော်နှင့် ညီသည်ပြင့် ဒီမာလုကျပုတ္တသုတ်တရားတော်နှင့်လဲ အံကျကိုက်ပြီး ညီနေကြောင်း ထင်ရှားပါတယ်၊ သမာဓိဉာဏ် အထူးအားကောင်းတဲ့အခါကျတော့ ဖောင်းမှု ပိန်မှုပဲ ဖြစ်ဖြစ်၊ ကွေးမှု ဆန့်မှု လှုပ်ရှားပြုပြင်မှုပဲဖြစ်ဖြစ် ခြေကို ကြံ့မှု လှမ်းမှု ချမှုပဲဖြစ်ဖြစ်၊ ရိုးရိုးထိသိမှုပဲဖြစ်ဖြစ် ရှုမှတ်တိုင်း ရှုမှတ်တိုင်း သိသိ ရတာရော+ထိသိတာရော+မှတ်သိတာရော ချက်ခြင်းပင် ပျောက် ပျက်သွားတာကိုချည်း တွေ့ရတယ်၊ ထိသိပြီး အဆိုးအကောင်း ခံစားမှုတွေလဲ ချက်ခြင်းပင် ပျောက်ပျက်သွားတာကို တွေ့ရတယ်၊ အဲဒီတော့ ထိသိရတာနဲ့စပ်ပြီး တပ်မက်သာယာမှု မဖြစ်ရတော့ဘူး၊

http://www.dhammadownload.com

တပ်မက် သာယာခြင်း မရှိဘဲ ခံစားရုံမျှ သက်သက်သာ ဖြစ်နေတယ်၊ ဒါကြောင့် "သော–ထိသိပြီးလျှင် ချက်ချင်းအမှတ်ရသော ပုဂ္ဂိုလ် သည်၊ ဖဿသု– အတွေ့အာရုံတို့၌၊ နု ရဇ္ဇတိ–မတပ်မက်၊ ဝါ–တပ်မက်မှုရာဂကင်းသည်"လို့ ဆိုထားတာပါပဲ၊ ဆောင်ပုဒ်ကတော့ (အတွေ့ထိက အမှတ်ရ၊ ရာဂကင်းတော့သည်) လို့ ဆိုကြရုံပါပဲ။

၁။ အတွေ့ထိက၊ အမှတ်ရ၊ ရာဂ ကင်းတော့သည်။

အဲဒီလို တပ်မက်မှုရာဂ ကင်းသောကြောင့်၊ သော–မတပ်မက်သော ထိုပုဂ္ဂိုလ်သည်၊ ဝိရတ္တစိတ္တော–တပ်မက်ကင်းသော စိတ်ရှိသည်ဖြစ်၍၊ ဝါ–မတပ်မက်သော စိတ်ဖြင့်၊ ဝေဒေတိ– ခံစားဏ၊ တဋ္ဌ–ထိုအတွေ့အာရုံကိုလဲ၊ နု အဇ္ဈောသ တိဋ္ဌတိ – မျိုထားသကဲ့သို့ သိမ်းပိုက်ဆုပ်ကိုင်လျက် မတည်တဲ့၊ ဒီလိုဆက်ပြီး ပြဆိုထားပါတယ်၊ ဆောင်ပုဒ်ကတော့ ရှေးကအတိုင်း ဆိုကြရုံပါပဲ။

၂။ မတပ်မက်ဘဲ၊ ခံစားမြဲ၊ စိတ်ထဲ မသိမ်းပြီ။

၄။ ယထာသု ဖုသတော ဖဿံ သေဝတော စာပိ ဝေဒနံ။
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတိ သတော။

ယထာ–အခြားမဲ့၌၊ မှတ်သိမှုပါသော အကြင်အခြင်းအရာဖြင့်၊ ဖဿံ–အတွေ့အာရုံကို၊ ဖုသတော စာပိ–မှီလဲမှီဝဲငြားသော်လဲ၊ ဝေဒနံ–ခံစားမှုကို၊ သေဝတောစာပိ–မှီလဲမှီဝဲငြားသော်လဲ၊ ဒုက္ခံ–ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲသည်၊ ခီယတိ–ကုန်သာ ကုန်ခန်း၏၊ နောပစီယတိ–ဆည်းပူးအပ်သည်ကား မဟုတ်ပေတဲ့။

http://www.dhammadownload.com

ဝိပဿနာ ယောဂီပုဂ္ဂိုလ်ဟာလဲ သူများလိုပင် အတွေ့အာရုံကို တွေ့ထိလဲ တွေ့ထိပါတယ်၊ အဲဒီအတွေ့အထိနဲ့စပ်ပြီး ခံစားမှုကိုလဲ မှီဝဲပါတယ်၊ သို့ပေမယ့် သာမန်ပုဂ္ဂိုလ်များမှာလို အဲဒီ အတွေ့အထိနဲ့စပ်ပြီး ကိလေသာတွေလဲ မဖြစ်ဘူး၊ အဲဒီ အတွေ့အထိမျိုးကို ရအောင် ရှာကြံပြုလုပ်တဲ့ အကုသိုလ်က် ကုသိုလ်ကံတွေလဲ မဖြစ်ဘူး၊ ကံမဖြစ်တော့ အဲဒီကံကြောင့်ဖြစ်မည့် ဘဝသစ် ဝိပါက်ဆင်းရဲတွေလဲ ဖြစ်ခွင့်မရှိတော့ဘဲ ကင်းငြိမ်းသွားတယ်၊ ဘာကြောင့်လဲဆိုလျှင် ထိသိပြီးလျှင်ပြီးခြင်း မှတ်သိမှု ပါနေလို့ပါပဲ၊ မဇ္ဈိမပဋိပဒါလို့ခေါ်တဲ့ အလယ်လမ်း အကျင့်ဆိုတာ အဲဒီလို မှတ်သိမှုပါပဲ၊ ဆောင်ပုဒ်ကတော့ (မှတ်သိလျက်သား၊ ထိသိသွား၊ မှီဝဲခံစားသည်)လို့ ဆိုကြရုံပါပဲ။

၃။ မှတ်သိလျက်သား၊ ထိသိသွား၊ ခံစားမှီဝဲသည်။

နောက်တစ်ပုဒ်ကတော့ ရှေးကအတိုင်းပဲ ဆိုကြရုံပါပဲ။

၄။ သို့ပါသော်လဲ ဝဋ်ဆင်းရဲ၊ ကုန်မြဲ ကုန်ခန်းသည်။

သူများလို ထိသိပြီး ခံစားနေပေမယ်လို့ မရှုမှတ်ဘဲ သာမန်လူများမှာ "ဝေဒနာကြောင့် တဏှာဖြစ်သည်"ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အရ တဏှာမဖြစ်တော့ဘူး၊ တဏှာမဖြစ်တော့ ဥပါဒါန်နဲ့ ကံမဖြစ်ဘူး၊ ကံမဖြစ်တော့ အဲဒီကံ၏ အကျိုးဝိပါက် ဆင်းရဲတွေဆိုတာလဲ မဖြစ်ဘူး၊ အဲဒါဟာ မရှုမိတဲ့ အတွေ့အာရုံနဲ့စပ်ပြီး ဖြစ်ခွင့်ရှိတဲ့ ကိလေသာတွေ ကံတွေ ဝိပါက်ဆင်းရဲတွေ ကင်းငြိမ်းကုန်ခန်းပုံပါပဲ၊ ဒါကြောင့် ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲတွေ ငြိမ်းစေချင်ရင်

http://www.dhammadownload.com

သွား ရပ် ထိုင် လျောင်း ထိသိ တိုင်း, ကွေးဆန့်လှုပ်ရှား ပြုပြင် ထိသိတိုင်း, ရိုးရိုးထိသိတိုင်း ချက်ခြင်း အမှတ်ရတဲ့နည်းဖြင့် မပြတ် ကျင့်ရတယ်၊ အဲဒီလို ကျင့် သင့်ပုံကို ဒီလိုဆက်ပြီး ညွှန်ပြတော်မူ ပါတယ်။

ဇဝံ–ထိသိတိုင်း ရှုသိမှုပါသော ဤနည်းဖြင့်၊ သော–ထို ယောဂီသည်၊ သတော–အမှတ်ရလျက်၊ စရတိ–ကျင့်သည်တဲ့၊ အဲဒါဟာ ကိုယ်ထဲ၌ တယ်အစိတ်အပိုင်းကမဆို ထိသိပြီးလျှင် ပြီးချင်း ရှုမှတ်ပြီး အမှန် အတိုင်း သိသိသွားရမယ်ဆိုတာကို ဒါရိုက် အတိအလင်းပြတဲ့ ဒေသနာပါပဲ၊ ဆောင်ပုဒ်ကတော့ ရှေးကအတိုင်း ဆိုကြရုံပါပဲ။

၅။ ဤနည်းဖြင့်သာ၊ ယောဂီမှာ၊ မှတ်ကာ ကျင့်ရသည်။

နည်းမှန်ကို ရှုတ်ချပစ်ပယ်တာတွေလဲ ရှိတယ်

တချို့က ကိုယ်တိုင်လဲ ဘာတရားမှ ထိထိရောက်ရောက် အား မထုတ်ဘူး၊ သူများပြောနေတာကိုလဲ မလိုလားဘူး၊ အဲဒီ ပုဂ္ဂိုလ် တွေက ဒီမာလုကျမ္ဘုတ္တသုတ်, မဟာသတိပဋ္ဌာနသုတ် စသည်နှင့် အညီ ရှုမှတ်အားထုတ်နေကြတာကို ပစ်ပယ်ရှုတ်ချပြီး ပြောလေ့ရှိ ကြတယ်၊ ပြောပုံကတော့ "သွားတယ် ရပ်တယ် ထိုင်တယ် အိပ် တယ် ကွေးတယ် ဆန့်တယ် ဖောင်းတယ် ပိန်တယ် ဆိုတာတွေက သိပြီးတွေပဲ ရှုဖို့မလိုပါဘူး"တဲ့။ အဲဒီလို ပြောကြတယ်။

အမှန်ကတော့ သိပြီးအာရုံတွေမှာ ကိလေသာဖြစ်ခွင့် မရအောင် ချက်ခြင်းရှုရတာပဲ၊ မသိသေးတာတွေတော့ ကြံတွေးပြီး ရှုနေဖို့

http://www.dhammadownload.com

မလိုပါဘူး၊ အဲဒီအကြောင်းကို "မမြင်ရရာ၊ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်" စသည်ဖြင့် ရှေ့ပိုင်းက အထပ်ထပ် ပြောခဲ့ပါပြီ။ သွားတယ်၊ ဖောင်းတယ်၊ ဝိန်တယ် စသည်ဖြင့် ရှုဖို့မလိုဘူး" ဆိုတာက ဘုန်းကြီးတို့ကို ရည်ရွယ်ပြီး ပစ်ပယ်ရှုတ်ချတာပါပဲ၊ ဒါပေမယ့် အရင်းစစ်ကြည့်လိုက်တော့ ဒီမာလုက္ကျပုတ္တာသုတ်နှင့်တကွ မဟာသတိပဋ္ဌာနသုတ်စသော မြတ်စွာဘုရားရှင်၏ စကားတော်တွေကို ပစ်ပယ်ရှုတ်ချရာ ရောက်ပါတယ်၊ ဒီနေရာမှာ တိုတိုနဲ့ နားလည်ချင်ရင်တော့ ပင်သက်ထွက်သက် အာနာပါနဆိုတာ လူတိုင်းလူကို ပြီးသိနေကြတာပဲ၊ ဒါပေမယ့် အဲဒါကိုတော့ မရှုကောင်းဖူးလို့ ဘယ်သူမျှ ပြောဝံ့မယ် မဟုတ်ပါဘူး။

အမမ္ပ–ဆိုတဲ့ မတရားကို ဟောရာ ရောက်တယ်

နောက်ပြီးတော့ တချို့က " ရုပ်ကိုယ်ကြီးကို မရှုကောင်းဖူး၊ ခေါင်းကို၊ လက်ခြေကို၊ ဝမ်းဗိုက်ကို မရှုကောင်းဖူး"လို့ ဒီလိုလဲ ပစ်ပယ်ရှုတ်ချပြီး ပြောနေကြတယ်၊ အဲဒါဟာ မာလုက္ကျပုတ္တာ စသော ဘုရားဟောတရားတော်ကို နားမလည်ခြင်း၊ သူတို့ ကိုယ်တိုင် ဝိပဿနာဉာဏ်အစစ်ကို မတွေ့မသိဖူးခြင်း စသည်ကြောင့် မပြောသင့်တဲ့ စကားကို ပြောနေကြတာပါပဲ၊ ကိုယ်ကြီးတစ်ခုလုံးမှ အဆင်းကိုမြင်လျှင် (ရူပ ဒီသွာ ပဋိသတော) စသော ဘုရားဟောဒေသနာတော်များနှင့်အညီ ရှုမှတ်ရမှာပဲ မဟုတ်ပါလား၊ ထိရာထိရာ ကိုယ်ရုပ်ကိုလဲ (ဖဿ ဖုသ ပဋိသတော) စသည်နှင့် အညီ ရှုမှတ်ရမှာပဲ မဟုတ်ပါလား၊ အဲဒီတော့ ရုပ်ကိုယ်ကြီးလဲ

http://www.dhammadownload.com

ရှုမှတ်ရမှာပဲ၊ လက်ခြေဝမ်းဗိုက် စသည်တွေလဲ ရှုမှတ်ရမှာပဲ၊ မရှုမမှတ်ရဖူးလို့ ဘယ်ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်ကမ္ဘာ တားမြစ်ခြင်း မရှိပါဘူး၊ နောက်ပြီးတော့ မျက်စိရုပ်, နားရုပ်, နှာခေါင်းရုပ်, လျှာရုပ် ဆိုတာတွေဟာ ခေါင်းထဲမှာ ရှိနေတာတွေပဲ၊ အဆင်းအသံ အနံ့ အရသာ ရုပ်ဆိုတာတွေလဲ ခေါင်းထဲက ပေါ်နေတာတွေပဲ၊ ကိုယ်အကြည်နဲ့ အတွေ့အထိရုပ်လဲ ခေါင်းထဲမှာ ရှိတာပဲ၊ ခေါင်းကို မရှုဖူးဆိုတော့ အဲဒီရုပ်တွေကို မရှုရဘူးလို့ ပစ်ပယ်ရာရောက်တယ်၊ ဒါကြောင့် ဘုရားဟောနဲ့ ဆန့်ကျင်တဲ့ အဲဒီလို တရားကို ဟောတာဟာ အဓမ္မ–ဆိုတဲ့ မတရားကို ဟောရာ ရောက်တယ်။

ဘုန်းကြီးတို့ကတော့ ဒွါရ ၆ ပါးမှာ ထင်ရှားပေါ်လာသမျှ ရုပ်နာမ်တွေကို စွမ်းနိုင်ရင် အကုန်လုံး ရှုဖို့ပဲ ဟောပြောညွှန်ကြားနေပါတယ်၊ အကျဉ်းချုပ်ဆောင်ပုဒ်ကိုလဲ ဒီလိုစီထားပါတယ်။

ဝိပဿနာရှုနည်း အကျဉ်းဆုံး ဆောင်ပုဒ်

ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင်၊
ရုပ်နာမ်နှစ်မျိုး ကြောင်းကျိုးသိမြင်၊
မမြဲဆင်းရဲ ဥဏ္ဍာထဲပေါ်လွင်၊
အနတ္တ သိရနိဗ္ဗာန်ဝင်။

အဲဒီမှာ ပေါ်တိုင်းဆိုတာက မြင်လိုက်ကြားလိုက်စသည်ဖြင့် ဒွါရ ၆ ပါးက ပေါ်လာသမျှကို ဆိုတာပါပဲ၊ မပြတ်ရှုမှတ်နေလျှင် ဆိုတာက အိပ်ပျော်နေချိန်ကို ချန်လှပ်ပြီး တစ်စက္ကန့်မျှ မနှား

http://www.dhammadownload.com

မရပ်ဘဲ မပြတ်ရှုမှတ်နေဖို့ ညွှန်ကြားတာပါပဲ၊ ရုပ်နာမ် ၂ ပါးကို ခွဲခြားသိမြင်ပုံ, အကြောင်းနှင့်အကျိုးကို ပိုင်းခြားပြီး သိမြင်ပုံ, အနိစ္စ ဒုက္ခ အနတ္တသဘောကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့မြင်ပုံ ဆိုတာတွေ ကိုတော့ ဝိပဿနာရှုနည်း ကျမ်းဂန်မှစ၍ ယခုနောက်ဆုံးပေါ်ထွက် လာတဲ့ တက္ကသိုလ် ဝိပဿနာတရားတော် စာအုပ်အထိ အထပ်ထပ် ဖော်ပြထားခဲ့ပါပြီ၊ ယခု ဒီ စာအုပ်မှာလဲ အကျဉ်းချုပ်လောက်တော့ ပြခဲ့ပါပြီ၊ ထို့အတူပင် နိဗ္ဗာန်ဝင်ပုံကိုလဲ အကြိမ်ကြိမ် ပြခဲ့ပါပြီ၊ ဒီမာလုက္ကပုတ္တသုတ်မှာလဲ နိဗ္ဗာန်ဝင်ပုံနှင့် စပ်ပြီး ၄ ကြိမ်တိုင်တိုင် ပြခဲ့ပါပြီ၊ ယခု ဖွင့်ပြနေတဲ့ ထိသိမ္မနှင့် စပ်ပြီးတော့လဲ ဒီလိုပြတော် မူပါတယ်။

ဇဝံ–ဤဆိုအပ်ခဲ့သည့်အတိုင်း ထိသိပြီးလျှင်ပြီးချင်း ရှုမှတ် သောအားဖြင့်၊ ဒုက္ခံ–မရှုမမှတ်လျှင် ဖြစ်ခွင့်ရှိသော ကိလေသာ ဆင်းရဲဝဋ်ဆင်းရဲကို၊ အပစိနတော–ဖျက်ဆီးသော ပုဂ္ဂိုလ်အား၊ နိဗ္ဗာနံ–ဆင်းရဲငြိမ်းသော နိဗ္ဗာန်သည်၊ ဝါ–နိဗ္ဗာန်ကို၊ သန္တိကေ–နီးသည်ဟူ၍၊ ဝုစ္စတိ–ဆိုအပ်ပါသည် တဲ့။ ဆောင်ပုဒ်ကတော့ (ထိတိုင်းရှုမှတ်၊ ဆင်းရဲသတ်၊ နီးကပ်နိဗ္ဗာန်ပြည်)လို့ ဆိုကြရုံပါ ဘဲ။

၆။ ထိတိုင်းရှုမှတ် ဆင်းရဲသတ်၊ နီးကပ် နိဗ္ဗာန်ပြည်။

ယခုရွတ်ပြခဲ့တဲ့ ထိသိမ္မဆိုင်ရာ အမှတ် (၃–၄) ဂါထာ ၂ ပုဒ်ဖြင့် အတိုချုပ် ဆိုလိုတာကတော့ (ထိသိခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန် နီးသည်)လို့ ဆိုလိုတာပါပဲ၊ အဲဒါကို ဆိုကြရမယ်။

https://www.dhammadownload.com

ထိသိခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နီးသည်။

ရိုးရိုးထိသိမှုဖြစ်စေ၊ ဒုက္ခ သုခ ဝေဒနာ ထင်ရှားပေါ်စေတဲ့ ထိသိမှုဖြစ်စေ၊ သွား ရပ် ထိုင် လျောင်း ကွေး ဆန့် စသည် ဆိုင်ရာ ထိသိမှုဖြစ်စေ ထိသိမှုကို မပြတ်ရှုနေလျှင် ဘယ်အချိန်မဆို မဂ်ဖိုလ်တရားထူးကို ရနိုင်ကြောင်း ဤစာအုပ် (နာ ၁၃၀) ၌ ပုဂ္ဂလ ပညတ်အဌကထာအဆိုကို ထုတ်ပြခဲ့ပြီ၊ အရှင်အာနန္ဒာဟာ စကြီ လျှောက်ရာမှ ခုတင်အိပ်ရာမှာ ထိုင်တယ်၊ ထိုင်ရာက လဲချလိုက်စဉ်မှာ အထက်မဂ်ဖိုလ်သုံးပါးကိုရောက်ပြီး ရဟန္တာ ဖြစ်သွားကြောင်း (ဝိ-၆-ပနှင့် ၆-ပ-နာ ၁၀)တို့၌ ဖော်ပြထားတယ်၊ အဲဒါဟာ ထိသိမှုနှင့်စပ်ပြီး ရှုမှတ်လျက် ရဟန္တာဖြစ်သွားတယ်လို့ မှတ်ယူသင့်တာပါပဲ၊ ဒါကြောင့် မည်သည့်ထိသိမှုကိုဖြစ်စေ လေးလေးစားစား ရှုမှတ်ဖို့ လိုပါတယ်။

ထိသိမှုနှင့်စပ်ပြီး ဝိပဿနာရှုပုံ လုပ်ငန်းစဉ်ကတော့ ပြည့်စုံလောက်ပါပြီ၊ ယခုကြံသိမှုနှင့်စပ်ပြီး မေးခွန်းမှစ၍ ဝိပဿနာ အလုပ်ပေးပုံကို ဟောရမယ်။

ဝိပဿနာအခြေခံ မေးခွန်းတော် (၆)

ယေ တေ မနောဝိညေယ္ယာ ဓမ္မာ အဝိညာတာ အဝိညာတ ပုဗ္ဗာ နု စ ဝိဇာနာသိ၊ နု စ တေ ဟောတိ ဝိဇာနေယျန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါ။

(မာလုကျပုတ္တ၊ မာလုကျာ၏သားဖြစ်သောရဟန်း) မနောဝိညေယျာ-စိတ်ဖြင့်ကြံသိနိုင်ကောင်းကုန်သော၊ ယေ ဓမ္မာ-

http://www.dhammadownload.com

အကြောင်သဘော အာရုံတို့ကို၊ တေ – သင်သည်၊ အဝိညာတာ – မကြာမီကလဲ မသိဖူးသေး၊ (သဘောအာရုံဆိုတာ စိတ်ကူးထဲမှာ ပေါ်လာသမျှ အာရုံတွေပါပဲ၊ ရုပ်နာမ်ပရမတ်တရားတွေလဲ ရှိတယ်၊ အမည်ပညတ် ပုံသဏ္ဌာန်ပညတ်စသော ပညတ်အာရုံတွေလဲရှိတယ်၊ အတိုချုပ်ပြောရရင်တော့ စိတ်ကူးအာရုံတွေပါပဲ၊) အဝိညာတပုဗ္ဗာ –ရှေးကာလ ရှေးဘဝကလဲ မသိခဲ့ဘူးသေး၊ နစ ဝိဇာနာတိ– ယခုလဲ သိနေဆဲမဟုတ်၊ တေ–သင်အား၊ နစ ဟောတိဝိဇာနေယျ န္တိ–သိနိုင်သည်ဟူ၍လဲ စိတ်ကူးထဲမှာတောင် မဖြစ်သေး၊ တတ္ထ– ထိုသိလဲမသိဘူးသေး၊ သိဆဲလဲမဟုတ်၊ သိနိုင်သည် သိရလိမ့်မည် လို့တောင် စိတ်မကူးမိသေးသော သဘောအာရုံတို့၌၊ တေ – သင် အား၊ ဆန္ဒောဝါ–လိုချင်နှစ်သက်မှုသည်လည်းကောင်း၊ ရာဂေါ ဝါ –တပ်မက်စွဲလမ်းမှုသည် လည်းကောင်း၊ ပေမံ ဝါ–ချစ်ခင်မှုသည် လည်းကောင်း၊ အတ္ထိ–ရှိပါသလား ဖြစ်ပါသလား တဲ့၊ ဒီလို မေးတော်မူပါတယ်။

ရှေးကလဲ မသိဘူးသေး၊ ယခုလဲ ကြံ့သိနေဆဲ မဟုတ်၊ သိနိုင် တယ် – သိရလိမ့်လို့တောင် စိတ်ကူးထဲမှာ မပေါ်သေးတဲ့ သဘော အာရုံဆိုတာ ဘယ်လိုဟာမှန်းမှ မသိရသေးတဲ့ဟာပါပဲ၊ အဲဒီလို ဘာမှန်းမှ မသိရသေးတာကို အာရုံပြုပြီး လိုချင်နှစ်သက် တပ်မက် ချစ်ခင်ခြင်းဆိုတာ ဘယ်ဖြစ်နိုင်မလဲ၊ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် အရှင်မာလုက္ကျပုတ္တမထေရ်က အဲဒီလို လုံးဝ မသိရသေးတဲ့အာရုံမှာ လိုချင်နှစ်သက်တပ်မက်ချစ်ခင်ခြင်း မဖြစ်ပါဘုရား–လို့ ဖြေကြား လျှောက်ထားပါတယ်၊ အဲဒါဟာ တိကျမှန်ကန်တဲ့ အဖြေပဲ။

http://www.dhammadownload.com

လောကမှာ မမြင်ဘူး၊ မကြားဘူး၊ မတွေ့ဘူး၊ မကြုံဘူးသဖြင့် လုံးဝမသိရဘူးတဲ့ သက်ရှိသက်မဲ့ အာရုံဝတ္ထုတွေဆိုတာ ရှိတော့ ရှိနေတာပဲ၊ ဒါပေမယ့် မိမိကိုယ်တိုင် စိတ်ကူးမျှဖြင့်တောင် မသိရ သေးရင် အဲဒီလိုအာရုံတွေမှာ လိုချင်နှစ်သက် တပ်မက်ချစ်ခင်ခြင်း ဆိုတာ မဖြစ်နိုင်ကြောင်း၊ ဒီမေးခွန်းတော်ဖြင့် ဒါရိုက်ပြတော်မူ ပါတယ်၊ နောက်ပြီးတော့ စိတ်ကူးထဲမှာ ပေါ်လာတဲ့ အာရုံမှာတော့ လိုချင်နှစ်သက်ခြင်းစသော ကိလေသာတွေ ဖြစ်နိုင်တယ်ဆိုတာကို လဲ ပြောင်းပြန်နည်းဖြင့် ဆင်ခြင်၍ သိစေပါတယ်၊ အဲဒီနှစ်ချက်နဲ့ စပ်ပြီး ဆောင်ပုဒ်များကတော့ (မသိရရာ၊ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်၊ သိရရာမှာ၊ ကိလေသာ၊ ကိန်းကာဖြစ်နိုင်သည်)လို့ စီထားတယ်၊ အဲဒါတွေကို ဆိုကြမယ်။

၁။ မသိရရာ၊ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်။

၂။ သိရရာမှာ၊ ကိလေသာ၊ ကိန်းကာဖြစ်နိုင်သည်။

သိရတဲ့ အာရုံဆိုတာ မြင်သိဝိထိ၏ အခြားမဲ့၌ သိရတဲ့အဆင်း အာရုံလဲရှိတယ်၊ ထို့အတူပင် ကြားသိဝိထိ၏ အခြားမဲ့၊ နံသိဝိထိ ၏အခြားမဲ့၊ စားသိဝိထိ၏အခြားမဲ့၊ ထိသိဝိထိ၏ အခြားမဲ့များ၌ သိရတဲ့ အသံအနံ့အရသာ အတွေ့အာရုံများလဲ ရှိတယ်၊ အဲဒါတွေ လဲ မရှုမသိနိုင်ရင် ကိလေသာကိန်းပြီး ဖြစ်နိုင်တာပဲ၊ သက်သက် ကြုံသိရတဲ့ အာရုံတွေလဲ မရှုမသိနိုင်ရင် ကိလေသာကိန်းပြီး ဖြစ်နိုင် တာပဲ၊ ဒါကြောင့် အဲဒီလို အာရုံတွေမှာ ကိလေသာ မကိန်းနိုင် အောင်၊ ကိလေသာတွေ ဖြစ်ခွင့်မရအောင် ချက်ခင်းရှုမှတ်ပြီး သိဖို့

http://www.dhammadownload.com

လိုပါတယ်၊ အဲဒါကို (သိတိုင်းမှတ်ရှု၊ ကိလေစု၊ ကိန်းမှု ပယ်သင့်သည်)လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၃။ သိတိုင်းမှတ်ရှု၊ ကိလေစု၊ ကိန်းမှုပယ်သင့်သည်။

ဒါကြောင့် ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် စသည်ဖြင့် မပြတ်ရှုမှတ်နေစဉ်မှာ စိတ်ကူးကြံစည်မှု ဖြစ်လာရင် စိတ်ကူးတယ်၊ ကြံစည်တယ်၊ စဉ်းစားတယ် စသည်ဖြင့် ရှုမှတ်ရတာပဲ၊ ယခုပြခဲ့တဲ့ ဆောင်ပုဒ် ၃ ခုအရ မသိရတဲ့ အာရုံမှာ ကိလေသာ ဖြစ်ခွင့်မရှိဘူး၊ သူ့အလိုလိုပင် အဲဒီမရသတဲ့ အာရုံမှာ ကိလေသာ ကင်းငြိမ်းနေတယ်ဆိုတာရယ်၊ သိရတဲ့ အာရုံမှာတော့ မရှုမသိနိုင်ရင် ကိလေသာ ဖြစ်နိုင်တယ်၊ အဲဒီလို ကိလေသာ ဖြစ်နိုင်တာကိုပင် ကိလေသာ ကိန်းတယ်လို့ ခေါ်တယ်–ဆိုတာရယ်၊ အဲဒီလို ကိလေသာဖြစ်ခွင့်မရအောင် ရှုမှတ်ပြီး ကိလေသာကိန်းမှုကို ပယ်သင့်တယ် ဆိုတာရယ်–အဲဒီ အနက်အဓိပ္ပာယ် ၃ ချက်ကို မေးခွန်းတော် ဖြင့်ပင် သိနားလည် စေပါတယ်၊ အဲဒါကို (မေးခွန်းဖြင့်ပင်၊ လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်) လို့ ဆိုကြရုံပါပဲ။

၄။ မေးခွန်းဖြင့်ပင် လုပ်ငန်းစဉ်၊ ပေါ်လွင်စေခဲ့သည်။

အဲဒီလို ဝိပဿနာ လုပ်ငန်းစဉ်ကို သိနားလည်အောင် မေးခွန်းဖြင့်ပင် သိစေပြီးတော့ မြတ်စွာဘုရားရှင်က ဝိပဿနာ လုပ်ငန်းစဉ်နှင့်တကွ အကျိုးအာနိသင်ကို ဒီလို ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com

လုပ်ငန်းစဉ်နှင့် တကွ အကျိုးအာနိသင်

ဇတ္ထ စ တေ မာလုကျပုတ္တ ဒိဋ္ဌ သုတ မုတ ဝိညာတေသု ဧမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာသေ ဝိညာတမတ္တံ ဘဝိဿတိ၊ ယတော ခေါ တေ မာလုကျပုတ္တ ဒိဋ္ဌ သုတ မုတ ဝိညာတေသု ဧမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ တတော တွံ မာလုကျပုတ္တ နေ တေန၊ ယတော တွံ မာလကျပုတ္တ နေ တေန၊ တတော တွံ မာလုပုတ္တ နေ တတ္ထ၊ တယော တွံ မာလုကျပုတ္တ နေဝိဓ နေ ဟုရံ နေ ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခသ။

မာလုကျပုတ္တ–မာလုကျာ၏သားဖြစ်သောရဟန်း၊ တေ– သင်အား၊ ဇတ္ထ စ ဒိဋ္ဌ သုတ မုတ ဝိညာတေသု ဧမ္မေသု–မြင်ရ ကြားရ ရောက်ရ သိရသော ဤတရားတို့တွင်လဲ၊ ဒိဋ္ဌေ–မြင်သည်၌၊ ဒိဋ္ဌမတ္တံ ဘဝိဿတိ–မြင်ရုံမျှဖြစ်လတ္တံ့၊ သုတေ သုတမတ္တံ ဘဝိဿတိ ကြားရသည်၌ ကြားရရုံမျှဖြစ်လတ္တံ့၊ မုတေ မုတမတ္တံ ဘဝိဿတိ–နံလျက်၊ စားသိလျက်၊ ထိသိလျက် ရောက်ရသည်၌ ရောက်ရုံမျှ ဖြစ်လတ္တံ့၊ ဝိညာတေဝိညာတမတ္တံ ဘဝိဿတိ–သိရသည်၌ သိရုံမျှ ဖြစ်လတ္တံ့။

(အဲဒါဟာ မာလုကျပုတ္တမထေရ်က မမေ့မလျော့ မပြတ် အားထုတ်နေပါမည်လို့ ဝန်ခံခဲ့တဲ့အတိုင်း မေးခွန်းတော်အရ သိနား

http://www.dhammadownload.com

လည်ပြီး မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံစည်တိုင်း မမေ့မလျော့ မပြတ်နေလျှင် မြင်ရသည်၌ မြင်ရုံမျှ ဖြစ်လိမ့်မည်၊ ကြားရ ရောက်ရ သိရသည်၌ ကြားရုံမျှ ရောက်ရုံမျှ သိရုံမျှ ဖြစ်လိမ့်မည်–လို့ ဝိပဿနာလုပ်ငန်းစဉ်ကို ညွှန်ပြတော်မူတာပါပဲ၊ မြင်ရုံမျှ စသည်ဖြစ်အောင် ရှုပါလို့ ဆိုလိုပါတယ်၊ အဲဒီကနောက် အကျိုးအာနိသင်ကိုလဲ ဒီလို ဆက်ပြီး ပြတော်မူပါတယ်။

မာလုက္ကျပုတ္တ–မာလုက္ကျပုတ္တာ၏ သားဖြစ်သောရဟန်း၊ ယတော–အကြင်အခါ၌၊ တေ–သင်အား၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ–မြင်ရသည်၌ မြင်ရုံမျှဖြစ်လတ္တံ့၊ သုတေ သုတ မတ္တံ ဘဝိဿတိ–ကြားရသည်၌ ကြားရုံမျှဖြစ်လတ္တံ့၊ မုတေ မုတမတ္တံ ဘဝိဿတိ–ရောက်ရသည်၌ ရောက်ရုံမျှဖြစ်လတ္တံ့၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ–သိရသည်၌ သိရုံမျှဖြစ်လတ္တံ့၊ မာလုက္ကျပုတ္တ–မာလုက္ကျာ၏ သားဖြစ်သောရဟန်း၊ တတော–ထိုသို့မြင်ရုံမျှ ကြားရုံမျှ ရောက်ရုံမျှ သိရုံမျှ ဖြစ်သောအခါ၌၊ တွံ–သင်သည်၊ နတေန–ထိုမြင်ရသော အဆင်းစသည်နှင့် မစပ်မဆိုင်ဘဲ ရှိလတ္တံ့။

(အဲဒါဟာ မြင်ရုံမျှ စသည် ဖြစ်သောအခါ အဲဒီမြင်ရတဲ့ အဆင်းစသည်နှင့် သာယာမုန်းထားသိမှားတဲ့ ရာဂ ဒေါသ မောဟ အလိုအားဖြင့် မစပ်မဆိုင်ဘဲ ရှိလိမ့်မယ်လို့ ဆိုလိုတာပါပဲ။)

မာလုက္ကျပုတ္တ–မာလုက္ကျာ၏ သားဖြစ်သောရဟန်း၊ ယတော–အကြင်အခါ၌၊ တွံ–သင်သည်၊ နတေန–ထိုမြင်ရသော အဆင်းစသည်နှင့် မစပ်မဆိုင်ဘဲ ဖြစ်လတ္တံ့၊ မာလုက္ကျပုတ္တ–မာလုက္ကျာ၏

http://www.dhammadownload.com

သားဖြစ်သော ရဟန်း၊ တတော–ထိုအခါ၌၊ တွံ–သင်သည်၊ နံ တတ္တ–ထိုမြင်ရသည့် အဆင်း စသည်၌ မတည်ဘဲ ရှိလတ္တံ့။

(မတည်ဆိုတာ "ငါ ငါ့ဥစ္စာ, ငါ့အတ္တ"လို့ တဏှာ မာန ဒိဋ္ဌိဖြင့် ကပ်ငြိ၍ မတည်တော့ဘူးလို့ ဆိုလိုကြောင်း ဥဒါန်း အဋ္ဌကထာမှာ ဖွင့်ပြထားတယ်၊ အဲဒီအဖွင့်အရ ဆိုရင်တော့ "နံ တေန–ထိုအဆင်း စသည်နှင့်တကွ မဖြစ်ဖူး၊ ရာဂစသည် အလိုအားဖြင့် မစပ်မဆိုင်ဘူး"လို့ ဆိုတာနဲ့ "နံ တတ္တ–လို့ အဆင်း စသည်၌ မတည်တော့ဘူး"လို့ ဆိုတာဟာ ဝေါဟာရမျှသာ ကွဲတယ်၊ အရအားဖြင့်တော့ အတူတူပဲလို့ ဆိုရမှာပဲ၊ တစ်နည်းအားဖြင့် ယူရမယ်ဆိုရင်တော့ နံ တတ္တ–အဆင်းအာရုံစသည်တို့၌ မတည်တော့ဘူးဆိုတဲ့ အမြင်အားဖြင့် မြင်ရတဲ့အဆင်း အစရှိသော လောကီအာရုံတွေကို စွန့်လွှတ်ပြီး နိဗ္ဗာန်အာရုံ၌ တည်တယ်လို့ ယူရင်လဲ သင့်စရာ ရှိပါတယ်၊ ဒါကြောင့်ပင် အခြားမဲ့ နောက်စကားဖြင့် နိဗ္ဗာန်အာရုံသို့ ရောက်သွားပုံကို ဒီလိုပြထားတာပါပဲ။

မာလုက္ကျပုတ္တ–မာလုက္ကျာ၏ သားဖြစ်သောရဟန်း၊ ယတော – အကြင်အခါ၌၊ တွံ–သင်သည်၊ ဝါ–သင်လို့ခေါ်ဆိုရသော ရုပ် နာမ် အစဉ်သည်၊ နံ တတ္တ–ထိုမြင်ရသော အဆင်းစသည်၌ မတည်ဘဲ ရှိလတ္တံ့၊ မာလုက္ကျပုတ္တ–မာလုက္ကျာ၏ သားဖြစ်သော ရဟန်း၊ တတော–ထိုမြင်ရသည့် အဆင်းစသည်၌ မတည်သောအခါ၌၊ တွံ–သင်သည်၊ ဝါ–သင်ဟုခေါ်ရသော ရုပ်နာမ်အစဉ်သည်၊ နေဝဏ္ဏမ–ဤ၌လဲမရှိ၊ နံ ဟုရံ–ဟိုဤ၌လဲမရှိ၊ နံ ဥဘယမန္တရေ–

http://www.dhammadownload.com

ဤရုပ်နာမ်နှစ်ပါးကိုကြည့်၍ အခြားမ်ိုးလဲ မရှိတော့ပြီ၊ ဧယော-ဤသို့ သင်မရှိခြင်းသည်ပင်လျှင်၊ ဝါ-သင်ဟု ခေါ်ဆိုအပ်သော ရုပ်နာမ်အစဉ် မရှိခြင်းသည်ပင်လျှင်၊ ဒုက္ခသ အန္တော-ဆင်းရဲ၏ အဆုံးပေတည်း၊ ဝါ-ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲ၏ ကုန်ဆုံးရာ နိဗ္ဗာန်ပေတည်းတဲ့၊ (အနက်အဓိပ္ပာယ်အကျယ်ကိုတော့ ဤစာအုပ် (နာ ၄၇ စသည်မှာ ပြခဲ့ပါပြီ။)

ယခု အဲဒီသုတ်တရားတော်၏ မြန်မာပြန် အတိုချုပ်ကို ဆိုကြ ရမယ်။

မြန်မာပြန်အတိုချုပ်ဆောင်ပုဒ်များ

(၁) မာလုက္ကျပုတ္တရဟန်း၊ (သင် ဝန်ခံခဲ့သည့်အတိုင်း မမေ့ မလျော့ မပြတ်ရှုမှတ်နေလျှင်) မြင်ရ ကြားရ ရောက်ရ သိရတဲ့ ဒီတရားတွေထဲကလဲ သင့်မှာ မြင်ရသည်၌ မြင်ရုံမျှ ဖြစ်လိမ့်မည်၊ ကြားရသည်၌ ကြားရုံမျှဖြစ်လိမ့်မည်၊ ရောက်ရသည်၌ ရောက်ရုံမျှ ဖြစ်လိမ့်မည်၊ သိရသည်၌ သိရုံမျှ ဖြစ်လိမ့်မည်၊ (မြင်ရုံစသည် ဖြစ်အောင် မြင်နိုက်စသည် မပြတ်ရှုမှတ်နေရမယ်လို့ ဆိုလိုပါ တယ်။)

(၂) အဲဒီလိုဖြစ်လျှင် သင်ဟာ ထိုမြင်ရသည့်အဆင်း စသည် နှင့် (သာယာ, မုန်ထား, သိမှားသည့် အလိုအားဖြင့်) မစပ်မဆိုင်ဘဲ ရှိနိုင်လိမ့်မည်။

(၃) မစပ်မဆိုင်လျှင် သင်ဟာ အဲဒီမြင်ရတဲ့အဆင်းစသည် ၌ မတည်ဘဲ ရှိလိမ့်မည်။

http://www.dhammadownload.com

(၄) အဲဒီမြင်ရတဲ့ အဆင်းစသည်၌ မတည်လျှင် သင်ဟာ ဒီမှာလဲမရှိ၊ ဟိုမှာလဲမရှိ၊ အခြားမှာလဲမရှိ၊ ဒီလို သင်မရှိတာ သည်ပင် ဆင်းရဲ၏အဆုံး နိဗ္ဗာန်ပေတည်း။

အဲဒီ မြန်မာပြန်အတိုချုပ်(၄)ပိုဒ်ထဲက အမှတ်(၁)အပိုဒ်ဖြင့် "မြင်ရုံမျှစသည်၌သာ တည်အောင် ပေါ်လာသမျှကို မမေ့မလျော့ မပြတ်ရှုသိသွားဖို့" ညွှန်ကြားတော်မူတယ်၊ အဲဒါဟာ ဝိပဿနာ အလုပ်ကို အကျဉ်းချုပ် ဟောကြားတော်မူတာပဲ။

အမှတ်(၂)အပိုဒ်ဖြင့် အဲဒီလို ရှုသိတဲ့ အာရုံတိုင်းမှာ အာရမ္မဏာနုသယခေါ်တဲ့ ကိလေသာကင်းပုံကို ပြတော်မူတယ်။

အမှတ်(၃)အပိုဒ်ဖြင့် အဲဒီ ကိလေသာကင်းပုံကို တစ်နည်း ပြတော်မူတယ်၊ သို့မဟုတ် "မြင်ရ ကြားရ ရောက်ရ ကြံသိရတဲ့ လောကီအာရုံများ၌ မတည်တော့ဘဲ နိဗ္ဗာန်အာရုံ ရောက်သွားပုံကို ပြတော်မူတယ်"လို့လဲ ယူသင့်ပါတယ်၊ ဒါကြောင့်ပင် အမှတ်(၄) အပိုဒ်ဖြင့် အဲဒီမြင်ရတဲ့အဆင်း စသည်၌ မတည်လျှင် ဆင်းရဲ၏ အဆုံး ရောက်သွားပုံကိုဆက်ပြီး ပြတော်မူတာပဲ။

အဲဒီ အလုပ်ပေးတရားတော်ကို ကြားနာရတော့ မာလုက္ကျပုတ္တ မထေရ်က သူ့ဉာဏ်မှာ သဘောပေါက် သိနားလည်ပုံကို ဂါထာ ၂၄ ပုဒ်တို့ဖြင့် မြတ်စွာဘုရားအား တင်ပြလျှောက်ထားပါတယ်၊ မြတ်စွာဘုရားရှင်ကလဲ သာဓုခေါ်တော်မူပြီးတော့ အဲဒီဂါထာတွေကို ကိုယ်တော်တိုင်ထပ်ပြီး ဟောတော်မူပါတယ်။

http://www.dhammadownload.com

အဲဒါကို ထောက်ဆကြည့်ခြင်းအားဖြင့် မာလုက္ကျပုတ္တ ရဟန်းဆိုတာဟာ သာမန်ပုဂ္ဂိုလ် မဟုတ်ဘူး၊ ဘုရားဟောတရားကို တိတိကျကျ နားလည်တဲ့ ပုဂ္ဂိုလ်လဲ ဖြစ်တယ်၊ တခဏကလေးအတွင်းမှာ ဂါထာဆိုတဲ့ ပါဠိကဗျာတွေကို အချိုးတကျ စီကူးနိုင်တဲ့ ကဗျာပညာလဲ ဖြစ်တယ်လို့ သိရပါတယ်၊ နောက်ပြီးတော့ ဒီသုတ်၏ အဆုံးမှာ မကြာမီပင် ရဟန္တာ ဖြစ်သွားကြောင်းကိုလဲ တွေ့ရတဲ့အတွက် ပါရမီထူးရှိသူလဲ ဖြစ်ကြောင်း သိရပါတယ်။

အဲဒီ အရှင်မာလုက္ကျပုတ္တမထေရ် တင်ပြတဲ့ ဂါထာ ၂၄ ပုဒ် ထဲက ငါးဒွါရဆိုင်ရာ ဂါထာ ၂၀ ကိုတော့ ထုတ်ဖော်ဖွင့်ပြခဲ့ပါပြီ၊ ယခု မနောဒွါရဆိုင်ရာ ဂါထာ ၄ ပုဒ်ကို ရွတ်ဆိုဟောပြမယ်၊ အဲဒီ ၄ ဂါထာထဲက ၂ ဂါထာကတော့ ဝိပဿနာ မရှသူမှာ နိဗ္ဗာန်နှင့်ဝေးပုံကို ဖော်ပြတယ်၊ အခြား ၂ ဂါထာကတော့ ဝိပဿနာရှသူမှာ နိဗ္ဗာန်နှင့်နီးပုံကို ဖော်ပြတယ်၊ ယခု ကြဲသိခိုက်၌ မရှမမှတ်လျှင် နိဗ္ဗာန်နှင့်ဝေးပုံကို ဖော်ပြတဲ့ ဂါထာ ၂ ပုဒ်ကို စပြီး ရွတ်ဆိုဟောပြမယ်။

ကြဲသိခိုက်၌ မရှသူမှာ နိဗ္ဗာန်နှင့်ဝေးသည်

၁။ ဓမ္မံ ဥတ္တာ သတိ မုဋ္ဌာ၊
ပိယံ နိမိတ္တံ မနသိကရောတော၊
သာရတ္တစိတ္တောဝေဒေဟိ၊
တဿ အဗ္ဘောသ တိဋ္ဌတိ။

http://www.dhammadownload.com

ဝိယံနိမိတ္တံ–ချစ်ဖွယ်အာရုံကို၊ မနသိကရောတော–နှလုံးသွင်းနေသူအား၊ ဓမ္မ–သဘောအာရုံဟုခေါ်သော စိတ်ကူးအာရုံကို၊ ဥတ္တာ–ကြံ့သိပြီး၍၊ ဝါ–ကြံ့သိပြီးလျှင်၊ သတိမုဋ္ဌာ–အမှတ်မရှိဘဲ သတိမေ့သွား၏တဲ့။

လူတွေက ချစ်ဖွယ်အာရုံကောင်းကိုသာ အလိုရှိနေကြတယ်၊ အာရုံဆိုးကိုတော့ အလိုမရှိကြဘူး၊ ဒါကြောင့် အိပ်ရာက နိုးလာကတည်းက အာရုံကောင်းကိုသာ ကြံ့စည်မြော်လင့်နေကြတာပဲ၊ သတိပဋ္ဌာန် ဒေသနာတော်နည်းအရ ရှုမှတ်နည်းကို မသိကြသော အများလူစုတွေဟာ စိတ်ကူးကြံ့စည်တိုင်း အမှတ်သတိမရှိဘဲ မေ့နေကြတာချည်းပါပဲ၊ မေ့တယ်ဆိုပေမယ့် ဘာကိုမျှမသိဘဲ မူးမေ့နေတာမျိုးတော့ မဟုတ်ဘူး၊ အဲဒီ ကြံ့သိခိုက်မှာ ဖြစ်ပေါ်ထင်ပေါ်နေတဲ့ သဘောတရားအမှန်ကို အမှတ်မရှိဘဲ မသိဘဲ ဖြစ်နေတာကိုသာ ဆိုပါတယ်၊ ဒါကြောင့် ကြံ့သိခိုက်၌ ထင်ရှားပေါ်ခဲ့တဲ့အာရုံကို မရှုမသိသူမှာ မိန်းမ ယောကျ်ား ဘယ်သူဘယ်ဝါ ဘယ်လိုဟာ စသည်ဖြင့် မိရိုးဖလာ ဓမ္မတာအသိကတော့ သိနေတာပါပဲ၊ အဲဒီ စိတ်ကူးထဲမှာ ပေါ်လာတဲ့ ဘယ်ဟာကလေးက ကောင်းတယ်၊ အဲဒါကို ရအောင် ဘာလုပ်ရမယ်၊ ဘယ်သွားရမယ် စသည်ဖြင့် ဒီလို ချစ်ဖွယ် လိုချင်ဖွယ်အာရုံကိုလဲ သိနေတာပါပဲ၊ အဲဒီလို သိရိုးသိစဉ် ဓမ္မတာအသိမျှ ဆက်လက်ဖြစ်ပွားနေတာကို မေ့တယ်လို့ ဆိုရတာပါပဲ၊ ဒါကြောင့် –

ဝိယံမိနိတ္တံ–ချစ်ဖွယ်အာရုံကို၊ မနသိကရောတော–မူလကပင် နှလုံးသွင်းလျက် မြော်လင့်နေသောသူအား၊ ဓမ္မ–သဘောအာရုံကို၊

http://www.dhammadownload.com

ဝါ–စိတ်ကူးထဲမှာ ပေါ်လာသည့်အာရုံကို၊ ဥတွာ–သိရိုးသိစဉ် ဓမ္မတာ အသိဖြင့် သိပြီး၍၊ (ဝိယံနိမိတ္တံ–ချစ်ဖွယ် အာရုံကို၊ ဝါ–ချစ်ဖွယ် အာရုံဟူ၍၊ မနသိကရောတော–နှလုံးသွင်းမိသောသူအား) သတိ မုဋ္ဌာ–အမှတ်မရှာ သတိမေ့သွားသည်–လို့ ပြဆိုထားပါပဲ၊ ဆောင် ပုဒ်ကတော့ (သဘောသိလျှင်၊ ချစ်ဖွယ်ထင်၊ ထိုတွင်မေ့လေသည်) လို့ ဆိုကြရုံပါပဲ။

၁။ သဘောသိလျှင်၊ ချစ်ဖွယ်ထင်၊ ထိုတွင်မေ့လေသည်။

အဲဒီမှာ (ဓမ္မ)အရ သဘောဆိုပေမယ့် ပရမတ်သဘော တရား လို့ ဆိုလိုတာတော့ မဟုတ်ပါဘူး၊ စိတ်ကူးထဲမှာ ပေါ်လာတဲ့ အာရုံ ပါပဲ၊ မျက်စိ နား နှာခေါင်း လျှာ ကိုယ်ဆိုတဲ့ ပသာဒရုပ် ငါးပါးလဲ ပါတယ်၊ အာပေါ၊ အမဖြစ်ကြောင်းရုပ်, အဖိုဖြစ်ကြောင်းရုပ်, နှလုံး ရုပ်, အသက်ရုပ်, ဩဇာရုပ် ဆိုတာတွေလဲပါတယ်၊ မိန်းမ, ယောကျ်ား, လူ, နတ်, ကျွဲ, နွား, ကြက်, ငှက်, အိုး, အိမ်စသော ပညတ်အမျိုးမျိုးလဲပါတယ်၊ အဲဒါတွေဟာ သဘောအာရုံတွေပဲ၊ နောက်ပြီးတော့ မြင်ရတဲ့ အဆင်း ကြားရတဲ့အသံ နံရတဲ့အနံ့ စားသိရတဲ့အရသာ ထိသိရ တဲ့အတွေ့ဆိုတဲ့ ဒီအာရုံငါးပါးလဲ စိတ်ကူးထဲမှာ ပေါ်တာပဲ၊ အတိုချုပ်ပြောရရင်တော့ တကယ်ရှိတဲ့ အာရုံဖြစ်စေ၊ မရှိတဲ့ အာရုံဖြစ်စေ၊ စိတ်ကူးထဲမှာ ပေါ်လာတဲ့ အာရုံဟူသမျှကို သဘောအာရုံလို့ ဒီနေရာမှာ ဆိုတာပါပဲ၊ သမ္မသန ဉာဏ် ဥဒယဗ္ဗယဉာဏ်ရောက်နေတဲ့ ပုဂ္ဂိုလ်မှာဆိုရင် အနီးအပါးမှာ တစ်စုံတစ်ယောက်က ရောက်လာနေသလို၊ နတ်သား နတ်သမီး

http://www.dhammadownload.com

စသည်ကို မြင်နေရသလို ဘုရားရဟန္တာကို ဖူးမြင်ရသလို၊ တော
တောင်အဆောက်အအုံ အထူးတွေကို တွေ့နေရသလို တစ်စုံ
တစ်ယောက်က ပြောဆိုတာကို ကြားနေရသလိုလို စသည်ဖြင့်
တကယ်မဟုတ်တာတွေကိုလဲ ဟုတ်သလို ထင်တတ်တယ်၊ ပကတိ
လူတွေမှာတော့ လောကရေးရာနှင့်စပ်ပြီး ပညတ်အာရုံအမျိုးမျိုးတွေ
ထင်ပေါ်နေတာပဲ များပါတယ်၊ အဲဒါတွေကို ချစ်ဖွယ်အကောင်း
ထင်နေရင် မေ့သည်မည်တာပဲ၊ မုန်းဖွယ်ဆင်ရင်လဲ မေ့သည်မည်
တာပါပဲ၊ သိရိုးသိစဉ်အတိုင်း အမြဲရှိနေတဲ့အနေ စသည်ဖြင့်
ထင်ရင်လဲ မေ့သည်မည်တာပါပဲ၊ ဒါကြောင့်ချစ်ဖွယ်ထင်ပြီး ခံစားမှု
ဝေဒနာဖြစ်ပုံကို ပဓာနပြုပြီး ဒီလို ပြဆိုထားပါတယ်။

သော–စိတ်ကူးထဲမှာ ပေါ်လာတဲ့အာရုံကို ချစ်ဖွယ်ထင်လျက်
မရှုမမှတ်နိုင်ဘဲ မေ့သွားသော ထိုသူသည်၊ သာရတ္တစိတ္တော–
တပ်မက်သာယာသော စိတ်ရှိလျက်၊ ဝေဒေတိ–ခံစား၏။ တဿ–
ထိုအာရုံကိုလည်း၊ အဗ္ဗောသ တိဋ္ဌတိ–မျိုချိသိမ်းထားသကဲ့သို့
စိတ်ထဲ၌ စွဲလျက်တည်၏ တဲ့။

အဲဒီ စိတ်ကူးထဲ ပေါ်လာတဲ့ အာရုံဟာ ဆင်ခြင်တိုင်း ဆင်ခြင်
တိုင်း အမြဲပေါ်နေတာပဲ၊ ဓာတ်ပုံရိုက်ကူးထားသလိုပင် ပေါ်နေ
တယ်၊ မုန်းစရာဆိုရင်လဲ မုန်းစရာအနေနဲ့ ပေါ်နေတာပဲ၊ သာမန်
အာရုံဆိုရင်လဲ မြဲတဲ့အနေ ပုဂ္ဂိုလ်သတ္တဝါအနေ စသည်ဖြင့် ပေါ်နေ
တာပဲ၊ ဆောင်ပုဒ်ကတော့ ရှေးကအတိုင်း ဆိုကြရုံပါပဲ။

၂။ သာယာတပ်စွဲ၊ ခံစားမြဲ၊ စိတ်ထဲသိမ်းလျက်တည်၊

http://www.dhammadownload.com

အဲဒီလို စိတ်ထဲမှာ စွဲပြီးတည်နေတဲ့ အာရုံနဲ့စပ်ပြီး ခံစားမှု ဝေဒနာအမျိုးမျိုးလဲ ဖြစ်ပွားတယ်၊ အဲဒီအာရုံရလိုတဲ့ လောဘ၊ ရပြီး ဆိုရင် တွယ်တာတဲ့ လောဘ၊ ပျောက်ပျက်သွားမည်ကို သည်းမခံ နိုင်တဲ့ ဒေါသ၊ မရအောင်, ပျက်စီးဆုံးရှုံးအောင် ပြုတယ် ထင်ရ သူကို ညှဉ်းဆဲလိုတဲ့ ဒေါသစသည်တွေလဲ ဖြစ်ပွားတယ်၊ အဲဒီလို ဖြစ်ပွားပုံကို ဒီလို ပြဆိုတော်မူပါတယ်။

၃။ တသ ဝမ္ဘန္တိ ဝေဒနာ၊ အနေကာ ဓမ္မသမ္ဘဝါ၊
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တ မသ္ဘုပဟညတိ၊
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ။

တသ–ကြံ့သိရတဲ့အာရုံကို စိတ်ထဲ၌စွဲလျက် သိမ်းပိုက်ထား သော ထိုသူအား၊ ဓမ္မသမ္ဘဝါ–စိတ်ကူးအာရုံကိုမှီ၍ ဖြစ်ကုန်သော၊ အနေကာ–များစွာကုန်သော ဝေဒနာ–အကောင်းအဆိုး အမျိုးမျိုး သော ခံစားမှုတို့သည်၊ ဝမ္ဘန္တိ–ဖြစ်ပွားကုန်၏တဲ့၊ ဆောင်ပုဒ် ကတော့ (သဘောဆိုင်ရာ ဝေဒနာ၊ များစွာပွားတော့သည်) စသည် ဖြင့် ဆိုကြရုံပါပဲ။

၃။ သဘောဆိုင်ရာ၊ ဝေဒနာ၊ များစွာ ပွားတော့သည်။

အဘိဇ္ဈာ စ၊ ရလိုသမှု ရှေးရှုကြံစည်သော လောဘသည် လည်းကောင်း၊ ဝိဟေသာ စ–ညှဉ်းဆဲလိုသော ဒေါသသည် လည်းကောင်း၊ ဝမ္ဘန္တိ–ဖြစ်ပွားကုန်၏၊ အသ–ထိုပုဂ္ဂိုလ်၏ စိတ္တံ–စိတ်သည်၊ ဥပဟညတိ–လောဘ ဒေါသတို့ကြောင့် ပင်ပန်းလျက် ရှိနေရျေသည်တဲ့။ ဆောင်ပုဒ်ကတော့ ရှေးကအတိုင်း ဆိုကြရုံပါပဲ။

http://www.dhammadownload.com

၄။ လောဘစည်ကား၊ ဒေါသပွား၊ ဗျာပျားစိတ်ပန်းသည်။

စိတ်ကူးကြံစည်ပြီး လောဘ ဒေါသ ပွားနေကြတာကတော့ အင်မတန် ထင်ရှားပါတယ်၊ အဲဒီ လောဘ ဒေါသ စသည်တွေက ကိလေသာ ဝဋ်ဆင်းရဲတွေပဲ၊ အဲဒီ လောဘ ဒေါသ စသည်ကို မှီပြီး မိမိအလိုရှိတဲ့အရာကို ရအောင် အလိုရှိတဲ့ ကိစ္စပြီးအောင် ပြုလုပ်ပြောဆိုနေကြတာတွေက အကုသိုလ်က် ကုသိုလ်ကံဆိုတဲ့ ကမ္မဝဋ်ဆင်းရဲတွေပဲ၊ အဲဒီကံကြောင့် အပါယ်လေးဘုံမှာ ဖြစ်ပြီး တော့ ခံစားရမည့် ဆင်းရဲတွေနဲ့ လူ့ဘဝ နတ်ဘဝမှာ ဖြစ်ပြီး ခံစား ရမည့် အိုနာသေစသော ဆင်းရဲတွေ အဲဒါတွေက ဝိပါက ဝဋ်ဆင်းရဲ တွေပဲ စိတ်ကူးစဉ်းစား ကြံစည်တိုင်း မရှုမသိသူမှာ အဲဒီဆင်းရဲကို လက်ခံရှာမှီး ဆည်းပူးစုဆောင်းနေသည် မည်တယ်၊ မရှုမမှတ်ဘဲ အဲဒီနည်းအတိုင်းသာ မပြောင်းလဲဘဲ နေသွားရင် နိဗ္ဗာန်နှင့်ဝေးပါ တယ်တဲ့၊ ဒါကြောင့် အဲဒီအနက်အဓိပ္ပါယ်ကို ဒီလိုဆက်ပြီး ဖော်ပြ ထားပါတယ်။

ဧဝံ–မရှုမမှတ်ဘဲနေသော ဤနည်းဖြင့်၊ ဒုက္ခံ–ကိလေသာ ဆင်းရဲ ဝဋ်ဆင်းရဲကို၊ အာစိနတော–လက်ခံ၍ ဆည်းပူးစုဆောင်း နေသောသူအား၊ နိဗ္ဗာနံ–ဆင်းရဲငြိမ်းသော နိဗ္ဗာန်သည်၊ ဝါ– နိဗ္ဗာန်ကို၊ အာရော–ဝေးသည်ဟူ၍၊ ဝုစ္စတိ–ဆိုအပ်ပါသည်တဲ့၊ ဆောင်ပုဒ်ကတော့ ရှေးကအတိုင်း ဆိုကြရုံပါပဲ။

၅။ ဤနည်းဖြင့်ပဲ၊ မပြောင်းလဲ၊ ဆင်းရဲရှာသူမည်။

၆။ ဆင်းရဲကိုသာ၊ ရှာသူမှာ၊ ဝေးစွာနိဗ္ဗာန်ပြည်။

http://www.dhammadownload.com

ယခု ရွတ်ဆို ဟောပြခဲ့တဲ့ အမှတ် (၁၂) ဂါထာ ၂ ပုဒ်အရ အတိုချုပ်ဆိုလိုတာကတော့ ကြဲသိခိုက်၌ မရှုမမှတ်သူမှာ နိဗ္ဗာန်ဝေးသည်"လို့ ဆိုလိုတာပါပဲ၊ အဲဒါကို ဆိုကြရမယ်။

ကြဲသိခိုက်၌ မရှုမမှတ်သူမှာ နိဗ္ဗာန်ဝေးသည်။

ကဏ္ဍပက္ခဆိုတဲ့ အမည်းပိုင်း ဂါထာ ၂ ခုကတော့ ပြီးပါပြီ၊ ယခု သုက္ကပက္ခဆိုတဲ့ အဖြူပိုင်း ဂါထာ ၂ ခုကို ရွတ်ဆိုပြီး ဟောပြရမယ်။

ကြဲသိခိုက်၌ ရှုသိသူမှာ နိဗ္ဗာန်နှင့်နီးသည်

၃။ နေ သော ရဇ္ဇတိ ဓမ္မေသု၊ ဓမ္မံ ဥတ္တာ ပဋိသတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဿ နာဗ္ဘောသ တိဋ္ဌတိ။

ယော–အကြင်ပုဂ္ဂိုလ်သည်၊ ဓမ္မံ–သဘောအာရုံ စိတ်ကူးအာရုံကို၊ ဥတ္တာ–သိပြီး၍၊ ဝါ–သိပြီးလျှင်၊ ပဋိသတော–တဖန် အမှတ်ရသည်၊ ဟောတိ–ဖြစ်၏၊ (ဒီစကားဖြင့် စိတ်ကူးကြဲသိတိုင်း စိတ် ကူးတယ် ကြဲတယ် စသည်ဖြင့် ချက်ချင်းပင် ရှုမှတ်ပြီး သိဖို့သွန်ပြတယ်၊ မသိရတဲ့ အာရုံကိုတော့ ကြဲစည်တွေးတောပြီး ရှုဖို့ မသွန်ပြဘူး၊ အဲဒါကို အထူးသတိပြုကြရမယ်၊) သော–ကြဲသိ ပြီးလျှင် ချက်ချင်းအမှတ်ရသော ထိုပုဂ္ဂိုလ်သည်၊ ဓမ္မေသု–ကြဲသိရ သောအာရုံတို့၌၊ နေ ရဇ္ဇတိ–မတပ်မက်၊ ဝါ–တပ်မက်ရာကင်းသည် တဲ့။

ဖောင်းတယ် ပိန်တယ် စသည်ဖြင့် မပြတ်ရှုမှတ်နေရင် စိတ်ကူး ကြဲစည်မိရင် စိတ်ကူးတယ် ကြဲစည်တယ် လိုချင်တယ် စသည်ဖြင့်

http://www.dhammadownload.com

ရှုမှတ်တာဟာ ဒီဒေသနာတော်နဲ့ အညီပဲ၊ ဆောင်ပုဒ်ကတော့ (သဘောသိက၊ အမှတ်ရ၊ ရာဂကင်းတော့သည်၊) လို့ ဆိုကြရုံပါပဲ။

၁။ သတောသိက၊ အမှတ်ရ၊ ရာဂကင်းတော့သည်။

ဒီနေရာမှာလဲ (ဓမ္မ) အရ သတောလို့ ဆိုပေမယ့် ပရမတ် သဘောရယ်လို့တော့ ဆိုလိုတာ မဟုတ်ပါဘူး၊ ဓမ္မာရုံလို့ ဆိုရတဲ့ စိတ်ကူးအာရုံတွေနဲ့ မြင်သိရတဲ့ အာရုံစသည်တွေပါပဲ၊ အဲဒီအထဲမှာ ပညတ်အာရုံတွေကတော့ တကယ်ရှိတဲ့အာရုံ ဖြစ်ပျက်တဲ့ အာရုံ မဟုတ်ပါဘူး၊ ဒါပေမယ့် ကြံသိတဲ့ စိတ်နာမ်ကတော့ တကယ်ရှိတဲ့ ပရမတ်ပဲ၊ ဖြစ်ပြီး ချက်ချင်းပင် ပျောက်ကွယ် ပျက်စီးသွားတဲ့ အနိစ္စတရားပဲ၊ ဒါပေမယ့် ရှုမှတ်နေတဲ့ယောဂီမှာတော့ စိတ်ကူးဖြင့် မြင်တာကို မြင်တယ်လို့ ရှုမှတ်လိုက်ရင် မြင်ရတဲ့ ပုံသဏ္ဌာန်ပါ ပျောက်ပျက်သွားတယ်လို့ ထင်ရတတ်ပါတယ်၊ အမှန်စင်စစ်ကတော့ ကြံသိတဲ့စိတ် နာမ်တရား ပျောက်ကွယ်သွားတာကို သိတာပါပဲ၊ အာရုံကို ဂရုစိုက်ပြီး ရှုနေသောကြောင့် အာရမ္မဏိက စိတ်နာမ်ပျောက်ကွယ်သွားတာကိုပင် အာရုံပျောက်သွားတယ်လို့ ထင်ရတာပါပဲ၊ အဲဒီလို ရှုမှတ်မိလို့ တပ်မက်ခြင်း မရှိတဲ့အတွက် –

သော–ကြံသိပြီးလျှင် ချက်ချင်းအမှတ်ရသဖြင့် မတပ်မက်သော ထိုပုဂ္ဂိုလ်သည်၊ ဝိရတ္တစိတ္တော–တပ်မက်ကင်းသော စိတ်ရှိသည်ဖြစ်၍၊ ဝါ–မတပ်မက်သော စိတ်တို့ဖြင့်၊ ဝေဒေတိ–ခံစားရ၏၊ တဿ–ထိုစိတ်ကူးအာရုံကိုလည်း၊ နှ အဗ္ဗောသတိဿတိ–မျိုချ သိမ်းထားသကဲ့သို့ စိတ်ထဲ၌ စွဲလျက် မတည်–တဲ့၊ ဆောင်ပုဒ်က

http://www.dhammadownload.com

တော့ ရှေးကအတိုင်း ဆိုကြရုံပါပဲ။

၂။ မတပ်မက်ဘဲ၊ ခံစားမြဲ၊ စိတ်ထဲမသိမ်းပြီ။

အဲဒီလို တပ်မက်ခြင်း မရှိဘဲ ခံစားရုံသက်သက်မျှသာ ဖြစ်သောကြောင့် ကြံ့သိရသော်လဲ မသိရတဲ့ အာရုံလိုပဲ ဖြစ်နေတယ်၊ (ဝိညာတေ ဝိညာတမတ္တं ဘဝိဿတိ) ကြံ့သိရသည်ခ် ကြံ့သိရုံမျှ ဖြစ်လတ္တံ့ဆိုတဲ့ ဒေသနာတော်နှင့်လဲ အညီဖြစ်နေတယ်၊ မရှုမသိတဲ့ သာမန်လူတွေမှာ (ဝေဒနာကြောင့် တဏှာဖြစ်သည်)လို့ ဟောထားတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ခံစားမှုဝေဒနာ အကြောင်းပြုပြီး တပ်မက်လိုချင်တဲ့တဏှာ ဖြစ်ရိုးဖြစ်စဉ်ရှိသော်လဲ ကြံ့သိပြီးလျှင်ပြီးချင်း ရှုသိနိုင်တဲ့ ယောဂီမှာတော့ ဝေဒနာသာဖြစ်တယ်၊ တဏှာမဖြစ်တော့ဘူး၊ ဒီပြင် ကိလေသာတွေလဲ မဖြစ်တော့ဘူး၊ ကိလေသာမှ ဆက်ပြီးဖြစ်မည့် ကံလဲ မဖြစ်ရတော့ဘူး၊ ကံ၏အကျိုး ဝိပါကဝဋ်ဆင်းရဲလဲ မဖြစ်ရတော့ဘူး၊ အဲဒီလို ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲတွေ ငြိမ်းပုံကို ဒီလို ဖော်ပြတော်မူပါတယ်။

၄။ ယထာသဏာနသောဓမ္မံ၊ သေဝတောစာပိဝေဒနံ၊
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတိဿတော၊
ဧဝံအပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ။

ယထာ–အခြားမဲ့ခ် မှတ်သိမှုပါသော အကြင်အခြင်းအရာဖြင့်၊ ဓမ္မံ–သဘောအာရုံ စိတ်ကူးအာရုံကို၊ ဏနတောစာပိ–သိလဲသိငြားသော်လဲ၊ ဝေဒနံ–ခံစားမှုကို၊ သေဝတောစာပိ–မှီလဲမှီဝဲငြားသော်လဲ၊ ဒုက္ခံ–မရှုမသိလျှင်ဖြစ်နိုင်သော ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲသည်၊

http://www.dhammadownload.com

ခ်ိယတိ–ကုန်သာကုန်ခန်း၏၊ နော ပစ်ယတိ–ဆည်းပူးအပ်သည်ကား မဟုတ်ပေ၊ ဧ–ဤသို့သော အခြင်းအရာဖြင့်၊ သတော–အမှတ်ရလျက်၊ သော–ထိုယောဂီ ပုဂ္ဂိုလ်သည်၊ စရတိ–ကျင့်ပေ၏တဲ့။

ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်မှာ သူများလိုပင် ကြံ့သိမှုလဲ ရှိတာပဲ၊ ကြံ့သိရတဲ့အာရုံကို ခံစားမှုလဲ ရှိတာပဲ၊ သို့ပေမယ့် ကြံ့သိပြီးလျှင်ပြီးချင်း မှတ်သိမှုက အမြဲပါနေတဲ့အတွက် သာမန်လူများမှာလို ကြံ့သိရတဲ့အာရုံနဲ့ ခံစားမှုကိုမှီပြီး ကိလေသာတွေလဲ မဖြစ်ဘူး၊ အဲဒီကိလေသာမှဆက်ပြီး ဖြစ်မည့်ကံနှင့် အကျိုးဝိပါက်လဲ မဖြစ်ဘူး၊ အဲဒါ ဘာကြောင့်လဲဆိုရင် မဏ္ဍိုမပဋိပဒါခေါ်တဲ့ ရှုသိမှုက ချက်ချင်းဆက်ပြီး ပါလာလို့ပါပဲ၊ ဆောင်ပုဒ်ကတော့ (မှတ်သိလျက်သား၊ ကြံ့သိသွား၊ ခံစားမှီဝဲသည်) လို့ ဆိုကြရုံပါပဲ။

၃။ မှတ်သိလျက်သား၊ ကြံ့သိသွား၊ ခံစားမှီဝဲသည်၊

နောက် ၂ ပုဒ်ကတော့ ရှေးကအတိုင်း ဆိုကြရုံပါပဲ။

၄။ သို့ပါသော်လဲ၊ ဝဋ်ဆင်းရဲ ကုန်မြဲကုန်ခန်းသည်။

၅။ ဤနည်းဖြင့်သာ၊ ယောဂီမှာ၊ မှတ်ကာကျင့်ရသည်။

ဒီအမှတ် ၅ ဆောင်ပုဒ်ဟာ (ဧဝံ သော စရတိသတော) ဆိုတဲ့အပိုဒ်၏ အတိအကျ မြန်မာပြန်ပဲ၊ ဝိပဿနာရှုတဲ့ ယောဂီမှန်ရင်လျှင် အာရုံတစ်ခုခုကို သိပြီးလျှင်ပြီးချင်း အမှတ်ရရမယ်၊ ရှုမှတ်ပြီး သိရမယ်ဆိုတာ ကိန်းသေမှတ်ထားကြရမယ်။

http://www.dhammadownload.com

နောက် ၂ ပိုဒ်ကတော့ ဇော်-ဤဆိုအပ်ခဲ့သည့်အတိုင်း ကြံသိပြီးလျှင်ပြီးချင်း ရှုမှတ်သောအားဖြင့်၊ ဒုက္ခ-မရှုမမှတ်လျှင် ဖြစ်ခွင့်ရှိသော ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲကို၊ အပစိနတော-ဖျက်ဆီးနေသော ပုဂ္ဂိုလ်အား၊ နိဗ္ဗာနံ-ဆင်းရဲငြိမ်းသော နိဗ္ဗာန်သည်၊ ဝါ-နိဗ္ဗာန်ကို၊ သန္တိကေ-နီးသည်ဟူ၍၊ ဝုစ္စတိ-ဆိုအပ်ပါသည် တဲ့။

ကြံသိပြီးလျှင်ပြီးချင်း ရှုမှတ်ပြီး အနိစ္စစသည်ဖြင့် အမှန်အတိုင်း သိသိသွားလျှင် သိတိုင်းသိတိုင်း အာရမ္မဏာနုသယ ဆိုတဲ့ ဖြစ်ခွင့်ရှိသော ကိလေသာဆင်းရဲငြိမ်းတယ်၊ အဲဒီကိလေသာမှ ဆက်ပြီးဖြစ်မည့် ကမ္မဝဋ်ဆင်းရဲနှင့် ဝိပါကဝဋ်ဆင်းရဲလဲ ငြိမ်းတယ်၊ အဲဒီလို ဆင်းရဲငြိမ်းတာကို တဒင်္ဂနိဗ္ဗာန်လို့ ကျမ်းဂန်တို့၌ ဆိုတာပဲ၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဲဒီတဒင်္ဂနိဗ္ဗာန် ရောက်ပြီးတော့ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အရိယမဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်အစစ်သို့ ဆိုက်ရောက်သွားတာပဲ၊ အဲဒီလို ဆိုက်ရောက်ပုံကိုတော့ ဝိပဿနာရှုနည်းကျမ်းမှစ၍ မကြာမီက ထွက်ပေါ်တဲ့ တက္ကသိုလ် ဝိပဿနာတရားတော် စာအုပ်အထိ အကြိမ်ကြိမ် ပြောပြခဲ့ပါပြီ၊ ဒီတရားစာအုပ်မှာလဲ (နှာ ၆၁နှင့် ၈၆)မှာ အကျဉ်းချုပ် ပြောပြခဲ့ပါပြီ၊ ဒါကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း နိဗ္ဗာန်နှင့် နီးကပ်နီးကပ်သွားသည်ဆိုတာ အင်မတန် ထင်ရှားပါတယ်၊ ဆောင်ပုဒ်ကတော့ (ကြံတိုင်း ရှုမှတ်၊ ဆင်းရဲသတ်၊ နီးကပ် နိဗ္ဗာန်ပြည်) လို့ ဆိုကြရုံပါပဲ။

၆။ ကြံတိုင်းရှုမှတ်၊ ဆင်းရဲသတ်၊ နီးကပ်နိဗ္ဗာန်ပြည်၊

http://www.dhammadownload.com

ယခုရှုတ်ဆိုပြီး ဟောပြခဲ့တဲ့ အမှတ် (၃၊၄) ဂါထာ ၂ ပုဒ်အရ အတိုချုပ် ဆိုလိုတာကတော့ (ကြံသိခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နီးသည်)လို့ ဆိုလိုတာပါပဲ၊ အဲဒါကို ဆိုကြရမယ်။

ကြံသိခိုက်၌ ရှုမှတ်သူမှာ နိဗ္ဗာန်နီးသည်။

ဒီမာလုကျပုတ္တသုတ်တစ်သုတ်လုံးမှာ အတိုချုပ်ဆိုလိုတာကလဲ (မရှုမှတ်သူမှာ နိဗ္ဗာန်ဝေးသည်၊ ရှုမှတ်သူမှာ နိဗ္ဗာန် နီးသည်)လို့ ဆိုလိုတာပါပဲ၊ အဲဒါကိုလဲ နိဂုံးချုပ်အနေဖြင့် ဆိုကြရမယ်။

နိဗ္ဗာန်နှင့်ဝေးပုံနီးပုံ နိဂုံးချုပ်ဆောင်ပုဒ်

မရှုမမှတ်သူမှာ နိဗ္ဗာန်ဝေးသည်၊
ရှုမှတ်သူမှာ နိဗ္ဗာန်နီးသည်၊

ယခု ရှုတ်ဆိုပြတဲ့ ဂါထာ ၂၄ ပုဒ်ကို မြတ်စွာဘုရားရှင်က ကိုယ်တော်တိုင် ထပ်မံရှုတ်ဆိုဟောကြားတော်မူပြီးတော့ ဒီလို နိဂုံးချုပ် စကားတော်ကိုလဲ မိန့်ကြားတော်မူပါတယ်။

နိဂုံးချုပ်စကားတော်

ဣမသ္မာ ခေါ မာလုကျပုတ္တ မယာ သံခိတ္တေန
ဘာသိတသ္မာ ဧဝံ ဝိတ္ထာရေန အတ္ထော ဒဋ္ဌော။

မာလုကျပုတ္တ–မာလုကျာ၏ သားဖြစ်သောရဟန်း၊ မယာ–ငါ ဘုရားသည်၊ သံခိတ္တေန ဘာသိတသ္မာ ဣမသ္မာ–သင့်အား အကျဉ်းအားဖြင့် ဟောခဲ့သော (စတ္တာ စ တေ မာလုကျပုတ္တ ဒိဋ္ဌ သုတ

http://www.dhammadownload.com

မုတ ဝိညာတေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ မုစ၍ ဒေသေဝန္တော ဒုက္ခဿ-တိုင်အောင်) ဤစကားရပ်၏၊ ဝိတ္ထာရေန အတ္ထော-အကျယ်အားဖြင့်အနက်ကို၊ ဧတံ-ဤဆိုခဲ့သော ၂၄ ဂါထာ အတိုင်း၊ ဒဋ္ဌဗ္ဗော-ကိန်းသေမုချ မှတ်ရမည်လို့လဲ နိဂုံးချုပ် အနေ ဖြင့် မှာကြားတော်မူခဲ့ပါတယ်။

မာလုက္ကျပုတ္တသုတ်တရားတော် တရားသားကတော့ ပြည့်စုံ ပါပြီ၊ အခု အဲဒီသုတ်က သင်္ဂီယနာတင် မှတ်တမ်းကို ဖော်ပြ ဟောကြားရမယ်၊ ပါဠိအနက်ပူးတွဲ ဖော်ပြထားမယ်။

သင်္ဂီယနာတင်မှတ်တမ်း

အထခေါ-ထိုအခါ၌၊ အာယသ္မာ မာလုက္ကျပုတ္တော-အရှင် မာလုက္ကျပုတ္တသည်၊ ဘဂဝတော ဘာသိတं-မြတ်စွာဘုရား ဟောကြားသော တရားတော်ကို၊ အဘိနန္ဒိတ္တာ-နှစ်သက်ကြည်ဖြူ သဘောတူ လက်ခံပြီး၍၊ အနုမောဒိတ္တာ-ဝမ်းမြောက်သမှု သာဓု ခေါ်ပြီး၍၊ ဥဋ္ဌာယာသနာ-ထိုင်နေရာမှ ထပြီးလျှင်၊ ဘဂဝန္တံ အဘိဝါဒေတ္တာ-မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးလျက်၊ ပဒက္ခိဏံ ကတ္တာ-အရိုအသေ ပြု၍၊ ပက္ကာမိ-ဖဲခွာသွားလေသတဲ့။

အထခေါ-ထိုသို့ ဖဲခွာသွားပြီးသောအခါ၌၊ အာယသ္မာ မာလုက္ကျပုတ္တော-အရှင်မာလုက္ကျပုတ္တသည်၊ ဧကော-တစ်ပါး တည်း၊ ဝူပကဋ္ဌော-ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက်၊ အပ္ပမတ္တော -မမေ့မလျော့သည်ဖြစ်၍၊ အာတာပီ-ကိလေသာကို ပူလောင်သွေ့ ခြောက် ကင်းပျောက်စေနိုင်သော ပြင်းစွာအားထုတ်မှု သမ္မပ္ပဓာန်

http://www.dhammadownload.com

နှင့် လုံ့လဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍၊ ပဟိတတ္တော–တရားထူးကို ရရန် စေလွှတ်အပ်သောစိတ်၊ စွန့်လွှတ်အပ်သော ကိုယ်စိတ်ရှိသည် ဖြစ်၍၊ (ဧကော ဝူပကဋ္ဌော အပွမတ္တော အာတာပီ ပဟိတတ္တော– ဟူသော စကားများဟာ ကမ္မဋ္ဌာန်းတောင်းစဉ်က လျှောက်ထားတဲ့ စကားများနဲ့ထပ်တူ ဖြစ်နေပါတယ်၊ အဲဒီပုဒ်များဖြင့် မြင်ရုံမျှ စသည်၌ တည်အောင် မမေ့မလျော့ မပြတ်ရှုမှတ်နေပုံကို ပြတာ ပါပဲ၊ အဲဒီပုဒ်များ၏ အနက်အဓိပ္ပါယ်ကိုလဲ ဒီစာအုပ်၌ (နာ ၄ မှ ၁၀ အထိ) ဖော်ပြခဲ့ပါပြီ၊) ဝိဟာရဏ္ဍော–နေသည်ဖြစ်၍၊ နှ စိရဿေ၀ –မကြာမြင့်မီပင်လျှင်၊ (ယဿတ္ထာယ ကုလပုတ္တာ သမ္မာဒဏ္ဍာ အဂါရသ္မာ အနဂါရိယံ–ပဗ္ဗဇန္တိ–အမျိုးကောင်းသားတို့သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ နည်းလမ်းမှန်စွာ ဝင်ရောက်၍ ရဟန်း ပြုကြလျှင် အကြင်အရဟတ္တဖိုလ်အကျိုးငှာ ပြုကြမြဲ ဖြစ်ပေသည်၊) တဒနုတ္တရ ဗြဟ္မစရိယပရိယောသာနံ–သူ့ထက်အလွန်အကဲမရှိ အမြတ်ဆုံးဖြစ်သော အကျင့်မြတ်၏ အဆုံးဖြစ်သော ထို အရဟတ္တ ဖိုလ်အကျိုးကို၊ ဒိဋ္ဌေ၀ ဓမ္မေ–မျက်မှောက် အတ္တဘော၊ မျက်မှောက် ကိုယ်၌ပင်လျှင်၊ ဘယံ အဘိညာ–ကိုယ်တိုင်ပင် ထူးသောဉာဏ် ဖြင့် သိပြီး၍၊ သစ္ဆိကတ္တာ–မျက်မှောက်ပြုလျက်၊ ဥပသမ္ပဇ္ဇ–ပြည့်စုံ စေ၍၊ ဝါ–ဆိုက်ရောက်၍၊ ဝိဟ္ဟာသိ–နေလေပြီ၊ ခီဏာဇာတိ–ဘ၀ အသစ် ဖြစ်မှုကုန်ပြီ၊ ဝုသိတं ဗြဟ္မစရိယံ–မဂ္ဂင်ရှစ်ရပ် အကျင့် မြတ်ကို ကျင့်သုံးခြင်းကိစ္စပြီးပြီ၊ ကတं ကရဏီယံ–ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ နာပရံ ဣတ္ထတ္တာယ–ဤကိစ္စအလို့ငှာ တဖန်ပြုဖွယ် မရှိတော့ပြီ၊ ဣတိ အမ္ဘညာသိ–ဤသို့ သိသွားလေပြီ၊ ပန–ဆက်၍

http://www.dhammadownload.com

ဖော်ပြရလျှင်၊ အာယသ္မာ မာလုက္ကျပုတ္တော–အရှင်မာလုက္ကျပုတ္တသည်၊ အရဟတ်–အရှင်ကောဏ္ဍည အစရှိသော ရဟန္တာအရှင်မြတ်တို့တွင်၊ အညတရော စ–အပါအဝင် ရဟန္တာအရှင်မြတ်တစ်ပါးသည်လည်း၊ အဟောသိ–ဖြစ်တော်မူလေသတည်းတဲ့။

အဲဒါဟာ ပထမ သင်္ဂီယနာတင်စဉ်က မှတ်တမ်းတင်ခဲ့တဲ့ စကားပါပဲ၊ ဒီဌေ ဒီဌမတ္တံ ဘဝိဿတိ–စသည်ဖြင့် မြတ်စွာဘုရားရှင်က အကျဉ်းချုပ်ညွှန်ပြတဲ့ ဝိပဿနာလုပ်ငန်းစဉ်အရ အရှင်မာလုက္ကျပုတ္တာဟာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံ့သိတိုင်း ချက်ချင်းရှုမှတ်ပြီးတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ နေ့ရက်အချိန် မကြာမီပင် ရောက်ပြီး ရဟန္တာဖြစ်တော်မူပုံပါပဲ။

ယခုဒီရိပ်သာမှာ ဘုန်းကြီးတို့ ညွှန်ပြသည့်အတိုင်း ထိသိမှုဆိုင်ရာ ဖောင်းတာ ပိန်တာမှစပြီး ပေါ်လာသမျှကို မပြတ်ရှုသိနေကြတဲ့ ယောဂီတွေထဲ မိမိတို့၏ပါရမ်အားလျော်စွာ ဉာဏ်ထူးတရားထူးရကြမှာ သေချာပါတယ်၊ ၁၃၀၀ ပြည့်နှစ်မှစပြီး ဘုန်းကြီးတို့၏ ညွှန်ကြားချက်အရ ရှုမှတ်အားထုတ်ကြပြီးတော့ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်အထိ ဖြစ်ပြီး ဉာဏ်စဉ်တရားကို နာရတဲ့သူတွေ ထောင်သောင်းများစွာ ရှိနေပါပြီ၊ အဲဒီအထဲမှာ အရိယမဂ်ဖိုလ်ဉာဏ်အထိ ပြည့်စုံတဲ့ သူတွေလဲ များစွာပါတယ်ဆိုတာ ယုံကြည်စိတ်ချလောက်တဲ့ အခြေအနေ ရှိပါတယ်။

http://www.dhammadownload.com

ဗာဟိယဝတ္ထု အကျဉ်းချုပ်

မြတ်စွာဘုရားလက်ထက်တော်က ဗာဟိယဒါရုစီရိယ ဆိုတဲ့ ပုဂ္ဂိုလ်ဟာ သာဝတ္ထိမြို့ကဲ့ ဆွမ်းခံကြွနေစဉ် မြတ်စွာဘုရားထံ အကျဉ်းချုပ်တရားဟောဖို့ လျှောက်တောင်းတဲ့အတွက် မြတ်စွာဘုရားက ခေတ္တရပ်တန့်ပြီးတော့ ....

> တသ္မာတိဟ တေ ဗာဟိယ ဧवံ သိက္ခိတဗ္ဗं (ဗာဟိယ အကျဉ်းချုပ်ဟောရန် သင်က သုံးကြိမ်တိုင်တိုင် တောင်းပန်သောကြောင့်၊ သင်ဟာ ဤသို့ကျင့်ရမည်၊) ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ (မြင်ရသည်၌ မြင်ရုံမျှ ဖြစ်လတ္တံ့၊ ကြားရသည်၌ ကြားရုံမျှ ဖြစ်လတ္တံ့၊ ရောက်ရသည်၌ ရောက်ရုံမျှဖြစ်လတ္တံ့၊ သိရသည်၌ သိရုံမျှ ဖြစ်လတ္တံ့၊) စသည်ဖြင့် –

ဒီမာလုကျမ္ဘုတ္ဆသုတ်မှာလိုပဲ ဟောကြားတော်မူပါတယ်၊ အဲဒီတရားကိုနာရင်း ရှုမှတ်အားထုတ်၍ ဗဟိယဆိုတဲ့ပုဂ္ဂိုလ်ဟာ ရဟန္တာဖြစ်သွားတယ်၊ အဲဒီအကြောင်းကို ဓမ္မိကသုတ် တရားတော်စာအုပ် (နာ ၃၅ စသည်)မှာ ဖော်ပြထားပြီး ရှိပါတယ်။

ဒါကြောင့် မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း မြင်ရုံမျှ ကြားရုံမျှစသည်တွင် တည်အောင်ရှုသိတဲ့နည်းဟာ တိုတိုကလေးနဲ့ အင်မတန် ခရီးရောက်စေနိုင်တဲ့

http://www.dhammadownload.com

နည်းပဲ၊ သွားလျှင်မူလည်း သွားသည်ဟုသိ၏ စသည်ဖြင့် ဟောပြထားတဲ့ သတိပဋ္ဌာနသုတ် တရားတော်နှင့်လဲ ထပ်တူပါပဲ၊ အဲဒီ အနက်အဓိပ္ပာယ်ကို သိနားလည်ကြပြီး မဂ်ရောက်ဖိုလ်ရောက် ရှုမှတ်အားထုတ်နိုင်ကြပါစေလို့ ရည်ရွယ်ပြီးတော့ ဒီမာလုက္ကျပုတ္တ သုတ်တရားတော်ကို ဖွင့်ပြဟောကြားပါတယ်။ အဲဒါ ပြည့်စုံပါပြီ၊ ယခု အမျှဝေပြီး တရားသိမ်းကြရမယ်၊ လိုက်ဆိုကြ။

ယနေ့အဖို့၌ ကျွန်ုပ်တို့ ပြုစုပွားများ အားထုတ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ဝေယျာဝစ္စကုသိုလ် တရား ဟောရသောကုသိုလ် တရားနာရသောကုသိုလ် အစရှိသော ဤကုသိုလ်အပေါင်း၏ အဖို့ဘာဂကို အမိအဖတို့အား အမျှပေးဝေပါကုန်၏၊ ဆွေမျိုးတို့အား အမျှပေးဝေပါကုန်၏၊ ဤအရပ်၌ ရောက်ရှိနေကြသော လူပရိသတ် နတ်ပရိသတ် အပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ အမိအဖတို့မှ စ၍ အလုံးစုံသော သတ္တဝါတို့သည် ဤကောင်းမှုအပေါင်း၏ အဖို့ဘာဂကို အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့၊
သာဓု သာဓု သာဓု
မာလုက္ကျပုတ္တသုတ်တရားတော်ပြီး၏။

http://www.dhammadownload.com

မာ လု ကျ ပု တ္တ သုတ် တ ရား တော်

နောက်ဆက်တွဲမှတ်ချက်များ

မာလုကျပုတ္တသုတ်တရားကို ဟောစဉ်က အချိန်မကြာစေရန် အတွက် အချို့သော အဋ္ဌကထာအဖွင့်များကို မဖော်ပြဘဲ ချန်ထားခဲ့၏၊ ထိုအဖွင့်များနှင့်လည်း တိုက်ဆိုင်၍ နားလည်ပြီး မှတ်သားနိုင်ကြစေရန် ဤနောက်ဆက်တွဲများကို မှတ်ချက်အနေဖြင့် ဖြည့်စွက် ဖော်ပြလိုက်ပါသည်။

စာမျက်နှာ ၂၈ စသည်နှင့် ဆိုင်သောမှတ်ချက်

ဒိဋ္ဌေ ဒိဋ္ဌမတ္တန္တိ ရူပါယတနေ စက္ခုဝိညာဏေနဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ စက္ခုဝိညာဏံ ဟိ ရူပေ ရူပမတ္တမေဝ ပဿတိ၊ နှ နိစ္စာဒိသဘာဝံ၊ ဣတိ သေသဝိညာဏေဟိပိ မေတ္ထ ဒိဋ္ဌ မတ္တမေဝ စိတ္တ ဘဝိဿတိတိ အတ္ထော။ (သံ။ ၌။ တတိယအုပ် ၂၈)

ဒိဋ္ဌေဒိဋ္ဌမတ္တန္တိ–ဒိဋ္ဌမတ္တံဟူရာ၌ ဆိုလိုသောအနက်ကား စက္ခုဝိညာဏေန–မြင်သိမှုစက္ခု ဝိညာဏ်စိတ်ဖြင့်၊ ဒိဋ္ဌေ–မြင်အပ်သော မြင်ရသော ရူပါယတနေ–ရူပါယတနခေါ် ပရမတ် အဆင်းရုပ်၌၊ ဒိဋ္ဌမတ္တံ–မြင်အပ်ရုံမျှ–မြင်ရရုံမျှသည်, ဘဝိဿတိ–ဖြစ်လတ္တံ့၊ ဟိ–ပေါ်လွင်အောင် ချဲ့ပြဦးအုံ့၊ စက္ခုဝိညာဏံ–မြင်သိမှု စက္ခုပိညာဏ်စိတ်သည်၊ ရူပေ–အဆင်း၌၊ ရူပမတ္တံ မေဝ–အဆင်းမျှကိုသာလျှင်၊ ပဿတိ–မြင်သိ၏၊ နှ နိစ္စာဒိသဘာဝံ၊ မြဲသည်စသော ပညတ်

http://www.dhammadownload.com

သဘောကို၊ ဝါ–မြဲသည့်အနေ စသောအခြင်းအရာကို၊ နပဿတိ–
မမြင်သိပေ၊ ဣတိ–ဤသို့ ဖြစ်သောကြောင့်၊ ဝါ–ဤအတူပင်လျှင်၊
သေသဝိညာဏေဟိဝိ –စက္ခုဝိညာဏ်မှ ကြွင်းသော (မြင်သိဝိထိ)
စိတ်ဝိညာဏ်တို့ဖြင့်လည်း၊ (ဥဒါန–၆–၆် သေသစက္ခုဒ္ဒါရိက
ဝိညာဏေန–ဟု ရှိ၏။) မေ–ငါအား၊ စတ္ထ–ဤမြင်အပ်သော၊
မြင်ရသောအဆင်းခ်ဋ္ဌ၊ ဒိဋ္ဌမတ္တမေဝ စိတ္တံ–မြင်ရရုံမျှ စိတ်သည်သာ
လျှင်၊ ဝါ–မြင်ရရုံမျှသာလျှင်၊ စိတ္တံ–ပုဒ်မပါရှိသော ဥဒါန၊ ၆၊ နှင့်
အညီ ယုတ္တတရအနက် ဖြစ်သည်) ဘဝိဿတိ–ဖြစ်လတ္တံ့၊ ဣတိ–
ဤသည်ကား၊ အတ္ထော–ဆိုလိုသော အနက်ပေတည်း။

ဤအဖွင့် အလိုအားဖြင့် စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်ဖြင့်
မြင်ရသော ပရမတ်အဆင်းရုပ်ခ်ဋ္ဌ သမ္ဘဋ္ဌိန်းစသော နောက်နောက်
စိတ်များဖြင့်လည်း မြင်ရရုံမျှသာဖြစ်စေရမည်၊ မြင်သိစဉ်က ထို
အဆင်းရုပ်ကို မြင်ရရုံမျှသာ ဖြစ်စေရမည်၊ မြဲသည့်အနေ ချမ်းသာ
သည့်အနေ အတ္တကောင် အနေအားဖြင့် မထင်ပေါ်ခဲ့သေးပေ၊ ထို
အတိုင်းပင် နောက်နောင်စိတ်များဖြင့်လည်း မြဲသည့်အနေ စသည်
ဖြင့် မကြံမသိဘဲ မြင်ရရုံမျှသာ တည်စေရမည်ဟု ဆိုလို၏၊ ထိုတွင်
မြင်သိဝိထိခ်ဋ္ဌ ပါဝင်သော စိတ်ဟူသမျှသည် လည်းကောင်း၊ ပြန်
လည်ဆင်ခြင်သော ကြံသိပထမဝိထိခ်ဋ္ဌ ပါဝင်သော စိတ်ဟူသမျှ
သည် လည်းကောင်း၊ ပကတိ ဖြစ်ရိုးဖြစ်စဉ်အားဖြင့် မြင်ရသည့်
အဆင်းပရမတ်မျှကိုသာ အာရုံပြုမြဲဖြစ်သည်၊ မြဲသည့်အနေ စသည်
ဖြင့် အာရုံပြုခြင်း မရှိသေးပေ၊ ထို့ကြောင့် ထိုမြင်သိဝိထိနှင့် ပထမ
ကြံသိဝိထိခ်ဋ္ဌ ပါဝင်သော စိတ်များအတွက်မူကား အထူးပြုပြင် အား

http://www.dhammadownload.com

ထုတ်ဖွယ် မရှိပါ။

ဒုတိယ တတိယ ကြံ့သိဝိထိ စသည်တို့၌ကား မြင်သိရသော အဆင်းနှင့်စပ်၍ မြဲသည့်အနေ လုပသည့် ချမ်းသာသည့် အနေ အသက်ရှင်နေသည့် အတ္တကောင်အနေတို့ဖြင့် ပုံသဏ္ဌာန် ပညတ် အမည်ပညတ်များကို အာရုံပြုလျက် အာဝဇ္ဇန်းစိတ် ဇောစိတ် တဒါရုံစိတ်များ ဖြစ်ကြလေတော့သည်၊ ထိုသို့သော စိတ်များဖြင့် မြဲသည့်အနေ စသည်မထင်မြင်ဘဲ (ထိုသို့သော စိတ်များ လုံးဝ မဖြစ်ဘဲ) မြင်ရုံမျှအနေ၌သာ တည်နေအောင် နှလုံးသွင်းရှုရန် ဖွင့်ပြ ညွှန်ကြားချက် ဖြစ်ပေသည်။

သို့သော် မြင်သိစိတ်၏ အခြားမဲ့၌ကား ထိုသို့သော နှလုံးသွင်း ဆင်ခြင်မှု ရှုမှတ်မှု မဖြစ်နိုင်ပေ၊ သမ္ဘဝ်ဣဒ္ဓိန်း, သန္ဓိရဏ, ဝုဋ္ဌော, ဇော, တဒါရုံစိတ်များသာလျှင် တဆက်တည်း ဖြစ်ရိုး ရှိပေသည်၊ သို့ဖြစ်၍ မြင်သိဝိထိ၏နောက်၌ ဘဝင်မှထ၍ ဖြစ်စေ, ပထမကြံ့သိ ဝိထိ၏နောက်၌ ဘဝင်မှထ၍ဖြစ်စေ နှလုံးသွင်း ရှုမှတ်နိုင်အောင် အားထုတ်ရန်သာလျှင် လိုရင်းဖြစ်ပေသည်။

အထဝါ ဒိဋ္ဌေ ဒိဋ္ဌံ နာမ စက္ခုဝိညာဏံ၊ ရူပေ ရူပဝိဇာနန္တိ အတ္ထော၊ မတ္တာတိ ပမာဏံ၊ ဒိဋ္ဌံ မတ္တာ အဿာတိ ဒိဋ္ဌမတ္တံ၊ စိတ္တံ၊ စက္ခုဝိညာဏမတ္တမေဝ မေ စိတ္တံ ဘဝိဿတီတိ အတ္ထော။ ဣဒံ ဝုတ္တံ ဟောတိ ယထာ အာပါထဂတရူပေ စက္ခုဝိညာဏံ နာ ရဇ္ဇတိ နဒုဿတိ နာ မုယ္ဟတိ၊ ဧဝံရာဂါဒိဝိရ-ဟေနစက္ခု ဝိညာဏမတ္တမေဝ ဇဝနံ ဘဝိဿတိ၊ စက္ခုဝိညာဏ ပမာဏော နေဝ ဇဝနံ ဌပေဿာမီတိ (ဎင်း ၆-ပင်)။

http://www.dhammadownload.com

အထဝါ–တစ်နည်းကား၊ ဒိဋ္ဌေဒိဋ္ဌနာမ–မမြင်ရသော အဆင်းခ်ဋ္ဌ ဒိဋ္ဌမည်သည်ကား၊ စက္ခုဝိညာဏ်–မြင်သိသော စက္ခုဝိညာဏ် စိတ်ပေတည်း၊ ရူပေ–မြင်ရသောအဆင်းခ်ဋ္ဌ၊ ရူပဝိဇာနနံ–အဆင်းကို မြင်သိသော စိတ်ပေတည်း၊ ဣတိအတ္ထော–ဤကား ဒိဋ္ဌေဒိဋ္ဌ၏ အနက်ပေတည်း၊ မတ္တာတိ–မတ္ထဟူသည်ကား၊ ပမာဏ်–အတိုင်း အရှည်ပေတည်း၊ အသ–ထိုဇောစိတ်အား၊ ဒိဋ္ဌ–မြင်သိစိတ်ဟူ သော၊ မတ္တာ–အတိုင်းအရှည်သည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ထိုကြောင့်၊ ဒိဋ္ဌမတ္တं ဒိဋ္ဌမတ္တမည်၏၊ စိတ္တं–ဇောစိတ်ပေတည်း၊ မေ–ငါ၏၊ စိတ္တံ–စိတ်သည်၊ စက္ခုဝိညာဏမတ္တမေဝ–မြင်သိစိတ် အတိုင်းအရှည်သည်သာလျှင်၊ ဘဝိဿတိ–ဖြစ်လတ္တံ့၊ ဣတိအတ္ထော –ဤကားဒိဋ္ဌမတ္တं–ဘဝိဿတိ၏ အနက်ပေတည်း၊ ဣဒံ ဝုတ္တံ ဟောတိ–ဤသို့သောအနက်ကို ဆိုလိုပါသည်၊ အာပါထဂတရူပေ –မျက်စိထဲ ထင်ပေါ်လာသော အဆင်းရူပါရုံ၌၊ စက္ခုဝိညာဏ်– မြင်သိသောစိတ်သည်၊ နဲ ရဇ္ဇတိ နဲ ဒုဿတိ နဲ မုယ္ဟတိယထာ– မတပ်မက် မပြစ်မှား မတွေဝေ (မသိမှား)သကဲ့သို့၊ ဇဝံ–ဤအတူ၊ ရာဂါဒိဝိရဟေန တပ်မက်မှုစသည်ကင်းသဖြင့်၊ စက္ခုဝိညာဏမတ္တမေဝ –မြင်သိစိတ် အတိုင်းအရှည် ရှိသည်သာလျှင်ဖြစ်သော၊ ဇဝနံ– ဇောစိတ်သည်၊ ဘဝိဿတိ–ဖြစ်လတ္တံ့၊ စက္ခုဝိညာဏပမာဏေနေဝ –မြင်သိစိတ် အတိုင်းအရှည်ဖြင့်သာလျှင်၊ ဇဝနံ–ဇောစိတ်ကို၊ ဌပေဿာမိတိ–ထားမည်၊ ဖြစ်စေမည်ဟု ဆိုလိုပါသည်။

ဒီ ဒုတိယအဖွင့် အလိုအားဖြင့် ဆိုလိုတာကတော့ (ဒိဋ္ဌေ ဒိဋ္ဌမတ္တं ဘဝိဿတိ) မြင်ရသည်၌ မြင်ရုံမျှ ဖြစ်လတ္တံ့ဟူသော

http://www.dhammadownload.com

စကားဖြင့် မြင်ရသောအဆင်း၌ မြင်သိစိတ်မှာ ရာဂစသည်မပါဘဲ ကင်းရှင်းနေသလိုပင် အဲဒီအဆင်းကို အာရုံပြုပြီးဖြစ်မည့် ဇောစိတ်မှာလဲ ရာဂစသည်မပါဘဲ ကင်းစေရမယ်၊ သိရုံမျှ ဇောစိတ်ကိုသာ ဖြစ်စေရမယ်လို့ ဆိုလိုတာပါပဲ။

သို့သော်လဲ အဲဒီလို ကိလေသာကင်းသည့် ဇောစိတ်ဖြစ်အောင် မြင်သိစိတ်၏ အခြားမဲ့မှာတော့ နှလုံးသွင်းဆင်ခြင်လို့ ရှုလို့ မဖြစ်ပါဘူး၊ မြင်သိဝိထိနောက်၌ ဘဝင်စိတ်များဖြစ်ပြီး အဲဒီဘဝင်မှ ထပြီးတော့သာလျှင် ရှုမှတ်မှုဟာ အမြန်ဆုံး ဖြစ်နိုင်ပါသည်၊ ထို့ကြောင့် ဝိပဿနာဉာဏ်နစဉ်မှာဆိုလျှင် မြင်သိဝိထိစိတ်မှာလဲ ရာဂ ဒေါသ မောဟစိတ်များလဲ ဖြစ်တတ် ကြသေးတာပါပဲ၊ သို့ပေမယ့် အဲဒီလို မြင်သိဝိထိ၏အခြားမဲ့၌ ဘဝင်မှထပြီး ရှုမှတ်နိုင်ရင်တော့ အဲဒီလို ရာဂ ဒေါသ မောဟစိတ်တွေ တဖန်မဖြစ်ဘဲ ကင်းငြိမ်းသွားနိုင်ပါတယ်၊ အဲဒီလို ကိလေသာစိတ်တွေ တဖန်မဖြစ်ဘဲ ကင်းငြိမ်းသွားအောင်လို့လဲ မြင်လျှင်မြင်တယ် စသည်ဖြင့် ရှုမှတ်ရတာပါပဲ။

ထို့ပြင် ဝိပဿနာရှုမှတ်နေကြသော ယောဂီများသည် ကိလေသာဖြစ်ဖွယ်အာရုံကိုလဲ အလိုမရှိကြ၊ ကိလေသာစိတ်ကိုလဲ မဖြစ်စေလိုကြ၊ ရုပ်နာမ်သဘောတရားမျှ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာမျှကိုသာ သိမြင်လိုကြပေသည်၊ ထို့ကြောင့် မျက်စိထဲ၌ ချစ်ဖွယ် မုန်းဖွယ် အဆင်းအာရုံ ထင်ပေါ်လာကြားသော်လည်း ယောနိသော မနသိကာရခေါ် သင့်လျော်သော ဆင်ခြင်မှု အာဝဇ္ဇန်း

http://www.dhammadownload.com

ကစ၍ ဖြစ်ပေါ်လာတတ်ပေသည်၊ ထိုဆင်ခြင်မှု အာဝဇ္ဇန်း၏ အခြားမဲ့၌ စက္ခုဝိညာဏ်ဖြင့် မြင်ပြီးနောက် လက်ခံစိတ် စုံစမ်းစိတ်များ ဖြစ်ပြီးလျှင် ဝုဋ္ဌေါစိတ်ကလဲ ထိုယောနိသော မနသိကာရ အားလျော်စွာ ကုသိုလ်ဖြစ်ရေးအနေဖြင့်သာ ဆုံးဖြတ်သည်၊ ထိုဆုံးဖြတ်ချက်အားလျော်စွာ ကုသိုလ်ဇော စိတ်သာလျှင် အများအားဖြင့် ဖြစ်တတ်ပေသည်၊ ဝိပဿနာ ဉာဏ်ရင့်သန်သောအခါ၌မူ ဝုဋ္ဌော-ဟုခေါ်သော အာဝဇ္ဇန်းစိတ်သည်လည်း အာရုံကို မဆုံးဖြတ်နိုင်သောကြောင့် ၂ ကြိမ် ၃ ကြိမ်မျှ ဖြစ်ပြီးနောက် ဝိထိစိတ်အစဉ်ပြတ်စဲ၍ ဘဝင်ကျသွားသည်၊ ထိုအခါ၌ မြင်သည်ဟု ရှုသိသော ဝိပဿနာစိတ် ဖြစ်ရသည်၊ ဤပုံဤနည်းဖြင့် ပဋ္ဌဒါရ၌ ဇောဆိတ်၍ မနောဒ္ဒါရ၌သာ ဝိပဿနာဇော ဖြစ်စေနိုင်ပုံကိုလဲ (မ-၌ ၃ ၁၂၉ ၌) ဖော်ပြထားပါသည်၊ ထိုသို့ မြင်သိဝိထိ၏ ဇောဆိတ်အောင်၊ သို့မဟုတ် ကုသိုလ်ဇောမျှသာဖြစ်အောင် စောစောကပင် ယောနိသော မနသိကာ ရရှိခဲ့၍ မြင်သိဝိထိ အခြားမဲ့၌ ဘဝင်မှထ၍ ရှုမှတ်ရန်၊ သို့မဟုတ် ကြဲသိပထမဝိထိ၏ အခြားမဲ့၌ ရှုမှတ်ရန်၊ သို့မဟုတ် ကြဲသိပထမဝိထိ၏ အခြားမဲ့၌ ရှုမှတ်ရန် ဤဒုတိယ အဖွင့်ဖြင့် ညွှန်ပြတော်မူပါသည်။

မြင်ပြီးလျှင်ပြီးခြင်း ရှုမှတ်ရမယ်လို့ ဘုန်းကြီးတို့က ညွှန်ကြားသည်မှာလည်း ဒီနည်းအရပင် ဖြစ်ပါသည်။

ထိုအဋ္ဌကထာမှာ တတိယနည်းလဲ ဖွင့်ပြထားပါသေးတယ်၊ ထိုအဖွင့်ကတော့ စက္ခုဝိညာဏ်ဖြင့် မြင်ရသည့်အဆင်း၌ (ဒိဋ္ဌ

http://www.dhammadownload.com

မတ္တ) မြင်သိရုံမျှအနေဖြင့် လက်ခံတဲ့စိတ် စုံစမ်းတဲ့စိတ် ဆုံးဖြတ်တဲ့ စိတ်ဆိုတဲ့ ဒီစိတ်သုံးခုမှာ ရာဂစသည် ကင်းသလိုပင် ဇောစိတ်မှာ ရာဂစသည် ကင်းစေရမည်တဲ့၊ အဲဒါကတော့ ဒုတိယအနက်နှင့်လဲ သဘောတူပင်ဖြစ်တယ်၊ မနောဒ္ဓါရကတော့လဲ အဲဒီအနက်မျိုး မဖြစ်နိုင်ပါဘူး၊ ထို့ကြောင့် အဲဒီအဖွင့်ကိုတော့ ဒီနောက်ဆက်တွဲ မှတ်ချက်ထဲမှာ မပြောတော့ပါဘူး။

စာမျက်နှာ ၅၀ စသည်နှင့်ဆိုင်သော မှတ်ချက်

မြင်ပြီးလျှင် ချက်ချင်းပင် အမှတ်ရသော သတိဖြင့် ရှုမှတ်ရမည်ဟူသော အနက်ကို ရူပံဒိသွာ ပဋိသေတော–ဟူသော ဤ မာလုက္ကျပုတ္တသုတ် ဂါထာစကားရပ်ဖြင့် အတိအကျ တိုက်ရိုက်ပြထားပေသည်၊ ထိုသို့ ပြထားရာ၌ မည်သို့မည်ပုံ ရှုမှတ်ရမည် ဟူသောအနက်ကို ထေရဂါထာ အဋ္ဌကထာ ဒုတိယအုပ် (နှာ ၃၀၃၊ ၃၀၄)၌ အောက်ပါအတိုင်း ဖွင့်ပြထားပါသည်။

> နံ သောရဇ္ဇတိ ရူပေသု၊ ရူပံ ဒိသွာ ပဋိသေတောတိ ယော ပုဂ္ဂလော ရူပံ ဒိသွာ အာပါထဂတံ ရူပါရမ္မဏံ စက္ခု ဒ္ဒါရိကေန ဝိညာဏသန္ဓာနေန ဂဟေတွာ စတုသမ္မဇ္ဇညဝသေန သမ္မဇ္ဇနကာရိတာယ ပဋိသေတော ဟောတိ၊ သော ရူပါရမ္မဏေသု နရဇ္ဇတိ ရာဂံ နဇနေတိ။

နံ သော၊ ပ၊ ပဋိသေတောတိ–ဟူရာ၌ဆိုလိုသောအနက်မှာ၊ ယော ပုဂ္ဂလော–အကြင်ပုဂ္ဂိုလ်သည်၊ ရူပံ–အဆင်းကို၊ ဒိသွာ–မြင်ပြီး၍၊ (ဤစကားဖြင့် ဖွင့်ရမည့် မူလရင်းပုဒ်များကို ဖော်ပြ

http://www.dhammadownload.com

သည်၊) အာပါထဂတံ–မျက်စိထဲ၌ထင်ပေါ်လာသော၊ ရူပါ ရမ္မဏံ–ပရမတ်ရူပါရုံ အဆင်းရုပ်ကို၊ (ရူပ–ပုဒ်ကို ဖွင့်ပြသည်၊) စက္ခုဒ္ဒါ.ရိကေန–စက္ခုဒ္ဒါရဉ်ဖြစ်သော၊ ဝိညာဏသန္တာနေန–စိတ်ဝိညာဏ်အစဉ်ဖြင့်၊ ဂဟေတွာ–ယူပြီး၍၊ (ဤသုံးပုဒ်ဖြင့် ဒိသွာ ပုဒ်ကို ဖွင့်ပြသည်၊ စက္ခုဝိညာဏ်စိတ်ဖြင့် မြင်ပြီး၍ဟု ဆိုသော်လည်း၊ ယင်းစိတ်တစ်ခုတည်းဖြင့် မြင်ပြီးလျှင်ပြီးချင်း ဟူ၍ကား ဆိုလိုသည်မဟုတ်၊ စက္ခုဒ္ဒါရဉ်ဖြစ်သော စက္ခုဝိညာဏ် သမ္ဗဇ္ဈိဩိန်း သန္ဓီရဏဝုဋ္ဌော ဇောတဒါရုံဟူသော စိတ်အစဉ်ဖြင့် မြင်လျက် အာရုံ ပြုပြီးလျှင်ဟူ၍ ဆိုလိုကြောင်းကို ဖွင့်ပြပါသည်၊ ဤအဖွင့်ကို အထူးသတိပြုသင့်ပါသည်၊ စက္ခုဝိညာဏ်၏ အခြားမဲ့၌ နှလုံးသွင်းရှုမှတ်ရန်ကား မဖြစ်နိုင်ပါ၊ ဝုဋ္ဌော ဇော တဒါရုံအထိ မြင်သိဝိထိပြီးဆုံးသွားမှသာ နှလုံးသွင်း ရှုမှတ်ရန် ဖြစ်နိုင်ပါသည်၊ ထိုသို့ ဖြစ်နိုင်ရာမှာလဲ ဘဝင်စိတ်များ ဖြစ်ပြီးနောက် အဲဒီဘဝင်စိတ်များမှ ထ၍သာလျှင် ရှုမှတ်ရန် ဖြစ်နိုင်ပါသည်၊ ထိုသို့ရှုပုံနည်းကိုလဲ ဤသို့ ဆက်လက် ဖွင့်ပြတော်မူပါသည်၊) စတုသမ္ဘဇညဝသေန–လေးပါးသော မှန်စွာသိမှု သမ္ဘဇဉ်၏ အစွမ်းအားဖြင့်၊ သမ္ဘဇနကာရိတာယ–မှန်စွာသိခြင်းကို ပြုလေ့ရှိသည်၏ အဖြစ်ဖြင့်၊ ဝါ၊ မှန်စွာသိလျက် ပြုသောအားဖြင့်၊ ပဋိသတော–တဖန်အမှတ်ရသည်၊ ဟောတိ–ဖြစ်၏တဲ့။

ရူပံဒိသွာ ပဋိသတော–အဆင်းကို မြင်ပြီးလျှင် တဖန် အမှတ်ရသည်ဟု ဆိုရာ၌ ဆိုလိုသော အနက်မှာ–မျက်စိထဲ၌ ထင်ပေါ်လာသော အဆင်းရူပါရုံကို မြင်သိဝိထိစိတ်အစဉ်ဖြင့် မြင်သိပြီးလျှင်

http://www.dhammadownload.com

သမ္မဇဉ်လေးပါးအရ မှန်စွာသိလျက် ပြန်လည် အမှတ်ရသည်ဟူ၍ ဆိုလိုပါသည်တဲ့၊ ထိုစကားရပ်ထဲမှာ သမ္မဇဉ်လေးပါးဆိုတာက (၁) သာတ္ထကသမ္မဇဉ်၊ (၂) သပ္ပါယ သမ္မဇဉ်၊ (၃) ဂေါစရသမ္မဇဉ်၊ (၄) အသမ္မောဟသမ္မဇဉ်ဆိုတဲ့ ဒီလေးပါးပင် ဖြစ်သည်။

ထိုလေးပါးတို့တွင် သာတ္ထကသမ္မဇဉ်ဆိုတာ ကြည့်လျှင် ပြောလျှင် ဖြစ်လျှင် အကျိုး ရှိ–မရှိ ဆင်ခြင်ပြီးလျှင် အကျိုးရှိမည် ဆိုပါက ကြည့်ရ ပြောရ ပြုရသည်၊ ဤသို့ အကျိုးရှိ– မရှိ ဆင်ခြင်ခြင်းကို သာတ္ထကသမ္မဇဉ်ဟု ဆိုသည်။

သပ္ပါယ သမ္မဇဉ်ဆိုတာ အကျိုးရှိမည်ဖြစ်သော်လည်း သင့်မသင့် ဆင်ခြင်၍ သင့်လျော်ပါက ကြည့်ရ ပြောရ ပြုရသည်၊ ဤသို့ သင့်–မသင့် ဆင်ခြင်ခြင်းကို သပ္ပါယသမ္မဇဉ်ဟု ဆိုသည်။

ဤသာတ္ထကနှင့် သပ္ပါယသမ္မဇဉ်တို့မှာ ဘာဝနာအလုပ်ကို အားမထုတ်မီ ရှေးအဖို့သာ ပြုလုပ်ဖို့လိုပါသည်၊ ရှုမှတ်မှု ဘာဝနာ အလုပ်ကို မပြတ် တင်းတင်းရင်းရင်း အားထုတ်နေဆဲမှာမူ ယင်းတို့ကို ပြုလုပ်နေရန် မလိုလှတော့ပါ၊ အကယ်၍ မြင်တိုင်း ကြားတိုင်း စသည်မှာ ရှုမှတ်၍ အကျိုး ရှိ–မရှိ သင့် မသင့်ကို ဆင်ခြင် နေပါက သမာဓိဖြစ်မည် မဟုတ်ပါ၊ သမာဓိ မဖြစ်လျှင် ပညာလဲ မဖြစ်နိုင်တော့ပါ၊ ထို့ကြောင့် မပြတ်ရှုမှတ်နေသောအခါ၌မူ ဂေါစရ သမ္မဇဉ် အရသာလျှင် ရှုသင့်သမျှကို မပြတ်ရှုမှတ်နေရန်သာ လိုပါသည်။

ထိုသို့ ဂေါစရသမ္မဇဉ်အရ မပြတ်ရှုမှတ်၍ သမာဓိအား ရှိလာသောအခါ ရုပ်နှင့်နာမ်ကို ပိုင်းခြားသိသော နာမရူပ ပရိစ္ဆေဒညာဏ်

http://www.dhammadownload.com

ဖြစ်ပါသည်၊ ဖြစ်ပုံကတော့ မြင်ပြီးလျှင်ပြီးချင်း မြင်သည်ဟု မှတ်ဆဲမှာပင် မြင်ရတာကတခြား+မြင်သိတာ မှတ်သိတာကတခြား ပိုင်းခြားရ၍ သိသည်၊ သွားဆဲ၌ သွားသည်ဟု မှတ်ဆဲမှာပင် သွားတာကတခြား+မြင်သိတာ မှတ်သိတာကတခြား ပိုင်းခြားရ၍ သိသည်၊ သွားဆဲ၌ သွားသည်ဟု မှတ်ဆဲမှာပင် သွားတာကတခြား+မှတ်သိတာကတခြား ပိုင်းခြားရ၍ သိသည်၊ ထိုသို့သိခြင်းသည် အာရုံကို မသိတတ်သော ရုပ်သဘောနှင့် အာရုံကို သိတတ်သော နာမ်သဘော ပိုင်းခြားရ၍သိသော နာမရူပပရိစ္ဆေဒ ဉာဏ်ဖြစ်သည်၊ ထိုပြင် မြင်စရာ ရှိသောကြောင့် မြင်သိမှု ဖြစ်ရသည်၊ မြင်မှုရှိသောကြောင့် မြင်သည်ဟု ရှုသိမှု ဖြစ်ရသည်၊ သွားချင်မှု ရှိသောကြောင့် သွားမှုဖြစ်ရသည်၊ သွားမှုရှိသောကြောင့် သွားသည်ဟု ရှုသိမှု ဖြစ်ရသည် စသည်ဖြင့် အကြောင်းနှင့်အကျိုးမျှ ရှိကြောင်းကိုလည်း ပိုင်းခြားရ၍သိသည်၊ ယင်းသို့ သိခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ် ပေတည်း၊ ယင်းသို့ နာမ်နှင့်ရုပ်မျှ အကြောင်း အကျိုးမျှသာ ရှိသည်၊ အတ္တကောင် ဟူ၍ကား မရှိဟု သဘောကျ သိမြင်ခြင်းသည် ဝိပဿနာ၏ အခြေခံဖြစ်သော အသမ္မောဟ သမ္မဒဋ္ဌိဖြစ်ပေသည်။

ထို့နောက် သမာဓိဉာဏ် တိုးတက်ရင့်သန်လာသောအခါ မြင်တယ် ကြားတယ် စသည်ဖြင့် ရှုမှတ်ဆဲမှာပင် မြင်တာနဲ့ မှတ်သိမှု ကြားတာနဲ့ မှတ်သိမှု စသည်တို့၏ အသစ်အသစ်ဖြစ် ပေါ်လာပြီးလျှင် ချက်ချင်းပင် ပျောက်ပျက်သွားတာကို အထင်အရှား တွေ့ရသောကြောင့် မမြဲဟူ၍လည်းကောင်း၊ ဆင်းရဲချည်းသာဟူ၍လည်းကောင်း၊ အတ္တမဟုတ် သူ့အလိုလို ဖြစ်ပျက်နေသော

http://www.dhammadownload.com

သဘောတရားမျှသာ ဟူ၍လည်းကောင်း တွေ့ဝေ(သိမှား)ခြင်း မရှိဘဲ ရှင်းလင်းစွာ သိသိသွားသည်၊ ယင်းသို့ မတွေ့မဝေ သိခြင်းသည်၊ အသမ္မောဟ–သမ္မဇဉ်ပေတည်း။

ထိုသို့ သမ္မဇဉ်လေးပါးအရ (ပဋိသတော) တဖန်အမှတ်ရ ရမည်ဟု ပြခြင်းသည် မဟာသတိပဋ္ဌာနသုတ် ဒေသနာတော်နှင့် အညီ မြင်ဆဲစသည်၌ ရှုမှတ်ရန်ပြခြင်း ဖြစ်ပေသည်၊ ထို့ကြောင့် (ဂစ္ဆန္တောဝါဂစ္ဆာမိတိ ပဇာနာတိ စသည်ဖြင့်) ရှုမှတ်သိပုံကို သွားသည်၊ ရပ်သည်၊ ထိုင်သည်၊ လျောင်းသည် "ဟု အရပ်သုံးစကားဖြင့် ရှုမှတ်သိရန် ပြထားသည့်အတိုင်း မြင်ဆဲ၌ မြင်သည် (မြင်တယ်) ဟု အရပ်သုံးစကားဖြင့် ရှုမှတ်ရန် ဘုန်းကြီးတို့က ညွှန်ကြားပြသနေရပေသည်။

ထိုသို့ညွှန်ကြားပြသနေခြင်း၌ အပြစ်တင် ရှုတ်ချသူများလည်း အနည်းငယ် ရှိပါသည်၊ သူတို့ ရှုတ်ချပုံကတော့ သွားတယ် ရပ်တယ် ထိုင်တယ် အိပ်တယ်ဆိုတာတွေ သီပြီးသားပဲ ရှုနေဖို့ မလိုပါဘူး၊ မြင်တယ် ကြားတယ် စသည်တွေလဲ သီပြီး သားတွေပဲ ရှုနေဖို့ မလိုပါဘူးတဲ့။

သူတို့ ပြောတဲ့အတိုင်း အဲဒါတွေဟာ သီပြီးသားတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီလို မရှုဘဲ အလိုလိုသိနေတာတွေကတော့ ရှုမှတ်ပြီး သိတာကို သတိပညာဖြင့် သိတာတွေ မဟုတ်ပါဘူး၊ သိရိုးသိစဉ် ဓမ္မတာအတိုင်း မြဲတဲ့အနေ ချမ်းသာတဲ့အနေ အတ္တကောင်အနေဖြင့် သိနေတာပဲ၊ မြင်ဆဲစသည်၌ ပထမမြင်သိကြားသိစသော ဝိထိ၊ ဒုတိယ ပြန်လည်ဆင်ခြင်တဲ့ ကြံသိဝိထိ၊

http://www.dhammadownload.com

ထို့နောက်မှာ တတိယပုံသဏ္ဌာန် ပညတ်သိဝိထိ၊ စတုတ္ထအမည် ပညတ်သိဝိထိတို့ဖြင့် ပညတ်တွေကို သိသိနေတာပဲ၊ မြတည်နေ သည့်အနေ, ချမ်းသာသည့် ကောင်းသည့်အနေ, အသက်ရှင် နေသည့် ပုဂ္ဂိုလ်အနေအားဖြင့် သိသိနေကြတာပဲ၊ အဲဒါတွေဟာ အဝိဇ္ဇာဦးဆောင်ပြီး သိနေသော အမှားသိတွေပဲ၊ အဲဒီ အမှားသိတွေ ကင်းပျောက်အောင် အမှန်သိတွေ ဖြစ်ရအောင်လို့ မြင်သိစသော ပထမဝိထိ နောင်ဖြစ်စေ အတိတ်အဆင်းစသည်ကို ပြန်လည်သိတဲ့ ဒုတိယဝိထိ နောင်ဖြစ်စေ မြင်တယ် ကြားတယ် သွားတယ် စသည် ဖြင့် ချက်ချင်းရှုမှတ်နေကြရတာပါပဲ၊ ဒီလို မြင်ပြီးလျှင်ပြီးချင်း စသည်မှာရော သွားနေဆဲ စသည်မှာရော ပညာသိဝိထိ မဖြစ်သေး မီ ချက်ချင်းရှုမှတ်ပြီး ပရမတ်သဘော တရားမှန်ကို သိသိနေတာ ဟာ (ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ စသည်ဖြင့်) အတိအကျ ညွှန်ပြတော်မူတဲ့ မြတ်စွာဘုရားရှင်၏စကားတော်နှင့် အညီပင် ဖြစ်ပါသည်၊ ဤအချက်ကို အလေးအနက် သတိပြုသင့်လှပါပေ သည်၊ ဤသို့ ချက်ချင်းပင် ရှုမှတ်၍ အမှန်အတိုင်း သိသိသွားလျှင် ထိုရှုမှတ်သိရသော အာရုံနှင့် စပ်၍ ရာဂစသော ကိလေသာများ ဖြစ်ခွင့်မရှိတော့ပြီ၊ ထို့ကြောင့် ယင်းအဋ္ဌကထာ၌ ဤသို့ဆက်လက် ဖွင့်ပြထားပါသည်။

သော–မြင်ပြီးလျှင် တဖန်အမှတ်ရလျက် မမြဲစသည်ဖြင့် မှန်စွာ သိသော ထိုပုဂ္ဂိုလ်သည်၊ ရူပါရမ္မဏေသု–မြင်ရသော အဆင်းရူပါရုံ တို့၌၊ နိ ရဇ္ဇတိ–မတပ်မက်၊ ရာဂံ နိ ဒေနေတိ–တပ်မက်မှုရာဂကို မဖြစ်စေတော့ပေတဲ့။

http://www.dhammadownload.com

စာမျက်နှာ ၄၀ နှင့်ဆိုင်သော မှတ်ချက်

တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌမတ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ၊ ဧဝဉ္စိ တေ ဗာဟိယ သိက္ခိတ္ဗံ–ဟူသော ဗာဟိယသုတ်၌မူ –

ဗာဟိယ–ဗာဟိယ၊ တသ္မာ–တရားဟောရန် သင်က တောင်းပန်သော ထိုအကြောင်းကြောင့် (တိဟ–ကား အနက်မရှိဟု ၆–၌ ဆို၏) တေ–သင်သည်၊ ဧဝံ သိက္ခိတ္ဗံ–ဤသို့ ကျင့်ရမည်၊ (ယထာ – အကြင် အခြင်းအရာဖြင့် ကျင့်လျှင်၊ ဘဝိဿတိ–ဖြစ်လတ္တံ့၊ ပ၊ ဝိညာတေ–ကြံသိရသည်၌၊ ဝိညာတ မတ္တံ–ကြံသိရုံမျှသည်၊ ဘဝိဿတိ–ဖြစ်လတ္တံ့၊ ဗာဟိယ–ဗာဟိယ–ဧဝံဟိ–ဤသို့လျှင်၊ ဝါ–ဤသို့သော အခြင်းအရာဖြင့်သာလျှင်၊ တေ–သင်သည်၊ သိက္ခတ္ဗံ–ကျင့်ရမည်ဟု (ဧဝဉ္စိ တေ သိက္ခိတ္ဗံနှင့် ဆက်စပ်ရန် "ယထာ–အကြင်အခြင်းအရာဖြင့် ကျင့်လျှင်" ဟူသော ပုဒ်ကို ထည့်၍) အနက်ပြန်သင့်သည်။

ထို့အတူပင် ဤမာလုကျပုတ္တသုတ်၌လည်း (အပွမတ္တသ ဝိဟရတောဟူသော ရှေ့မှဆက်ပြုသော ပုဒ်အစား (ယထာ–အကြင်အခြင်းအရာဖြင့် ကျင့်လျှင်ဟူသော) ပုဒ်ကိုလဲထည့်၍ ("ဝိညာတမတ္တံ ဘဝိဿတိ–ဖြစ်လတ္တံ့" ဤအခြားမဲ့) "ဧဝံ ဤသို့သော အခြင်းအရာဖြင့် ကျင့်အပ်၏–ကျင့်ရမည်"ဟု အနက်ပြန်လျှင်လဲ သင့်လျော်ပါသည်။

ဆောက်ဆက်တွဲ မှတ်ချက်များ ဤတွင် ပြည့်စုံပါပြီ။